ညောင်လေးပင်မြို့

တောရကျောင်းတိုက်

# ဝိနည်းမှတ်စုလင်္ကာအဖြေ


ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄–လမ်း၊ ရန်ကုန်မြို့။
၁၃၂၀–ပြည့်။

၉၂၂၀

ဝိနည်းမှတ်စုလက်ာ-ကို
ညောင်လေးပင်မြို့ တောရတိုက်
ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး
စုဆောင်းတော်မူခဲ့သည်

# ဝိနည်းမှတ်စုလက်ာအဖြေ

ကို
ကျောက်တံခါးမြို့ အသောကာရုံကျောင်း
ပဓာန နာယကမထေရ် စီစဉ်စုပေါင်းသည်
အင်းပိုင်းတောရ ဆရာတော်ဘုရားက စာအုပ်ဖြစ်ရန်
တာဝန်ယူ၍
ဓမ္မဒါနအဖြစ် လှူဒါန်း ဖြန့်ဝေသည်

ရတနာရွှေအိုး
PRESS INTELLIGENCE AND
RESEARCH DIVISION
DIRECTORATE OF INFORMATION
Acc. No. ၁၁၂၀
Date ၂၆-၁-၆၀

ဇမ္ဗူဒီပ သံယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာနှစ်၊ ၂၅၀၂။
မြန်မာနှစ်၊ ၁၃၂၀-ပြည့်။
အင်္ဂလိပ်နှစ်၊ ၁၉၆၀။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၇၁၉)

ကင်းလွတ်ခွင့် အမှတ် (၀၆၉၂)

ထုတ်ဝေသူ – ဥူးပဏ္ဍိတ

အသောကာရုံ ကျောင်းတိုက်

ကျောက်တံခါးမြို့။

---

ပုံနှိပ်သူ – ဦးသန်းမောင်

ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၉၄)

ဋ္ဌသာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

---

၁၃၃၀-ခု၊ တန်ဆောင်မုန်းလ၊ ၁၉၆၈-ခု၊ အောက်တိုဘာလ၊

စာအုပ်ရေ – ၂၀၀၀။

# နိဒါနကထာ

ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ" ဟူသည့်နှင့်အညီ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သာသနာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ဝါခေါင်လ အရောက်တွင် ပဌမသံဂါယနာတင်ရန် စီမံထားသော သံဃာ့ အစည်းအဝေးကြီး၌ သံဃထေရ် ဖြစ်တော်မူသော အရှင်မဟာ ကဿပ မထေရ်မြတ်သည် "ငါ့ရှင်တို့–သုတ်အဘိဓမ္မာ ဝိနည်း တို့တွင် အဘယ်ပိဋကတ်ကို ရှေးဦးစွာ သံဃာယနာ တင်ကြ မည်နည်း" ဟု မေးတော်မူရာ သံဂါတော်များက "အရှင်ဘုရား ဝိနည်းသည် ဘုရားရှင် သာသနာတော်၏ အသက်သွေးခဲမည်ပါ သည်၊ ထို့ကြောင့် ဝိနည်းပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်သင့်ပါသည်" ဟု လျှောက်ကြလေသည်။

သံဃာတော်များ လျှောက်ထားသော စကားကို စဉ်းစားသော် ဝိနည်းသာလျှင် ဘုရားရှင် သာသနာတော်၏ အသက်ဖြစ်ကြောင်း၊ ဝိနည်းတည်မှ သာသနာတည်နိုင်ကြောင်းကို သိရပါသည်၊ ယင်း စကားမှ ဆက်သွယ်၍ အကျယ် စဉ်းစားပြန်သော် ယခုအခါ ဝိနည်းသာသနာသည် အားနည်းရာမှ ချို့ယွင်းရာဘက်သို့ မျက်နှာ မူလျက် ရှိနေပြီဖြစ်ရာ အားနည်းချိန်မှာ အားမဖြည့်နိုင်ခဲ့လျှင်ချို့ယွင်း ရာမှ ပျက်စီးရာသို့၊ ပျက်စီးရာမှ ကွယ်ပရာသို့ ရောက်သွားနိုင်ပါ သည်၊ ဝိနည်းကို ပို့ချသင်ယူ ကျင့်သူပေါ်များလာအောင် အားဖြည့် နိုင်ပါမူကား သာသနာတော်၏ အသက်သည် ရှရှိက်ချက် ပြန်ကောင်းပြီး "ဝိနယေ ဌိတေ သာသနံ ဌိတံ" အမှန်ဖြစ်နိုင် သည်ဟု သိရပြန်ပါသည်။ ထို့ကြောင့်–

ချို့ယွင်းချက်ကို အမှန်အတိအကျ သိမြင်မှုသည် "ဝိနယေ ဌိတေ သာသနံ ဌိတံ" အမှန်ဖြစ်သည် ဟု သိမြင်တော် မူသော ညောင်လေးပင်တောရ အဂ္ဂမဟာပဏ္ဍိတ တတိယ ပဓာနနာယက

ဇူဇ္ဇဿသယ ၄၇၈–က

ဆရာတော် ဘုရားကြီးသည် ဝိနည်းပိဋကတ်ကို ပို့ချတော်မူခိုက် မှတ်ထိုက်သော နောင်လာနောက်သား တပည့်များတို့ အကျိုးများမည့်အချက်တို့ကို "ဝိနည်းမှတ်စုလင်္ကာ" ရေး၍ ညောင်လေးပင်နယ် ဝိနည်းပြန်ဌာန၌ ညနေတိုင်းစုပေါင်းပြန်ဆိုကြရန် သတ်မှတ်တော်မူပါသည်၊ ယခုအခါ ဆရာတော် ဘုရားကြီး ကွယ်လွန်ပြီဖြစ်သော်လည်း သတ်မှတ်ချက်ကား မကွယ်လွန်ပါ၊ နှစ်တိုင်းစုပေါင်းပြန်ဆိုလျက်ရှိကြပါသည်။

ဤသို့စုပေါင်းပြန်ဆိုကြရာ၌ ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော အင်းဝိုင်းတောရ ဆရာတော်ဘုရားက ယခု ပြန်ဆိုနေကြသော ဝိနည်းမှတ်စုလင်္ကာ အဓိပ္ပါယ်သည် ပုဂ္ဂိုလ်တိုင်း သိဘို့မလွယ်ပါ၊ ရှင်ငယ် ရဟန်းငယ်များ ကြည့်ဘို့အနေဖြင့် အဖြေရေးပါက စာအုပ်ဖြစ်ရန် တာဝန်ယူပါသည် ဟု အနုဂ္ဂဟ နှစ်ပါးဖြင့် မြှောက်စား ချီးမြှင့်တော်မူခဲ့ဘူးသော ဆရာတော် ဘုရားကြီး၏ ကျေးဇူးကို တအုံနွေးနွေး'အောက်မေ့သော စိတ်ထားဖြင့် မြွက်ကြားတော်မူပါသည်၊ မြွက်ကြားတော်မူပြီးနောက်လည်း မေ့ပျောက်တော်မမူ မဖြစ်မနေ ဟူသော လုံ့လ၊ ဆရာသမား၏ ဂုဏ်ကို ယုံကြည်ခြင်းဟူသော အင်းဝိုင်းတောရ ဆရာတော်၏ သဒ္ဓါ ပသန္နကို အမှီရသဖြင့် ရှင်ငယ်ရဟန်းငယ်တို့ ကြည့်ဘို့အတွက် သရုပ်သက်သက်တွင် ဗဟုသုတဖြစ်ဘွယ်၊ အဓိပ္ပါယ်အနည်းငယ်ထည့်စွက်ထားသော "ဝိနည်းမှတ်စုလင်္ကာ" အဖြေသည် စာအုပ်အဖြစ်သို့ ရောက်လာပါသည်။

ညောင်လေးပင်မြို့

**ဘောရကြီးကျောင်းတိုက်၊ ခေမာရုံဆရာတော်၏**

# ဂန္ထပသံသနာ

ဤဝိနည်းမှတ်စု လက်ာအဖြေ ကျမ်းစာကို တခေါက် ကြည့်ရှုလိုက်ရာတွင် ပင်ကိုကပင် သံဝိဇ္ဇရစိ ပုဂ္ဂိုလ်ဖြစ်သဖြင့် အကြိုက်တွေ့ကာ ဖြေပုံဖြေနည်း ရေးပုံရေးနည်း ထိမိသိပ်သည်း ပြေပြစ်ကျစ်လစ်သည်တို့ကို တွေ့မြင်ရသဖြင့် လွန်စွာ ချီးကျူးမိပါသည်။ စက်တင်ပုံနှိပ်သင့်ပေပြီဟု ယူဆပါသည်။ကျမ်းကောင်းတခုဟုယူဆပါသည်။ စာတတ်ပေမဲ့ အဆင်ပြေအောင် ရေဘို့ မလွယ်ကူပါ။

ယခုမူကား အဆင်ပြေသည်ဟု ယူဆပါသည်၊ စာမေးပွဲဖြေသူတိုင်း ဤစာအုပ်ကို အတုယူ၍ ဖြေဆိုသင့်သည်ဟု ယူဆပါသည်။

## ဂန္ထသြကာသ

သုသာရတ္ထံ ဝိယာကာရံ၊ အတိမောဒါမဟံ ပဿံ။
သုကရံဒေမိ သြကာသံ၊ ဒဋ္ဌုံ ဇုန္တာမိ တံ ဂန္ထံ။

ဝဏ္ဏဂါထာ။

သုသာရတ္ထံ၊ သာသနာအခြေ ဘာသာအနေဖြင့် အမြဲတေစစ်ကောင်းသော အနှစ်သာရ ရှိပေထသော။ ဝိယာကာရံ၊ ရေးပုံရေးနည်း သိပ်သည်းကျစ်လစ် ပြေပြစ်ပေါ်လွင် ထူးသော အမြင်ရှိသော အဖြေကို။ အဟံ၊ ခေမာရုံ ခေါ်လတ် ငါ့ထေရ်မြတ်သည်။ ပဿံ-ပဿန္တော၊ ကြည့်ရှုစစ်ခါ တွေ့မြင် ရသည်ဖြစ်ပါ၍။ အတိမောဒါမိ၊ အလွန်ကြည်သာ ဝမ်းမြောက်မိပါ၏။ သြကာသံ၊အများတကာ ကြည့်နိုင်ရာဘို့ ကျမ်းစာဆိုက်သင့် ရိုက်နှိပ်ခွင့်ကို။ သုကရံဒေမိ၊မဖင့်မနှေး အလွယ်နှင့်ခွင့်ပေးပါ၏။ တံဂန္ထံ၊ ခေတ်သစ်စာလုံး ခေတ်မှီသုံး၍ ခေတ်ထုံးစံနစ် ခေတ်နှင့်လျော်ဆို့ဖြစ်ပေါ်လတ္တံ့သည့် ထိုဝိနည်းမှတ်စုလက်ာ အဖြေကျမ်းစာကို။ဒဋ္ဌုံ၊ စေ့ငုဖန်ခါ ကြည့်ရှုခြင်းငှာ။ ဇုန္တာမိ၊တောင့်တခါခါ အလိုရှိပါ၏။

# အမှာစကား

ဤဝိနည်းမှတ်စုလက်ာတို့ကို ကင်္ခါအဋ္ဌကထာ၊ ဋီကာ၊ ဝိနည်းငါးကျမ်း အဋ္ဌကထာ၊ ဋီကာစသည်တို့မှ အကျိုးများ အသုံးဝင်မသိလျှင် ရဟန်းကောင်း မဖြစ်နိုင်သော အချက်တို့ကို ထုတ်နုတ်၍ ညောင်လေးပင်မြို့ တောရကြီးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရား စုဆောင်းတော်မူပါသည်။

ယင်းမှတ်စုလက်ာတို့ကို ညောင်လေးပင်နယ် ဝိနည်းပြန်ဌာန၌ ပဌမနေ့ သပိတ်အဓိဋ္ဌာန် ပျက်ကြောင်း ၉-ပါးအထိ၊ ဒုတိယနေ့ သိုးခြင်းလေးပါးအထိ၊ တတိယနေ့ ဓုတင်၌ပယ်အပ်သော အမိုး ငါးပါးလက်ာအထိ သုံးပိုင်းခွဲ၍ ပြန်ဆိုရန် စဉ်ထားသည့်အတိုင်း အဖြေကိုလည်း သုံးပိုင်းခွဲ၍ မှတ်စုလက်ာကို စာကိုယ်ပြုပြီးလျှင် သရုပ်အဓိပ္ပါယ်စသည်ဖြင့် စီစဉ်ပါသည်။ ဤသို့စီစဉ်ရာ၌ အမှန်အားဖြင့်ကား ယင်းမှတ်စု လက်ာတို့၏ အဓိပ္ပါယ်ကို သိလိုလျှင် သို့မဟုတ် အဖြေရေးလိုလျှင် ဆရာတော်ဘုရားကြီး ထုတ်နုတ်ယူရာ ကျမ်းစာများကို သေချာစွာ ကြည့်ရှုခြင်းနှင့်ကင်း၍ ဖြေဆိုခြင်းငှာ မသင့်သော်လည်း စာအုပ်ဖြစ်တို့အရေး အားပေးတော် မူသော အင်းဝိုင်းတောရ ဆရာတော်ဘုရား၏ ဝိနည်းပြန်ပွဲအမှီ၊ ဖြန့်ချီလှူဒါန်းလိုသော သဒ္ဓါစေတနာကို လေးစားသောအားဖြင့် အမြန်ပြီးစေလိုသော ဆန္ဒက များနေသောကြောင့် အလုပ်ကိစ္စများရာကြားမှ အားလပ်သောအချိန်အနည်းငယ်အတွင်းဝယ် ထုတ်နုတ်ရာ ကျမ်းစာများနှင့် ဆရာတော်ဘုရားကြီး၏ အရသာ ကျမ်းများကို အမှီပြု၍ ကြိုးစားပါသည်။

ဤသို့အရေးတကြီး ကြိုးစားရသည့်ပြင် အချိန်ယူကာ ဖြေးဖြေးသက်သာ စဉ်းစားခွင့်မရသောကြောင့် အသိဉာဏ်ပျောက် မျက်စိမှောက်၍ ချွတ်ယွင်းသော အရာများ တွေ့ခဲ့ပါလျှင် အပြစ်မမြင်ကောင်းအောင်ပြင်၍ ဆင်ခြင်ကြည့်ရှု နိုင်ကြပါစေသတည်း။

ဤဝိနည်းမှတ်စု လက်ာအဖြေ စာအုပ် ပုံနှိပ် ထုတ်ဝေနိုင်ရန် ကိစ္စအရပ်ရပ် ဆောင်ရွက် ကူညီတော်မူကြသော ရန်ကုန်မြို့ ဗဟန်း ကျောင်းတော်ရာ သုံးထပ်ကျောင်း အရှင် တိက္ခိန္ဒြိယ ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် တာဝန်ဆောင် အရှင်ခေမိန္ဒနှင့် ကျောင်း ဒါယကာ- ဦးမြင့်မောင်၊ ကွယ်လွန်သူ အသောကာရုံ ကျောင်းအမကြီး၏သားဦးဘစိန်တို့အား စိတ်ရောကိုယ်ပါ အပင်ပန်းခံကာ ဆောင်ရွက်ဖော်ရကြ၍ သာသနာအတွက် အားတက်ဝမ်းမြောက်မိပါသည်။

စီစဉ်စုပေါင်းသူ
၁၃၃၀-ပြည့်နှစ်၊ ဝါခေါင်လ။

# အမှား အမှန် ပြင်ဆင်ချက်

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| နိဿိတသိမ် ၁-လုံး | နိဿိတသိမ် ၃-လုံး | ၁၆ | ၁၆ |
| ထုလ္လစ္စည်း | ထုလ္လစ္စဉ်း | ၃၁ | ၂၅ |
| ဥပေါထသဋ္ဌပနာဓိပ္ပါယ | ဥပေါသထဋ္ဌပနာဓိပ္ပါယ | ၄၅ | ၂၁ |
| ငါးတို့ကျောင်းအတွက် | ငါတို့ကျောင်းအတွက် | ၇၃ | ၁၀ |
| သင်္ကန်းကိုငွေကို | သင်္ကန်းဘိုးငွေကို | ၈၃ | ၂၄ |
| ဒုက်ရှစ်ကျောင်း | ဒုက်ငါးကျောင်း | ၉၃ | ၂၂ |
| ကထိန္နုတ်ခြင်း | ကထိန်နုတ်ခြင်း | ၁၂၅ | ၁၄ |
| ရုံးနုံ၍ပြုအပ်သော | ရုံးစု၍ပြုအပ်သော | ၁၄၁ | ၂၆ |
| ထုလ္လစ္စည်းတည်း | ထုလ္လစ္စဉ်းတည်း | ၁၆၁ | ၁၈ |
| ထုလ္လစ္စည်းတည်း | ထုလ္လစ္စဉ်းတည်း | ၁၆၁ | ၂၄ |

# အထူးသတိပြုရန်

ဤ ညောင်လေးပင် တောရ ဝိနည်းမှတ်စု လင်္ကာကို ဖြေဆိုသည့်ကျမ်းစာ၌ တည်ပါ၌အနေထား၍ ပြုရာတွင် မပါရှိသော လင်္ကာများကို အဓိပ္ပါယ် လွယ်ကူသဖြင့် ချန်လှပ်ခဲ့ဟန် ထင်မိပါကြောင်း။

သို့ရာတွင် မာတိကာ အနေအားဖြင့် ပြသည့် ဝိနည်း မှတ်စု လင်္ကာ၌ကား စုံစုံ လင်လင် ပြသ ထားကြောင်း၊ လက်ရေးမူမှ ချွတ်ယွင်း ချက်ကြောင့် ပုံနှိပ်မူ အဖြေ၌ လင်္ကာ အနည်းငယ် ရှေ့နောက် ပြန်နေသည်ကို သတိပြု ကြည့်ရှု စေလိုကြောင်း တောင်းပန်အပ်ပါသည်။

ဣဋ္ဌာသယ။

# မာတိကာ

## ပဌမပိုင်း (၁-မှ ၁၀၂)

## နိဒါန်းမှတ်စု (၁-မှ ၂၆)

ဦးရေ　　အကြောင်းအရာ


၁။ မိး, ရေ, လူမျိုး၊ မင်း, သူခိုး၊ သားဆိုး, ဘီလူးကြမ်း။
၂။ မြွေ, ကျင့်, သက်ဆွယ်,၊ အန္တရာယ်၊ တဆယ်ဤသို့မှန်း။
၃။ လူ, နီ, သိက္ခ၊ သာနှစ်ဂ၊ သိက္ခ, အန္တိမာ။
၄။ မစွန့်, မကု, ပြစ်မရှု၊ သုံးခုဥက္ခိတ္တာ။
၅။ ပဏ်, ထေ, ပက်, ဣာန်၊ ပဥ္စာနန်၊ ဒူသံ, ဥဘောပါ။
၆။ ဝဇ္ဇနီယ၊ ဇက်(အစ်) ဝီသ၊ ထုတ်ပြပါဠိမှာ။
၇။ ဥက္ခိတ်သုံးရပ်၊ ပါစိတ်မှတ်၊ ကြွင်းလတ် ဒုက္ကဋာ။
၈။ မရောက်, ကုစား၊ ထင်စွာကြား၊ သုံးပါးအသန္တိ။
၉။ လွန်ကျူး, ဖုံးထား၊ ဂတိလား၊ ၃-ပါးအလဇ္ဇီ။
၁၀။ မရှက်, မသိ၊ ကုက္ကုစ္စနှင့်၊ သတိမမြဲ၊ ထင်လွဲနှစ်ပါး၊ ပေါင်းခြောက်ပါးသည်၊ ခုနစ်ပါး အာပတ် သင့်ကြောင်း တည်း။
၁၁။ ငယ်, ကြီး, ပြတ်ကျိုး၊ ရိတ်မျိုး, မ, ပြင်၊ ပင်လယ်, အိုင်, မြစ်၊ လွှမ်း, စပ်လစ်၊ ဆဲ့တစ်သိမ်ပျက်တည်း။
၁၂။ တောင်,ကျောက်, တော, သစ်၊ ခ,ပို့, မြစ်, ရေ၊ ဤရှစ်ထွေ၊ မှတ်လေသိမ်နိမိတ်။
၁၃။ ဂါ-ဂါ, ဂါ-မဒ်၊ ဤနှစ်ရပ်၊ စပ်အပ်သိမ်သဘော။
၁၄။ မစပ်ကောင်းတွင်၊ ရှစ်ခုဝင်၊ ရှာလျှင်တွေ့စေသော။
၁၅။ မိုရာငါးရပ်၊ မိုခိုတတ်၊ ငါးစပ်အပ်သလို။
၁၆။ မိုရာချင်းအား၊ မိုစပ်ငြား၊ဆဲ့ငါးပြစ်မဆို။
၁၇။ မိုတတ်ချင်းသာ၊ စပ်တုံပါ၊ ခြောက်ဖြာအပြစ်ဆို။
၁၈။ မိုရာတပါး၊ ကျော်စပ်ငြား၊ ဆယ်ပါးအပြစ်ဆို။

ဦးရေ အကြောင်းအရာ

၁၉။ သုဒ္ဓုဘန္တေ၊ ဝန်ခံစေ၄ာ၊ ချမ်းသာမြဲခိုင်၊ နှိမ်နိုင်အလင်္ဂီ၊ လင်္ဂီကျင့်လွယ်၊ ဘေးနှစ်သွယ်လွှင့်၊ ကြည်ညိုဆင့်ပွား၊ သုံးပါးသဒ္ဓမ္မ၊ တည်ရအပြီး၊ လေးဝိနည်းဖြိုး၊ ကျိုးဆယ်မျိုး၊ ရှယ်ကိုးပညပ်တော်မူသတည်း။

၂၀။ စိတ်ပန်းဒဏ်ဆွယ်၊ လားအပါယ်၊ နှစ်သွယ်ဘေးအာသဝ။

၂၁။ ယတ်,ပတ်,အမိ၊တိသာသနာ၊တည်ထိုက်စွာ၊ သုံးဖြာသဒ္ဓမ္မ။

၂၂။ သံဝရ, ပဟာန်၊ သမထံ, ပညပ်၊ ချီးမြှောက်အပ်၊ လေးရပ်ဝိနည်းတည်း။

၂၃။ သီလ, သတိ၊ ခန္တိ, ဉာဏ၊ ဝိရိယသည်း၊ ငါးစောင့်စည်း၊ ဝိနည်းသံဝရ။

၂၄။ တဒင်, ဝိက္ခမ်၊ မုစ္ဆေဒံ, ပဋိ၊ နိသရဏ၊ ပါပပယ်နည်း၊ ငါးပါးလည်း၊ ဝိနည်းပဟာန။

၂၅။ မိကရုဏ်းငြိမ်းနည်း၊ ခုနစ်နည်း၊ ဝိနည်းသမထ။

၂၆။ သိက္ခာပုဒ်သီး၊ ပညပ်ပြီး၊ ဝိနည်းပညတ္တိ။

## ပါရာဇိကမှတ်စု (၂၇-မှ ၅၁)

၂၇။ ဗေါ်, သရဏ၊ သြဝါဒနှင့်၊ ပဥ္စ, ဂရုဓမ်၊ ဒူတံတဖြာ၊ ဋ္ဌဝါစိက၊ စတုတ္ထ၊ အဋ္ဌတိက္ခုတည်း။

၂၈။ မ, ဗျည်း, ထိး, ပဏ်၊ လူ, နတ်, ဆွာန်၊ မြှောက်ရန်သုံးလေးလီ။

၂၉။ မ, ဗျည်း, သုံးမဂ်၊ ကြွင်းနှစ်မဂ်၊ ပေါင်း မဂ်သုံးဆယ်မည်။

၃၀။ စ-မေထုနာ၊ သစိတ္တာသုံး၊ စုရုံး-ဒိန္နာ၊ သဥ္စာ-သဗ္ဗ၊ သမနု ဆာ၊ ထိနာ တ-ဆ၊ ပ-စ ဋ္ဌေ၊ ဒု မံ-ပဒ၊ ပ, တ, စ,ဆာ၊ ယူပါအဒ္ဓ၊ စ-ဆ-ထေယျာ၊ ဓမ္မာ-ပဥ္စမ၊ ရှေကတယော၊ဘူတာရောမှိ၊ စောရိ-မဆာ၊ နာနုညာတ၊ ဒု-တ-မ-ဆံ၊ သွင်းထည့်ပြန်၊ မှတ်ရန် သမုဋ္ဌာန် အကျဉ်းတည်း။

ဦးရေ အကြောင်းအရာ

၃၁။ ထပ်သင့် မသင့်၊ ထောက်ပံ့နှင့်၊ သုံးဆင့်နုပညပ်။
၃၂။ ပဏ်-ထေ-ပက်-ဿာန်၊ ပဋ္ဌာနန်၊ ဒူသံဉဘောပါ။
၃၃။ ရှင်မပြုရ၊ ဆဲ့တစ်မျှ၊ မှတ်ကြ အဘဗ္ဗာ။
၃၄။ အာ-ဉဿ်-ဩ-ပက်၊ နပုံးစွက်၊ ငါးချက်ပဏ္ဍုက်လာ။
၃၅။ ပဏ္ဍုက်ပက္ခ၊ ဩနှင့်န၊ မှတ်ကြအဘဗ္ဗာ။
၃၆။ လဆန်းပက္ခ၊ ဉဿ်-သိတ္တ၊ ထိုက်လှသာသနာ။
၃၇။ လိင်-သံဝါသ၊ ဉဘယ၊ သုံးဝထေနကာ။
၃၈။ စိတ်, ခေတ်, ကာလ၊ ပယောဂ၊ သိမှ, ပုဂ္ဂလာ။
၃၉။ ခြောက်ပါးဤမျှ၊ မစုံက၊ မကျမြတ်သိက္ခာ။
၄၀။ နာနာကော၊ သဟတ္တနှင့်၊ ပုဗ္ဗထေယျာ၊ ငါးခုမှာ၊ ငါးဖြာ
ပဉ္စက။
၄၁။ အာဒိ, ဟရ၊ ဝဟာရ၊ ပထ, ဌာနာစာ။
၄၂။ ကောဘဏ်လည်း၊ ထိုငါးတည်း၊ ထူးပြီးသက်ရှိသာ။
၄၃။ သဟ-အာဏ၊နိဿဂ္ဂ၊ အတ္တဓုရပါ။
၄၄။ ပုဗ္ဗ, သဟ၊ သံဝိဒ၊ ကေ်တ, နိမိတ္တာ။
၄၅။ ထေယျ, ပသယှ၊ ရိကပ္ပ၊ ဆန္န, ကုသာဝါ။
၄၆။ ပုဗ္ဗ-သဟ၊ နာမာသ၊ စိဏ္ဏ-ဝိနယာ။
၄၇။ ဉတ္တိ-ဉတ၊ ဋ္ဌိဿဝ၊ အဋ္ဌဒုက္ကဋ္ဌာ။
၄၈။ နိဿဂ်-သာဟတ်၊ အာဏတ်-ထာဝရ၊ ဝိဇ္ဇာ-ဣဒ္ဓိ၊
ခြောက်ခုရှိ၊ ပါဏာတိပယောဂတည်း။
၄၉။ ဝတ္ထု-ကာလ-ဩကာသဟု၊ အာဝု-ဣရိ၊ ကြိယာဝိထပ်၊
ဤခြောက်ရပ်၊ အာဏတ်မှတ်ကြောင်းတည်း။
၅၀။ အလှူခံလှည့်၊ ငါသိတရား၊ စွပ်စွဲမှားပြု၊ ပေးမှုဂရုဘဏ်၊
မင်ချာန်-ဝါကြွား၊ ဤငါးပါး-ခိုးစားသာသနာ။
၅၁။ ရှစ်ပါးပါရာ၊ အဘဗ္ဗာသွတ်၊ လူဝတ်သည့်နီ၊ လိင်ရှည်
ကျောက်နု၊ စုတ်- ထိုင်ပြု၊ ရှုံးမှု-နှစ်ဆယ့်လေး။

ဦးရေ　　အကြောင်းအရာ

## သံဃာဒိသိသ်မှတ်ဖွယ် (၅၂–မှ ၇၅)


၅၂။ မာ–ဝိ–မာဝိ၊ ဘန္ဒင့်ဘာ၊ ည–ဂေါ်–ခမ်–သသာ။

၅၃။ ခ–ဆန်–ဘော•ပ၊ ဩ–ဩ–ဒ၊ ကမ္မ–ဒါ–မုဟာ။

၅၄။ သဥ္စရိတ္တံ၊ အောင်တမန်၊ ရှောင်ရန် နှစ်ကျိပ်လာ။

၅၅။ ဘုရားတထွာ၊ မဇ်သုံးထွာ၊ တို့မှာလေးထွာခွဲ။

၅၆။ ငြိမ်းစေ, တည့်ရာ၊ အကြောင်းမှာ၊ သုံးဖြာမိကာရဏာ။

၅၇။ ဝဋ္ဋုကိုပြ၊ အာပတ်ပြန့်နှင့်၊ သံဝါသပယ်၊ ကျင့်ဝတ်ပယ်၊
လေးသွယ်စောဒနာ။

၅၈။ ပယ်ခြင်းဒွယ၊ မပြီးကြ၊ ပြမ္ပြီးသည့်သာ။

၅၉။ ရွှေစေ, ဆဲလို၊ ကံပြုလို၊ ထလိုအာပတ်မှ။

၆၀။ ဥပုသ်ကိုထား၊ ပဝါထား၊ မေးငြား, တရားပြ။

၆၁။ စွပ်စွဲတပါး၊ ကြွင်းပယ်ရှား၊ ရှစ်ပါးမိပ္ပါယ။

၆၂။ မည်, နွယ်, လိင်, ဇာတ်၊ အာပတ်, ပတ်, စီ၊ ဌာယ်, စရိ,
ကျောင်း၊ လေသစောင်း၊ ဆယ်မြောင်းစိဒေသ။

၆၃။ ဓမ္မ, ဝိနယ၊ ဘာသိတ၊ စိဏ္ဏ, ပညပ်, ဒုက်။

၆၄။ အာပတ်, လဟုက၊ ဒုဋ္ဌုလ္လ၊ သာဝသေသဒုက်။

၆၅။ တဆဲ့ရှစ်ခု၊ ကွဲပြားမှု၊ ဝဋ္ဋုကိုးခုဒုက်။

၆၆။ ပွင့်, သီး, မှုန့်, မြေ၊ ဝါး, ပူ,ခြေ၊ ဝေဠုဒူရှစ်ဖြာ။

၆၇။ မျက်သစ်ရေထက်၊ ဆွမ်းတုံ့စွက်၊ သစ်ရွက်ချိုးမှုန့်ပါ။

၆၈။ ကလေးချီသယ်၊ ဖဲဟင်းနှယ်၊ ချစ်ဘွယ်နှုတ်ဝါစာ။

၆၉။ ခိုင်းစေရာခံ၊ စာတမန်၊ မြေကြွန်အတတ်ပါ။

၇၀။ ခေတ္တ, အင်္ဂ၊ နက္ခတ္တ၊ သုံးဝထိုဝိဇ္ဇာ။

၇၁။ ပေါင်းပါဒူရှစ်၊ နှစ်ဆဲ့တစ်၊ စင်စစ်နေသနာ။

၇၂။ သစ်ပင်စိုက်တတ်၊ ရဟန်းမြတ်၊ ငါးရပ်သိစေလို။

၇၃။ နှစ်သွယ် ဝေါဟာ၊ ပရိယာ၊ ဩဘာ, နိမိတ်ကို။

၇၄။ ကိုယ်တိုင်စိုက်တတ်၊ စိုက်ခိုင်းတတ်၊ အကပ္ပိယက။

၇၅။ သိလော, ကပ္ပိလော၊ ဤမျှပြော၊ ဝေါဟာ ကပ္ပိယ။

ဦးရေ အကြောင်းအရာ


၇၆။ ဉာဏ်ရှိသူသာ၊ စိုက်တတ်စွာ၊ ဝါစာပရိယာယ။
၇၇။ သစ်ပင်ကိုင်ထောင်၊ မြင်သာအောင်၊ ရိပ်ရောင်ဩဘာသ။
၇၈။ လူသာမဏောထံ၊ သွားအပ်နှံ၊ ကမ္မံ နိမိတ္တ။
၇၉။ ညှာချင်းထုံး, ကွပ်၊ သွင်း,ရစ်ပတ်၊ လေးရပ်ညှာနှင့်ပွင့်။
၈၀။ လွန်ပတ်, ယက်နည်း၊ နှစ်ပါးလည်း၊ ပြုပြီးပန်းကုံးဖြင့်။
၈၁။ ပန်းကုံးခြောက်ခု၊ ကိုယ်တိုင်ပြု၊ စေပြုဒုက္ကဋ်သင့်။
၈၂။ ကပ္ပိယဝါစာ၊ ပရိယာ၊ ဩဘာ, နိမိတ်အပ်သတည်း။
၈၃။ အာပတ်, ပကတတ်၊ ကင်းလတ်အန္တရာယ်၊ စွမ်းနိုင်ဘွယ်၊
ဖုံးကွယ်နှစ်စီတည်း။
၈၄။ ဝန်ချဖုံးလျက်၊ အရဏ်တက်၊ ဖုံးတွက် ဒုက္ကဋ်တည်း။


## နိဿဂ္ဂိယပါစိတ်မှတ်စု (၈၅-မှ ၁၂၄)


၈၅။ ခေါမဝါချည်၊ ပိုးချည်-သားမွေး၊ လျှော်ထွေး ပိုက်ဆံ၊
ငါးတန်ရောဘိ၊ ခြောက်ခုရှိ၊ ဇာတိသက်န်းတည်း။
၈၆။ ဘွဲ့ဖြူ-ပတ္တုဏ္ဏ၊ သောမာရ၊ စိန တန်ခိုး-နတ်။
၈၇။ ဇာတ်အားလျော်မှု၊ ၅၂ခြောက်ခု၊ အနုလောမမှတ်။
၈၈။ ကထိန်ခင်းထိုက်၊ ပုဂ္ဂိုလ်၅၊ တိုက်ရိုက်ရှစ်အင်ပြည့်။
၈၉။ ပုဗ်, ပစ်, ဓိဋ္ဌ, တ္ထာ၊ မာ, မောခ၊ ဥဒ္ဓ, အာ၊ ရှစ်ခုသိ။
၉၀။ ဖွပ်, စီရင်, ဖြတ်၊ တည်းစပ်, ချုပ်, ဆိုး၊ ဗိန္ဒုထိုး၊ ခေါ်ရိုး
ပုဗ္ဗကရဏတည်း။
၉၁။ အနာမန္တ၊ အ သမာဒါ၊ ယာဝါ, ဂဏ၊ ယောတတ္ထ၊ ပဉ္စ
အာနိသင်။
၉၂။ ပတ်, နိဋ္ဌ, သန်, နာ၊ သ, အာသာ၊ သိမာ, သဟုဗ္ဘာရ်။
၉၃။ စီ,အာ, တူ,အာ၊ စီ,အာ စီတူ၊ ရွေးပျက်စဉ်တိုင်းယူ။
၉၄။ တိစီဝရိတ်၊ နှ, မာ, အိပ်၊ မျက်, ပရိက်, မိုဃ်း
သက်န်းကိုး။
၉၅။ နှိ, အိပ်, မျက်, ပ၊ လေးထည်မျှ၊ မပြဆိုးဗိန္ဒု။

ဦးရေ အကြောင်းအရာ

၉၆။ တိစိဝရာ၊ မိုဃ်း, နိ, မာ,၊မိဋ္ဌာ-တထည်စီ။
၉၇။ ပ, မျက်, အိပ်ရာ၊ သုံးမျိုးသာ၊ များစွာတင်နိုင်သည်။
၉၈။ ထွက်, ယူ,ပေး, လု၊ မစွ၊, လိင်ပြန်၊ အမိဋ္ဌာန်ချ၊ သိက္ခာကျ
အဋ္ဌ-မိဋ္ဌာန်ပျက်ကြောင်းတည်း။
၉၉။ လက်သန်းသည်းလောက်၊ တိစိပေါက်၊ ထည့်လျောက်
ကိုးပါးတည်း။
၁၀၀။ မိုဃ်းလ, မကျန်၊ မိုဃ်းရေခံ၊ ထည့်ပြန်ကိုးပါးတည်း။
၁၀၁။ ရောဂါခန့်ကျန်း၊ အမာလွှမ်း၊ ဖြည့်စွမ်းကိုးပါးတည်း။
၁၀၂။ ဆပ်ထမင်းလောက်၊ သပိတ်ပေါက်၊ ထည့်လျောက်ကိုးပါ
တည်း။

(ဒုတိယပိုင်း ၁၀၃-မှ ၁၉၀)

၁၀၃။ ရွှေငွေ, ခံလဲ၊ နှစ်ခုတွဲ၊ ပြန်ဘဲ မပေးရ။
၁၀၄။ သန္တတတေး၊ ရက်လွန်ဆေး၊ ပြန်ပေး မသုံးရ။
၁၀၅။ အကြွင်းစစ်ဆေး၊ နှစ်ဆဲ့လေး၊ ပြန်ပေးသုံးစွဲရ။
၁၀၆။ သံဃာ့လယ်သာ၊ စွန့်ရပါ၊ သုံးဖြာ တွေ့ပါစ။
၁၀၇။ ရွှာ, အိမ်, တိုက်, ပြ၊ သာဒ,ဆောင်း, ပြည်း၊ လှေ, လှည်း,
ကောက်နယ်၊ ရုံ, လယ်, လွှင်ကွင်း၊ ပင်ရင်း, ကျောင်း
အား၊ ပေါင်းဆဲ့ငါးသည်၊ မှတ်သား အဝိပ္ပဝါသတည်း။
၁၀၈။ သိမာ- ကတိကာ- ဘိက္ခာပညပ်-သံဃာသနှင့်-ဥဘတော
သံဃံ၊ဝသံဝုတ္တ၊ အာဒိသာ၊ ပုဂ္ဂလ ရှစ်မာတိ။
၁၀၉။ ခဏ်-ဥ-သမာ၊ အဝိဝ်-လာ၊၊ဂါမာ-နီ-နဂ။
၁၁၀။ အဏ္ဍန်-ဥဒ၊ ဇ-ရဋ္ဌ၊ ရဇ္ဇ-ဒီ-စက္က။
၁၁၁။ သိမ်မာတိကာ၊ လျှူနေရာ၊ စိတ်ဖြာ ဆဲ့ငါးမျှ။
၁၁၂။ ရွှေ-ငွေ-သပြာ၊ပဲရုပ်မှာ၊ လေးဖြာနိသဂ္ဂိ။
၁၁၃။ သတ္တုဓညာ၊ ကျွန်လယ်ယာ၊ ပုပ္ဖာရာမာဒိ။
၁၁၄။ နီ-ပြောက်-မြ-လဲ၊ လင်း-ရ-ရွှဲ၊ န္တာ-လဲ-ဒုက္ကဋ်သိ။
၁၁၅။ စီဝရာဒိက၊ ကပ္ပိယ၊ မှတ်ကြသုံးမျိုးရှိ။

ဦးရေ အကြောင်းအရာ

၁၁၆။ ရွှေအပ်ပြန်ကြွား၊စေ၍ကြွား၊ မှာထားသွားသည်သာ။
၁၁၇။ ရွှေအပ်မကြွား၊ ကွယ်အပ်ထား၊ နှစ်ပါးမညွှန်းရာ။
၁၁၈။ ရဟန်းညွှန်း လေး၊ တမန်လေး၊ ဒွေးမှာမညွှန်းရာ။
၁၁၉။ ရာဇ-မေဏ္ဍ၊ အညာတ၊ ကျင့်ရစဉ်တိုင်းသာ။
၁၂၀။ ထော-ဦး-ဆီ-ပျား၊ တင်လဲအား၊ငါးပါးလျက်ဘွယ်ဆေး။
၁၂၁။ စေတီ-သံဃာ၊ ပုဂ္ဂလာ၊ ဤမှာလှူမည်ညွှတ်။
၁၂၂။ ညွှတ်ရာမှခြား၊ လှူခိုင်းငြား၊ ကိုးပါးပြားအောင်မှတ်။
၁၂၃။ လှူသူ-ခံသူ၊ ပြစ်မမူ၊ ခိုင်းသူ အပြစ်ကပ်။
၁၂၄။ နိဿဂ်ပါစိတ်၊ သုဒ်ပါစိတ်၊ နောက်ပိတ်ဒုက္ကဋ်-တပ်။

**ပါစိတ်မှတ်စု (၁၂၅-မှ ၁၇၇)**

၁၂၅။ မည်- နွယ်-မှူ- ဇာတ်၊ နာ-သွင်-တတ်၊ ကိ-ပတ်- ဆဲ ဆယ်ပါး။
၁၂၆။ အချီအချ၊ ပြိုင်တူကျ၊ ပဒ-မည်သည်သာ။
၁၂၇။ အချီမမျှ၊ ပြိုင်တူချ၊ အနုပဒသာ။
၁၂၈။ အစတခု၊ ပြိုင်တူပြု၊ အနုအက္ခရာ။
၁၂၉။ အနိစ္စနှစ်ခု၊ ပြိုင်တူပြု၊ အနုဗျဉ္ဇနာ။
၁၃၀။ လေးမျိုးလုံးပင်၊ ရွက်ဆင်ခြင်၊ ပြိုင်လျှင်ပါစိတ်သာ။
၁၃၁။ တိရိစ္ဆာန်အိပ်၊ ထီးပါစိတ်၊ မ-အိပ် ဒုက္ကဋ်တည်း။
၁၃၂။ မူလ-ခန္ဓ-ဖဠုဂ္ဂ၊ဗီဇ-မျိုးငါးတန်။
၁၃၃။ စွေ-ညွှန့်-အဆစ်၊ပင်စည် မြစ်၊ ငါးဖြစ်ဗီဇဂါမ်။
၁၃၄။ လက်သည်း- မီး- ထား၊ နု-ထုတ် စား၊ငါးပါးကပ္ပိယံ။
၁၃၅။ ဘိသိ-စိမိ၊ ဥတ်(အုတ်) ဘူမိ၊ တဋ္ဋိ စမ္မခဏ်။
၁၃၆။ နိသိ ပစ္စ၊ မြက် ပဏ္ဏ၊ သေယျ ဆယ်ခုမှန်။
၁၃၇။ သီလ သုတ၊ ဒွေကိုရ၍။ ကောင်းလှစကား၊အမျှားချစ်ခင်၊ သွန်သင်တတ်စွမ်း၊ မယ်ရဟန်း နှင့်၊ဖက်ယမ်း မေထုန်၊ မကြီးစဘူး၊ လွန်ကျူးနှစ်ဆယ်၊ ဤရှစ်သွယ်၊ မှတ်ဘွယ် ဩဝါဒ။

ဦးရေ အကြောင်းအရာ

၁၃၈။ ရှိခိုး ဝါကပ်၊ လခွဲကပ်၊ နှစ်ရပ် ပဝါရဏာ။
၁၃၉။ နှစ်နှစ်သိက္ခာ၊ ပက်မာန၊ ပြန်ဟာမဆဲရန်။
၁၄၀။ ရဟန်းဆိုသမျှ၊ ငုံ့ခံရ၊ အဋ္ဌဂရုဓမ်။
၁၄၁။ စားဆဲ ဘောဇဥ်၊ ဆောင်ငင်နီးကပ်၊ ပယ်မြစ်လတ်၊ ငါးရပ် ပဝါရိတ် သင့်ကြောင်းတည်း။
၁၄၂။ ထမင်း ငါးသား၊ မုန့် နှစ်ပါး၊ ငါးပါးဘောဇဥ်တည်း။
၁၄၃။ သလေး ကောက် မုယော၊ နှယ်ကောက်နှော၊ ဆပ်ရော ပြောင်းနှင့်လူး။
၁၄၄။ အပ်လျှင် ကပ်ခံ၊ မြောက်ပြန် နီးမြွက်၊ သင့်လျက် မထ၊ စားပြီးမှသာ၊ အလမေတံ၊ ခုနစ်တန်၊မှတ်ရန် အတိရိတ် အင်္ဂါတည်း။
၁၄၅။ မြစ် ဥ စွယ် ညှောက်၊ ပင် ခေါက် ရွက် ပွင့်၊ သီး စေ့ ဆင့်၊ မှုန့်နှင့်စေး ဆဲ့နှစ်။
၁၄၆။ ဥဿာဝနန်၊ တိုင်ခြွေရုံ၊ မကျန်အားလုံးပျက်။
၁၄၇။ ဂေါနိသာဒိ၊ကာရံမိ၊ ပျက်၏ ပြည့်ထက်ဝက်။
၁၄၈။ ဂဟပတိ၊ သမ္မုတိ၊ မရှိအမိုးပျက်။
၁၄၉။ ဝါသာဂါရ၊ မဟုတ်က၊ ပဉ္စ-မီ မပျက်။
၁၅၀။ ရွှေရှု လည်းဆောင်၊ နှစ်တောင်ထွာ ရောက်၊ မြောက်နိုင် ဝတ္တု၊ သုံးခုပေးခြင်း၊ခံခြင်းနှင့်လျှောက်၊ကျမ်းလာထောက်၊ ကပ်မြောက်အင်္ဂါငါးပါးတည်း။
၁၅၁။ စွန့် ချ ပေး လှု၊ မစွ လိုင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံ ပျက်ကြောင်းတည်း။
၁၅၂။ ထန်း အုန်း နှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဗူး ဖရုံ၊ မှတ်တုံ သုံးသခွါး။
၁၅၃။ သပြေ သရက်၊ နွယ်သပြက်၊ ဖက်သက် သစ်မည်စည်။
၁၅၄။ တော အိမ် ၄က်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော် ရည်။
၁၅၅။ ရေဓ နေချက်၊ သောက်အပ်လျက်၊ မီးချက် မအပ်ပြီ။

ဦးရေ အကြောင်းအရာ

၁၅၆။ ရှောက် မကျည်းစ၊နုလောမ၊ လျော်လှအဖျော်ရည်။
၁၅၇။ ပိဋ္ဌ ပူဝ၊ ဩဒန၊ ကိဏ္ဏ သမ္ဘာရာ။
၁၅၈။ မုံ့ညက် မုံ့ ထမင်း၊ ဆေးဖန်သွင်း၊ နယ်ခြင်း သေငါးပါး။
၁၅၉။ ပုပ္ဖ ဖလာ၊ မဓွာဂုဠ၊ သမ္ဘာရ၊ ပဥ္စမေရယာ။
၁၆၀။ ပွင့် သီး စည် ကြီ၊ တိဖလာ၊ စိမ်ပြန် အရက်ငါး။
၁၆၁။ ကံ၊ ကိလေသ၊ ဝိပါက၊ ဝါဒ တိက္ကမာ။
၁၆၂။ နတ်ရွာ ချီသွား၊ မင်္ဂကိုတား၊ ငါးပါးအန္တရာ။
၁၆၃။ သံဝါ လိင်္ဂ၊ ဒဏ်ကမ္မ၊ သုံးဝနာသနာ။
၁၆၄။ သီလလုံစွာ၊ အာထားရာ၊ သံဃာလယ်၌ဆို။
၁၆၅။ သာသနာတည်ထား၊ ရန်သူတား၊ ကျိုးငါးဝိနည်းမိုရ်။
၁၆၆။ ဥပုသ်စိုးရ၊ ကံစိုးရ၊ စိုးရပဝါရဏာ။
၁၆၇။ ဥပဇ္ဈာယ်ပေး၊ သဿယည်းပေး၊ မွေးနိုင်ရှင်များစွာ။
၁၆၈။ ခြောက်မှဆဲ့တစ်၊ ခုစီလှစ်၊ ဖြစ်၏ နိသံသာ။
၁၆၉။ အညဝါဒ၊ ရူပိယ၊ ဥပသုတိ တဖြတ်တည်း။
၁၇၀။ သွင်း ထုတ် ဗြဟ္မဒဏ်၊ လက် ရိတ် ဆံ၊ အပန် ငါး၌ာန။
၁၇၁။ သွင်း ထုတ် ပဥ၊ ပေး ခံမ္ဘု၊ ငင်မှု လက် ညှတ် ကိုး။
၁၇၂။ သွင်း ထုတ် ပေးသမုတ်၊ ပြော လက်နှုတ်၊ ညှတ်ဒုက် ခုနစ်၌ာန်။
၁၇၃။ သွင်း ထုတ် ပေး မ္ဘု၊ နှိပ် လက် နှ၊ စတု ခုနစ်၌ာန်။
၁၇၄။ ပန် ငါး၌ာန၊ ညှတ် နဝ၊ ဒုစ ခုနစ်စီ။
၁၇၅။ တမန် မှောက် လှန်၊ ဥမ် (အုမ်) သောက် ဖြမ်၊ ကာ ဝန် မျက်ကွယ်ရှစ်။
၁၇၆။ နှစ် နှစ် လေးခု၊ ကိုးရှစ်ခု၊ ဂရုနှစ်ဆဲ့ငါး။
၁၇၇။ ပြီး ကိုယ်ဝန် ပျောက်၊ သတင်းရောက် လုပ်ကြီ၊ ၌ာနံ နိမ့်တက်၊ စစ်ထွက်ပြန်ခေါ်၊ကိုးဘော်ထင်ခံ၊ ကျဉ်းမြောင်းပြန်၊ ဆယ်တန် နန်းတော်ပြစ်။

ဦးရေ အကြောင်းအရာ

**သမထမှတ်စု (၁၇၇-မှ ၁၈၅)**

၁၇၇။ ဓမ္မာ ဓမ္မ၊ ငြင်းခုံကြ၊ ဝါဒဓိကရုဏ်း။
၁၇၉။ ဝိပတ္တိလေးခု၊ စွပ်စွဲမှု၊ နုဝါဓိကရုဏ်း။
၁၈၀။ ခုနစ်ပါးသာ၊ အာပတ်မှာ၊ ပတ္တာဓိကရုဏ်း။
၁၈၁။ အပလောကာ၊ ကံလေးဖြာ၊ ကိစ္စာဓိကရုဏ်း။
၁၈၂။ မုခါ ယေဘု၊ ဝိနည်းပြု၊ ငြိမ်းမှုဝိဝါဒါ။
၁၈၃။ မုခါ သတိ၊ မုဠ္ဟ ပါဠိ၊ ငြိမ်းဘိနုဝါဒါ။
၁၈၄။ မုခါ ဋိညာဉ်၊ တိဏယျဉ်၊ငြိမ်းစင်အာပတ္တာ။
၁၈၅။ မုခါဖြင့်ချည်း၊ ကိစ္စပြီး၊ ငြိမ်းနည်းဤသို့လာ။

**ဘိက္ခုနီပါစိတ်မှတ်စု (၁၈၆-မှ ၁၉၀)**

၁၈၆။ ပလဏ် ဘဍ္ဍ၊ ဟရိတ၊ စာပ-လသုဏာ။
၁၈၇။ တစ် နှစ် သုံးမြှောင့်၊ မရှိမြှောင့်၊ အမြှောင့်များလှစွာ။
၁၈၈။ ဖြော့ နီ စိမ်းမျှ၊ ဆင်းရောင်ပြ၊ ရှေးကသုံးခုသာ။
၁၈၉။ ဘိက္ခုနီလသု၊ ပါစိတ်ရှု၊ ဘိက္ခု ဒုက္ကဋာ။
၁၉၀။ ပရိတ်သတ်ထသိုး၊ ညည့်လွန်သိုး၊ စွန့်သိုးဆန္ဒ အဇ္ဈာသယ။

(တတိယပိုင်း ၁၉၁-၂၅၆)

**အထွေထွေမှတ်စု (၁၉၁-မှ မှ၂၅၆)**

မဟာဝါ

၁၉၁။ ဆယ်ဝါပြည့်တင်း၊ ဝိဘင်း နှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ပဟာပြနိုင်၊ ကျောင်းထိုင် အင်္ဂါငါး။
၁၉၂။ ဒွေမာတိကာ၊ ကမ္မာကမ္မ၊ ငါးဝါရဟု၊ လိုရင်းစုနှင့်၊ဝတ္တု တပါး၊ တရားသုံးပုဒ်၊ သုတ်နှစ်အင်္ဂါ၊ ဘာဝနာလည်း၊ မှီရာလွတ်ကြောင်း ခုနစ်တည်း။
၁၉၃။ ဖဲ ထွက် သေ ပြောင်း၊ နှင် ဆုံပေါင်း၊ ငြိမ်းကြောင်း ခြောက်ပါးတည်း။

ဦးရေ အကြောင်းအရာ

၁၉၄။ ဆုံပေါင်းမပါ၊ ဥပဇ္ဈာ၊ ငါးဖြာငြိမ်းကြောင်းတည်း။
၁၉၅။ ဝတ္ထုပြည့်ခြင်း စင်ကင်းအန္တရာယ်၊ သိမ် ဝယ် ပရိသတ်၊ ရှစ်ရပ်ပြုလုပ်၊ပုဗ္ဗကိစ္စံ၊ ဤငါးတန်၊ရဟန်းခံပတ္တကလ္လတည်း။
၁၉၆။ ဥပဇ္ဈာယ်အား၊ ယူပြီးငြား၊ ပြောကြား သပိတ်သက်န်း။
၁၉၇။ ပြင်ထုတ်အနေ၊ သာကံပြု၊ ပြစ်မှုဆုံးမခဏ်း။
၁၉၈။ ခေါ်သွင်းတောင်းပန်၊ မေးစစ်ရန်၊ တဖန်သမုတ်မန်း။
၁၉၉။ မေးစစ်တဝ၊ ရှစ်ခုမျှ၊ ပုဗ္ဗကိစ္စမှန်း။
၂၀၀။ ဒါတုံ သောတုံ၊ ပသိတုံ၊ ပင့်တုံဝါပန်ကောင်း။
၂၀၁။ သုံးဘော် မိဘ၊ မပင့်ကြ၊ သွားရအကြောင်းကြောင်း။
၂၀၂။ နာ ပြင်း ကုတ် ယူ၊ မာ မူဝါသ် ဌာန်၊လိုပြီး ကံ၊ ဆယ်တန် ဘိက္ခုကြောင်း။
၂၀၃။ နာ ပျင်း ကုတ် ယူ၊ မာ မူ အဋ္ဌာန်၊ လိုပြီးကံ၊ ကိုးတန်နီ အကြောင်း။
၂၀၄။ နာ ပျင်း ကုတ်ယူ၊ ပျက်မူသိက္ခာ၊ သမ္ဘဒါမျှ၊ ခြောက်ခုရ၊ သိက္ခမန်အကြောင်း။
၂၀၅။ နာ ပျင်းကုတ် ယူ၊ ပေးမူဝဿာ၊ သမ္ဘဒါမျှ၊ ခြောက်ခုရ၊ သာမ ဏေအကြောင်း။
၂၀၆။ နာ ပျင်း ကုတ် ယူ၊ မေးမူဝဿာ၊ သိက္ခာယူမျှ၊ ခြောက်ခုရ၊ သာမ ဏေရီ အကြောင်း။
၂၀၇။ မကျန်းမာကြ၊ မိနှင့်ဘ၊ သွားရတစ်အကြောင်း။
၂၀၈။ ကွဲ ဆယ် နီ ကိုး၊ သုံးခြောက်မျိုး၊ တမျိုး မိနှင့်ဘ။
၂၀၉။ သံဃကိစ္စ၊ကတိကပြုရာ၊ ဆရာစေအပ်၊ဖူးလိုလတ်၊ လေးရပ် သွားထိုက်ကြောင်း။
၂၁၀။ ပလ္လင် ခြေရှည်၊ လဲ မွေးရှည်၊ နီနီ တခုချင်း။
၂၁၁။ ကုန်းနှီးသုံးဖြာ၊ရတနာနှစ်၊သားရေနှစ်၊ခုနစ်သားမွေးခင်း။
၂၁၂။ နေရာမြင့်မြတ်၊ဆွဲကိုးရပ်၊ မအပ်ပယ်လေခြင်း။
၂၁၃။ တဘက် နှစ်ဘက်မှ၊ ဆွဲခြောက်က၊ ဆန်းလှ ရပ် ပြု နီ။

ဦးရေ အကြောင်းအရာ

၂၁၄။ လူမှာဇာတ်ချင်း ထုလ္လစ္စဥ်းတည်း၊ မြင်းနှင့်ဆင်မှာ၊ မင်း အင်္ဂါဖြစ်၊ သစ်ကျား ငှင်း၊ ဝံအောင်း ခြသေ့၊ ဘေးရန်တွေ့ တတ်၊ ရှုံ့အပ်ခွေး မြွေ၊ ဒုက္ကဋ်ပေ၊ ဆယ်တွေမအပ် အသား တည်း။

၂၁၅။ ရည်ရွယ်သတ်ငြား၊ ထင်မြင်ကြား၊ သုံးပါးမံသ သစိတ္တက။

၂၁၆။ ဗျာဓိ ပုဂ္ဂလာ၊ ကာလာ သမယော၊ ဒေသော ဝသ၊ ဘေသဇ္ဇ၊ သတ္တ သြဒိသာ။

၂၁၇။ ဝတ်ကားမမူ၊ ဘိတ်ကြားသူ၊ တောင်းယူမပေးအပ်။

၂၁၈။ ဘိတ်ကြားမကြေ၊ ဝတ်ကားကြေ၊ ပေးလေ မတောင်းအပ်။

၂၁၉။ ဘိတ်ကြားသဖြင့်၊ ဝတ်လည်းကျင့်၊ တောင်းသင့် ပေးသင့် မှတ်။

၂၂၀။ ဘိတ်ကြားကင်းဝေး၊ ဝတ်လည်းဝေး၊ မပေးမတောင်းအပ်။

၂၂၁။ မြစ် ပင် ခေါက် ရွက်၊ ပွင့်သီးစွက်၊ ခြောက်ချက် ဆိုးရည် ဝယ်။

၂၂၂။ နနွင်း မြစ်နှင့်၊ ပင်စည်ဆင့်၊ ထန်းကျင့်ပိန္နဲ နွယ်။

၂၂၃။ မဲ ဒန်း ရွက်လျှောက်၊ ကြပိုင်ခေါက်၊ အခေါက် တောက် ရပ်ဆွယ်။

၂၂၄။ ဝတ်ပန်းပေါက်ပွင့်၊ ဆိုးရည်နှင့်၊ မသင့်ကိုးပါးဖယ်။

## စူဠဝါ

၂၂၅။ ကြေးဖြူ စဥ့်ဖန်၊ ကိုယ်ပိုင်မှန်၊ ကေန်မအပ်စပ်။

၂၂၆။ အိုး အုံ ဘူး အုံ၊ ရံခါကြို၊ မြိတုံမအပ်စပ်။

၂၂၇။ သစ်သားခွက်ကား၊ အလျှင်းထား၊ ပယ်ရှားမအပ်စပ်။

၂၂၈။ မျက်ရွဲ မြ ရွှေ၊ ဖလ်စစ် ငွေ၊ ကိုင်ချေမကိုင်အပ်။

၂၂၉။ သံ ကြေးနီ မြေ၊ ခွက်သုံးထွေ၊ စားလေအပ်ပေသည်။

၂၃၀။ ကွဲ ကြမ်း ဆစ် ဖု၊ ဆူးခေါင်းပု၊ ကနုမအပ်ခြောက်။

ဦးရေ အကြောင်းအရာ

## ပရိဝါ

၂၃၁။ မှောင်မိုက်ထဲဟု၊ ယာဂုနေရာ၊ ဆွမ်းနေရာတွင်၊ ရွာဝင် လမ်းသွား၊ တခြားကြီတုန်း၊ အိပ်တုန်း စားခဲ၊ ပြုဆဲသီးသီး၊ ကျင်ကြီးကိုစွန့်၊ကျင်ငယ်စွန့်မူ၊ရန်သူမုန်းလွယ်၊ ဆွဲ့သုံးသွယ် ရှိခိုးမဘွယ်ဟောသတည်း။
၂၃၂။ မူလာယထိုက်၊ မာနတ်ထိုက်နှင့်၊ ဿာန်ထိုက် ဝတ်ကျင့်၊ မာနတ်ကျင့်ရှိ၊ လဒ္ဓိနာနာ၊ ကံနာနာလျှင်၊ နဂ္ဂါ နဝကာ၊ နုပသမ္ပန်၊ ထိပဏ် ညစ်ထပ်၊ ဆွဲ့နှစ်ရပ် ရှိခိုး ဒုက္ကဋ် ဟော သတည်း။
၂၃၃။ ဘုရားမြတ်စွာ၊ ဥပဇ္ဈာနှင့်၊ ဆရာငါးခင်း၊ သီတင်းကြီးဘိ၊ လဒ္ဓိမညီ၊ ဝါဒီကမ္မ၊ ဝုဍ္ဍတ၊ ရှိခိုးပဉ္စ ဟောသတည်း။
၂၃၄။ ကိုယ်ရုံစမ့္ယ်၊ ချီရွယ် လက်အုပ်၊ နယ်ဆုပ်ခြေစုံ၊ ကြည်ရုံ မြတ်နိုး၊ ညွတ်ရိုကျိုး၊ ရှိခိုးငါးတည် ဟောသတည်း။

## ဝိသုဒ္ဓိမဂ်

၂၃၅။ သုရာသောက်ထုတ်၊ သေတင်းကုပ်၊ ပဏ္ဍုက် ဘိက္ခုမ။
၂၃၆။ ပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။
၂၃၇။ ဤခြောက်အိမ်တွင်၊ ကျွမ်းတဝင်၊ ဆွမ်းလျှင်မခံရ။
၂၃၈။ ထေယျ ဇုဏ၊ ဒါယဇ္ဇနှင့်၊ ပိုင်လှသာမိ.လေးခုရှိ၊ပရိဘောဂ တည်း။
၂၃၉။ သီလလေးဖြာ၊ ပါ ဋ ိ အာ၊ စွယာသန္နိဿိ။
၂၄၀။ အပြစ်ကားလေး၊ ပတ် ကိလေး၊ သက်မွေး ကြွေးတင်ဘိ။
၂၄၁။ သုဒ္ဓိလေးဝ၊ ဒေ သံ ပ၊ ပစ္စဝေက္ခဏာ၊
၂၄၂။ ပြခာန်းလေ့ရှိ၊ ဒွါ သတိ၊ ဝိရိ ပညာသာ။
၂၄၃။ စဆုံးနှစ်ရပ်၊ ပျက်စီးလတ်၊ ကျိုးပြတ်ခေါ်ခဏ္ဍ။
၂၄၄။ အလယ်အတွင်း၊ ပျက်စီးခြင်း၊ ပေါက်ထွင်း မည်ဆိဒ္ဒ။
၂၄၅။ စဉ်တိုင်းအမျှား၊ ပျက်စီးပြား၊ ကြောင်ကျား သဗလ။

ဦးရေ အကြောင်းအရာ

၂၄၆။ အကြွားကြွားကွက်၊ ပျက်စီးလျက်၊ ပျောက်ကွက်ကမ္ဘာသ။
၂၄၇။ ရှဉ်းစုံမကပ်၊ ပွတ်သတ်မကျူး၊ ရယ်မြူးမရှိ၊ မျက်စိမဆုံ၊ သံမျိုးစုံပစ်၊ ရှေးဖြစ်မကြို၊ မောင်နှံ့ငုံ့ရှောင်၊ နတ်ဘောင်မရွယ်၊ ဤရှစ်သွယ်၊ လွတ်ဘွယ်မေထုန်တည်း။
၂၄၈။ ပံ တေ ဝိဏ် သပ်၊ ဇ-ပတ် ခ အာ၊ ရက် အင် သာ ယထာ နေ ဆဲ့သုံး။
၂၄၉။ သုသာန်ဈေးတန်း၊ လှည်းကြီးလမ်း၊ လူလမ်း မှိုက်ပုံပါ။
၂၅၀။ ကိုယ်ဝန်ညစ်ပေ၊ ဘုတ်ချိုးရေ၊ စွန်နှလေချိုးဆိပ်မှာ။
၂၅၁။ မီးလောင်နွားဝါး၊ကြွက်ကိုက်ထား၊ ခြစား ပြတ် စွန်း ဆာ။
၂၅၂။ တောင်ပို့ လေယူ၊ ရဟန်းလှူ၊ နတ်လှူတံခွန်လွှာ။
၂၅၃။ သုသာန်ပြန်ထုတ်၊ ဘိသိက်အုပ်၊ သမုဒ် တန်ခိုးသာ။
၂၅၄။ နှစ်ဆဲ့သုံးဟူ၊ ပံသုကူ၊ ကောက်ယူသုံးဆောင်ရာ။
၂၅၅။ တိုင်းကြွားနတ်ကြီး၊အသီး စေးထွက်၊ ခေါင်းသက် ကျောင်းလယ်၊ လင်းနို့တွယ်၊ ရှောင်ဘွယ်ခုနစ်ပင်။
၂၅၆။ အုတ် ကျောက် သစ်ရွက်၊ ဂ်တေ မြက်၊ ငါးချက် အမိုးလာ။

ညောင်လေးပင်ဟု၊ မည်တွင်တောရ၊ အဂ္ဂပဏ္ဍိတ်၊ တံဆိပ် အရှင်၊ ဒို့သခင်ကား၊ အစဉ် ဂေါဇာ၊ထောင့်သုံးရာ၊ ခုမှာ စုဆောင်းသည်။

ဝိနည်းလင်္ကာ၊ မှတ်စုစာ၊ ဤမှာပြီးလေပြီ။
ဝိနည်းမှတ်စုလင်္ကာပြီး၏။

ညောင်လေးပင်တောရ

# ဝိနည်းမှတ်စုလင်္ကာအဖြေ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်းမှတ်စု

### ၁-အန္တရာယ် ၁၀-ပါး

ဝိနယော သံဝရတ္ထာယ၊ သံဝရော အဝိပ္ပဋိသာရတ္ထာယ ယဒိဒံ အနုပါဒါ စိတ္တဿ ဝိမောက္ခော ဟူသော ပရိဝါရပါဠိသင်္ဂါမ လာ၊ မိန့်ခွန်းလွှာနှင့်အညီ နိဗ္ဗာန်ရောက်ကြောင်း အကျင့်အပေါင်းတို့တွင် အကောင်းဆုံး အမှန်ဆုံး လက်ဦးကျင့်သုံးရမည့်အချက်မှာ ဝိနည်းသာ ဖြစ်လေရာ၊ ယင်းဝိနည်းတွင်လည်း နောင်လာအများ၊ တပည့်သားတို့၊ အကျိုးများအသုံးဝင်၊ သိလျှင်စင်စစ်၊ ရဟန်းကောင်းဖြစ်နိုင်သော အချက်များကို ထုတ်နုတ်၍၊ မှတ်စုလင်္ကာ စုဆောင်းတော်မူလိုသောဆရာတော်ဘုရားကြီးသည်-

၁။ မီး,ရေ,လူမျိုး[၃]၊ မင်း,သူခိုး[၂]၊ သားဆိုး,ဘီလူးကြမ်း[၂]။

၂။ မြွေ,ကျင့်,သက်ဆွယ်,[၃]၊ အန္တရာယ်၊တဆယ်ဤသို့မှန်း။

ဟူသောလင်္ကာကို ရှေးဦးစွာ မိန့်ဆိုပါသည်။

ဟောတော်မူခြင်းကြောင့်) အသတိပိ အန္တရာယေ ထာမံ ပမာဏန္တိ သိဒ္ဓံ ဟောတိ။ ။ကခ်ါဋီကာသစ်၌ "မထေရ်ကြီးအား ငါး,လေး, သုံး, ဥဒ္ဒေသနှုတ်၌ မလာ၊ နှစ်ဥဒ္ဒေသ သန့်သန့်ရှင်းရှင်းနှုတ်တက် ရလျှင် ပါတိမောက်သည် မထေရ်ကြီးနှင့် စပ်၏၊ ဤမျှလောက်ကိုမှ မရလျှင် ဗျတ္တရဟန်းအား စပ်၏"ဟု ဆိုသည်ကိုထောက်၍ မထေရ် ကြီးနှင့်စပ်ရာ အစိုးရရာ၌ မထေရ်ကြီးအလိုအတိုင်း အကျဉ်းပြလျှင် အပြစ်မရှိဟု ဆရာတော်ကြီးများ ယူဆတော်မူကြ၏။ ဤအန္တရာယ် ၁၀-ပါးသည် ပဝါရဏာပြုရာ၊ သံဃာဒိသိသ် အာပတ်ဖုံးလွှမ်းရာ စသည်နှင့် သက်ဆိုင်၏။ အာပတ်,ပကတတ်၊ ကင်းလတ်အန္တရာယ် အဖြေ၌ တွေ့ရလတ္တံ့။

## ၂-ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်

၃။ လူ,နီ,သိက္ခ[၁]၊ သာနုစ်ဝ[၂]။ သိက္ခ,အန္တိမာ။
၄။ မစ္စန့်,မကု,ပြစ်မရှု[၁]၊ သုံးခုဥက္ခိတ္တာ။
၅။ ပဏ်,ထေ,ပက်,စ္ဆာန်[၇]၊ ပဋ္ဌာနန်[၅]၊ ဒူသံ,ဥဘောပါ[၂]။
၆။ ဝဇ္ဇနီယ၊ (အစ်)ဝီသ၊ ထုတ်ပြပါဠိမှာ။
၇။ ဥက္ခိတ်သုံးရပ်။ ပါစိတ်မှတ်[၁]၊ ကြွင်းလတ် ဒုက္ကဋာ[၁၀]။

ဤလင်္ကာတို့ဖြင့် ဝဇ္ဇနီယပုဂ္ဂိုလ် သရုပ်ကိုရင်း၊ မကြဉ်လျှင် သင့် မည့် အာပတ်ကိုရင်း ပြတော်မူသည်။

ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁ ယောက်။ ။(၁) လူ-လူပုဂ္ဂိုလ်။ (၂) နီ- ဘိက္ခုနီမ။ (၃) သိက္ခ-သိက္ခမာန်မ။ (၄) သာနုစ်ဝ-သာမဏေ ယောကျ်ား။ (၅) သာမဏေမ။ (၆) သိက္ခံ-သိက္ခာချပြီးသောသူ။ (၇) အန္တိမ-ပါရာဇိက(အန္တိမ)သို့ရောက်သောသူ။ (၈) မစ္စန့်- ယုတ်မာသောမိစ္ဆာအယူမစွန့်ခြင်းကြောင့် ဥက္ခိတ္တကကံ အပြုခံရ သော ရဟန်း။ (၉) မကု- အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခိတ္တကကံ အပြုခံရသောရဟန်း။ (၁၀) ပြစ်မရှု-အာပတ်ကို မရှု ခြင်းကြောင့် ဥက္ခိတ္တကကံ အပြုခံရသောရဟန်း။ ပဏ်-ပဏ္ဍုက်။ (၁၂) ထေ-ထေယျသံဝါသက။ (၁၃) ပက်-တိတ္ထိယ ပက္ကန္တက။

(၁၄) ဧဌာန်–တိရစ္ဆာန်။ ပဋ္ဌာနန်- (၁၅) အမိသတ်သောသူ။ (၁၆) အဘ သတ်သောသူ။ (၁၇) ရဟန္တာ သတ်သောသူ။ (၁၈) သံဃာသင်းခွဲသောသူ။ (၁၉)။ ဘုရားသွေးစိမ်းတည်အောင် ပြုသောသူ။ (၂၀)။ ဒူသံ-ဘိက္ခုနီဒူသက, ဘိက္ခုနီမကို ဖျက်ဆီးသောသူ။ (၂၁) ဥဘော--ဥဘတောဗျည်း၊ နှစ်လိင်ရှိသူ။ ထို နှစ်ကျိပ်တယောက်တို့ကို နှစ်တောင်ထွာဟတ္ထပါသ် ကင်းဝေးအောင် ရှောင်ကြဉ်အပ်သောကြောင့် ဝဇ္ဇနီယဟု ခေါ်သည်။ ဥပေါ်သထကျွန်ကျ္ဌ ဟောတော်မူသည်။

**အဓိပ္ပါယ်။** ။ဝဇ္ဇနီယ နှစ်ကျိပ်တယောက်တို့တွင် တယောက်ယောက်ရှိနေလျှင် ပါတိမောက်မပြအပ်၊ ပြလျှင် ဥပုသ်ကံ ပတ္တကလ္လ မဖြစ်၊ ဥက္ခိတ္တကသုံးယောက် မကြဉ်ရာ၌ သံဃာအားလုံးပါစိတ်၊ ကြွင်း ၁၈-ယောက်မကြဉ်ရာ၌ ဒုက္ကဋ်ဟု ဟောသည်။ ဝဇ္ဇနီယ နှစ်ကျိပ်တယောက်တို့တွင် တိရစ္ဆာန်အရ ရဟန်းပြုမပေးရ ဟု အပယ်ခံရသော ဂဠုန်,နဂါး, နတ်,သိကြားစသည်ကိုယူ၊ ထိုသူတို့အားသာ လူအသွင်ရှိကြ၍ ရဟန်းအဖြစ် အပယ်ခံရသည်။ခွေး,ဝက်, ကျွဲ,နွားစသည်ကို မယူရ၊ ထိုသူတို့သည် လူအသွင်မရှိကြ၊ ရဟန်း ပြုပေးပါဟုလည်း မတောင်းပန်ကြ၊ ထိုကြောင့် အပယ်မခံရသော်လည်း စကားတည်း၌ထည့်ပြောစရာပင် မဟုတ်။ တိတ္ထိပရဝိုဇ်တို့ကို လူ၌သွင်းယူ။ ကင်္ခါဋီကာသစ်။ ။တိပိဋကဝိနိစ္ဆယ၌ နတ်ဘီလူး ဂဠုန်, နဂါး, မြင်း, နွား, ဆိတ်, ဝက် စသည်ကို ဝဇ္ဇနီယဟု ဆို၏၊ အကျယ်ကို ရှုပေတော့။

## ၃-အာပတ်မရှိခြင်း ၃-မျိုး

**ဂ။ မရောက်,ကုစား၊ ထင်စွာကြား၊ သုံးပါးအသန္တိ။**

ဤလက်ာ၌ အသန္တိယာ အာပတ္တိယာ ဟူသောနိဒါန်းပါဠိအရ အာပတ်မရှိခြင်း ၃-မျိုးကို ပြတော်မူသည်။

**အာပတ်မရှိခြင်း ၃-မျိုး။** ။(၁) မရောက်-အာပတ်သင့်ကြောင်း ၆-ပါးတို့တွင် ဘယ်အကြောင်းကြောင့်မှ မရောက်သောအာပတ်။

(၂) ကုစား-ရောက်သော်လည်း ဝတ်စောင့်ခြင်း,ဒေသနာကြားခြင်းဖြင့် ကုစားပြီးသောအာပတ်။ (၃) ထင်စွာကြား-ကုစားချိန်မရ၍ အာဝိကရဏ (ထင်စွာပြောကြားခြင်း) ပြုထားသော အာပတ်။ ထိုသုံးမျိုးသည် အာပတ်မရှိခြင်း(အသန္တိ)မည်၏။ ဤကား ယဿ ပန ဇဝံ အနာပန္နာဝါ အာပတ္တိ (မရောက်သောအာပတ်) အာပဇ္ဇိတွာ စပန ဝုဋ္ဌိတာဝါ ဒေသိတာဝါ (ကုစားပြီးသောအာပတ်) အာရောစိတာဝါ (ထင်စွာ ပြောကြားပြီးသော အာပတ်) တဿ သာအာပတ္တိ အသန္တိနာမ ဟောတိ-ဟူသောကာခ်ါ။ ဇဝံ အနာပန္နာဝါတိ ဇဝံ ဆန္နံ အာကာရာနံ အညတရေန အနာပန္နာဝါ။ ဝုဋ္ဌိတာဝါတိ ပရိဝါသာဒိနာ ဝုဋ္ဌိတာဝါ။အာရောစိတာဝါတိ အာဝိကတာဝါ-ဟူသောဋီကာသစ်နှင့်အညီတည်း။

အစိပ္ပါယ်။ ။ပါရာဇိကအာပတ်သည် ရဟန်းအဖြစ်မှစွန့်ခြင်းဖြင့်။ ဝါ၊ လူထွက်ခြင်းဖြင့် ကုစားလျှင် စင်ကြယ်၏။ သံဃာဒိသိသ်အာပတ်သည် ဝတ်စောင့်၍ အဗ္ဘာန်သွင်းခြင်းဖြင့် စင်ကြယ်၏။ ကြွင်းအာပတ်ငါးပုံသည် ဒေသနာကြားခြင်းဖြင့် စင်ကြယ်၏။ ငါ့အား ဤအာပတ်ရှိနေခြင်းကို သင့်အားပြောကြားပါ၏ စသည်ဖြင့် ထင်စွာပြုခြင်းကား အသန္တိမည်၍ အာပတ်တန့်နေသည်၊ ကုစားခြင်းမဟုတ်သေး။

ထင်စွာပြုရကျိုး။ ။အာဝိကတာဟိဿ ဖာသုဟောတိသည် အကျိုးအာနိသင်ပြစကားဖြစ်၏၊ အာပတ်ကို ထင်စွာ ပြုသူအား ချမ်းသာခြင်းဖြစ်၏၊ချမ်းသာခြင်းသည် ထင်စွာပြုရကျိုး ဟူ၏။လူမင်းနတ်မင်းတို့၏ စည်းစိမ်ကို ဆိုသောချမ်းသာမဟုတ်၊ ဈာန်မဂ်ဖိုလ်ရခြင်းငှာဖြစ်သော ချမ်းသာဖြစ်၏။ စိတ်နှလုံး သာယာဝမ်းမြောက်ခြင်း၊ ပီတိဖြစ်ခြင်း၊ ပဿဒ္ဓိဖြစ်ခြင်း၊ သမာဓိဖြစ်ခြင်းတို့၏ အစွမ်းအားဖြင့် သုခပဋိပဒါပြည့်စုံသည်ဟူလို။ ကမ္မဋ္ဌာန်းအာရုံ ထင်လွယ်လျှင် သုခပဋိပဒါ၊ ထင်ခဲလျှင် ဒုက္ခပဋိပဒါ၊ ထင်ပြီးနောက် ဈာန်မဂ်ဖိုလ် ရလွယ်လျှင် ခိပ္ပါဘိညာ၊ ရခဲလျှင် ဒန္ဓာဘိညာ၊ သုခါခိပ္ပါ၊ သုခါဒန္ဓာ၊ ဒုက္ခာခိပ္ပါ၊ ဒုက္ခာဒန္ဓာ ဟု အကျင့်လေးမျိုးတို့တွင်

အာပတ် ထင်စွာပြုလျှင် သုခါပဋိပဒါသေချာပြီ၊ ခိပ္ပါဘိညာဖြစ်မှု တပုဒ်တဂါထာ ဒေသနာအဆုံး မဂ်ဖိုလ်ရလွယ်လတ္တံ့။

**အားတက်စရာ၊ မိန့်ခွန်းလှာ။** ။အာဝိကတာ ဟိဿ ဖာသု ဟောတိ-ဟူသော ပါဠိတော်သည် သက်တော်ထင်ရှား ဘုရား ကိုယ်စား တည်နေ၏။ သင်ချစ်သားတို့အား ဈာန်မဂ်ဖိုလ်ရခြင်းငှာ ငါဘုရား၏တာဝန်ဟု ဝန်ခံလျက်ရှိ၏။ **သာဝကတို့၏တာဝန်ကား** အာပတ်မရောက်စေခြင်း၊ရောက်လျှင်ကုစားရခြင်း၊မကုစားသာလျှင် နီးရာပုဂ္ဂိုလ်အား ထင်စွာကြားခြင်းမျှတည်း။ ဤသုံးမျိုးတို့တွင် ထင်စွာ ကြားခြင်းမျှသည်ပင် အာပတ်မှ မထသေးသော်လည်း အာပတ်မရှိ၊ အသန္တိ မည်၏။ အာပတ် စင်ကြယ်သည် မည်၏။ ဆိတ်ဆိတ်ဖြေဆိုခြင်းကြောင့် မုသာဝါဒမဖြစ်၊ ပါတိမောက် နာ ကောင်း၏။ အန္တရာယိကဓမ္မမှ လွတ်၏-ဟု တိုက်ရိုက်သိသာ၏။ ။ တွေးတောဘွယ် အာနိသင်ကား အာပတ်ကို သိလျက် မဖုံးသူ, ထင်စွာပြုသူသည် သမထဝိပဿနာ အားထုတ်ကောင်း၏၊တရားထူး ရကောင်း၏၊မရလျှင် ဒုတိယဘဝ၌ အပါယ်ပဋိသန္ဓေမရှိ၊ အကုသိုလ် အာပတ် သတ္တမဇောစေတနာ အစွမ်းတုံးပြီ၊ ဤသို့ စသည်ဖြင့် ဉာဏ်ရှိသလောက် ယုံကြည်ရာ၏။

**သေခါနီးသိက္ခာချသူ။** ။မသိဘဲ သင့်ထားသော အာပတ်များ အတွက် သံသယရှိသည် ဟု အချို့သေခါနီး သိက္ခာချကုန်၏၊ အာဝိကာရဏပြုခြင်းသည် သာ၍ စိတ်ချရ၏။ ပျက်၍စွန့်ရသော အန္တိမသိက္ခာကိုပင် နှမြော၍ ဝိပ္ပဋိသာရဖြစ်ကြသေးသည် မဟုတ် လော၊ ဝဲဃရက်အတွင်း သဘော်မှ ခုန်ဆင်းကာ လက်ပစ်ကူးလျှင် ဇနက,လို မခေလာ လာတွေ့ဘို့ ကိန်းသေ ဟုတ်ပါအံ့လော၊ ထို့ကြောင့် သိက္ခာချရန် မလို၊ အာပတ် ကုစားရန် လိုသည်။ မကုစားသာလျှင် ထင်စွာကြားရန် လိုသည်၊ ထာဝရ အာပတ် မထကြောင်း မိစ္ဆာဇီဝပစ္စည်း၊ နိဿဂ္ဂိပစ္စည်းများလည်း မရှိရန် လိုသည်ဟု ဘိက္ခုဝိဘင်းအရသာ၌ မိန့်ဆိုပါသည်။

## ၄-အလဇ္ဇီ ၃ ယောက်

၉။ လွန်ကျူး, ဖုံးထား၊ ဂတိလား၊ ၃-ပါးအလဇ္ဇီ။
ဤလင်္ကာဖြင့် အလဇ္ဇီ ၃ ယောက်ကို ပြတော်မူ၏။

**အလဇ္ဇီ ၃ ယောက်။** (၁)လွန်ကျူး-မအပ်မှန်း သိလျက် သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း၊ ဇွတ်အတင်း ပြုလုပ်သောရဟန်း။ (အကပ္ပိယဘာဝံ ဇာနန္တောယေဝ မဒ္ဒိတွာ ဝီတိက္ကမံကရောတိ-ဋီကာသစ်)။ (၂)ဖုံးထား- သင့်သောအာပတ်ကိုမကုစား, ထင်စွာ မကြား ဖုံးထားသော ရဟန်း။(ပရိဂူဟတီတိ နိဂ္ဂူဟတိ၊နဒေသေတိ နဝုဋ္ဌာတိ- ဋီကာသစ်) (၃) ဂတိလား-ဘဏ္ဍာဝေဘန်ရာ တရားဆုံးဖြတ်ရာ စသည်တို့၌ အဂတိလေးပါး လိုက်စားသောရဟန်း (အဂတိဂမနဉ္စ ဂစ္ဆတီတိ ဘဏ္ဍာဘာဇနီယဋ္ဌာနာဒိသု ဆန္ဒာဂတိ အာဒိဘေဒံ အဂတိဂမနဉ္စ ဂစ္ဆတိ-ဋီကာသစ်)။

**အစိပ္ပါယ်။** ။ဤအလဇ္ဇီ ၃ ယောက်ကို ပရိဝါပါဠိတော် အပရဂါထာသင်္ဂဟကဌ် ဤသို့ဟောသည်။

> သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။
> အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

ဥပါလိ၊ချစ်သားဥပါလိ။ သဉ္စိစ္စ-ဇာနန္တော၊သိလျက်။အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်သူတယောက်။ အာပတ္တိံ၊ အာပတ်ကို။ ပရိဂူဟတိ၊ ဒေသနာကြားခြင်း, ဝတ်ဆောက်တည်ခြင်းမပြုဘဲ ဖုံးထားသူ တယောက်။ အဂတိဂမနဉ္စ၊ အဂတိလေးပါး လိုက်စားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်သူတယောက်။ ဧဒိသော၊ ဤသို့သောသူကို။ အလဇ္ဇီပုဂ္ဂလော၊ အလဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

**သာမဏေအလဇ္ဇီ။** ။သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ စသည်ဖြင့် ရဟန်းတို့၏သာ အလဇ္ဇီလက္ခဏာကို ဆိုသော်လည်း သာမဏေတို့၏လည်း မိမိတို့ကျင့်အပ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်းဖြင့် အလဇ္ဇီလက္ခဏာကိုမှတ်အပ်၏။ ဝိမတိသဟာယမ္ဗိကဝင် ဒုတိယသိက္ခာပုဒ်အဖွင့်။

လွန်ကျူးတိုင်းအလဇ္ဇီလော။ ။သိက္ခာပုဒ်တော်ကို မရှိသေးသည်၏ အစွမ်းဖြင့်သာလျှင် လွန်ကျူးသူ, ဖုံးထားသူ, အဂတိလိုက်သူသည် အလဇ္ဇီဖြစ်၏။ ရှိသေပါလျက် လွန်ကျူးမိသူ, ဖုံးထားမိသူ, အဂတိလိုက်မိသူသည် အလဇ္ဇီမဟုတ်-ဟု သဉ္စိစ္စပါဠိဖြင့် ပြသည်။ ရှက်သဖြင့် ဖုံးထားသူလည်း အလဇ္ဇီမဟုတ်-ဟု ဆိုပါသေးသည်။

> ဇ္ဇေ စ သဉ္စိစ္စာတိ ဇာနိနာ အနာဒရိယဝသေနေဝ အာပတ္တိံ အာပဇ္ဇန္တော အာပန္နဥ္စ အာပတ္တိံ ပရိဂူဟန္တော ဘဏ္ဍာဘာဇနီယဥ္စာနာဒီသု အဂတိဂမနံ ဂစ္ဆန္တော စ အလဇ္ဇီ ဟောတိ၊ န ဇာတရောတိ ဒဿေတိ။ လဇ္ဇာယ ပရိဂူဟန္တော အလဇ္ဇီ န ဟောတိ။
>
> ကင်္ခါဋီကာသစ်-၄၃-ကဝိမျက်မှန်ရိုက်။

## ၅-အာပတ်သင့်ကြောင်း ၆-ပါး

**၁၀။ မရှက်, မသိ[၂]၊ ကုက္ကုစ္စနှင့်[၃]၊ သတိမမြဲ[၄]၊ ထင်လွဲနှစ်ပါး[၂]၊ ပေါင်းခြောက်ပါးသည်၊ခုနစ်ပါးအာပတ်သင့်ကြောင်းတည်း။**

ဤလင်္ကာဖြင့်(ပါ,သံ,ထုလ်,ပါ၊ ပါ,ဒုက်,ဌာ၊ သတ္တာအာပတ္တိ-ဟူသော) အကျိုးအာပတ် ၇-ခုတို့ဖြစ်ပေါ်လာရခြင်း, အကြောင်းရင်း ၆-ပါးကိုပြတော်မူ၏။

အာပတ်သင့်ကြောင်း ၆-ပါး။ ။(၁)မရှက်-အရှက်မရှိခြင်းအလဇ္ဇိတာတပါး။ (၂) မသိ-မသိနားမလည်ခြင်း အညာဏတာတပါး။ (၃) ကုက္ကုစ္စ - ကုက္ကုစ္စနှိပ်စက်ခြင်း ကုက္ကုစ္စပကတတာတပါး။ (၄) သတိမမြဲ - သတိမေ့လျော့ခြင်း သတိသမ္မောသတာတပါး။ ထင်လွဲနှစ်ပါး- (၅) မအပ်သည်၌ အပ်၏ဟု အထင်လွဲခြင်း အကပ္ပိယေကပ္ပိယသညိတာတပါး၊ (၆) အပ်သည်၌ မအပ်ဟု အထင်လွဲခြင်း ကပ္ပိယေအကပ္ပိယသညိတာတပါး၊ ဤသို့၆-ပါးရှိ၏။

အဓိပ္ပါယ်။ ။(၁) မအပ်မှန်း သိလျက် သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း ဇွတ်အတင်း ပြုခြင်းသည် ဝိတိက္ကမန္တရာယ် မည်၏။ နတ်ရွာ,နိဗ္ဗာန်, ဈာန်, မဂ်ဖိုလ်တားသည်၊ မသိ၍ အစိတ္တက

အာပတ်သင့်လျှင် အန္တရာယ်မဖြစ်။ အလဇ္ဇီလည်းမဖြစ်သေး။ဖုံးထား လျှင်ကား ထိုအပြစ်မျိုးမှ မလွတ်၊ ထို့ကြောင့် အာပတ်ဟုသိလျှင် မီးခဲနှင်းမိသူပမာ ကုစားခြင်းမနှောင်းစေရာ။

(၂) ပြုအပ်, မပြုအပ်ကို မသိမလိမ္မာသူဖြစ်၍ ပြုအပ်သည်ကို မပြုမိ၊ မပြုအပ်သည်ကို ပြုမိအံ့၊ မသိခြင်းကြောင့် အာပတ်သင့်သည် မည်၏။

(၃) ဤအမှု အပ်မည်လော, မအပ်မည်လောဟု သံသယရှိသူ ဖြစ်လျက် လွန်ကျူးအံ့။ ကုက္ကုစ္စ နှိပ်စက်ခြင်းကြောင့် အာပတ်သင့် သည်မည်၏။

> ဝိနည်းပညတ်တော်၌ အယုံအကြည်မရှိသူသည် သံသယ ရှိလျက်ပင် ပြုလုပ်တတ်သည်၊ အပ်သောအရာဖြစ်စေကာမူ သံသယကြောင့် အာပတ်သင့်သည်၊ အယုံအကြည်ရှိသူကား အရာရာ၌ သံသယ ဖြစ်လေ့ရှိရသည်၊ ထိုသံသယ အမြန် ငြိမ်းအောင် ဝိနည်းတတ်ပုဂ္ဂိုလ်ထံ မေးရသည်၊ သံသယ ကင်း၍ အပ်သည်ဟုသိမှ ပြုရသည်၊ မအပ်ဟုသိလျှင် မပြုရ၊ သံသယမငြိမ်းသေးလျှင် မပြုသေးဘဲ အမှန်အတိုင်းသိအောင် အမြန်အားထုတ်ရသည်၊ ကျမ်းဂန်၌ အပ်, မအပ်ထင်ရှား ရှိသည်ကို သံသယကြီးခြင်းကား မချီးမွမ်းအပ်၊ ဂရုဘက် လိုက်ခြင်းကိုကား ချီးမွမ်းအပ်၏။ အဆုံးအဖြတ်မလေ့လာဘဲ "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ ဇော် ဝိနယလက္ခဏံ" ဟုဆိုခြင်းကား အလေးပြုသူမဟုတ်ဟု ကေန်သိသင့်၏။

(၄) သဟသေယျ ဖြစ်အောင်အိပ်သူ, သက်နှုံးညဉ့်ကင်းအောင် နေသူဖြစ်အံ့၊ သတိမေ့လျော့ခြင်းကြောင့် အာပတ်သင့်သည်မည်၏။

(၅) ဝံသားကို ဝက်သားထင်၍ စားအံ့ နေလွဲကို နံနက်ထင်၍ စားအံ့ မအပ်သည်၌ အပ်သည်ဟု အထင်လွဲခြင်းကြောင့် အာပတ် သင့်သည်မည်၏။

(၆) ဝက်သားကို ဝံသား၊ နံနက်ကို နေလွဲထင်၍ စားအံ့၊ အပ်သည်၌ မအပ်ဟု အထင်လွဲခြင်းကြောင့် အာပတ်သင့်သည် မည်၏။

## ၆-ဝိပတ္တိ(သိမ်ပျက်) ၁၁-လုံး

၁၁။ ငယ်,ကြီး, ပြတ်ကျိုး[၃]၊ ရိတ်မျိုး, မ, ပြင်[၃]၊ ပင်လယ်,အိုင်, မြစ်[၃]၊လွှမ်း, ဇပ်လစ်[၂]၊ ဆဲ့တစ်သိမ်ပျက်တည်း။

ဤလင်္ကာဖြင့် ဝိပတ္တိသိမ် ၁၁-လုံးကိုပြတော်မူသည်။

(၁) ငယ် – ရဟန်း နှစ်ကျိပ်တပါး မစည်းဝေးလောက်သော အတိခုဒ္ဒကသိမ်။

(၂) ကြီး–သုံးယူဇနာကို လွန်၍သမုတ်သော အတိမဟတီသိမ်။

(၃) ပြတ်ကျိုး – နိမိတ်မစပ်, ပြတ်ကျိုးသော ခဏ္ဍနိမိတ္တသိမ်။ ရှေးဦးစွာ အရှေ့အရပ်၌နိမိတ်ကြား၍ တောင်,အနောက်, မြောက်အရပ်တို့၌ နိမိတ်ကြား၍အရှေ့အရပ်ထပ်ကြားလျှင် နိမိတ်စပ်၏။ ထပ်မကြားလျှင် နိမိတ်မစပ်၊ နိမိတ်ပြတ်၊ နိမိတ်ကျိုးမည်၏။ တနည်း နိမိတ်မလောက်သော နိမိတ် တခုခုကို အရပ်တခု၌ နိမိတ်ကြား၍ သမုတ်လျှင်လည်း နိမိတ်မစပ်။

(၄) ရိပ်မျိုး – တောင်ရိပ်, သစ်ပင်ရိပ် တခုခုကို နိမိတ်ပြု၍ သမုတ်သော ဆာယာနိမိတ္တသိမ်။

(၅) မ – နိမိတ်တခုမျှမကြားဘဲ သမုတ်သော အနိမိတ္တသိမ်။

(၆) ပြင် – နိမိတ်အပြည့်အစုံ ကြား၍ နိမိတ်ပြင်ပ၌နေ၍ သမုတ်သော ဗဟိသမ္မတသိမ်။

(၇) ပင်လယ်–ပင်လယ်၌ သမုတ်သော သမုဒ္ဒသိမ်။

(၈) အိုင် – ဇာတဿရ (အလိုလိုဖြစ်သောအိုင်) ၌သမုတ်သော ဇာတဿရသမ္မတသိမ်။

(၉) မြစ်–မြစ်၌သမုတ်သော နဒီသမ္မတသိမ်။ (ပင်လယ်၊ အိုင်၊ မြစ် ဤသိမ်– ၃ လုံးဗဒ္ဓသိမ်မဖြစ်)။

(၁၀) လွှမ်း – သမုတ်ပြီးသော သိမ်ကိုလွှမ်း၍ အလုံးစုံဖြစ်စေ, တစိတ်ဖြစ်စေ, အတွင်းပြု၍ သမုတ်သော အဇ္ဈောတ္ထရိတသိမ်။(နောက်သိမ်ပျက်၏)။

(၁၁) စပ်-သမုတ်ပြီးသောသိမ်ကိုစပ်၍သမုတ်သော သမ္ဘိန္နသိမ်။ စပ်ပုံ သပြေပင်နှင့် သရက်ပင် အကိုင်းအခက် ရောယှက်လျက်ရှိရာ သပြေပင်ကို သိမ်တွင်းထား၍ သရက်ပင်ကို နိမိတ်ကြား၍ ပဌမသိမ်ကို သမုတ်ထား၏။ ထိုနောက် ကျောင်းသစ်တည်သော ရဟန်းတို့သည် မိမိတို့သိမ်သစ်ကို သမုတ်သောအခါ ထိုသရက်ပင်ကိုအတွင်းထား၍ ထိုသပြေပင်ကို နိမိတ်ကြားအံ့ သိမ်ချင်းစပ်သည်မည်၏။ နောက်သိမ်ပျက်၏။

သမ္ဘိန္နနှင့်အဇ္ဈောတ္ထရဏအထူး။ ။ရဟန်းလေးပါးရပ်၍ သံဃာကံမပြုလောက်သော အရပ်ကို အတွင်းပြု၍ သမုတ်လျှင် သမ္ဘိန္န၊ ထိုထက်လွန်သော အရပ်ကို အတွင်းပြု၍သမုတ်လျှင်အဇ္ဈောတ္ထရဏ။

## ၇-သိမ်နိမိတ် ၈-မျိုး

၁၂။ **တောင်, ကျောက်, တော, သစ်၊ ခ, ပို့, မြစ်, ရေ၊ ဤရှစ်ထွေ၊ မှတ်လေသိမ်နိမိတ်။**

ဤလင်္ကာဖြင့် သိမ်နိမိတ် ၈-မျိုးကိုပြတော်မူသည်။

**သိမ်နိမိတ် ၈-မျိုး။** ။(၁)တောင်-တောင်နိမိတ်။ (၂)ကျောက်-ကျောက်နိမိတ်။ (၃) တော-တောနိမိတ်။ (၄)သစ်-သစ်ပင်နိမိတ်။ (၅) ခ-ခရိုးနိမိတ်။ (၆) ပို့-တောင်ပို့နိမိတ်။ (၇)မြစ်-မြစ်နိမိတ်။ (၈) ရေ-ရေနိမိတ်၊ ဤသို့သိမ်နိမိတ် ၈-မျိုးရှိ၏။

**အဓိပ္ပါယ်။** ။နိမိတ် ၈-မျိုးတို့တွင် တောင်သည် မြေတောင်၊ ကျောက်တောင်၊ မြေကျောက်ရောသော တောင်ဟု သုံးမျိုးရှိ၏။ ခုနစ်တောင်ထွာမြင့်သော ဆင်ပမာဏအောက် မငယ်လျှင် တောင်သုံးမျိုးလုံး တောင်နိမိတ်လောက်၏။ ထိုအောက်ငယ်လျှင်မအပ်။

ကျောက်နိမိတ်၌ သံတွေခဲသည်လည်းကျောက်မည်၏။မည်သည့်ကျောက်မဆို-ယခင် ဆင်ပမာဏ အောက်ငယ်၍ ၃၂-ပိုတင်လဲခဲပမာဏရှိလျှင်ကျောက်နိမိတ်လောက်၏။ထိုအောက်ငယ်လျှင်မအပ်။ အုတ်ခဲလည်းမအပ်။ကျောက်ဖျာကား ကြီးလွန်းသော်လည်းအပ်၏။

၇၂-ပိုဒ်။ ။ကင်္ခါဋီကာသစ်၌ ကော်ပလံနာမ ဒသ ကဋ္ဌဋ္ဌန္တိဝဒန္တိဟု ဆိုသည်၊မိုင်းခိုင်ဆရာတော်ဘုရားကြီးကား မာဂဓကျေပ်ချိန် အားဖြင့် ၁၂၀-လောက်၊ အင်္ဂလိပ်ဒင်္ဂါး ၁၆၀-လောက်၊ မြန်မာချိန် ၁၁၂၊ ၇-မူး၊ ၃-ရွေးလောက် အချိန်ရှိသော တင်လဲခဲအနေ ပမာဏတူ ကျောက်ခဲသည် ကျောက်နိမိတ်လောက်၏-ဟု ဆုံးဖြတ်တော်မူသည်။

တောနိမိတ်၌ အတွင်းအနှစ်ရှိသော သစ်ပင်မျိုး လေးငါးပင် မျှသည်တောနိမိတ်လောက်၏။အတွင်းအနှစ်ရှိသစ်ပင်မျိုးများသော လေးငါးပင်လည်း တောနိမိတ်လောက်၏။ လေးပင်မျှရှိသော တော ဖြစ်မူ အနှစ်သုံးပင်ရှိရမည်၊ ထိုအောက်နည်းလျှင်မအပ်။ ထန်းပင် အုန်းပင်တို့ကား အပ၌ အနှစ်ရှိကုန်၏။ မယူအပ်။ (ကင်္ခါဋီကာ သစ်၌ အနှစ်ပင် သုံးပင်၊ ဝိမတိ၌ လေးပင်ပြသည်)။

သစ်ပင်နိမိတ်၌ အယုတ်ဆုံး အမြင့်လက်ရှစ်သစ်၊ လုံးပတ်သီဟိုဠ် ကညစ်ရိုးခန့်ရှိ၍ (သီဟိုဠ် ကညစ်ရိုးကား လက်သန်းခန့် ရှိ၏)။ စိမ်းရှင်လျက် မြေ၌တည်သော အတွင်းအနှစ်ရှိ သစ်ပင်မျိုးသည် သစ်ပင်နိမိတ်လောက်၏။ ထိုအောက်ငယ်လျှင် မအပ်။

ခရီးနိမိတ်၌ ဂါမခေတ်နှစ်ခု သုံးခုတို့သို့ ရောက်သော ခြေလမ်း ခရီး, လှည်းလမ်းခရီးသည် ကုန်သည်တို့ အသုံးပြုလျှင် ခရီးနိမိတ် လောက်၏။ မသုံးသောခရီးမအပ်။ (သူကြီးတပိုင် နယ်အတွင်းရှိ ရွာများသည် ဂါမခေတ်တခုတည်း။ ထိုဂါမခေတ်တခုသည် ကမ္ဗ ဝါစာဖြင့်မဖွဲ့ရသဲ ဂါမသိမ်ဖြစ်၏။ နိဂုံးတနယ်သည် နိဂမခေတ်၊ မြို့နယ်တနယ်သည် နဂရခေတ်၊ ၎င်းတို့ကို ဂါမခေတ်၌ သွင်းယူ ကြ၏)။

တောင်ပို့နိမိတ်၌ အမြင့်လက်ရှစ်သစ်၊ လုံးပတ် နွားဦးချိုမျှ ရှိသော တောင်ပို့သည် ယနေ့ပေါက်ဖြစ်စေကာမူ တောင်ပို့နိမိတ် လောက်၏။ ထိုအောက်ငယ်လျှင်မအပ်။

မြစ်နိမိတ်၌ လခွဲတိုင်း, ဆယ်ရက်တိုင်း, ငါးရက်တိုင်း မိုးရွာ လျက် မိုးဥတု လေးလအတွင်း ရေအယဉ်ပြတ်လျှင် မြစ်မမည်။

ဤလက်ာဖြင့် မီးအန္တရာယ်၊ ရေ၊ လူ၊ မင်း၊ သူခိုး၊ သားဆိုး၊ ဘီလူး၊အကျင့်၊ မြွေ၊ အသက်အန္တရာယ်ဟူသော အန္တရာယ် ၁၀-ပါး သရုပ်ကို ပြတော်မူ၏။

အဓိပ္ပါယ်။ ။ဥပုသ်ပြုရန်ကိစ္စ မပြီးမီအကြား၌ ဖြစ်ပေါ်၍ လာတတ်သောကြောင့် အန္တရာယ် ခေါ်ရသည်။ မဟာဝါ ဥပေါ သထက္ခန္ဓက၌ အကျယ်ဟောတော်မူ၏၊ ၁၀-ပါးကား ဥပုသ်ပြုရန် ရဟန်းများ ထိုင်နေကြကုန်စဉ် (၁) တောမီးလောင်အံ့၊ သို့မဟုတ် ကျောင်း၌ မီးထအံ့၊ လောင်အံ့၊ မီးအန္တရာယ် မည်၏။ (၂) မိုးကြီး တက်လာအံ့၊ သို့မဟုတ် ရေအယဉ်စီးလာအံ့၊ ရေအန္တရာယ်။ (၃) လူများစွာ လာအံ့၊ လူအန္တရာယ်။ (၄) မင်းလာအံ့၊ မင်း အန္တရာယ်။ (၅) သူခိုးလာအံ့၊ ခိုးသူအန္တရာယ်။ (၆) ကျားစသော ကြမ်းထမ်းသော သားကောင်တို့ လာအံ့၊ သားရဲအန္တရာယ်။ (၇) ရဟန်းကို ဘီလူးဖမ်းအံ့၊ ဘီလူးအန္တရာယ်။ (၈) ရဟန်းကို မြွေ- စသည် ကိုက်အံ့။ မြွေအန္တရာယ်။ (၉) သာသနာတော်မှရွှေလျော စေလို၍ ရဟန်းကိုလူတို့ဖမ်းအံ့၊ အကျင့်အန္တရာယ်။ (၁၀) ရဟန်း မကျန်းမာအံ့၊ သို့မဟုတ် ပျံလွန်အံ့၊ သို့မဟုတ် သတ်လို၍ ဖမ်းအံ့၊ အသက်အန္တရာယ် မည်၏။

ဤ အန္တရာယ် ၁၀-ပါးတို့တွင် တပါးပါးဖြစ်ခဲ့သော် နိဒါန်း ရွတ်ပြီးလျှင် အကြွင်းကို သုတသဒ္ဒါဖြင့်(သုတာခေါ်ပနာယသွန္တေ့ပတိ စတ္တာရောပါရာဇိကာဓမ္မာစသည်ဖြင့်)သိမ်း၍ ပါတိမောက်အကျဉ်း ပြနိုင်၏။ နိဒါန်းမရွတ်ရသေးမီဖြစ်စေ၊ ရွတ်ဆဲဖြစ်စေ အန္တရာယ် တပါးပါးဖြစ်ခဲ့သော်။ (နိဒါန်းရွတ်၍မပြီးသေးလျှင် ပါတိမောက် ပြခြင်းမမည်သောကြောင့်)သုတသဒ္ဒါဖြင့် မသိမ်းရ၊ဥပုသ်အန္တရာယ် ဖြစ်သည် မည်၏။ ထိုနေ့ ဥပုသ်မပြုခြင်းကြောင့် အာပတ်မသင့်၊ ထ ပြန်နိုင်၏။ ။ဝဇိရဗုဒ္ဓိ၌အန္တရာယ်မရှိသော်လည်း ပါတိမောက် ပြသောရဟန်း၏ အားစွမ်းသည် ပမာဏဖြစ်ကြောင်း ထင်ရှား၏ဟု ဆိုသည်။ (ပါတိမောက်ပြသောရဟန်းအကျဉ်းရလျှင် ဤနေရာမျိုး ၌ အကျဉ်းပြနိုင်၏ ဟူလို)။ ဂဏ္ဌာဝုသော သံခိတ္တေနဝါ ဝိတ္ထာရေန ဝါ တိ ဝစနတော (မဟာဝါ ဗာလ အဗျတ္တရဟန်းတို့ ဝတ္ထု၌

မိုဃ်းလေးလ ရေအယဉ် မပြတ်ဘဲ ဘိက္ခုနီမ ဖြတ်ကူးလျှင် အဝန်း သုံးပါးဖုံးလွှမ်းသော သင်းပိုင်လက်တသစ်နှစ်သစ်ခန့် ရေစွတ်သော မြစ်သည် မြစ်နိမိတ်လော်က်၏။ သမုဒ္ဒရာထဲသို့ စီးဝင်သည် ဖြစ်စေ၊ တဘက်ဆည်ကန်ထဲသို့ စီးဝင်သည်ဖြစ်စေ အမွန်အစမှ စ၍မြစ်မည်၏။ ထိုသို့မဟုတ်သောမြစ်မအောင်။

ရေနိမိတ်၌ တွင်း, ကန်, ထုံးအိုင်, သမုဒြာစသည်၌တည်သော မစီးသောရေသည် ရေနိမိတ်လော်က်၏။ အယုတ်ဆုံး ထိုခဏ တူးသော တွင်း၌ လောင်းထည့်သော ရေဖြစ်စေ၊ ကလေး ကစားသော တွင်း, ဝက်တူးတွင်းဖြစ်စေ ကမ္ဘဝါစာ ဆုံးအောင် ရေတည်လျှင် ရေနိမိတ်လော်က်၏။ ထိုမှမတည်သောရေ, စီးသော ရေ, အိုးခွက်၌တည်သောရေတို့ကား မအောင်ကုန်။

**မြေအက်ဖာထေးခြင်း။** ။ထိုခဏတူးသောတွင်း၌ ရေတည်အောင် မြေအက်,မြေပေါက် ဖာထေးလျှင် အိုးခွက်နှင့်အလားတူ၍မအောင်ဟု အချို့ သံသယ စကားဆိုကုန်၏။ ဝိနည်းအရာ သံသယ ဖြစ်တတ် ခြင်းသည်ကောင်း၏။ အဋ္ဌကထာကြီး၌ ရေစီးသောမြစ်၌ ဆည်ဖို့ လျှင် ရေစီးရပ်သော နေရာ ရေနိမိတ် ကြားအောင်၏။ မြစ်နိမိတ် မကြားအောင် ဟုဆိုသည်။ အိုးခွက်ကြီးအလားတူ၍ မအောင်ဟုမဆို။ ထိုကြောင့် စီးယိုသော ရေတည်အောင် ဖာထေးခြင်း၌ ရေနိမိတ် ပျက်အံ့ ဟူသော သံသယကို ဆည်ဖို့လျှင် ရေစီးရပ်ရာကို ရေနိမိတ် ကြားအောင်၏ ဟူသောသန္နိဋ္ဌာန်ဖြင့် ငြိမ်းစေရာ၏။သံသယမငြိမ်းလျှင် အပ်သောအရာဟူသမျှပင် မပြုကောင်း။ ကလေးကစားသောတွင်း, ဝက်တူးတွင်း တို့၌ သူငယ်တို့, ဝက်တို့ ဖနှောင့်ဖြင့်လှည့်ကာ ဖာထေးရာ၏ဟု သံသယရှိလျှင် အဋ္ဌကထာကို လွန်ရာကျလတ္တံ့ဟု ဘိက္ခုပိဘင်းအရသာ၌ ဆရာတော်ကြီး ဆုံးဖြတ်တော်မူ၏။

**အမှာစကားချပ်။** ။ဆိုလတ္တံ့သော သိမ်ချင်းစပ်ကောင်း, မစပ် ကောင်းကိုဆိုသော မှတ်စုလက်ာတို့၏ အဓိပ္ပါယ်ကိုနားလည်ဘို့ရန် မလွယ်ပါ၊ခက်လည်းခက်,နက်လည်းနက်၏။ ထို့ကြောင့်ဆရာတော် ဘုရားကြီးသည် "ဂမ္ဘီရလေးပါးဖြင့် နက်နဲသောဝိနယ၌ ဘတ်ရုံ

ဖြင့် သိရန်မလွယ်၊ တကယ် အပင်ပန်းခံ၍ အားထုတ်၍ သိလျှင် ဝမ်းမြောက်ဘွယ် ကောင်းလှ၏" ဟု မှာထားတော် မူပေသည်၊ စွမ်းအားရှိသလောက်ဖြေပေအံ့။

**လေ့လာထားရန်အချက်များ။** ။သိမ်သည် ဂါမသိမ်,အရည,နဒီ, သမုဒ္ဒ, ဇာတဿရသိမ် အားဖြင့်မိုရာနိဿယသိမ် ၅-လုံး။ ဗဒ္ဓသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ် အားဖြင့် မှီတတ်သော နိဿိတ သိမ် ၃-လုံး။၎င်းသို့သိမ် ၈-လုံးရှိသည်။ ထိုတွင် နိဿယသိမ် ၅-လုံး ကို နိဿိတသိမ် ၃-လုံးက မှီနေရသည်။ မှီပုံကား-

(၁) ဂါမသိမ်ကို ဗဒ္ဓသိမ်မှီသည်၊အရည၊နဒီ၊သမုဒ္ဒ၊ဇာတဿရ ကို မမှီ။

(၂) အရညသိမ်ကို သတ္တဗ္ဘန္တရသိမ်မှီသည်၊ ဂါမ၊ နဒီ၊ သမုဒ္ဒ၊ ဇာတဿရကို မမှီ။

(၃) နဒီသိမ်<br>(၄) သမုဒ္ဒသိမ်<br>(၅) ဇာတဿရသိမ် } ကို ဥဒကုက္ခေပသိမ် မှီသည်၊ ဂါမ အရညသိမ်ကို မမှီ။

**ဝိမတိ။** ။ယာပနေတာ လောကဝေါဟာရသိဒ္ဓါ ဂါမ အရည နဒီ သမုဒ္ဒ ဇာတဿရသီမာ ပဉ္စ၊ တာ အညမညံ ရုက္ခာဒိ သမ္ဗန္ဓာပိ သမ္ဘေဒဒေါသံ နာပဇ္ဇန္တိ တထာလောက ဝေါဟာရာဘာဝတော။

မြန်မာပြန်-လောကဝေါဟာရဖြင့် ပြီးကုန်သော အကြင် ဂါမ, အရည,နဒီ,သမုဒ္ဒ,ဇာတဿရဟူသော(မှီရာနိဿယ)သိမ်ငါးလုံးတို့ ရှိကုန်၏။ ထိုမှီရာနိဿယ သိမ်ငါးလုံးတို့သည် အချင်းချင်းသစ်ပင် စသည်တို့ဖြင့် စပ်ရှက်ကုန်သော်လည်း သမ္ဘေဒဒေါသသို့(စပ်ရှက် ရောနှောခြင်းကြောင့်ဖြစ်သော အပြစ်သို့)မရောက်ကုန်။ဘာကြောင့် နည်း၊ ထိုသို့သစ်ပင်စသည်တို့ စပ်ရှက်ကာမျှဖြင့် သံဘေ့ဒဟု လောက၌ ခေါ်ဝေါ်ခြင်းမရှိသောကြောင့်တည်း။

**ရှင်းလင်းချက်။** ။၎င်းဋီကာအရ မှီရာနိဿယသိမ် ၅-လုံးအချင်း ချင်း စပ်ကောင်းသည်ဟုသိရ၏။ အကျယ်အားဖြင့် (နိဿယအချင်း

ချင်းစက်လှည့်၍) မိစ္ဆာနိဿယသိမ် ၁၅–လုံးအချင်းချင်းစပ်ကောင်း သည်ဟုသိရ၏။ စက်လှည့်ပုံ ဂါမမှ၌–ဂါမနှင့်ဂါမ၊ ဂါမနှင့်အရည၊ ဂါမနှင့်နဒီ၊ ဂါမနှင့်သမုဒ္ဒ၊ ဂါမနှင့်ဇာတဿရ–၅–လုံးရ၏။အရည မှ၌–အရညနှင့်အရည၊ အရညနှင့်နဒီ၊ အရညနှင့်သမုဒ္ဒ၊ အရညနှင့် ဇာတဿရ– ၄–လုံးရ၏။ နဒီမှ၌–နဒီနှင့်နဒီ၊ နဒီနှင့်သမုဒ္ဒ၊ နဒီနှင့် ဇာတဿရ– ၃–လုံးရ၏။ သမုဒ္ဒမှ၌– သမုဒ္ဒနှင့်သမုဒ္ဒ၊ သမုဒ္ဒနှင့် ဇာတဿရ–၂-လုံးရ၏။ဇာတဿရမှ၌-ဇာတဿရနှင့်ဇာတဿရ- ၁-လုံးရ၏။ ဤသို့ (၅+၄+၃+၂+၁=၁၅) သိမ် ၁၅–လုံးရ၏။ ဤ ၁၅–လုံးသည် "မိစ္ဆာချင်းအား၊ မိစပ်ငြား၊ ဆဲ့ငါးပြစ်မဆို" လင်္ကာ၏အဖြေဖြစ်လတ္တံ့။

**ဝိမတိ။** ။(က) ဘဂဝတာ အနုညာတာ ဗဒ္ဓသိမာ သတ္တဗ္ဘန္တရ ဥဒကုက္ခေပသိမာ အညမညဌ္ဌေဝ၊ (ခ) အတ္တနော နိဿယ ဝိရဟိတာဟိ ဠတရိတရာသံ နိဿယသိမာဟိ စ ရက္ခာဒိ သမ္ဘေ့ သတိ သမ္ဘေ့ဒဒေါသမာပဇ္ဇတိ။ (၁၆၄–ဆဋ္ဌ-ဒု)

မြန်မာပြန် – (က) ဘုရားရှင် ခွင့်ပြုတော်မူသော ဗဒ္ဓသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်ဟူသော နိဿိတသိမ် ၃–လုံးတို့ သည် အချင်းချင်းဖြစ်စေ၊ (ခ) မိမိ၏မှီရာမဟုတ်၊ မိမိမှတပါးသော နိဿိတသိမ်တို့၏ မှီရာနိဿယသိမ်တို့နှင့် ဖြစ်စေ၊ သစ်ပင်စသည် တို့ဖြင့် စပ်ရှက်သော် သမ္ဘေ့ဒဒေါသသို့ရောက်ကုန်၏။

**ရှင်းလင်းချက်။** ။ဤဋီကာ (က) အရ– ဗဒ္ဓ, သတ္တဗ္ဘန္တရ, ဥဒကုက္ခေပ ဤနိဿိတသိမ် ၃–လုံးအချင်းချင်း မစပ်ကောင်းဟု အကျဉ်းအားဖြင့်သိရ၏။ အကျယ်အားဖြင့် နိဿိတသိမ် ၃-လုံးကို စက်လှည့်၍ နိဿိတသိမ် ၆–လုံးအချင်းချင်းမစပ်ကောင်းဟုသိရ၏။ စက်လှည့်ပုံ ဗဒ္ဓမှ၌ – ဗဒ္ဓနှင့်ဗဒ္ဓ၊ ဗဒ္ဓနှင့်သတ္တဗ္ဘန္တရ၊ ဗဒ္ဓနှင့် ဥဒကုက္ခေပ ၃–လုံးရ၏။ သတ္တဗ္ဘန္တရမှ၌ - သတ္တဗ္ဘန္တရနှင့် သတ္တဗ္ဘန္တရ၊ သတ္တဗ္ဘန္တရနှင့်ဥဒကုက္ခေပ ၂–လုံးရ၏။ ဥဒကုက္ခေပ မှ၌– ဥဒကုက္ခေပနှင့်ဥဒကုက္ခေပ ၁–လုံးရ၏။ ဤသို့(၃+၂+၁=၆) အချင်းချင်းမစပ်ကောင်းသော နိဿိတသိမ် ၆–လုံးရ၏။ ဤသိမ်

၆–လုံးသည် "မှိတတ်ချင်းသာ၊ စပ်တုံပါ၊ ခြောက်ဖြာအပြစ်ဆို" လင်္ကာ၏အဖြေဖြစ်လတ္တံ့။

ဤဋီကာ (ခ) အရ– နိယတသိမ် ၃–လုံးဟူသည် မိမိ၏မှီရာ မဟုတ်၊ မိမိမှတပါးသော နိယတသိမ်တို့၏ မှီရာ နိယယသိမ် ၁၀–လုံးတို့နှင့် မစပ်ကောင်းဟုသိရ၏။ ၁၀–လုံးကား ဗဒ္ဓသိမ်က မမှီသော (အရည်၊ နဒီ၊ သမုဒ္ဒ၊ ဇာတဿရ)။ သိမ် ၄–လုံး။ သတ္တဗ္ဘန္တရသိမ်ကမမှီသော (ဂါမ၊ နဒီ သမုဒ္ဒ၊ ဇာတဿရ) သိမ် ၄–လုံး။ ဥပကုစ္ဆေပသိမ်က မမှီသော(ဂါမ၊ အရည်) သိမ် ၂–လုံး။ ဤသို့ (၄+၄+၂=၁၀) မစပ်ကောင်းသောသိမ် ၁၀–လုံးရ၏။ ဤသိမ် ၁၀–လုံးသည် "မှီရာတပါး၊ ကျော်စပ်ငြား၊ ဆယ်ပါးအပြစ်ဆို" လင်္ကာ၏အဖြေဖြစ်လတ္တံ့။ သဘောပါအောင် ကြိစည်စဉ်းစားနိုင်မှ အသိညဏ်ရှင်းမည်။ ။လေ့လာရန်အချက်များပြီး၏။

## ၈–သိမ်ချင်းစပ်ကောင်း ၂–မျိုး၊ မစပ်ကောင်း ၈–မျိုး

**၁၃။ ဂါဂါ, ဂါဗဒ်၊ ဤနှစ်ရပ်၊ စပ်အပ်သိမ်သဘော။**

**၁၄။ မစပ်ကောင်းတွင်၊ ရှစ်ခုဝင်၊ ရှာလျှင်တွေ့စေသော။**

ဤလင်္ကာဖြင့် နိယတသိမ် ၁–လုံး၊ နိယယသိမ် ၅–လုံးအားဖြင့် သိမ် ၈–လုံးတို့တွင် ယခုအခါ ထင်ရှားသော ဂါမ, သတ္တဗ္ဘန္တရ, ဥဒကုက္ခေပ, ဗဒ္ဓဟူသောသိမ် ၄–လုံးတို့ စပ်ကောင်း,မစပ်ကောင်း ကိုပြတော်မူသည်။

**သိမ်ချင်းစပ်ကောင်း ၂–မျိုး။** ။(၁–ဂါဂါ=ဂါမသိမ်နှင့် ဂါမသိမ် တလုံး။ (၂) ဂါဗဒ်=ဂါမသိမ်နှင့် ဗဒ္ဓသိမ်တလုံး၊ ဤသိမ် ၂–လုံး စပ်ကောင်း၏။

**မစပ်ကောင်း ၈–မျိုး။** ။ (၁) ဂါမသိမ်နှင့်သတ္တဗ္ဘန္တရသိမ် တလုံး။ (၂) သတ္တဗ္ဘန္တရသိမ်နှင့် သတ္တဗ္ဘန္တရသိမ်။ (၃) ဥဒကုက္ခေပသိမ်နှင့်ဥဒကုက္ခေပသိမ်။ (၄) ဥဒကုက္ခေပသိမ်နှင့်ဗဒ္ဓသိမ်။ (၅) ဥဒကုက္ခေသိမ် နှင့် ဂါမသိမ်။ (၆) ဥဒကုက္ခေပသိမ်နှင့် သတ္တဗ္ဘန္တရသိမ်။ (၇) ဗဒ္ဓသိမ်နှင့် ဗဒ္ဓသိမ်။ (၈) ဗဒ္ဓသိမ်နှင့် သတ္တဗ္ဘန္တရသိမ်။ ဤသိမ် ၈–လုံးမစပ်ကောင်း။

အဓိပ္ပါယ်။ ။ဂါမ, ဗဒ္ဓ, သတ္တဗ္ဘန္တရ, ဥဒကုက္ခေပ ဤသိမ် ၄-လုံးကို စက်လှည့်လျှင်၊ ဂါမမှု၌ – ဂါမနှင့်ဂါမ၊ ဂါမနှင့်ဗဒ္ဓ၊ ဂါမနှင့် သတ္တဗ္ဘန္တရ၊ ဂါမနှင့် ဥဒကုက္ခေပ။ ဤသို့ ၄-လုံးရ၏။ ဗဒ္ဓမှု၌– ဗဒ္ဓနှင့်ဗဒ္ဓ၊ ဗဒ္ဓနှင့်သတ္တဗ္ဘန္တရ၊ ဗဒ္ဓနှင့်ဥဒကုက္ခေပ။ ဤသို့ ၃ – လုံးရ၏။ သတ္တဗ္ဘန္တရမှု၌ – သတ္တဗ္ဘန္တရနှင့် သတ္တဗ္ဘန္တရ၊ သတ္တဗ္ဘန္တရ နှင့် ဥဒကုက္ခေပ။ ဤသို့ ၂-လုံးရ၏။ ဥဒကုက္ခေပမှု၌– ဥဒကုက္ခေပ နှင့် ဥဒကုက္ခေပ။ ဤသို့ တလုံးရ၏။ ဤသို့ (၄+၃+၂ +၁=၁၀) သိမ် ၁၀-လုံးရ၏။ ထို ၁၀-လုံးတို့တွင် ဂါမ နှင့် ဂါမ စပ်ကောင်း၏။ အဘယ်ကြောင့်နည်း၊ စပ်သော်ဝိပတ္တိသိမ် မဖြစ်သော ကြောင့်တည်း။ ဂါမနှင့်ဗဒ္ဓလည်းစပ်ကောင်း၏။ အဘယ်ကြောင့်နည်း၊ ဂါမကိုဗဒ္ဓမှီသောကြောင့်တည်း။ ကျန်သိမ် ၈-လုံးမစပ်ကောင်း၊ အဘယ်ကြောင့်နည်း၊ နိဿယ, နိဿိတ မဟုတ်သော ကြောင့်ရင်း၊ နိဿိတချင်း မစပ်ကောင်းသောကြောင့်ရင်းတည်း။

## ၉–တနည်းစပ်ကောင်း ၂၀။ မစပ်ကောင်း ၁၆

၁၅။ မှီရာငါးရပ်၊ မှီခိုတတ်၊ ငါးစပ်အပ်သလို[၅]။

၁၆။ မှီရာချင်းအား၊ မှီစပ်ငြား၊ ဆဲ့ငါးပြစ်မဆို[၇]။

၁၇။ မှီတတ်ခြင်းသာ၊ စပ်တုံပါ၊ ခြောက်ဖြာအပြစ်ဆို[၉]။

၁၈။ မှီရာတပါး၊ ကျော်စပ်ငြား၊ ဆယ်ပါးအပြစ်ဆို[၁၀]။

ဤလင်္ကာ ၁၄–ပုဒ်တို့တွင် ပဌမလင်္ကာဖြင့်မှီရာနိဿယသိမ် ၅-လုံးကို မှီတတ်နိဿိတသိမ် ၃–လုံးနှင့် (နိဿယ, နိဿိတမှန်အောင်) စပ်လျှင် ဂါမနှင့်ဗဒ္ဓတလုံး၊အရညနှင့်သတ္တဗ္ဘန္တရ၊နဒီနှင့်ဥဒကုက္ခေပ၊ သမုဒ္ဒနှင့် ဥဒကုက္ခေပ၊ ဇာတဿရနှင့် ဥဒကုက္ခေပ အားဖြင့်သိမ် ၅-လုံးရ၏။ ဤသိမ် ၅-လုံးစပ်ကောင်းသည်ဟုပြသည်။

ဒုတိယ, တတိယ, စတုတ္ထလင်္ကာတို့၏ အဖြေကို "လေ့လာရန် အချက်များ" ၌ရှုပါ၊ကျယ်မည့်ဘေးကြောင့် မရေးတော့ပြီ။

## ၁၀–သိက္ခာပုဒ် ပညပ်ကျိုး ၁၀-ပါး

၁၉။ သုဋ္ဌုဘန္တေ၊ ဝန်ခံစေငှါ[၁]၊ ချမ်းသာမြဲခိုင်[၁]၊ နှိမ်နိုင်အလဇ္ဇီ[၁]၊ လဇ္ဇီကျင့်လွယ်[၁]၊ ဘေးနှစ်သွယ်လွင့်[၂]၊ ကြည်ညိုဆင့်ပွါး[၂]၊ သုံးပါးသဒ္ဓမ္မ၊ တည်ရအပြီး[၁]၊ လေးဝိနည်းဖြိုး[၁]၊ ကျိုးဆယ်မျိုး၊ ရှုယ်ကိုးပညပ်တော်မူသတည်း။

၂၀။ စိတ်ပန်းဒဏ်ဆွယ်[၁]၊ လာ:အပါယ်[၁]၊နှစ်သွယ်ဘေးအာသဝ။

၂၁။ ယတ်, ပတ်, အဓိ[၃]၊ တိသာသနာ၊ တည်ထိုက်စွာ၊ သုံးဖြာ သဒ္ဓမ္မ။

၂၂။ သံဝရ,ပဟာန်[၂]၊ သမထံ, ပညပ်[၂]၊ ချီးမြှောက်အပ်၊ လေးရပ် ဝိနည်းတည်း။

၂၃။ သီလ, သတိ[၂]၊ ခန္တိ, ဉာဏ[၂]၊ ဝီရိယသည်း[၁]၊ ငါးစောင့်စည်း၊ ဝိနည်းသံဝရ။

၂၄။ တဒင်, ဝိက္ခမ်[၂]၊ မုစ္ဆေဒံ, ပဋိ[၂]၊ နိဿရဏ[၁]၊ ပါပပယ်နည်း၊ ငါးပါးလည်း၊ ဝိနည်း ပဟာန။

၂၅။ ဓိကရုဏ်း ငြိမ်းနည်း၊ ခုနစ်နည်း[၇]၊ ဝိနည်းသမထ။

၂၆။ သိက္ခာပုဒ်သီး၊ ပညပ်ပြီး၊ ဝိနည်းပညတ္တိ။ (ကုဋ္ဌေကိုးထောင် တရာရှစ်ဆယ့်ငါးသန်း,သုံးသောင်းခြောက်ထောင်)။

ဤလင်္ကာ ၈-ပုဒ်တို့တွင် ပဌမလင်္ကာဖြင့် သိက္ခာပုဒ် ပညပ်တော်မူခြင်းကြောင့် ရအပ်သော အကျိုး ၁၀-ပါးကိုပြတော်မူ၏။

သိက္ခာပုဒ် ပညပ်ကျိုး ၁၀-ပါး

(၁) သုဋ္ဌုဘန္တေ၊ ဝန်ခံစေငှါ = ကောင်းပါပြီဘုရားဟု စကားတော်ကို လက်ခံနိုင်ခြင်းအကျိုး။

(၂) ချမ်းသာမြဲခိုင် = သံဃာတော်များ ချမ်းသာစွာ နေနိုင်ခြင်း အကျိုး။

(၃) နှိမ်နိုင်အလဇ္ဇီ=အလဇ္ဇီ,ဒုဿီလ(ရဟန်းယုတ်)များကိုနှိမ်နိုင် ခြင်းအကျိုး။

(၄) လဇ္ဇီကျင့်လွယ်=လဇ္ဇီအဖွဲ့ဝင်, သူတော်စင်ရဟန်းတို့ချမ်းသာစွာ နေနိုင်ခြင်းအကျိုး။
(၅) ဘေးနှစ်သွယ်လွှင့်=ယခုဘဝ၌ ဘေးရန်အန္တရာယ်ကို စောင့်ရှောက်ပြီးဖြစ်ခြင်းအကျိုး။
(၆) နောင်တမလွန်ဘဝ၌ ဘေးအန္တရာယ်တို့ကိုပယ်နိုင်ခြင်းအကျိုး။
(၇) ကြည်ညိုဆင့်ပွါး=မကြည်ညိုသေးသူ များကို ကြည်ညိုလာစေခြင်းအကျိုး။
(၈) ကြည်ညို ပြီး သူ များ အား သဒ္ဓါတရားတိုးပွားစေခြင်းအကျိုး။
(၉) သုံးပါးသဒ္ဓမ္မ၊ တည်ရအပြီး=သဒ္ဓမ္မသုံးပါး တည်မြဲစေခြင်းအကျိုး။
(၁၀) လေးဝိနည်းဖြိုး= ဝိနည်းလေးပါး ကိုယ်ကျင့်တရားများကို ချီးမြှောက်ခြင်းအကျိုး။

ဤအကျိုး ၁၀-မျိုးကိုသံဃာတော်များ ခံစားနိုင်ရန်ရည်ရွယ်၍- သိက္ခာပုဒ်တော်တို့ကို ဘုရားရှင် ပညတ်တော်မူသည်၊ နှိပ်စက်လို၍ မဟုတ်။

**ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ။** ။လောကဝဇ္ဇသိက္ခာပုဒ်ကို သံဃာသုဋ္ဌု၊ ဒုမ္မင်္ကုနံနိဂ္ဂဟာ၊ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာ၊ အပသန္နာနံ ပသာဒ၊ သဒ္ဓမ္မဋ္ဌိတိ၊ အကျိုး၄ပါ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်ကို သံဃဖာသုး ပေသလာနံ ဖာသုဝိဟာရ၊ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ ပဋိဃာတ၊ ပသန္နာနံ ဘိယျောဘာဝ၊ ဝိနယာနုဂ္ဂဟာ အကျိုး၄ပါ ပညတ်တော်မူသည်ဟု ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌ဆို၏။

ဒုတိယလက်ာဖြင့် ဘေးနှစ်သွယ် အရ ဒိဋ္ဌဓမ္မိက အာသဝဘေး၊ သမ္ပရာယိကအာသဝ ဘေးနှစ်မျိုးကို ပြတော်မူသည်။ ပစ္စုပ္ပန်ဘဝ၌ စိတ် ပင်ပန်းဆင်းရဲခြင်း, ပုတ်ခတ်ခြင်းဒဏ်သည် ဒိဋ္ဌဓမ္မိကဘေးမည်၏။ တမလွန်ဘဝ၌ အပါယ်လေးပါး၌ဖြစ်ရခြင်းသည် သမ္ပရာယိက ဘေးမည်၏။

တတိယ လင်္ကာဖြင့် သုံးပါးသဒ္ဓမ္မ အရ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ အဓိဂမသဒ္ဓမ္မဟူသော သဒ္ဓမ္မသုံးပါးကို ပြတော်မူ၏။ ပိဋကတ်သုံးပုံဖြင့် သိမ်းယူအပ်သော အားလုံးသော ဘုရားစကားတော်သည် ပရိယတ္တိသဒ္ဓမ္မမည်၏။ ဓုတင် ၁၃-ပါး၊ ခန္ဓဝတ် ၁၄-ပါး မဟာဝတ် ၈၂-ပါး၊ (မဟာဝတ်ကား တဇ္ဇနီယကံစသည် အပြုခံရ ခိုက်ကျင့်ရသောဝတ်တည်း) သီလ,သမာဓိ, ဝိပဿနာ ဤအလုံးစုံ သည် အဓိဂမသဒ္ဓမ္မမည်၏။

စတုတ္ထလင်္ကာဖြင့် လေးဝိနည်းဖို့ အရ သံဝရဝိနည်း၊ ပဟာန ဝိနည်း၊ သမထဝိနည်း၊ ပညပ်ဝိနည်း ဟူသော ဝိနည်းလေးပါးကို ပြတော်မူသည်။

ပဉ္စမလင်္ကာဖြင့် သံဝရ အရ သီလသံဝရ၊ သတိသံဝရ၊ ခန္တီ သံဝရ၊ ဉာဏသံဝရ၊ ဝီရိယသံဝရ ဟူသော သံဝရဝိနည်းငါးပါးကို ပြတော်မူ၏။

ဆဋ္ဌလင်္ကာဖြင့် ပဟာန အရ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပဿဒ္ဓိပဟာန်၊ နိဿရဏပဟာန် ဟူသော ပဟာန် ငါးပါးကိုပြတော်မူ၏။

သတ္တမလင်္ကာဖြင့် သမထံ အရ သမ္မုခါ၊ သတိ၊ အမုဠှ၊ ပဋိညာယ ကာရေတဗ္ဗ၊ ယေဘုယျသိကာ၊ တဿပါပိယသိကာ၊ တိဏဝတ္ထာ ရက ဟူသော သမထ (အဓိကရုဏ်းငြိမ်းနည်း) ခုနစ်ပါးကိုပြတော် မူ၏။

အဋ္ဌမလင်္ကာဖြင့် ပညပ် အရ ပညပ်တော်မူအပ်ပြီးသော သိက္ခာ ပုဒ်ပေါင်း (၉၁၈၀၅၀၃၆၀၀၀) ကုဋေကိုးထောင်တရာရှစ်ဆယ် ငါးသိန်း သုံးသောင်း ခြောက်ထောင် သည့်, ပညပ်ဝိနည်း မည်၏ဟု ပြတော်မူ၏။

---

## ပါရာဇိကာမှတ်စု

### ၁၁-ဘိက္ခု ၈-မျိုး

၁၁။ ဟေို,သရဏ^၂၊ ဩဝါဒနှင့်^၃၊ ပဥ္စ,ဂရုမေ^၁၊ ဒူတံတဖြာ^၁၊
ဋ္ဌဝါစိက၊စတုတ္ထ^၁၊အဋ္ဌဘိက္ခုတည်း။

ဤလင်္ကာဖြင့် ဘိက္ခု ၈-မျိုး သရုပ်ကို ပြတော်မူ၏။

ဘိက္ခု ၈-မျိုး

(၁) ဧဟိ-ဧဟိဘိက္ခုရဟန်း။
(၂) သရဏ-သရဏဂုံရဟန်း။
(၃) ဩဝါဒ-ဩဝါဒပဋိဂ္ဂဟဏရဟန်း။
(၄) ပဥှ-ပဥှာဗျာကရဏရဟန်း။
(၅) ဂရုဓမ်-ဂရုဓမ္မပဋိဂ္ဂဟဏရဟန်း။
(၆) ဒူတံတဖြာ-ဒူတေနုပသမ္ပဒရဟန်း။
(၇) ဋ္ဌဝါစိက-အဋ္ဌဝါစိကရဟန်း။
(၈) စတုတ္ထ-ဥတ္တိစတုတ္ထရဟန်း။

**ဧဟိဘိက္ခုအဓိပ္ပါယ်။** ။ဧဟိဘိက္ခု, သွာက္ခာတောဓမ္မော, စရ ဗြဟ္မစရိယံ, သမ္မာဒုက္ခဿ အန္တကိရိယာယ, လေးပုဒ်တို့တွင် ဧဟိ ဘိက္ခုတပုဒ်တည်းဖြင့်ပင် ရဟန်းဖြစ်ပါ၏၊ ကျန်သုံးပုဒ်သည် ဧဟိ ဘိက္ခု ခေါ်တော်မူခြင်း၏ အကျိုးကို ပြသော ပုဒ်များ ဖြစ်သည်၊ ကေစိဆရာတို့အလို နောက်ဆုံးပုဒ်ရောက်မှ ရဟန်း ဖြစ်သည်။ ဝဇိရဗုဒ္ဓိ။

**သေက္ခ,အသေက္ခ ဧဟိဘိက္ခုခေါ်ပုံအထူး။** ။ပုထုဇန်သေက္ခတို့အား လေးပုဒ်လုံးရွတ်၍ ခေါ်သည်၊ ရဟန္တာ အသေက္ခတို့အား သိက္ခာ သုံးပါး ပြည့်စုံပြီးဖြစ်သောကြောင့်ရှေ့သုံးပုဒ်သာ ရွတ်၍ခေါ်သည်၊ ဝိမတိ။

**ဧဟိဘိက္ခုရဟန်းအပေါင်း။** ။ဝိနည်းပိဋကတ်၌ တိုက်ရိုက်လာ သော ပဥ္စဝဂ္ဂီ ၅-ယောက်၊ ယသသူဌေးသားတယောက်၊ ယသ သူဌေး၏အပေါင်း ၅၄-ယောက်၊ ဘဒ္ဒဝဂ္ဂီညီနောင် ၃၀၊ ရသေ့



၉၇၇၀

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

ဟောင်း ၁၀၀၀၊ အဂ္ဂသာဝက နှစ်ပါးနှင့်တကွ ပရမိုဇ် ၂၅၀။ အင်္ဂလိမာလ ၁-အားဖြင့် ၁၃၄၁-ယောက်။ထို့ပြင်လည်း အခြံအရံ ၃၀၀-ရှိသော သေလပုဏ္ဏား၊ အခြံအရံ ၁၀၀၀-ရှိသော မဟာ ကပ္ပိနမင်း၊ ကပိလဝတ်ပြည်ဘွား, အမျိုးသား ၁၀၀၀၊ အခြံအရံ ၁၆၀၀-ရှိသော ပါရာယနီယပုဏ္ဏား စသောအားဖြင့် ၂၇၃၀၀။ နှစ်ရပ်ပေါင်း၍ ဧဟိဘိက္ခုရဟန်းပေါင်း ၂၈၆၄၁-ပါး ရှိ၏။ ပါရာဇိကဏ်အဋ္ဌကထာ။

**ဧဟိဘိက္ခုရဟန်းဖြစ်ရကျိုး။** ။ဧဟိဘိက္ခု ခေါ်ခြင်း၏ အဆုံး၌ ဆံပင်ရိတ်ပြီး သင်္ကန်းဝတ်ပြီး၊ ပရိက္ခရာကိုယ်မှာစွပ်ပြီးဖြစ်၍ ဝါတရာ ရသော မထေရ်ကြီးကဲ့သို့ မြတ်စွာဘုရားကိုရှိခိုးလျက်နေရ၏။ သူလို ငါလို သာမညပုဂ္ဂိုလ်ကဲ့သို့ ဆံပင်ရိတ်ရခြင်း၊ သင်္ကန်းရှာရခြင်း၊ သပိတ်ရှာရခြင်း၊ အခြားပရိက္ခရာရှာရခြင်း၊သိမ်ရှာရခြင်း၊ ကမ္မဝါ ဆရာ ဥပဇ္ဈာယ်ဆရာရှာရခြင်းဆင်းရဲတို့နှင့် မတွေ့ကြုံရခြင်း အကျိုး ရှိ၏။

**ဧဟိဘိက္ခုရဟန်းအဖြစ်ရအောင် လှူနည်းဆုတောင်းနည်း။** ။ပရိက္ခရာ ရှစ်ပါးကို လှူပြီးလျှင်-

> ပုညသိမဿ တေဇေန၊ မယှံ ဟောတု အနာဂတေ။
> သံမုခေ လောကနာထဿ၊ ဧဟိ ဘိက္ခု ဘဝါ ဝဟံ။

ဣမဿပုညဿ၊ဤပရိက္ခရာရှစ်ပါးလှူဒါန်းရသောကောင်းမှု၏။ တေဇေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ မယှံ၊ အကျွန်ုပ်၏။ အနာဂတေ၊ ဖြစ်ပွင့်ကြိမ်လာ နောင်အနာဂတ်အခါ၌။ လောက နာထဿ၊ သတ္တဝါစုံ ဟိန္ဒဂုံတို့ ခိုလှုံရာစစ် ဓမ္မရာဇ်ခေါင်ဖျား ကိုယ်တော်မြတ်ဘုရား၏။ သံမုခေ၊ ကောင်းစွာမြင်လောက် မျက်နှာ အောက်၌။ဧဟိဘိက္ခုဘဝါဝဟံ၊ ရှင်တော်ငြိမ့်လေး အမိန့်ပေးသည့် ဧဟိဘိက္ခု ရဟန်းဆုကို တခုမကျန် ကေန်သောင်ရွက်နိုင်သည်။ ဟောတု၊ မုချစင်စစ် ဖြစ်ရပါစေသတည်း။ ဤသို့ဆုတောင်းရသည်။

(၂) သရဏဂုံရဟန်းကား သရဏဂုံသုံးကြိမ်နှုတ်မြွက်၍ဖြစ်သော သူတည်း။ (၃) ဩဝါဒပဋိဂ္ဂဟဏရဟန်းကား ဩဝါဒကိုခံသဖြင့်

အရှင်မဟာကဿပအား ခွင့်ပြုသော ပဋ္ဌင်းတည်း။ (၄) ပဉ္စာ ဗျာကရဏရဟန်းကား ပြဿနာ ဖြေဆိုနိုင်သဖြင့် သောပါက သာမဏေအား ခွင့်ပြုသောပဋ္ဌင်းတည်း။ (၅) ဂရုဓမ္မပဋိဂ္ဂဟဏ ရဟန်းကား ရှစ်ပါးသော ဂရုဓမ္မကို ဝန်ခံသဖြင့် ခွင့်ပြုသော ပဋ္ဌင်း တည်း။ (၆) ဒူတေနုပသမ္ပဒရဟန်းကား အစုကာသိ ပြည့်တန်ဆာမ အား တမန်စေသဖြင့် ခွင့်ပြုသောပဋ္ဌင်းတည်း။ (၇) အဋ္ဌဝါစိက ရဟန်းကား ကမ္မဝါစာရှစ်ကြိမ်ဘတ်သဖြင့် ဖြစ်သောပဋ္ဌင်းတည်း။ (၈) ဉတ္တိစတုတ္ထရဟန်းကား ကမ္မဝါစာ လေးကြိမ်ဘတ်သဖြင့် ဖြစ်သောပဋ္ဌင်းတည်း။ ဤရှစ်မျိုးတို့တွင် ဉတ္တိစတုတ္ထရဟန်းကိုသာ လောကဝဇ္ဇဖြစ်သော ပဌမပါရာဇိကအရာ၌ အလိုရှိအပ်၏။ ဝါ၊ ပါရာဇိကအာပတ်သင့်နိုင်၏။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ကား ကြွင်း သော ရဟန်းများလည်း အာပတ်သင့်နိုင်၏။

ရဟန်းရှစ်မျိုးတို့တွင် ဧဟိဘိက္ခုရဟန်း၊ သရဏဂုံရဟန်း၊ဩဝါဒ ပဋိဂ္ဂဟဏရဟန်း၊ ပဉ္စာဗျာကရဏ ရဟန်း, ဤရဟန်း လေးမျိုးသည် ဘုရားရှင်၏အမိန့်ထူးဖြင့် ရဟန်းဖြစ်ကြ၏၊ ဤဘဝ၌ပင် မဂ်ဖိုလ်ရ၏။ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏရဟန်း ဒူတေနုပသမ္ပဒရဟန်း အဋ္ဌဝါစိက ရဟန်း, ဤသုံးမျိုးသည် ဘိက္ခုနီမများ ဖြစ်၏။ ဉတ္တိစတုတ္ထရဟန်း, ဤတမျိုးသည် သာသနာနှစ်ငါးထောင်ပတ်လုံးတည်၏။

**၁၂-မဂ် ၃၀။ ပုဂ္ဂိုလ် ၄-မျိုး။ ၁၂-ယောက်ဝေဘန်**

**၂၈။ မ,ဗျည်း, ထိ, ပဏ်[၄]၊ × လူ,နတ်,ဆ္ဆာန်[၃]၊ မြောက်ရန်သုံး× လေးလီ။**

**၂၉။ မ,ဗျည်း,သုံးမဂ်[၁၈]၊ ကြွင်းနှစ်မဂ်[၁၂]၊ ပေါင်း မဂ်သုံးဆယ်မည်။**

ဤလင်္ကာ ၂-ပုဒ်ဖြင့် မဂ် ၃၀ သရုပ်ကို တွက်ပုံနှင့်ပြတော်မူသည်။

**တွက်ပုံ။** ။မ,ဗျည်း,ထိပဏ်ကို လူနတ်ဆ္ဆာန်နှင့် မြောက်လျှင်-

| | | |
|---|---|---|
| လူမိန်းမ | ၁ | မိန်းမ ၃ ယောက် |
| နတ်မိန်းမ | ၁ | |
| တိရစ္ဆာန်မိန်းမ | ၁ | |

| | | |
|---|---|---|
| လူဥဘတောဗျည်း<br>နတ်ဥဘတောဗျည်း<br>တိရစ္ဆာန်ဥဘတောဗျည်း | } | ဥဘတောဗျည်း ၃-ယောက် |
| လူယောက်ျား<br>နတ်ယောက်ျား<br>တိရစ္ဆာန် ယောက်ျား | } | ယောက်ျား ၃-ယောက် |
| လူပဏ္ဍုက်<br>နတ်ပဏ္ဍုက်<br>တိရစ္ဆာန်ပဏ္ဍုက် | } | ပဏ္ဍုက် ၃-ယောက်။<br>ပေါင်း (၃×၄=၁၂) ၁၂-ယောက်။ |

မိန်းမ ၃၊ ဥဘတောဗျည်း ၃၊ ဤ ၆-ယောက်၌ ဝစ္စမဂ်, ပဿာဝမဂ်,မုခမဂ်အားဖြင့် ၃-မဂ်စီ ရသောကြောင့် (၆×၃=၁၈) ၁၈-မဂ်ရသည်။ ယောက်ျား ၃၊ ပဏ္ဍုက် ၃၊ ဤ ၆-ယောက်၌ ဝစ္စမဂ်, မုခမဂ်အားဖြင့် ၂-မဂ်စီ ရသောကြောင့် (၆×၂=၁၂) ၁၂-မဂ်ရသည်။ ပေါင်း (၁၈+၁၂)မဂ် ၃၀-ရသည်။

## ၁၃-သမုဋ္ဌာန် ၁၃-ပါး

**၃၀။ စ-မေထုနာ[၃၆]၊ သစိတ္တာသုံး၊ စုရိုး-ဒိန္နာ[၃၁]၊ သဉ္စာ-သဗ္ဗ[၅၀]၊ သမနု ဆာ[၃၇]၊ ထိနာ တ-ဆ[၂၉]၊ ပ-စ ဋ္ဌေ[၄၄]၊ ဒု မံ-ပဒ[၃]၊ ပ,တ,စ,ဆာ၊ယူပါအဒ္ဓ[၁၅]၊စ-ဆ-ထေယျာ[၃]၊ဓမ္မာ-ပဉ္စမ[၁၁]၊ ရှေက တယော၊ဘူတာရောမှိ[၁]၊စောရိ-မ ဆာ[၁]၊နာနုညာတ၊ ဒု-တ-မ-ဆံ[၁]၊ သွင်းထည့်ပြန်၊ မှတ်ရန် သမုဋ္ဌာန် အကျဉ်းတည်း[၃၅၀]။**

ဤလင်္ကာဖြင့်ပဌမသမုဋ္ဌာန်ရှိသောအာပတ်၊အဒိန္နာဒါန်သမုဋ္ဌာန်ရှိသောအာပတ်၊ သဉ္စရိတ္တ-၊ သမနုဘာသနာ-၊ ကထိန-၊ ဧဠက လောမ-၊ ပဒသောဓမ္မ-၊ အဒ္ဓါန-၊ ထေယျသတ္တ-၊ ဓမ္မဒေသနာ-၊ ဘူတာရောစန-၊ စောရိဝုဋ္ဌာပန-၊ အနနုညာတသမုဋ္ဌာန် ရှိသော အာပတ် ဟူသောသမုဋ္ဌာန် ၁၃-ပါးကို ပြတော်မူ၏။

**သမုဋ္ဌာန် ၁၃-ပါး။** **။ဝ-မေထုနာ**(၇၆) ဟူသည် စတုတ္ထ(ကာယ စိတ္တ) ကြောင့် သင့်သောအာပတ်သည် ပဌမပါရာဇိကသမုဋ္ဌာန် ရှိသော အာပတ်မည်၏။ ဤအာပတ်မျိုး ပါတိမောက်နှစ်စောင်၌ ၇၆-ခုရှိ၏ဟု ဆိုလိုသည်။ ၇၆-ခုသရုပ်ကို ပရိဝါပါဠိဖြင့် သိအပ်၏။

မေထုနံ[၁] သုက္က-သံသဂ္ဂေါ[၂]၊ အနိယတာ ပဌမိကာ[၁]။
ပုဗ္ဗုပပရိပါစိတာ[၁]၊ ရဟော ဘိက္ခုနိယာ သဟ[၁]။
သဘောဇနေ ရဟောဒွေစ[၂]၊ အင်္ဂုလိဥဒကေ ဟာသံ[၂]။
ပဟာရေ ဥဂ္ဂိရေစေဝ[၂]၊ တေပညာသာ စ သေခိယာ[၅၃]။
(ဤကား ဘိက္ခု၌-၆၇)

အဓက္ခ ဂါမာဝသုတာ[၂]၊ တလမဋ္ဌ သုဒ္ဓိကာ[၂]။
ဝဿံဝုဋ္ဌာစ သြဝါဒံ[၂]၊ နာနုဗန္ဓေပဝတ္တိနီ[၁]။
(ဤကား ဘိက္ခုနီ၌-၉)

ဆသတ္တတိ ဣမေသိက္ခာ၊ ကာယမာနသိကာ ကတာ။
သဗ္ဗေကသမုဋ္ဌာနာ၊ ပဌမံ ပါရာဇိကံ ယထာ။

**သစိတ္တာသုံး၊ စုရုံးဒိန္နာ**(၇၁) ဟူသည် သစိတ္တက သုံးပါးကြောင့် သင့်လျှင် အဒိန္နာဒါနသမုဋ္ဌာန်မည်၏၊ ၇၁-ခုရှိ၏။ **သဉ္စာသဗ္ဗ** (၅၀) ဟူသည် ခြောက်ပါးလုံးကြောင့်သင့်လျှင် သဉ္စရိတ္တသမုဋ္ဌာန်မည်၏။ ၅၀-ရှိ၏။ **သမနုဆာ**(၃၇)ဟူသည် ဆဋ္ဌကြောင့်သင့်လျှင် သမနု ဘာသနသမုဋ္ဌာန်မည်၏။ ၃၇-ခုရှိ၏။ (ဓုရနိက္ခေပသမုဋ္ဌာန်လည်း မည်၏)။ **ထိနာ တ-ဆ** (၂၉) ဟူသည် တတိယ ဆဋ္ဌကြောင့်သင့် လျှင် ကထိနသမုဋ္ဌာန်မည်၏။ ၂၉-ခုရှိ၏။ **ပစ-ဧဠ** (၄၄) ဟူသည် ပဌမစတုတ္ထကြောင့်သင့်လျှင် ဧဠကလောမ သမုဋ္ဌာန်မည်၏၊ ၄၄-ခု ရှိ၏။ **ဒုမံ-ပဒ** (၇) ဟူသည် ဒုတိယ ပဉ္စမကြောင့် အာပတ်သင့် လျှင် ပဒသော ဓမ္မသမုဋ္ဌာန်မည်၏၊ ၇-ခုရှိ၏။ **ပ-တ-စ-ဆာ၊ ယူပါအဒ္ဓ** (၁၅) ဟူသည် ပဌမ တတိယ စတုတ္ထ ဆဋ္ဌကြောင့်သင့် လျှင် အဒ္ဓါနသမုဋ္ဌာန်မည်၏၊ ၁၅-ခုရှိ၏။ **စ-ဆ-ထေယျာ** (၇) ဟူသည် စတုတ္ထဆဋ္ဌကြောင့်သင့်လျှင် ထေယျသတ္ထသမုဋ္ဌာန်မည်၏။ ၇-ခုရှိ၏။ **ဓမ္မာပဉ္စမ** (၁၁) ဟူသည် ပဉ္စမကြောင့်သင့်လျှင် ဓမ္မ

ဒေသနာ သမုဋ္ဌာန်မည်၏။ ၁၁-ခုရှိ၏။ **ဈေက,တယော၊ ဘူတာ** **ရောမှိ (၁)** ဟူသည် အဇ်ဝိတ္တကသုံးပါးကြောင့် သင့်လျှင် ဘူတာ ရောစနသမုဋ္ဌာန်မည်၏၊ ၁-ခုသာရှိ၏။ **စောရီ-မဆာ(၁)**ဟူသည် ပဥ္စမဆဋ္ဌကြောင့်သင့်လျှင် စောရိဝုဋ္ဌာပန သမုဋ္ဌာန်မည်၏၊ ၁-ခု **သာ** ရှိ၏။ နာနုညာတ၊ ဒုတ-မဆံ(၁) ဟူသည် ဒုတိယ တတိယ ပဥ္စ ဆဋ္ဌကြောင့်သင့်သော အာပတ်သည် အနနုညာတ သမုဋ္ဌာန် ရှိသော အာပတ်မည်၏၊ ဤအာပတ်မျိုးတခုသာရှိ၏ဟု ဆိုလိုသည်။

## ၁၄-အနုပညတ် ၃-မျိုး

**၃၁။ ထပ်သင့် မသင့်၊ ထောက်ပံ့နှင့်[၃]၊ သုံးဆင့်နုပညတ်။**

ဤလင်္ကာဖြင့် အာပတ်ထပ်သင့်ခြင်းကို ပြုတတ်သော အာပတ္တိကရ အနုပညတ်၊ အာပတ်မသင့်ခြင်းကိုပြုတတ်သော အနာပတ္တိကရ အနုပညတ်၊ မူလကို ခိုင်မြဲအောင် ထောက်ပံ့တတ်သော အာပတ္တိ ဥပထမ္ဘကရအနုပညတ် ၃-မျိုးကို ပြတော်မူ၏။

ထို ၃-ပါးတို့တွင် အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယံ၌ ပါသော ဝိဟေသကေ ဟူသော အနုပညတ်သည် အာပတ်ထပ်သင့် ခြင်းကို ပြုတတ်၏။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၌ အညတြ သုပိနန္တာ ဟူသောအနုပညတ်သည် အာပတ်မသင့်ခြင်းကိုပြုတတ်၏။ ဒုတိယ ပါရာဇိကသိက္ခာပုဒ်၌ ဂါမာဝါ အရညာဝါ ဟူသော အနုပညတ် သည် မူလပညတ်ကို ခိုင်မြဲအောင် ပြုတတ်၏။

## ၁၅-အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်

**၃၂။ ပဏ်-ထေ-ပက်-စွာန်[၄]၊ ပဥ္စာနန်[၅]၊ ဒူသံဥဘောပါ[၂]၊**

**၃၃။ ရှင်မပြုရ၊ ဆဲ့တစ်မျှ၊ မှတ်ကြ အဘဗ္ဗာ။**

ဤလင်္ကာဖြင့် သာသနာနှင့် မထိုက်တန်သော အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက် သရုပ်ကို ပြတော်မူ၏။

**အဘဗ္ဗ ၁၁-ယောက်**

(၁) ပဏ္ဍုက် (၂) ထေယျသံဝါသက၊ (၃) တိတ္ထိယ ပက္ကန္တက၊ (၄) တိရစ္ဆာန်၊ (၅) အမိသတ်သူ၊ (၆) အဘသတ်သူ၊

(၇) ရဟန္တာသတ်သူ၊ (၈) ဘုရားသွေးစိမ်းတည်အောင်ပြုသူ၊ (၉) သံဃာ သင်းခွဲသူ၊ (၁၀) ဘိက္ခုနီဒူသက၊ (၁၁) ဥဘတော ဗျည်း၊ ဤတကျိပ်တယောက် ရှင်မပြု,ရဟန်းမပြုကောင်း၊ ပါရာဇိက ကျသူ,အသက်မပြည့်သူထည့်၍ ရဟန်းမပြုကောင်းသူ ၁၃-ယောက် ဖြစ်၏။

## ၁၆-ပဏ္ဍုက် ၅-မျိုး

**၃၄။ အာ-ဥသ် ဩ-ပက်[၁]၊ နပုံးစွက်၊ ငါးချက်ပဏ္ဍုက်လာ။**
**၃၅။ ပဏ္ဍုက်ပက္ခ၊ ဩနှင့် န[၂]၊ မှတ်ကြ အဘဗ္ဗာ။**
**၃၆။ လဆန်းပက္ခ၊ ဥသ်-သိတ္တာ[၃]၊ ထိုက်လှုသာသနာ။**

ဤလင်္ကာ ၃-ပုဒ်တို့တွင် ပဌမလင်္ကာဖြင့် သူတပါးအင်္ဂါဇာတ်ကို စုပ်၍ ပါးစပ်၌ သွင်းလောင်းရမှ ကိလေသာ အပူငြိမ်းသော အာသိတ္တပဏ္ဍုက်၊ သူတပါးတို့မေထုနသံဝါသ ပြုနေသည်ကို ငြုစုရမှ (ချောင်းမြောင်းကြည့်ရှုရမှ) ကိလေသာအပူငြိမ်းသော ဥသူယပဏ္ဍုက်၊ လုံ့လဖြင့် ဇေ့စေ့ထုတ်ပယ်ခြင်းခံရသော ဩပက္ကမိက ပဏ္ဍုက်၊ လဆန်းပက္ခ၌ ဖြစ်စေ, လဆုတ်ပက္ခ၌ဖြစ်စေ ပက္ခတခုခု၌ ကာမစိတ်အထူးထကြွသဖြင့် သံဝါသပြုရမှ ကိလေသာ အပူငြိမ်းသော ပက္ခပဏ္ဍုက်၊ မိန်းမအင်္ဂါဇာတ်, ယောကျ်ားအင်္ဂါဇာတ် နှစ်ပါးလုံး အထင်အရှားမရှိသော နပုံပဏ္ဍုက် ဤပဏ္ဍုက် ၅-မျိုးကို ပြသည်။

ဒုတိယလင်္ကာဖြင့် ပက္ခပဏ္ဍုက်၊ ဩပက္ကမိက ပဏ္ဍုက်၊ နပုံပဏ္ဍုက် ဤသုံးယောက်သည်။ ဝါ၊ နှစ်ယောက်ခွဲသည် ရှင်အဖြစ်, ရဟန်းအဖြစ် မထိုက်၊ အဘဗ္ဗမည်၏ဟု ပြတော်မူ၏။ (ထိုသုံးယောက်တို့တွင် ပက္ခပဏ္ဍုက်အား ပဏ္ဍုက်ဖြစ်သောပက္ခ၌သာ တားသည်ဟု ကုရုန္ဒီ၌ ဆိုသည်။ရှင်အဖြစ် တားသည်ကိုရည်၍ ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင် ဖျက်ဆီးအပ်၏ဟု ဟောသည်)။

တတိယလင်္ကာဖြင့် လဆန်းပက္ခ၌ ပူပန်ခြင်းငြိမ်းသော လဆန်းပက္ခပဏ္ဍုက်၊ ဥသူယပဏ္ဍုက်၊ အာသိတ္တပဏ္ဍုက် ဤ ၃-ယောက်

သည်၊ ဝါ၊ နှစ်ယောက်ခွဲသည် သာသနာနှင့်ထိုက်တန်၏ဟု ပြတော်မူ၏။ (ဤ ၃–ယောက်တို့တွင် ဥဿုယ၊ အာသိတ္တ နှစ်ယောက်သည် ကိလေသာ ထကြွသောအခါ ယောနိသောမနသိကာရ စသည်ဖြင့် မလွန်ကျူးမိအောင် တားမြစ်ခြင်းငှာ တတ်ကောင်း၏၊ ထို့ကြောင့် ရှင်ပြုပေးအပ်၏ဟု ဝိမတိ၌ဆိုသည်)။

## ၁၇-ထေယျသံဝါသ ၃–မျိုး

### ၃၇။ လိင်-သံဝါသ၊ဥဘယ၊ သုံးဝထေနကာ။

ဤလင်္ကာဖြင့် လိင်ထေ္ထနက, သံဝါသထေနက, ဥဘယထေ္ထနက ဟူသောထေယျသံဝါသ ၃-မျိုး၏သရုပ်ကိုပြတော်မူသည်။

အာဝိပ္ပါယ်။ ။အသွင်ကိုဖြစ်စေ, ပေါင်းဘော်ခြင်းကို ဖြစ်စေ ခိုးသောသူသည် ထေယျသံဝါသမည်၏။ထေယျသံဝါသ ၃-ပါးတို့တွင်ကိုယ်ဘိုင်သက်န်းဝတ်ခြင်းသည် လိင်ထေနက (အသွင်ခိုး) မည်၏။ ရဟန်း ဝါရေတွက်ခြင်း, သီတင်းကြီး အစဉ်အတိုင်း ရှိခိုးခံခြင်း, ဥပုသ်ပြုခြင်းစသည်သည် သံဝါသထေနက (ပေါင်းဘော်ခြင်းခိုး) မည်၏။ အသွင်, ပေါင်းဘော်နှစ်ပါးကို ခိုးသောသူသည် ဥဘယ ထေနကမည်၏။ ။လူသည်အသွင်ခိုးလို၍ သက်န်းဝတ်ပြီး ရဟန်းဟုဝန်ခံအံ့ – ရဟန်း ဝါရေတွက်ခြင်း စသည်ကိုကား မပြုအံ့-လိင်ထေ္ထနကမည်၏။ သာမဏေသည် ရဟန်းဝါရေတွက်ခြင်းစသည်ကိုပြု၍ ရဟန်းတို့နှင့်ပေါင်းဘော်အံ့ သံဝါသထေနကမည်၏။ လူသည် ကိုယ်တိုင်သက်န်းဝတ်၍ ရဟန်းတို့ထံ ဝါရေတွက်ခြင်းစသည်ပြုအံ့-ဥဘယထေနကမည်၏။ (သာမဏေ ၁-ယောက်၊ လူ ၂-ယောက်)

သာမဏေသည် သက်န်းပြန်ဝတ်ဦးမည်ဟုငဲ့လျက် သက်န်းချွတ်ပြီးလျှင်လိင်ကျမှု လွန်ကျူး၍ ပြန်ဝတ်အံ့- အသွင်မစွန့်ခြင်းကြောင့် လိင်ထေ္ထနက မဖြစ်၊ အသွင်အားလျော်သော ပေါင်းဘော်ခြင်းကို ပြုသောကြောင့် သံဝါသထေ္ထနကလည်းမဖြစ်။ ပါရာဇိကသို့ရောက်၍ ဝန်မခံ၊ လူမထွက်သောရဟန်းလည်း ထေနကနှစ်ပါလုံးမဖြစ်။ ။ သက်န်းမပယ်သော်လည်း သိက္ခာချပြီးမှ မသိသော ရဟန်းထံ

ဝါရေတွက်ခြင်း စသည်ပြုအံ့ သံဝါသတ္တေနက ဖြစ်၏။ လိင်္ဂတ္တေနက မဖြစ်။ သက်နိုးကိုဓုရနိက္ခေပပယ်၍ချအံ့။ဝါ၊ အန္တိမသို့ရောက်အံ့၊ ထိုနောက်ပြန်ဝတ်၍ ဝါရေတွက်ခြင်းစသည်ပြုလျှင် ဥဘယတ္တေနက ဖြစ်၏။ မင်းဘေး, ငတ်မွတ်ခြင်းဘေး, ခရီးခဲဘေး, ရောဂါဘေး, ရန်သူဘေး စသည့်ကြောင့် ကိုယ်တိုင် သက်နိုးဝတ်သော သူသည် လည်း စိတ်စင်ကြယ်နေသမျှအပြစ်မရှိ။ ။

(သိက္ခာချသျှင် သံဝါသပျက်၏၊ လိင်္ဂမပျက်။ ပါရာဇိကကျလျှင်-နှစ်ပါလုံးမပျက်)

## ၁၈ သိက္ခာချရာ၌ ကျကြောင်း ၆-ပါး

**၃၈။ စိတ်,ခေတ်,ကာလ[၃]၊ ပယောဂ[၁]၊ သိမှု,ပုဂ္ဂလာ[၂]။**

**၃၉။ ခြောက်ပါးညီမျှ၊ မစုံက၊ မကျမြတ်သိက္ခာ။**

ဤလင်္ကာဖြင့် အင်္ဂါခြောက်ပါးလုံး စုံမှ သိက္ခာကျသည်ဟု ပြတော်မူ၏။

အင်္ဂါ ၆-ပါး။ ။(၁)စိတ်=လူထွက်လိုသောစိတ်။ (၂) ခေတ်= ခေတ်ပုဒ်ဖြစ်ခြင်း။ (၃) ကာလ= ပစ္စုပ္ပန်ကာလ, အနာမဋ္ဌကာလ ဖြစ်ခြင်း။ (၄) ပယောဂ = နှုတ်မြွက်ခြင်း ဝစီပယောဂ ဖြစ်ခြင်း။ (၅) သိမှု=နားထောင်သူက, ဤရဟန်း လူထွက်လိုသည်ဟုသိခြင်း။ (၆) ပုဂ္ဂလာ = နားထောင်သူသည် ဥမ္မတ္တက, ခိတ္တစိတ္တ, ဝေဒနဋ္ဋ, မဟုတ်ဘဲ သမ္မုခီဘူတ ဝိညူမနုဿဖြစ်ခြင်းတို့တည်း။

အစိပ္ပါယ်

(၁)စိတ်=ရဟန်းအဖြစ်မှ ရွေ့လျောလိုသောစိတ်ဖြင့် သိက္ခာချပုံ ခေတ်ပုဒ်ကိုဆိုမှသိက္ခာကျသည်၊ မြန်၍ချွတ်ယွင်းခြင်း မသိ၍ချွတ်ယွင်းခြင်းဖြင့်မကျ။

(၂)ခေတ်=ခေတ်ပုဒ် ၂၂-ပုဒ်ကိုဆိုမှ သိက္ခာကျသည်၊ ၂၂-ပုဒ် ကား-ဗုဒ္ဓံပစ္စက္ခာမိ၊ဓမ္မံ-၊ သံဃံ-၊ သိက္ခံ-၊ ဝိနယံ-၊ ပါတိမောက္ခံ-၊ ဥဒ္ဒေသံ-၊ဥပဇ္ဈာယံ-၊အာစရိယံ-၊သဒ္ဓိဝိဟာရိကံ-၊အန္တေဝါသိကံ-၊ သမာနုပဇ္ဈာယကံ-၊ သဗြဟ္မစာရိံ ပစ္စက္ခာမိ (၁၄) ။ ။ဂိဟီတိမံ

ခါရေထ၊ဥပါသကောတိ မံ ခါရေထ–၊အာရာမိကော–၊ သာမဏေရော ၊တိတ္ထိယော-၊တိတ္ထိယသာဝကော-၊အသမဏော–၊အသကျပုတ္တိကောတိ မံခါရေထ(၈)။ ဤသို့ ပစ္စက္ခာမိ ၁၄–ပုဒ်၊ ခါရေထ ၈–ပုဒ်သည်ခေတ်ပုဒ်မည်၏။ ဤခေတ်ပုဒ်တို့ကို တခုခုဆိုအံ့၊ ဝေဝုစ်ပရိယာယ်ဖြင့်သော်လည်းဆိုအံ့၊ တခုကိုဆိုလိုလျက် တခုကိုဆိုမိအံ့ သိက္ခာကျသည်၊ သစ်ပင်စသည်တို့ကို ဆိုလျှင်သိက္ခာမကျ။

(၃)ကာလ။ ။ပစ္စုပ္ပန်ကာလ ၂၂–ပုဒ်၊ အနာမဌကာလ ၅၆-ပုဒ်ကိုဆိုမှ သိက္ခာကျသည်။ ပစ္စက္ခာမိ ၁၄–ပုဒ်၊ ခါရေထ ၈–ပုဒ်သည် ပစ္စုပ္ပန်ကာလ ၂၂–ပုဒ်မည်၏။ အလံမေဗုဒ္ဓေန၊ ကိံ နု မေဗုဒ္ဓေန၊ နမမတ္ထော ဗုဒ္ဓေန၊ သုမုတ္တာဟံ ဗုဒ္ဓေန၊ ဤနည်းအတိုင်း ၁၄–ပုဒ်လေးလီ ၅၆–ပုဒ်သည် အနာမဌ ၅၆–ပုဒ်မည်၏။ ဤ ၇၈–ပုဒ်တွင်တပုဒ်ပုဒ်ဆိုအံ့၊ဝေဝုစ်ဖြင့်သော်လည်းဆိုအံ့ သိက္ခာကျသည်။ အတိတ်, အနာဂတ်, ပရိကပ္ပကာလဖြင့်မကျ၊ အားနည်းခြင်းထင်စွာပြုခြင်းသာ ဖြစ်သည်။

(၄)ပယောဂ။ ။ပယောဂသည် ကာယိကပယောဂ, ဝါစသိကပယောဂ ဟုနှစ်မျိုးရှိ၏။ ထိုတွင် ဝါစသိကပယောဂဖြင့်သာ သိက္ခာကျသည်၊ ဗုဒ္ဓံပစ္စက္ခာမိ စသော ခေတ်ပုဒ်ကို အမှတ်မရှိ ဘာသာစကားဖြင့်ဆိုမှ ကျသည်၊ စာရေးပြခြင်း, လက်ပြခြင်း စသော ကာယိကပယောဂဖြင့် မကျ။

(၅)ပုဂ္ဂိုလ်။ ။ပုဂ္ဂိုလ်သည် သိက္ခာချလိုသော ပုဂ္ဂိုလ်၊ ချရာပုဂ္ဂိုလ်ဟုနှစ်ဦးလုံးရူးသူ၊ဘီလူးဖမ်း၍စိတ်ပျံ့လွင့်သူ၊ဝေဒနာနှိပ်စက်သူမဖြစ်စေရ၊ထိုအဖြစ်မျိုးကင်းသော ရဟန်းသည် ထိုအဖြစ်မျိုးကင်းသောလူဇာတ်ရှိသူထံ မျက်မှောက်၌ သိက္ခာချအံ့–သိက္ခာကျသည်၊ မျက်ကွယ်ဘမန်စေခြင်း၊ စာပေးခြင်းဖြင့်မကျ၊ ရူးသူစသည်တို့ ဖြစ်လျှင်လည်း မကျ၊ နတ်,သိကြားစသည်ထံ၌လည်း မကျ။

(၆)သိခြင်း။ ။ငါ၏သိက္ခာချခြင်းကို ဤသူသိအောင်ဆိုမည်–ဟုမှတ်၍ ဆိုအံ့–ထိုမှတ်အပ်သူသိလျှင် သိက္ခာကျသည်၊ ထိုမှတ်သူသည်လည်း လောက၌ကြား၍ သိနေကျအချိန်အတိုင်း ထိုသိက္ခာ

ချသောရဟန်း၏ စကားအဆုံး၌ "ဤရဟန်းသည်လူထွက်လို၏" ဟု သိလျှင်ကျသည်၊ နောက်အတို့၌ စဉ်းစားပြီးမှသိလျှင်မကျ၊ မမှတ်အစ် သူသိလျှင်လည်းမကျ၊ မမှတ်မူ၍ ဆိုလျှင်ကား လူဇာတ်ရှိသူ တယောက်ယောက်သိလျှင်ကျသည်၊ ဤခြောက်ပါးဖြင့် သိက္ခာကျ-မကျသိအပ်၏။ သိက္ခာချခြင်းဟူသမျှသည် သာဇိဝ၌ အားနည်းခြင်း ထင်စွာပြုခြင်း ဖြစ်သည်သာတည်း။ (သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်း၌ စိတ်အားထက်သန်ခြင်း မရှိတော့သည်ကို ဒုဗ္ဗလျ၊ စိတ်အားထက် သန်ခြင်းမရှိတော့သည်ကို မိမိစိတ်ထည်းတွင် မထားဘဲ သူတပါး အား အထင်အရှားပြောမှုကို ဒုဗ္ဗလျာဝိကမ္မခေါ်သည်)။

## ၁၉–နိုးခြင်း ၂၅–ပါး၊ ပဋ္ဌက ၅–ခု

၄၀။ နာနာ,ကော၊ သဟတ္ထာနှင့်[၃]၊ ပုဗ္ဗ,ထေယျာ၊ ငါးခုပုံ၊ငါးဖြာ ပဋ္ဌက။

၄၁။ အာဒိ,ဟရ၊ ဝဟာရ[၃]၊ ပထ,ဌာနာစာ[၂]။

၄၂။ ကောဘဏ်လည်း၊ ထိုငါးတည်း[၅]၊ ထူးပြီးသက်ရှိသာ။

၄၃။ သဟ–အာဏာ၊နိဿဂ္ဂ[၃]၊ အတ္ထစုရပါ။

၄၄။ ပုဗ္ဗ,သဟ၊ သံဝိဒ[၁]၊ ကေ်တ, နိမိတ္တာ။

၄၅။ ထေယျ,ပသယှ၊ ရိကပ္ပ[၁]၊ ဆန္ဒ,ကုသာဝါ။

ဤလင်္ကာ ၆–ခုတို့တွင် ပဌမလင်္ကာဖြင့်(၁) နာနာဘဏ္ဍပဋ္ဌက၊ (၂)ကောဘဏ္ဍပဋ္ဌက၊(၃)သာဟတ္ထိကပဋ္ဌက၊(၄)ပုဗ္ဗပယောဂပဋ္ဌက၊ (၅) ထေယျာဝဟာရပဋ္ဌက ဟူသော ပဋ္ဌက ၅–ခုကိုဒုင်း၊ ကျန် ၅–ပုဒ်ဖြင့် နိုးခြင်း ၂၅–ပါးကိုဒုင်း ပြတော်မူသည်။

၁–နာနာဘဏ္ဍပဋ္ဌက။ ။(၁) အာဒိယန၊ တရားစွဲ၍ နိုးယူခြင်း၊ အရုံစသည်ကိုတရားစွဲအံ့–ဒုက္ကဋ်။ (သဟပယောဂဖြစ်၍ မုသာဝါဒ ပါစိတ်မဖြစ်။ ပစ္စည်းရှင်အား ငါ့ဥစ္စာဆုံးတော့မည်ဟု ယုံမှား ဖြစ်စေအံ့–ထုလ္လစ္စည်း။ ပစ္စည်းရှင်သည် ငါ့ဥစ္စာဆုံးပြီဟု ဝန်ချအံ့–ပါရာဇိက)။ ။ (၂) ဟရဏ၊ ဆောင်ယူသော ဥစ္စာကို နိုးခြင်း။ သူတပါး၏ဥစ္စာကို ဆောင်ယူစဉ် နိုးလိုသော စိတ်ဝင်၍ဦးခေါင်း၌

ဇူ ဆွံ့သယ ၄၇၈–၄

တင်သောဝန်ကို သုံးသပ်အံ့- ဒုက္ကဋ်၊ လှုပ်စေအံ့-ထုလ္လစ္စဥ်း။ ပခုံးသို့ချအံ့-ပါရာဇိက။ (ပစ္စည်းရှင် ကိုယ်တိုင်စေခိုင်း၍ ဆောင်ယူစဉ် ခိုးရာ၌ကား ပါရာဇိကမရှိ၊ အရှင်ပေး မည်သောကြောင့်တည်း)။ (၃)အဝဟရဏ၊အပ်နှံထားသော ဥစ္စာကိုခိုးခြင်း။ အပ်နှံထားသော ဥစ္စာကို ပြန်တောင်းသောအခါ ငါမယူဟု မသားဆိုအံ့ - ဒုက္ကဋ်။ (သဟပယောဂ ဖြစ်၍ဒုက္ကဋ်) ပစ္စည်းရှင်အား ယုံမှား ဖြစ်စေအံ့-ထုလ္လစ္စဥ်း။ ပစ္စည်းရှင်ဝန်ချအံ့-ပါရာဇိက။ (၄) ဣရိယာပထဝိကောပန၊ ဣရိယာပုထ်ဖျက်၍ခိုးခြင်း။ ဘဏ္ဍာဆောင်သူနှင့် တကွ ခေါ်သွားမည်ဟု ပဌမခြေလှမ်းကို လွန်စေအံ့-ထုလ္လစ္စဥ်း။ဒုတိယခြေလှမ်းကိုလွန်စေအံ့-ပါရာဇိက။ (၅) ဌာနာစာဝန၊ နေရာမှ ရွေ့စေ၍ ခိုးခြင်း။ ကုန်း၌တည်သော ဘဏ္ဍာကို ခိုးလို၍ သုံးသပ်အံ့-ဒုက္ကဋ်။ လှုပ်စေအံ့- ထုလ္လစ္စဥ်း။ နေရာမှ ရွေ့စေအံ့-ပါရာဇိက။

၂-ကောဘဏ္ဍပဥ္စက။ ။အရှင်ရှိသော ကျွန်ကိုဖြစ်စေ၊ တိရစ္ဆာန်ကိုဖြစ်စေ,တရားစွဲ၍ ခိုးယူခြင်း၊ ဆောင်ယူသော ဥစ္စာကို ခိုးခြင်း၊ အပ်နှံထားသော ဥစ္စာကို ခိုးခြင်း၊ ဣရိယာပုထ်ဖျက်၍ ခိုးခြင်း၊ နေရာမှ ရွေ့စေ၍ ခိုးခြင်းသည် ကောဘဏ္ဍပဥ္စကမည်၏။ (နာနာဘဏ္ဍပဥ္စကကား သက်မဲ့၊ ကောဘဏ္ဍပဥ္စကကား သက်ရှိ-ဤမျှသာထူး၏)။

၃-**သာဟတ္ထိကပဥ္စက**။ ။(၁) သာဟတ္ထိက၊ ကိုယ်တိုင်ခိုးခြင်း၊ (၂) အာဏတ္တိက၊ ဤဘဏ္ဍာကိုခိုးလော့ ဟုစေခိုင်း၍ ခိုးခြင်း၊ (၃)နိဿဂ္ဂိယ၊ကင်းထားရာအရပ်,မိမိကြိုးစည်ရာအရပ်တို့၏ အတွင်း၌နေ၍ အပသို့ ပစ်လွှတ်၍ ခိုးခြင်း၊ (၄) အတ္ထသာဓက၊ ဤသူ၏ဘဏ္ဍာကို စွမ်းနိုင်သောအခါ ခိုးလော့ဟု ကာလမပိုင်း အခိုးခိုင်းခြင်း။ (ဤအတ္ထသာဓက ခိုးနည်း၌ စေခိုင်းသည့်အတိုင်း ကေန်ခိုးခြင်းဖြစ်အံ့-စေခိုင်းသူအား စေခိုင်းဆဲခဏ၌ ပါရာဇိက၊ ခိုးသူအားကား အနှစ်-၆၀ လွန်စေကာမူ ခိုးသောအခါမှ ပါရာဇိက၊ ဘိနပ်ဆီစိမ်လို၍ သူတပါး၏ဆီအိုး၌ ခိုးထည့်ရာ၌လည်း ဆီတမတ်ဘိုး ကေန်စုတ်ယူနိုင်သည်ဖြစ်အံ့ လက်မှလွှတ်ကာမျှ၌ ပါရာဇိက၊) (၅) ဓုရနိက္ခေပ၊ တရားစွဲသော အခါ၌ဖြစ်စေ၊ အပ်နှံထားသော

ဘဏ္ဍာပြန်မပေးသော အခါ၌ ဖြစ်စေ ပစ္စည်းရှင်အား မပေးတော့အံ့–ဟုဝန်ချ၍ခိုးခြင်း၊ ခေတ္တငှါးယူသော ဘဏ္ဍာကိုရင်း၊ အစားပေးသင့်သော ဘဏ္ဍာကိုရင်း မပေးတော့အံ့ ဟုဝန်ချခြင်းလည်း ဓုရနိက္ခေပပင်တည်း။

၄–ပုဗ္ဗပယောဂပဉ္စက။ ။ (၁) ပုဗ္ဗပယောဂ၊ အခိုး ခိုင်းခြင်း။ (၂) သဟပယောဂ၊ တည်ရာမှရွှေ့စေ၍ ခိုးခြင်း၊ တံသင်းငုတ်စသည့်ပြောင်းရွှေ့၍ခိုးခြင်း။ (၃) သံဝိဒါဝဟာရ၊ ဤမည်သော ဘဏ္ဍာကို ငါတို့ခိုးကြစို့ဟု တိုင်ပင်၍ခိုးခြင်း၊ တိုင်ပင်သူတို့တွင် တယောက်ယောက် ခိုးအံ့၊ အားလုံး ခိုးသည် မည်၏။ အားလုံး ပါရာဇိက။ (၄) သင်္ကေတကမ္မ၊ သိအောင် အချိန်း အချက် ပြု၍ ခိုးခြင်း။ နံနက်စသော ကာလတခုခုကို ပိုင်းခြား၍ ဤအချိန်တွင် ဤဘဏ္ဍာကို ခိုးလော့ဟု ချိန်းဆိုအံ့၊ ထိုအချိန် အတိုင်း ခိုးဖြစ်လျှင် ချိန်းသော ရဟန်းအား ချိန်းသော ခဏ၌ပင် ခိုးခြင်း ဖြစ်၏။ (၅) နိမိတ္တကမ္မ၊ အမှတ် သညာ ဖြစ်စေ ခြင်းငှာ မျက်စိမှိတ်ခြင်းစသော နိမိတ်ကို ပြုခြင်းသည် နိမိတ္တကမ္မ မည်၏။ ဤသို့နိမိတ်ပြုသောအခါမှ မရှေးမနှောင်း ခိုးလော့ဟု ဆိုအံ့၊ ဆိုတိုင်းခိုးဖြစ်လျှင် နိမိတ်ပြုသော ရဟန်းအား နိမိတ်ပြုသော ခဏ၌ ပင်လျှင် ခိုးခြင်း ဖြစ်၏။

ဤကား–ပုဗ္ဗ, သဟ၊ သံဝိဒါ၊ ကေတ, နိမိတ္တာ–လက်ာ၏အဖြေတည်း။

၅–ထေယျာဝဟာရပဉ္စက။ ။(၁) ထေယျာဝဟာရ၊မထင်မရှားခိုးခြင်း။ပုန်းရှိုးကွယ်ရှိုး နံရံစပ်ဖောက်၍ ခိုးခြင်း၊ချိန်စဉ်းလဲ တောင်းစဉ်းလဲ ပြု၍ ခိုးခြင်းမျိုးတည်း။ (၂) ပသယှာဝဟာရ၊ ဥစ္စာရှင်ကို နိုင်လိုမင်းထက်,နှိပ်စက်၍ (ဒဏ်တပ်မည်၊ ထောင်ချမည် စသည်ဖြင့် ခြိမ်းချောက်၍) ယူခြင်း။ (၃) ပရိကပ္ပါဝဟာရ၊ ကြံစည်၍ ယူခြင်း။ ဘဏ္ဍာကို ကြံစည်ခြင်း၊ အရပ်ကို ကြံစည်ခြင်းဟု နှစ်မျိုးပြား၏။ ဘဏ္ဍာကြံစည်ပုံကား ပုဆိုးဖြစ်လျှင် ယူမည်၊ ချည်ခင်ဖြစ်လျှင် မယူဟု ကြံ၍ အမိုက်မှောင်အတွင်း အထုပ်ကိုယူအံ့၊ ချည်ခင်ဖြစ်လျှင် စောင့်သေး၏၊ ပုဆိုးဖြစ်လျှင် အထုပ်မြှောက်သောခဏ၌ ပါရာဇိက၊

ပြင်ပသို့ ထုတ်ကြည့်၍ ချည့်ခင်ဟုသိ၍ ထားခဲ့လျှင်စောင့်သေး၏။ ရရာယူမည်ဟု ယူသွားအံ့၊ ခြေလှမ်းဖြင့်ဆုံးဖြတ်အပ်၏။ တဘက်လှမ်ထုလ္လစ္စဥ်း၊ နှစ်ဘက်လှမ်း ပါရာဇိက။ ချသားရာမှပြန်ယူအံ့၊ မြှောက်သောခဏ၌ ပါရာဇိက၊ သူခိုးသူခိုးဟု လိုက်သံကြား၍ စွန့်ပြေးအံ့၊ စောင့်သေး၏။ ဥစ္စာရှင်မြင်၍ ပြန်ယူအံ့၊ စောင့်သေး၏။ တပါးသောသူ မြင်၍ ယူသွားအံ့၊ ဘဏ္ဍာစားပေးအပ်၏။ ဥစ္စာရှင် မမြင်၍ မယူဘဲပြန်သွားပြီးမှ "ငါယူခဲ့ပြီဖြစ်၍ ငါ့ဥစ္စာဖြစ်ပြီ"ဟု သကာသညာဖြင့် ယူအံ့၊ ဘဏ္ဍာစားပေးအပ်၏။ ဤကား ဘဏ္ဍာပရိကပ္ပတည်း။ အရပ်ကြံစည်ပုံကား ကျောင်းငယ် (ပရိဝေဏ)စသည်သို့ ဝင်ပြီးလျှင် နှစ်သက်သောဘဏ္ဍာကိုမြင်၍ တိုက်ခန်းတံခါး၊ တံခါးမုခ်၊ ပြာသာဒ်အောက်၊ တံခါးခုံ၊ သစ်ပင်ရင်း စသောနေရာကိုပိုင်းခြား၍ ဤနေရာအတွင်း ပစ္စည်းရှင်မြင်သွားလျှင် ခေတ္တယူဟန်ဖြင့် ပြန်ထားမည်၊ မမြင်လျှင် ယူသွားမည်ဟု ကြံစည်၍ ယူအံ့၊ ကြံစည်ရာအရပ်ကို လွန်ကာမျှ၌ ခိုးခြင်းဖြစ်၏။ ဤကား အရပ်ကြံစည်ပုံ (ဩကာသပရိကပ္ပ)တည်း။ (၄) ပဋိစ္ဆန္နာဝဟာရ၊ ဖုံးလွှမ်း၍ ခိုးခြင်း၊ ဖုံးလွှမ်းပုံကား ဥယျာဉ်စသည်၌ သူတပါးချွတ်ထားသော လက်စွပ်စသည်ကိုမြင်၍ နောက်မှယူမည်ဟု မြေမှုန့်ဖြင့်ဖြစ်စေ, သစ်ရွက်ဖြင့်ဖြစ်စေ ဖုံးထားလိုက်အံ့၊ ခိုးခြင်းမဖြစ်သေး၊ ပစ္စည်းရှင်တို့ ရှာမတွေ့သဖြင့် နက်ဖြန်ရှာဦးမည်ဟု အာလယဖြင့် သွားကုန်အံ့၊ ထိုအခါယူလျှင် ခိုးခြင်း ဖြစ်၏။ "ဖုံးလွှမ်းစဉ်ကပင် ငါ့ဥစ္စာ ဖြစ်ပြီ" ဟု သကာသညာဖြင့်၎င်း၊ "ပစ္စည်းရှင်တို့ စွန့်သွားကုန်ပြီ" ပံသုကူသညာဖြင့်၎င်း ယူအံ့၊ ဘဏ္ဍာဒေယျ။ နှစ်ရက်သုံးရက်ဆက်ရှာမတွေ့၍ "ဆုံးပြီ"ဟု ဝန်ချ၍ သွားကုန်မှ ယူအံ့၊ ဘဏ္ဍာဒေယျပင်တည်း။ နောင်သိ၍တောင်းသောအခါ ပြန်မပေးအံ့၊ ပစ္စည်းရှင်ဝန်ချလျှင် ခိုးခြင်းဖြစ်၏။ ခိုးလိုသောစိတ်ဖြင့်မဖုံးလွှမ်းဘဲ ညွှန်၌ဖြစ်စေ၊ သဲ၌ဖြစ်စေ နင်းသွင်းလိုက်အံ့၊ ဝင်ကာမျှ၌ ခိုးခြင်းဖြစ်၏။ (၅) ကုသာဝဟာရ၊ ကမ္ဗည်းပြောင်း၍ ခိုးခြင်း၊ ပြောင်းပုံကား ဝါး,ထန်းရွက်စသည်၌ အမှတ်အသား ကမ္ဗည်းရေး၍ ကမ္ဗည်းချ၍ သက်န်းစသည်ကို ဝေဘန်သောအခါ မိမိအဘို့၏ အနီး၌ အဘိုးနည်း,

အတိုးကြီး, အတိုးတူဖြစ်သော သူတပါး၏အသို့တခုခုကို ယူလိုသဖြင့် မိမိအသို့၌ ကျသောကမ္ဗည်းကို ကောက်ယူအံ့၊ ကောက်ယူ၍ သူတပါး၏အသို့၌ချအံ့၊ စောင့်သေး၏။ ထိုအသို့မှ သူတပါး၏ ကမ္ဗည်းကို ကောက်ယူကာမျှ၌ ခိုးခြင်းဖြစ်၏။ ရှေးဦးစွာ သူတပါး အသို့မှ ကမ္ဗည်းကိုယူအံ့၊ မိမိအသို့၌ချအံ့၊ မိမိအသို့မှ မိမိကမ္ဗည်းကို ကောက်ယူအံ့၊ စောင့်သေး၏၊ ထိုကမ္ဗည်းကို သူတပါးအသို့၌ ချအံ့၊ လက်မှလွတ်ကာမျှ၌ ခိုးခြင်းဖြစ်၏။ ဤသို့ခိုးခြင်း ၂၅-ပါးဖြစ်၏။

## ၂၀-ဒုက္ကဋ်အာပတ် ၈ မျိုး

၄၆။ ပုဗ္ဗ-သဟ၊ နာမာသ[၁]; စိတ္တ-ဝိနယာ[၂]။
ဥတ္တိ-ဉာတ၊ ဋ္ဌိဿဝ[၃]၊ အဋ္ဌဒုက္ကဋာ။[၄]

ဤလင်္ကာဖြင့် ဒုက္ကဋ် ၈-မျိုးကို ပြတော်မူ၏။

ဒုက္ကဋ် ၈-မျိုး

(၁) ပုဗ္ဗ-ပုဗ္ဗပယောဂဒုက္ကဋ်၊ခိုးလိုသောစိတ်ဖြင့်အတော်ရှာအံ့၊ သွားအံ့၊ ဒုက္ကဋ်ဟု ဟောတော်မူသောဒုက္ကဋ်မျိုးတည်း။ (မခိုးမီ ရှေး လုံ့လဖြစ်သော ပုဗ္ဗပယောဂ၌ ဒုက္ကဋ်နေရာ ဒုက္ကဋ်၊ ပါစိတ်နေရာ ပါစိတ်သင့်၏)။

(၂) သဟ-သဟပယောဂဒုက္ကဋ်၊ ဘဏ္ဍာရှိရာ၌ ပေါက်သော သစ်ပင်ကို ဖြတ်အံ့၊ တူးအံ့၊ ဒုက္ကဋ်ဟု ဟောသော ဒုက္ကဋ်မျိုးတည်း။ (ခိုးခြင်းနှင့်အတူ တစပ်တည်း လုံ့လဖြစ်သော သဟပယောဂ၌ ဒုက္ကဋ်နေရာလည်း ဒုက္ကဋ်၊ ပါစိတ်နေရာလည်း ဒုက္ကဋ်ဖြစ်၏။ ထို့ကြောင့် တရားစွဲရာ၌ မှသားလည်း ဒုက္ကဋ်သာဖြစ်၏)။

(၃) နာမာသ-အနာမာသဒုက္ကဋ်၊ ရတနာဆယ်ပါး၊ စပါးမျိုး ခုနစ်ပါး၊ လက်နက်၊ တူရိယာ၊ မိန်းမရုပ်စသည်ကိုကိုင်အံ့၊ ဒုက္ကဋ်ဟု ဟောသော ဒုက္ကဋ်မျိုးတည်း။

(၄) စိတ္တ-ဒုရူပစိတ္တဒုက္ကဋ်၊ အပင်၌ သီးဆဲဖြစ်သော သစ်သီး ခဲဘွယ်စားဘွယ်ကို ကိုင်အံ့၊ ဒုက္ကဋ်ဟုဟောသော ဒုက္ကဋ်မျိုးတည်း။ အလေ့အကျင့်မကောင်း လက်မငြိမ်မှုတည်း။

(၅) ဝိနယာ–ဝိနယဒုက္ကဋ်၊ ဆွမ်းခံစဉ် မြူမှုန်ကျသောသပိတ်ကို အကပ်မခံဘဲ ဝါ၊ ကျသောမြူမှုန်ကို မသုတ်သင်ဘဲ ထိုသပိတ်ဖြင့် ဆွမ်းခံအံ့၊ ဒုက္ကဋ် ဟုဟောသော ဒုက္ကဋ်မျိုးတည်း။ (ကြွင်းခုနစ်ပါးမှ လွတ်သမျှအားလုံး ဝိနယဒုက္ကဋ်သာတည်း၊အကပ်မခံဘဲမြူမှုန်မသုတ် သင်ဘဲ လူသာမဏေတို့အား ဤဆွမ်းကို ပေးအံ့ဟု နှလုံးသွင်း၍ ခံလျှင် ဝိနယဒုက္ကဋ်မှ လွတ်၏)။

(၆) ဉတ္တိ–ဉတ္တိဒုက္ကဋ်၊ သံဃာကွဲစေခြင်း၄ာ လုံ့လပြုခြင်း စသည်ကို ကြားပါ သိပါလျက် မဆိုကုန်အံ့၊ ဒုက္ကဋ်ဟုဟောသော ဒုက္ကဋ်မျိုးတည်း။

(၇) ဉာတ–ဉာတဒုက္ကဋ်၊ သံဃာကွဲစေခြင်း၄ာ လုံ့လပြုခြင်း စသည်ကို ကြားပါ သိပါလျက် မဆိုကုန်အံ့၊ ဒုက္ကဋ်ဟု ဟောသော ဒုက္ကဋ်မျိုးတည်း။

(၈) ဋိဿဝ–ပဋိဿဝ ဒုက္ကဋ်၊ ဝန်ခံပြီးသည်ကို ချွတ်ယွင်းစေအံ့၊ ဒုက္ကဋ်ဟုဟောသောဒုက္ကဋ်မျိုးတည်း။ (ဝန်ခံစဉ်က မစင်ကြယ်လျှင် ပါစိတ်လည်း သင့်၏။ ဤဒုက္ကဋ်ရှစ်မျိုး နားလည်ထားလျှင် သဟ ပယောဂ၌ သစ်ပင်ဖြတ်၊ မြေတူး၊ မုသားဆို စသည်ကြောင့် သင့်သော ဒုက္ကဋ်၌မတွေဝေနိုင်၊ ကြွင်းဒုက္ကဋ်များကိုလည်း အလေးပြု နိုင်၏)။

## ၂၁ ပါဏာတိပါတပယော ၆–ပါး

**၄၈။ နိဿဂ်–သာဟတ်[၂]၊ အာဏတ်–ထာဝရာ[၂]၊ ဝိဇ္ဇာ–ဣဒ္ဓိ[၂]၊**
**ခြောက်ခုရှိ၊ ပါဏာတိ ပယောဂတည်း။**

ဤလင်္ကာဖြင့် ပါဏာတိပါတပယောဂ ၆–ပါးကို ပြတော်မူ၏။

**ပယောဂ ၆–ပါး**

(၁) နိဿဂ်–နိဿဂ္ဂိယပယောဂ၊ အဝေး၌ နေသူကို မြှား လှံ ယန္တရား ကျောက်ခဲ စသည်ဖြင့် ပစ်ခြင်း။

(၂) သာဟတ်–သာဟတ္ထိကပယောဂ၊ ကိုယ်တိုင်ပုတ်ခတ်ခြင်း၊ (ဤနိဿဂ် သာဟတ် နှစ်ပါးသည် ဥဒ္ဒိဿအနုဒ္ဒိဿအားဖြင့် နှစ်ပါးစီ

ပြား၏။ ဥဒ္ဒိသဥ္စ အကြင်သူကိုရည်မှန်း၍ ပုတ်ခတ်၏။ ပစ်၏၊ ထိုသူ သေမှ ကံထိုက်သည်။ အနုဒ္ဒိသဥ္စ မည်သူမဆို သေစေသတည်းဟု ပုတ်ခတ်၏။ တယောက်ယောက်သေလျှင် ကံထိုက်သည်။ ချက်ချင်း ဖြစ်စေ, နောင် ကာလကြာမှ ဖြစ်စေ၊ ထိုရောဂါဖြင့်သေလျှင် ပုတ်ခတ်ကာမျှ ပစ်ကာမျှ၌ ကံထိုက်သည်၊ ဝေဒနာကို ဝိပဿနာ ရှု၍ ရဟန္တာဖြစ်ပြီးမှသေလျှင် အနန္တရိယကံလည်း ထိုက်သည်။ မသေမီ သူတပါးလုံ့လဖြင့် ဒဏ်ရာရ၍ နောက်ဒဏ်ရာဖြင့်သေအံ့၊ ပဌမပုဂ္ဂိုလ် ကံမထိုက်)။

(၃) **အာဏတ်**–အာဏတ္တိက ပယောဂ၊ ဤသူ့ကို သတ်လော့ဟု စေခိုင်းခြင်း။ (ဤအာဏတ္တိကပယောဂ၌ ဝတ္ထု၊ ကာလ၊ ဩကာသ၊ အာဝုဓ၊ ဣရိယာပထ၊ ကြိယာဝိသေသဟု ၆–မျိုးရှိ၏၊ ၄၉-လက်ာ ဖြင့် သိးခြားဆိုလတ္တံ့)။

(၄) **ထာဝရ**– ထာဝရ ပယောဂ၊ မရွေ့မပြောင်းနိုင်သော အဆောက်အဦဖြင့် သတ်လို၍ တွင်းတူးခြင်း၊ မှိုရာတကဲ(ပျဉ်)စီရင် ခြင်း၊ လက်နက်ရှာ၍ အနီး၌ထားခြင်း၊ ရေကန်၌ အဆိပ်ခတ်ခြင်း ရူပါရုံကို အနီးသို့ဆောင်ခြင်း စသည်တည်း၊ ဤထာဝရပယောဂ၌ လည်း ဥဒ္ဒိသ အနုဒ္ဒိသ နှစ်မျိုးပြား၏၊ စွဲလမ်း၍ သေအောင် အဆင်းလှလှဆောင်သည်ကို လန့်သေအံ့၊ လန့်သေအောင် အဆင်း ဆိုးဆိုး ဆောင်သည်ကို စွဲလမ်း၍သေအံ့၊ ကံမထိုက်။

(၅) ဝိဇ္ဇာ–ဝိဇ္ဇာမယ ပယောဂ၊ အာထဗ္ဗန ဗေဒင် တတ်သူတို့ သည် ရန်သူတို့ မြို့ကို ဝိုင်းရံသောအခါ ရင်ဆိုင်တိုက်သောအခါ၌ ရန်သူတို့၌ ဘေးဖြစ်စေကုန်၏၊ အနာဖြစ်စေကုန်၏၊ သွေးရောင် လေရောင်တက်၍ တံကျင်လျှိုသကဲ့သို့ အနာကို ဖြစ်စေကုန်၏၊ ထိုအာထဗ္ဗနဗေဒင်တတ်သူတို့ ပြုစားတတ်သောအတတ်မျိုးတည်း။

(၆) ဣဒ္ဓိ–ဣဒ္ဓိမယပယောဂ၊ကံ၏အကျိုးဖြစ်သော နတ်,နဂါး, ဂဠုန်,မင်း စသော သူတို့၏ တန်ခိုးကို ယှဉ်စေခြင်းတည်း။ ဤတန်ခိုး သည် အတိတ်ကံကြောင့်ဖြစ်၏၊ နဂါးတန်ခိုး၊ ဂဠုန်တန်ခိုး၊ နတ် တန်ခိုး၊ မင်းတန်ခိုး စသည်ဖြင့် များ၏၊ နဂါး ကိုက်ခြင်းဖြင့်သာ

ဖြစ်သည်မဟုတ်၊ ထိုရုံမှ ကြည့်ရှုံမှုဖြင့်ပင် အဆိပ်တက်နိုင်သည်၊ ဝေဿဝဏနတ်မင်း၏ မျက်စောင်းဖြင့် ကုမ္ဘဏ်များစွာသေသည်၊ သီဟိုဠ်ဘုရင် ဗိတုမင်း အစွယ်ခေါက်ရုံဖြင့် သုမနသူကြွယ်သေသည်။

အာဏတ္တိက ပယောဂ၌ မှတ်ကြောင်း ၆-ပါး

၄၉။ ဝတ္ထု-ကာလ ဩကာသဟု၊ အာဝု-ဇ္ဇရိ၊ ကြိယာဝိထပ်၊ ဤခြောက်ရပ်၊ အာဏတ်မှတ်ကြောင်းတည်း။

ဤလင်္ကာဖြင့် ပါဏာတိပါတပယောဂ ၆-ပါးတို့တွင် အာဏတ္တိကပယောဂ၌ မှတ်ကြောင်း ၆-ပါးကိုပြတော်မူ၏။

မှတ်ကြောင်း ၆-ပါး

(၁) ဝတ္ထု-ဝတ္ထု၊ သတ်အပ်သောသူတည်း၊ "ထိုသူ့ကိုသတ်" ဟု စေခိုင်းသောအတိုင်း ထိုသူ့ကိုသတ်အံ့၊ ခိုင်းသူမလွတ်၊ တပါးသူကို သတ်မိအံ့၊ ခိုင်းသူလွတ်၏။မခိုင်းအပ်သည်၌ စေခိုင်းခြင်းကြောင့် ဒုက္ကဋ်မှ မလွတ်။

(၂) ကာလ-ကာလ၊ နံနက်စသောအခါ၊ ပဌမအရွယ် စသောအခါတည်း၊ အခါလွဲလျှင် ခိုင်းသူလွတ်၏။

(၃) ဩကာသ-ဩကာသ၊ အသတ်ခံရသူ၏နေရာတည်း။

(၄) အာဝု-အာဝုဓ၊ သတ်ကြောင်းလက်နက်တည်း။

(၅) ဇ္ဇရိ-ဇ္ဇရိယာပထ၊ အသတ်ခံရသူ၏ သွားစဉ်, ရပ်စဉ်, ထိုင်စဉ်, လျောင်းစဉ်အခါတည်း။

(၆) ကိရိ- ကိရိယာဝိသေသ၊ ပစ်သတ်ခြင်း ခုတ်သတ်ခြင်း စသောသတ်ပုံအမူအရာအထူးတည်း။

## ၂၂-ခိုးသူကြီး ၅-ယောက်

၅၀။ အလှူခံလှည့်၊ ငါ့သိတရား၊ စွပ်စွဲမှားပြု၊ ပေးမှုဂရုဘဏ်၊ မင်္ဂစျာန်-ဝါကြွား၊ ဤငါးပါး-ခိုးစားသာသနာ။

ဤလင်္ကာဖြင့် စတုတ္ထပါရာဇိက၌ဟောတော်မူသော ခိုးသူကြီး ၅-ယောက်ကို ပြတော်မူ၏။

(၁) အလှူခံလှည့်–ပဌမမဟာစောရော၊အရပ်ရပ်လှည့်၍ နိုးဆိုး တိုက်ခိုက်နေသော နိုးသူကြီးအလား ပစ္စည်းလေးပါးအတွက် ပရိသတ်နှင့်တကွ အရပ်ရပ်လှည့်၍ အပူဇော်ခံကာ ပစ္စည်းကို နိုး ဆောင်နေသော ပဌမနိုးသူကြီးတယောက်၊ (သာသနာအတွက် ရည်ရွယ်၍လှူသောပစ္စည်းကို လှည့်လည်၍နိုးသူတယောက်-ဟူလို)။

(၂) ငါ့သိတရား–ဒုတိယမဟာစောရော၊ ဘုရားဟောတရားကို သင်ယူပြီးလျှင် ငါသိသောတရားဟု ဆိုသော ဒုတိယနိုးသူကြီး တယောက်၊ (တရားနိုးတယောက် ဟူလို)။

(၃) စွပ်စွဲမှားပြု– တတိယမဟာစောရော၊ ရဟန်းကောင်းကို အရင်းမရှိသော ပါရာဇိကဖြင့် စွပ်စွဲသော တတိယနိုးသူကြီး တယောက်၊(ရဟန်း၏သီလကို နိုး၍ ဖျက်ဆီးသူတယောက် ဟူလို)။

(၄) ပေးမှုဂရုဘဏ်–စတုတ္ထမဟာစောရော၊ သံဃိကဂရုဘဏ် ပစ္စည်းဖြင့် လူတို့အား ဖျားယောင်းသော စတုတ္ထနိုးသူကြီး တယောက်၊ (သံဃိကပစ္စည်း နိုးပေးသူတယောက်–ဟူလို)။

(၅) မဂ်ဈာန်ဝါကြွား–ပဥ္စမမဟာစောရော၊ ဥတ္တရိမနုဿဓမ္မကို ဝါကြွား ပြောဆို၍ တိုင်းပြည်၏ဆွမ်းကို နိုးစားသော ပဥ္စမ နိုးသူကြီးတယောက်။ ဤသို့ သာသနာတော်၌ နိုးသူကြီးငါးယောက် ရှိ၏။

**မှတ်ဘွယ်အထူး။** ။ထိုဥတ္တရိမနုဿဓမ္မမည်သည် ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ္တိ၊ ဉာဏဒဿန၊ မဂ်၊ ဖိုလ်၊ ကိလေသာ ပယ်ခြင်း၊ နီဝရဏကင်းခြင်း၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း ဤ ဆယ်မျိုး ဟောသည်။ (သုညာဂါရေ အဘိရမာမိ- ဆိတ်ငြိမ်ရာ၌ အလွန်မွေ့လျော်၏ဟု ဆိုရုံဖြင့် ပါရာဇိက မသင့်၊ဈာန်သမာပတ်ဖြင့် မွေ့လျော်၏ ဟု ဆိုမှ ပါရာဇိက။ ငါနိရောဓသမာပတ်ဝင်စား၏–ဟု ဆိုလျှင်လည်း ပါရာဇိက မသင့်၊ နိရောဓသမာပတ်သည် လောကီလောကုတ္တရာမှ လွတ်သောကြောင့်တည်း။ ငါသည် အတိတ်ဘဝ၌ ရဟန္တာ ဟုဆိုလျှင်လည်း ပါရာဇိက မသင့်၊ ဘဝတပါးဖြစ်သော

ကြောင့်တည်း၊ ဆယ်မျိုး၌ နိဗ္ဗာန် မပါသော်လည်း ငါနိဗ္ဗာန် ရပြီဟု ဆိုလျှင် ပါရာဇိက သာ၊ လောကုတ္တရာ ဖြစ်သော ကြောင့်တည်း)။

## ၂၃-ပါရာဇိက ၂၄-ပါး

### ၅၁။ ရှစ်ပါးပါရာ[၁]၊ အဘဗ္ဗာသတ်[၁၀]၊ လူဝတ်သည့်နိ[၁]၊ လိင်ရှည် ကျောက်နု၊ စုတ်-ထိုင်ပြု[၄]၊ ရှုံးမှု-နှစ်ဆဲ့လေး။

ပါရာဇိက ၂၄-ပါး။ ။ရှစ်ပါးပါရာ,ဟူသည် ဘိက္ခုပါရာဇိက ၄။ ဘိက္ခုနီအသာဓာရဏပါရာဇိက ၄-တည်း။ အဘဗ္ဗာသတ်-ဟူသည် "ပဏ်-ထေ-ပက်-ဿာန်၊ ပဋ္ဌာနန်၊ ဒုသံဥဘောပါ" ဟူသော အဘဗ္ဗပါရာဇိက ၁၁-တည်း။ လူဝတ်သည့် နိ-ဟူသည် သိက္ခာ မပျက်ဘဲ၊ လူထွက်လိုသော ဘိက္ခုနီမ၏ ပုဆိုးကို ဖြစ်စေ, သင်္ကန်းကို ဖြစ်စေ, လူကဲ့သို့ ဝတ်ခြင်း ပါရာဇိက ၁-တည်း။ လိင်ရှည်ဟူသည် လိင်ရှည်သောရဟန်း၏အနုလောမပါရာဇိက ၁-တည်း။ကျောက်နု ဟူသည် ကျောက်ကုန်းနူးညံ့သော ရဟန်း၏ အနုလောမပါရာဇိက ၁-တည်း။ စုတ်-ဟူသည် သူတပါး အင်္ဂါဇာတ်ကို စုတ်သော ရဟန်း၏ အနုလောမ ပါရာဇိက ၁-တည်း။ ထိုင်ပြု ဟူသည် သူတပါးအင်္ဂါဇာတ်၌ ဝစ္စမဂ်ဖြင့် ဘိထိုင်သောရဟန်း၏အနုလောမ ပါရာဇိက ၁-တည်း၊ ပေါင်း ၂၄-ပါးဖြစ်၏။

**ဋီကာသစ်လာ မှတ်စရာ။** ။အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်တို့တွင် ပဏ္ဍုက်၊ တိရစ္ဆာန်၊ ဥဘတောဗျည်း, ဤ ၃-ယောက်တို့သည် (အဟိတ်ပဋိသန္ဓေဟူသော)ဝတ္ထုပျက်ခြင်းကြောင့် ရှင်ရဟန်းအဖြစ်ကို မရကုန်၊ ပါရာဇိက ကျသောသူနှင့် တူကုန်၏၊ ထို့ကြောင့် ပါရာဇိကမည်ကုန်၏။ ကြွင်းသော အဘဗ္ဗပုဂ္ဂိုလ် ၈-ယောက်တို့သည် (ထေ-ပက်[၁]၊ ပဋ္ဌာနန်[၇]၊ ဒုသံ[၁]၊ မိမိတို့၏ အမှုအရာ ဟူသော ကြိယာပျက်ခြင်းကြောင့် ရဟန်းအဖြစ်ကို မရကုန်၊ ပါရာဇိကသို့ ရောက်သောသူနှင့်တူကုန်၏၊ ထို့ကြောင့် ပါရာဇိက မည်ကုန်၏။ ။ အနုလောမပါရာဇိက ၄-ပါးတို့တွင် စုတ် ထိုင်ပြု နှစ်ယောက်ကား

ထင်ရှား၏။ လိင်ရှည်–ကျောက်နု နှစ်ယောက်သည် လိင်ရှည်ရုံ ကျောက်ကုန်းနူးညံ့ရုံမျှဖြင့် ပါရာဇိကမကျ၊ မမွေလျော်ခြင်း နှင့်စက် သောအခါ မိမိအင်္ဂါဇာတ်ကို မဂ်သုံးပါး– တပါးပါးသွင်းမှ ကျသည်၊ ဤ(လိင်ရှည်,ကျောက်နု,စုတ်,ထိုင်ပြ)လေးယောက်တို့သည် မေထုန်မမှီဝဲသော်လည်း မဂ်ဖြင့် မဂ်ကိုသွင်းခြင်းဖြင့် ရောက်နိုင် သောကြောင့် မေထုနပါရာဇိကအားလျော်ကုန်၏၊ ထိုကြောင့် အနု လောမ ပါရာဇိက ဟုဆိုအပ်ကုန်၏။

**ဤနေရာမှာမေးစရာ။** ။မာတုဃာတက, ပိတုဃာတက,အရဟန္တ ဃာတက– ဤ ၃–ယောက်တို့သည် တတိယပါရာဇိက၌ ပါဝင် ကြ၏၊ ဘိက္ခုနီဒူသက လိင်ရှည်,ကျောက်နု,စုတ်ထိုင်ပြ လေးယောက် တို့သည် ပဌမပါရာဇိက၌ ပါဝင်ကြ၏၊ ထို့ကြောင့် ပါရာဇိက ၂၄–ပါး အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ ၁၇–ပါးသာ ဖြစ်သင့် သည် မဟုတ်ပါလော။ အဖြေကား–မာတုဃာတက စသော ၃–ယောက်တို့ကို ဤအရာ၌(ရဟန်းကိုမလိုအပ်) အနုပသမ္ပန္နတို့ကို လိုအပ်သောကြောင့်ရင်း၊ လိင်ရှည်စသော ၄–ယောက်တို့သည် တခုသောပရိယာယ်ဖြင့် မေထုန်မမှီဝဲသူများဖြစ်ကြ၍ ပဌမပါရာဇိက ၌ မပါဝင်ကြသောကြောင့်ရင်း။ (တသ္မာ ဝိသုံ ဝုတ္တာ၊ ထိုကြောင့် ၄–ယောက်ကို သီးခြားဟောပါသည်)။ပါရာဇိက ၂၄–ပါးဖြစ်နိုင် ပါသည်၊ ၁၇–ပါးမဖြစ်သင့်ပါ။

ပါရာဇိက ပြီး၏။

---

# သံဃာဒိသိသ်မှတ်စု

## ၂၄-သဥ္စရိတ္တ မိန်းမ ၂၀

၅၂။ မာ-ပိ-မာပိ[၃]၊ ဘနှင့်ဘာ[၂]၊ ဉာ-ဂေါ-ဓမ်-သသာ[၅]။

၅၃။ ဓ-ဆန်-ဘော-ပ[၄]၊ ဩ-ဩ-ဒ[၃]၊ ကမ္မ-ဒါ-မုဟာ[၃]။

၅၄။ သဥ္စရိတ္တံ၊ အောင်တမန်၊ ရှောင်ရန် နှစ်ကျိပ်လာ။

ဤလင်္ကာ ၃-ပုဒ်တို့တွင် ပ....ဖြင့် မိန်းမတကျိပ်ကို၊ ဒု....ဖြင့် မယားတကျိပ်ကို တ....ဖြင့် ဤနှစ်ကျိပ်လုံးတို့၌ ရဟန်းများ သဥ္စရိတ္တ သိက္ခာပုဒ်တော်အရ အောင်မသွယ်ကောင်းဟု ပြတော်မူ၏။

မိန်းမတကျိပ်။ ။(၁) မာ-မာတုရက္ခိတာ၊ အမိစောင့်သော မိန်းမ၊ (၂) ပိ-ပိတုရက္ခိတာ၊ အဘစောင့်သောမိန်းမ၊ (၃) မာပိ-မာတာပိတုရက္ခိတာ၊ မိဘနှစ်ပါးစောင့်သောမိန်းမ၊ (၄) ဘ-ဘဂိနိရက္ခိတာ၊ အမညီမစောင့်သော မိန်းမ၊ (၅) ဘာ-ဘာတုရက္ခိတာ၊ မောင်ကြီးမောင်ငယ်စောင့်သောမိန်းမ၊ (၆) ဉာ-ဉာတိရက္ခိတာ၊ ဆွေမျိုးစောင့်သောမိန်းမ။ (၇) ဂေါ-ဂေါတ္တရက္ခိတာ၊ အနွယ်တူစောင့်သော မိန်းမ၊ (၈) ဓမ်-ဓမ္မရက္ခိတာ၊ သီတင်းသုံးဘော် စောင့်သော မိန်းမ၊ (၉) သ-သပရိဒဏ္ဍာ၊ မင်းတို့ဒဏ်ထားသော မိန်းမ။ (၁၀) သာ-သာရက္ခာ၊ ထိမ်းမြားကိုက်သူ အစောင့်ရှိသော မိန်းမ။

မယားတကျိပ်။ ။(၁) ဓ- ဓနက္ကိတာ၊ ဥစ္စာဖြင့် ဝယ်သော မယား။ (၂) ဆန်- ဆန္ဒဝါသိနီ၊ အလိုတူ၍နေသော မယား။ (၃) ဘော-ဘောဂဝါသိနီ၊ စည်းစိမ်ပေး၍နေသော မယား။ (၄) ပ-ပဋဝါသိနီ၊ ပုဆိုးပေး၍နေသောမယား။ (၅) ဩ-ဩဒပတ္တကိနီ၊ ရေခွက်၌ လက်ချ၍ မိဘနှစ်ပါး ထိမ်းမြားသောမယား၊ (၆) ဩ-ဩဘဋစုမ္ဗတာ၊ ခေါင်းခုချ၍ နေသောမယား။ (၇) ဒ-ဒါသီစ ဘရိယာစ၊ ကျွန်လည်းဖြစ် မယားလည်း ဖြစ်သောမယား။ (၈) ကမ္မ-ကမ္မကာရီစ ဘရိယာစ၊ အမှုလုပ်လည်းဖြစ်,မယားလည်း

ဖြစ်သော မယား။ (၉) ဓ–ဓဇာဟတာ၊ စစ်မြေပြင်မှ ဆောင်ခဲ့သော မယား။ (၁၀) မုဟာ–မုဟုတ္တိကာ၊ တမုဟုတ်မျှ (တခဏမျှ) ပေါင်းဘော်ရသောမယား။ ။ဤနှစ်ကျိပ်တို့တွင် ရှေ့ ၈–ယောက်၌ ယောကျ်ားသာ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။ နောက် ၁၂–ယောက်တို့၌ ယောကျ်ားလည်း ထိုက်၊ မိန်းမလည်း ကံထိုက်သည်။

## ၂၅–ပမာဏ ၃–ပါး

**၅၅။ ဘုရားတထွာ၊ မင်သုံးထွာ၊ တို့မှာလေးထွာခွဲ။**

ဤလင်္ကာဖြင့် ဘုရား၏အထွာ ပမာဏ၊ မဇ္ဈိမပုရိသ၏ အထွာ ပမာဏ၊လက်သမားတို့ အထွာပမာဏ ၃–မျိုးကိုပြတော်မူသည်။

**ပမာဏ ၃ပါး။** ။ဘုရားတထွာသည် မဇ္ဈိမပုရိသ ၃–ထွာဖြစ်၏။ လက်သမားတောင်အားဖြင့် တတောင့်ထွာဟု ခေါ်သည်၊ ပကတိပုရိသ လေးထွာခွဲ ဖြစ်၏။

## ၂၆–အဓိကရဏ ၃–စား

**၅၆၊ ငြိမ်းစေ့တည်ရာ၊ အကြောင်းမှာ ၊ သုံးဖြာဓိကရဏ။**

ဤလင်္ကာဖြင့် ဒုဋ္ဌဒေါသသိက္ခာပုဒ်, အညဘာဂိယသိက္ခာပုဒ်, သံဃဘေဒသိက္ခာပုဒ်တို့၌လာသော အဓိကရဏ ၃–မျိုးတို့၏ အထူးကို ပြတော်မူသည်။

**အဓိကရဏ ၃–မျိုး။** ။(၁) ငြိမ်းစေ– ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိကအာပတ်သည် သမထတို့ဖြင့်ငြိမ်းစေအပ်သော အဓိကရဏ မည်၏။ (၂) **တည်ရာ**– အညဘာဂိယသိက္ခာပုဒ်၌ ဆိတ်ဖိုစသော အညဘာဂိယပုဂ္ဂိုလ်သည် နာမ စသည်တို့၏ တည်ရာဖြစ်သောကြောင့် အဓိကရဏ မည်၏။ (၃) **အကြောင်းမှာ**–သံဃဘေဒ သိက္ခာပုဒ်၌ ဓမ္မ,အဓမ္မစသော ဘေဒကရဝတ္ထု ၁၈–ခုသည် ကွဲပြားကြောင်း ဖြစ်သောကြောင့် အဓိကရဏမည်၏။ ပဌမအဓိကရဏ သဒ္ဒါ အာပတ်ကို ဟောသည်၊ ဒုတိယအဓိကရဏသဒ္ဒါ အမည်

တပါး၏တည်ရာ ပုဂ္ဂိုလ် ဒြဗ်-ကိုဟောသည်၊ တတိယအဓိကရဏ သဒ္ဒါ အကြောင်းကို ဟောသည်ဟု ဆိုလိုသည်။

## ၂၇-စောဒနာ ၄-ပါး ၂-ပါး အပြီးမရောက်

၅၇။ ဝတ္ထုကိုပြ၊ အာပတ်ပြနှင့်၊ သံဝါသပယ်၊ ကျင့်ဝတ်ပယ်၊ လေးသွယ်စောဒနာ။

၅၈။ ပယ်ခြင်းဒွယ၊ မပြီးကြ၊ ပြမှပြီးသည်သာ။

ဤလင်္ကာဖြင့် ဒုဋ္ဌဒေါသသိက္ခာပုဒ်၌လာသော စောဒနာ၄-ပါး ကိုရင်း။ ယင်း ၄-ပါးတို့တွင် နောက်နှစ်ပါးသည် စောဒနာရာသာ ရောက်၏၊ သံဃာဒိသိသ်အာပတ်မသင့်။ သင်ရဟန်းမဟုတ် စသည်ဖြင့် ဝတ္ထုကိုပါပြမှ သံဃာဒိသိသ်အာပတ်သင့်သည်ဟု ပြတော်မူ၏။

စောဒနာ၄-ပါး။ ။(၁) ဝတ္ထုကိုပြ- သင် မေထုန်မှီဝဲသည်ဟု (အာပတ်သင့်ကြောင်း)ဝတ္ထုကိုပြ၍စောဒနာသော ဝတ္ထုသန္ဒဿန စောဒနာ။ (၂) အာပတ်ပြ-သင်မေထုန်အာပတ်သို့ ရောက်သည်ဟု အာပတ်ကိုပြ၍ စောဒနာသော အာပတ္တိသန္ဒဿန စောဒနာ။ (၃) သံဝါသပယ်-သင်နှင့် ဥပုသ်စသော သံဃကံကို မပြုနိုင် ဟု သံဝါသကိုပယ်၍ စောဒနာသော သံဝါသပ္ပဋိက္ခေပ စောဒနာ။ (၄) ကျင့်ဝတ်ပယ်-ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, ယပ်လေခတ်ခြင်း စသည်ကို အစဉ်အတိုင်းပြုစဉ် တယောက်ယောက်သော ရဟန်း အား မပြုခြင်း ဟူသော သာမိစိပ္ပဋိက္ခေပစောဒနာ အားဖြင့် စောဒနာ ၄-ပါးရှိ၏။ ။ပယ်ခြင်းဒွယ၊ မပြီးကြ- စောဒနာ ၄-မျိုး တို့တွင် သံဝါသပ္ပဋိက္ခေပစောဒနာ၊ သာမိစိပ္ပဋိက္ခေပစောဒနာ ၂-မျိုးသည် စောဒနာရာသာရောက်သည်၊ အာပတ်အပြီးအဆုံးသို့ မရောက်၊ ဝါ၊ သံဃာဒိသိသ် အာပတ်မသင့်။ ။ပြမှပြီးသည်သာ- သင်မေထုန်မှီဝဲသည် စသည်ဖြင့်(အာပတ်သင့်ကြောင်း)ဝတ္ထုကိုပြမှ သင်ရဟန်းမဟုတ်သောကြောင့် ရှိမခိုး စသည်ဖြင့် ပြောမှ အပြီး အဆုံးသို့ ရောက်သည်၊ ဝါ၊ သံဃာဒိသိသ်အာပတ်သင့်သည်။

မှတ်ဘွယ်။ ။သိက္ခာချရာ၌ လက်ဆုပ်ပြခြင်းမရ၊ ဈာန်မင်္ဂဖိုလ် ဝါကြွားရာ၊ စွပ်စွဲရာ၌ရသည်၊ ထို့ကြောင့် ရဟန်းတပါး၏အနီး ၁၂-တောင်တွင်းကနေ၍ သင်မေထုန်မှီဝဲသည်၊ ရဟန်းမဟုတ် စသော အမိပ္ပါယ်ကို လက်ဆုပ်ပြခြင်းဖြင့်သော်လည်း စွပ်စွဲအံ့၊ ရဟန်းရှင်လူ တယောက်ယောက်ကိုဖြစ်စေ စွပ်စွဲနိုင်းအံ့၊ စွပ်စွဲသည် မည်၏။ (ဘိက္ခုပါတိမောက်အရသာ)။

## ၂၈-အဓိပ္ပါယ ၈-ပါး

**၅၉။ ရွေ့စေ, ဆဲလို၊ ကံပြုလို[၃]၊ ထလိုအာပတ်မှ[၁]။**
**၆၀။ ဥပုသ်ကိုထား၊ ပဝါထား[၂]၊ မေးမြန်း, တရားပြ[၂]။**
**၆၁။ စွပ်စွဲတပါး[၁]၊ ကြွင်းပယ်ရှား၊ ရှစ်ပါးဓိပ္ပါယ။**

ဤလင်္ကာဖြင့် စွပ်စွဲသောရဟန်း၏ အဓိပ္ပါယ (အလို) ၈-ပါးကို ပြတော်မူ၏။

အဓိပ္ပါယ ၈-ပါး။ ။(၁) ရွေ့စေ-ရဟန်းတပါးကို သာသနာတော်မှ ရွေ့လျောစေလိုသောရဟန်း၏အလိုဟူသောစဝနာဓိပ္ပါယ။ (၂)ဆဲလို-ဆဲလိုသော ရဟန်း၏အလိုဟူသော အက္ကောသာဓိပ္ပါယ။ (၃) ကံပြုလို-တဇ္ဇနီယ စသော ကံခုနစ်ပါးတို့တွင် တပါးပါးပြုအံ့ဟု အာပတ်ဖြင့် စောဒနာသော ရဟန်း၏အလို ဟူသော ကမ္မာဓိပ္ပါယ။ (၄) ထလိုအာပတ်မှ-အာပတ်မှ ထစေခြင်းငှာ အာပတ်ဖြင့် စောဒနာသောရဟန်း၏ အလို ဟူသော ဝုဋ္ဌာနာဓိပ္ပါယ။ (၅)ဥပုသ်ကိုထား-ဥပုသ်ကိုသံဃာပြုခြင်းငှာမပေးလို၍ အာပတ်ဖြင့် စောဒနာသော ရဟန်း၏အလိုဟူသော ဥပေါသထဋ္ဌပနာဓိပ္ပါယ။ (၆) ပဝါထား-ပဝါရဏာကိုသံဃာပြုခြင်းငှာမပေးလို၍ အာပတ်ဖြင့် စောဒနာသော ရဟန်း၏အလို ဟူသော ပဝါရဏာ ဓိပ္ပါယ။ (၇) မေးမြန်း-ဝိနည်းဓိုရ်၏ စုံစမ်းမေးမြန်းလိုခြင်း အနုဝိဇ္ဇနာဓိပ္ပါယ။ (၈) တရားပြ-ဓမ္မကထိက၏တရားပြလိုခြင်း ဓမ္မကထာဓိပ္ပါယ အားဖြင့် ၈-ပါးရှိ၏။

**အဆုံးအဖြတ်။** ။သုဒ္ဓပုဂ္ဂိုလ်ကို ဖြစ်စေ,အသုဒ္ဓပုဂ္ဂိုလ်ကိုဖြစ်စေ, ပါရာဇိကသို့ မရောက်ဟုသိ၊ ရောက်ဟုမသိဘဲ စဝနာဝိပ္ပါယဖြင့် စောဒနာအံ့၊ စုဒိတကသည် ငါ့ကိုစွပ်စွဲသည်ဟု ထိုခဏ၌ သိအံ့၊ ပြောစရာရှိသည် ခွင့်ပြုပါဟု တောင်းပန်ခြင်းမရှိလျှင် ခွန်းတိုင်း သံဃာဒိသိသ်နှင့် ဒုက္ကဋ်။ခွင့်တောင်းခြင်းရှိလျှင် သံဃာဒိသိသ်သာ။ လက်ဆုပ်ပြ၍ မျက်မှောက် စောဒနာသော ရဟန်းအားလည်း ဤအတူတည်း။ မျက်ကွယ် စောဒနာအံ့၊ သံဃာဒိသိသ်မသင့်၊ ဒုက္ကဋ်သာ။ အနီး၌နေ၍ ရဟန်းတပါးကို စေခိုင်းအံ့၊ စေခိုင်းသမျှ ကိုသာ ဆိုအံ့၊ စေခိုင်းသူအားသာ အာပတ်သင့်သည်၊ ငါလည်း မြင်သည် ကြားသည်ဟု စကားပိုထည့်ဆိုအံ့၊ နှစ်ပါးလုံး အာပတ် သင့်ကုန်၏။ အက္ကောသာဓိပ္ပါယဖြင့် ဆိုအံ့၊ ခွင့်မတောင်းလျှင် ပါစိတ်ဒုက္ကဋ်၊ ခွင့်တောင်းလျှင် ပါစိတ်သာ။ ကမ္မာဓိပ္ပါယဖြင့် တဇ္ဇနီယစသောကံ ခုနစ်ပါးကို မျက်မှောက်ပြုအံ့၊ ဒုက္ကဋ်သာ။ ဝုဋ္ဌာနာ ဓိပ္ပါယဖြင့် သင်ဤအာပတ်သို့ ရောက်သည် ကုစားလော့ဟု ဆိုအံ့၊ ခွင့်တောင်းဘွယ်မရှိ။ ဥပေါသထာဓိပ္ပါယဖြင့်, ပဝါရဏာ ဓိပ္ပါယဖြင့် ဥပုသ်ထားအံ့,ပဝါရဏာထားအံ့၊ ခွင့်တောင်းဘွယ်မရှိ။ (အာပတ်သင့်သူဖြစ်လျှင် ဥပုသ်မပြုဘဲ ရပ်တန့်ထားခြင်းကို ထား သည်ဟု ဆိုသည်၊ ထားရာခေတ်ကား ဥတ်မဆုံးမီတည်း။ ဋီကာ သစ်)အနုဝိဇ္ဇနာဓိပ္ပါယဖြင့် ဝိနည်းမိုရ်က တရားခွင်တွင် မေးစစ်အံ့၊ ခွင့်တောင်းဘွယ်မရှိ။ ဓမ္မကထာဓိပ္ပါယဖြင့် ဤသို့ပြုသူ ရဟန်း မဟုတ်ဟု မရည်စူးဘဲ တရားဟောအံ့ ခွင့်တောင်းဘွယ် မရှိ။ ရည်စူး၍ ဤသူ ရဟန်းမဟုတ်၊ ဤသူဥပါသကာမဟုတ်ဟု ဟောအံ့ ပလ္လင်အဆင်း အာပတ်ဖြေအပ်၏။ အဓိပ္ပါယ ၈-ပါးတို့တွင် ရှေ့စေ လို တပါးသာ စွပ်စွဲခြင်းကိုဖြစ်စေနိုင်သည်။

## ၂၉-ကောဓိဒေသလေသမတ္တ

၆၂။ **မည်,နွယ်,လိင်,ဇာတ်[၁]၊ အာပတ်,ပတ်,စီ[၂]၊ ဠာယ်, စရိ, ကျောင်း[၃]၊ လေသစောင်း၊ ဆယ်မြောင်းစိဒေသ။**

ဤလက်ာဖြင့် အညာဘာဂိယ သိက္ခာပုဒ်၌လာသော ကောစိဒေသ,လေသမတ္တ ၁၀-ပါးကို ပြတော်မူ၏။

**ကောစိဒေသ ၁၀-ပါး။** ။(၁)မည်-အမည်တူဖြင့် စောင်းမြောင်း စွပ်စွဲခြင်း နာမလေသ။ ပါရာဇိကသို့ ရောက်သော မင်းမျိုးရဟန်း တပါးကိုမြင်၍ အာပတ်မသင့်သော မင်းမျိုးချင်းတူသော တပါး သော ရဟန်းကိုစွပ်စွဲခြင်းတည်း။ (၂) နွယ်-အနွယ်တူဖြင့် စောင်း မြောင်းစွပ်စွဲခြင်း ဂေါတ္တလေသ။ (၃) လိင်-အသွင်တူဖြင့် စောင်း မြောင်းစွပ်စွဲခြင်း လိင်္ဂလေသ။ (၄) ဇာတ်-ဇာတ်တူ အားဖြင့် စောင်းမြောင်း စွပ်စွဲခြင်း ဇာတိလေသ။ (၅) အာပတ်-အာပတ် တူဖြင့် စောင်းမြောင်း စွပ်စွဲခြင်းအာပတ္တိလေသ။ (၆) ပတ်-သပိတ် တူဖြင့် စောင်းမြောင်းစွပ်စွဲခြင်း ပတ္တလေသ။ (၇) စိ-သင်္ကန်းတူ ဖြင့် စောင်းမြောင်းစွပ်စွဲခြင်းစီဝရလေသ။ (၈) ဥျာယ်-ဥပဇ္ဈာယ်တူ ဖြင့် စောင်းမြောင်းစွပ်စွဲခြင်းဥပဇ္ဈာယလေသ။ (၉) စရိ-ဆရာတူ ဖြင့် စောင်းမြောင်းစွပ်စွဲခြင်း အာစရိယလေသ။ (၁၀) ကျောင်း-ကျောင်းတူဖြင့် စောင်းမြောင်းစွပ်စွဲခြင်း ဝိဟာရလေသ အားဖြင့် ကောစိဒေသ, လေသမတ္တ၁၀-မျိုးရှိ၏။

**ကောစိဒေသ, လေသမတ္တထူးသလော။** ။ဒေသနှင့် လေသကား သဒ္ဒါသာထူးသည်၊ အနက်, တရားကိုယ်တူ၏။ ဤလေသမတ္တဖြင့် ဒဗ္ဗမလ္လပုတ္တ ဟူသော အမည်အားဖြင့်ကပ်ငြိသည်ကိုပြ၏။ ဒဗ္ဗမလ္လ ပုတ္တဟူသော အမည်ပညတ်တူကာမျှ ကပ်ငြိခြင်းကိုပင် လေသမတ္တ ဆိုသည်။

## ၃၀-ဘောဒကရဝဏ္ဏ ၁၈-ပါး

၆၃။ ဓမ္မ,ဝိနယ၊ဘာသိတ[၁]၊စိဏ္ဏ,ပညပ်,ဒုက်[၂]၊

၆၄။ အာပတ်,လဟုက၊ဒုဋ္ဌုလ္လ[၁]၊သာဝသေသဒုက်[၃]၊

၆၅။ တဆဲ့ရှစ်ခု၊ကွဲပြားမှု၊ဝတ္ထု၊ကိုးခုဒုက်။

ဤလက်ာဖြင့် သံဃာဘေဒ သိက္ခာပုဒ်၌ လာသော ဘေဒကရ ဝတ္ထု(သံဃာကွဲပြားခြင်းကို ပြုတတ်သော အကြောင်း) ၁၈–ပါး ကို ပြတော်မူသည်။

ဘေဒကရဝတ္ထု ၁၈-ပါး

ဓမ္မ– (၁) အဓမ္မကို ဓမ္မဟုပြခြင်း၊
(၂) ဓမ္မကို အဓမ္မဟုပြခြင်း ဒုက်တခု၊

ဝိနယ– (၃) ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုပြခြင်း၊
(၄) ဝိနည်း ဟုတ်သည်ကို ဝိနည်းမဟုတ်ဟုပြခြင်း ဒုက်တခု၊

ဘာသိတ– (၅) ဘုရားမဟောသည်ကို ဘုရားဟောဟုပြခြင်း၊
(၆) ဘုရားဟောသည်ကို ဘုရားမဟောဟုပြခြင်း ဒုက်တခု၊

စိဏ္ဏ– (၇) ဘုရား အလေ့ အကျက်မဟုတ်သည်ကို ဘုရား အလေ့အကျက်ဟုပြခြင်း၊
(၈) ဘုရား အလေ့ အကျက်ကို ဘုရား အလေ့ အကျက်မဟုတ်ဟုပြခြင်း ဒုက်တခု၊

ပညပ်– (၉) ဘုရား မပညပ်အပ်သည်ကို ဘုရားပညပ်သည် ဟုပြခြင်း၊
(၁၀) ဘုရား ပညပ်အပ်သည်ကို ဘုရား မပညပ်ဟု ပြခြင်း ဒုက်တခု၊

အာပတ်- (၁၁) အာပတ်မဟုတ်သည်ကို အာပတ်ဟုပြခြင်း၊
(၁၂) အာပတ် ဟုတ်သည်ကို အာပတ် မဟုတ်ဟု ပြခြင်း ဒုက်တခု၊

လဟုက– (၁၃) ဂရုကအာပတ်ကို လဟုကအာပတ်ဟု ပြခြင်း၊
(၁၄) လဟုကအာပတ်ကို ဂရုကအာပတ်ဟု ပြခြင်း ဒုက်တခု၊

ဒုဋ္ဌုလ္လ– (၁၅) အဒုဋ္ဌုလ္လ အာပတ်ကို ဒုဋ္ဌုလ္လ အာပတ်ဟု ပြခြင်း၊

(၁၆) ဒုဋ္ဌုလ္လ အာပတ်ကို အဒုဋ္ဌုလ္လ အာပတ်ဟု ပြခြင်း ဒုက်တခု၊

သာဝသေသ-(၁၇) အနာဝသေသ အာပတ်ကို သာဝသေသ အာပတ်ဟုပြခြင်း၊

(၁၈) သာဝသေသ အာပတ်ကို အနာဝသေသ အာပတ်ဟုပြခြင်း ဒုက်တခု။

ဤသို့ဘေဒကရဝတ္ထု ၁၈-ပါးကို ဟောတော်မူသည်။

## ၃၁-ကုလဒူသန ၈-ပါး

၆၆။ ပွင့်,သီး,မှုန့်, မြေ၊ ဝါး,ပူ, ခြေ၊ ဝေဇ္ဇဒူရှစ်ဖြာ။

ကုလဒူသက သိက္ခာပုဒ်၌ ကုလဒူသက ဟူသည် အမျိုးလေးပါးတို့ကို ဖျက်ဆီးတတ်သော ရဟန်းဖြစ်၏။ ထိုရဟန်း၏ ဖျက်ဆီးကြောင်းလက်နက်မှာ မကောင်းသောအကျင့်ဟူသော ကုလဒူသနမှု ၈-ပါးဖြစ်ရာ ယင်းကုလဒူသန ၈-ပါးကို ဤလင်္ကာဖြင့်ပြတော်မူ၏။

**ကုလဒူသန ၈-ပါး။** ။(၁) ပွင့်-ပန်းပွင့်ပေးခြင်း။ (၂) သီး-သစ်သီးပေးခြင်း။ (၃) မှုန့်-မျက်နှာခြေမှုန့်ပေးခြင်း။ (၄) မြေ-မြေညက်ပေးခြင်း။ (၅) ဝါး-ဝါးပေးခြင်း။ (၆) ပူ-ဒန်ပူပေးခြင်း။ (၇) ခြေ-ခိုင်းစေရာ ခြေဖြင့်သွားခြင်း။ (၈) ဝေဇ္ဇ-ဆေးကုခြင်း ဤသို့ ကုလဒူသန ၈-ပါးရှိ၏။

## ၃၂-အနေသန ၂၁-ပါး

၆၇။ မျက်သစ်ရေထက်၊ဆွမ်းတုံ့စွက်၊သစ်ရွက်ချိုးမှုန့်ပါ။

၆၈။ ကလေးချီသယ်၊ပဲဟင်းနှယ်၊ချစ်ဘွယ်နှုတ်ဝါစာ ။

၆၉။ ခိုင်းစေရာခံ၊စာတမန်၊မြေကျန်အတတ်ပါ။

၇၀။ ခေတ္တ,အင်္ဂ၊နက္ခတ္တ၊သုံးဝထိုဝိဇ္ဇာ။

၇၁။ ပေါင်းပါဒူရှစ်၊နှစ်ဆဲ့တစ်၊ စင်စစ်အနေသနာ။

ဤလင်္ကာဖြင့် ခုဒ္ဒက ပါဠ် အဋ္ဌကထာ၊ မေတ္တာသုတ်အဖွင့်၌ လာသော အနေသန (မအပ်သော ပစ္စည်းရှာပုံ) ၂၁-ပါးကို ပြတော်မူသည်။

အနေသန ၂၁-ပါး။ ။ မျက်သစ်ရေ-ပစ္စည်းရလို၍ မျက်နှာသစ်ရေပေးခြင်း။ (၂) ဆွမ်းတုံ့-ဆွမ်းတုံ့ပေးခြင်း၊ (ဒါယကာတို့က ဆွမ်းအနည်းငယ် ပေးသည်ကို မိမိက ဆွမ်းများစွာ ပြန်ပေးခြင်းကို ဆွမ်းတုံ့ပေးခြင်းဟုခေါ်သည်) (၃) သစ်ရွက်-သစ်ရွက်ပေးခြင်း။ (၄) ချိုးမှုန့်-ရေချိုးကာ သယ်မှုန့် ပေးခြင်း။ (၅) ကလေးချီသယ်-ကလေးထိန်းခြင်းချီခြင်း။ (၆) ပဲဟင်းနှယ်-ပဲဟင်းအလား အမှန်နည်း၍ အမှားများသော စကားကိုပြောဆိုခြင်း။ (ပဲဟင်း ချက်ရာ၌ ပကတိ မကျေမညက် နည်းသည်၊ ဝိကတိ အကျေအကျက်များသကဲ့သို့ ထိုရဟန်း၏ စကားလည်း အမှန်နည်း၍ အမှားများသည်ဟူလို) (၇) ချစ်ဘွယ်နူတ်ဝါစာ-ချစ်ခင်အောင် စကားပြောဆိုခြင်း၊ ဝါ၊ လောကွတ်ပြုခြင်း။ (၈) ခိုင်းစေရာခံ-ခိုင်းစေရာခံဖြင်း။ (၉) စာတမန်-တရွာမှတရွာသို့သွား၍ လူတို့အမှုဖြစ်သော သတင်းစာလွှာကို ဆောင်ခြင်း။ (၁၀) မြေကြန်အတတ်ပါ- အိမ်ယာစသော ဘူမိနက်သန် မြေကြန်အတတ်ဟောခြင်း။ (၁၁) ခေတ္တ-လယ်,ယာ အကျိုးအပြစ် အတတ်ဟောခြင်း။ (၁၂) အင်္ဂ-အင်္ဂါ အကျိုး အပြစ် ဟောခြင်း။ (၁၃) နက္ခတ္တ-နက္ခတ်အကျိုး အပြစ် ဟောခြင်း။ ၂၁-ပေါင်းပါဒူရှစ်၊နှစ်ဆဲ့တစ်၊ စင်စစ်နေသနာ-ဤနက္ခတ် အထိ ၁၃-ပါးကို ကုလဒူသန ၈-ပါးနှင့် ပေါင်း၍ အနေသန ၂၁-ပါးဖြစ်၏။

ဆေးကုမှတ်ဖွယ်။ ။ဆေးကုရာ၌ လာဘ်ငဲ့၍ ကုအံ့- အနေသနဒုက္ကဋ်။ မိမိ၌ အထူးကြည်ညိုအောင် မြှောက်စားသော အနေဖြင့် ကုအံ့-ကုလဒူသနဒုက္ကဋ်။ လာဘ်မြှော်ခြင်း, မြှောက်စားခြင်းကင်းစေလျက် ကုအံ့- ဆေးကုဒုက္ကဋ်။ သီတင်းသုံးဘော် ၅-ယောက်၊ ဆွေမျိုး၊ ဝေယျာဝစ္စပြုသောသူစသော ကုကောင်းသူတို့အားကုအံ့ အနာပတ္တိ။ ဤဆေးကု ကောင်းသူတို့တွင် ပစ္စည်း လေးပါး

ဒါယကာ မပါ၊ မိတ္တအရာ တည်စေကာမူ မပါ၊ ဝေယျာဝစ္စ ပြုသူကား ပါဝင်သည်။

**တသာသနာလုံးမအပ်သောပစ္စည်း။** ။ကုလဒူသန ဖြင့် ရသော ပစ္စည်း၊ အနေသနဖြင့် ရသော ပစ္စည်း၊ အညာတကဝိညတ်ဖြင့် ရသော ပစ္စည်း (အမျိုးမတော်သူထံ၌ တောင်း၍ရသော ပစ္စည်း ဟူလို) အံ့ဘွယ်ပြုခြင်း၊ မြှောက်ခြင်း ချောက်ခြင်း၊ အရိပ် နိမိတ် ပြုခြင်းတို့ဖြင့် ရသော ပစ္စည်း၊ ရွှေ ငွေ ခံခြင်း၊ ရွှေ ငွေဖြင့်လဲလှယ် ဝယ်ယူခြင်းတို့ဖြင့် ဖြစ်သော ပစ္စည်း၊ ဈာန်, မဂ်ဖိုလ်ဝါကြွားခြင်း ဖြင့်ရသော ပစ္စည်း၊ ဤပစ္စည်းတို့သည် တသာသနာလုံးမအပ်ကုန်။ ရဟန်းချင်း ကူညီကျွေးမွေးလှူဒါန်းရာ၌ ဤပစ္စည်းမျိုးဖြစ်မည်လော မဖြစ်မည်လောဟု ဝိနည်းအလေးပြုသောမထေရ်များသတိသမ္ပဇည ကြီးစွာ ထားကုန်၏။ အာဇီဝ ပျက်ကြောင်းဖြစ်၍ အမှတ်မဲ့ မသုံးဆောင်ကြကုန်။ အလေးပြုသင့်၏။ (ဘိက္ခုပါတိမောက်အရသာ)။

## ၃၃-သစ်ပင်စိုက်နည်း ၅-မျိုး

၇၂။ သစ်ပင်စိုက်တတ်၊ရဟန်းမြတ်၊ ငါးရပ်သိစေလို။
၇၃။ နှစ်သွယ် ဝေါဟာ၊ ပရိယာ၊ဩဘာ,နိမိတ်ဆို။
၇၄။ ကိုယ်တိုင်စိုက်တတ်၊ စိုက်ခိုင်းတတ်၊အကပ္ပိယက၊
၇၅။ သိလော, ကပ္ပိလော၊ ဤမျှပြော၊ ဝေါဟာ ကပ္ပိယ။
၇၆။ ဉာဏ်ရှိသူသာ၊ စိုက်တတ်စွာ၊ ဝါစာပရိယာယ။
၇၇။ သစ်ပင်ကိုင်ထောင်၊မြင်သာအောင်၊ ရိပ်ရောင်ဩဘာသ။
၇၈။ လူသာမကောထံ၊ သွားအပ်နှံ၊ ကမ္မ နိမိတ္တာ။

ဤလင်္ကာ ၇-ပုဒ်ဖြင့် ကုလဒူသက သိက္ခာပုဒ် အဖွင့် ပါစိတ် အဋ္ဌကထာ နှင့် အညီ အကပ္ပိယ ဝေါဟာရ၊ ကပ္ပိယဝေါဟာရ, ပရိယာယ, ဩဘာသ, နိမိတ္တကမ္မ ၅-မျိုးကိုသစ်ပင် စိုက်လိုသော ရဟန်းများ ဝိနည်းနှင့် အညီ စိုက်တတ်အောင် ပြတော်မူ၏။

**သစ်ပင်စိုက်နည်း ၅-မျိုး။** ။သစ်ပင် စိုက်နည်းသည် အကပ္ပိယ ဝေါဟာရ စသောအားဖြင့် ၅-မျိုးရှိ၏။ ထို ၅-မျိုးတို့တွင်

(၁) သစ်ပင်ငယ် ဖြတ်ခြင်း၊ တွင်းတူးခြင်း၊ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်း၊ ရေမြောင်း ပြုခြင်း စသည်ကို ကိုယ်တိုင် ပြုအံ့ အကပ္ပိယ ဝေါဟာရမည်၏ ဟု **ကိုယ်တိုင်စိုက်တတ်** လင်္ကာဖြင့် ပြတော်မူ၏။ ။ (၂) ကိုယ်တိုင်လည်းမပြု၊ သူတပါးကိုလည်း တိုက်ရိုက်မခိုင်းဘဲ ဤသစ်ပင်ကို သိလော့၊ နားလည်လော့၊ ရိပ်မိလော့၊ တွင်းသိလော့၊ ရေသိလော့ဟု ဆိုအံ့-ခြောက်သောမြောင်းကို ဖြောင့်အောင်ပြုအံ့-ကပ္ပိယ ဝေါဟာရမည်၏ ဟု **သိလော့ ကပ္ပိလော့** လင်္ကာဖြင့် ပြတော်မူ၏။ ။(၃) ဉာဏ်အမြော်အမြင်ရှိသူသည် သစ်ပင်စိုက်ခြင်းစသည်ကိုပြုရသည် မကြာမီ အကျိုးများ၏- ဤသို့ စသည်ဖြင့်ဆိုအံ့ ပရိယာယ မည်၏ဟု **ဉာဏ်ရှိသူသာ** လင်္ကာဖြင့် ပြတော်မူ၏။ ။ (၄) ပေါက်တူး, သစ်ပင်ငယ် စသည်ကို ကိုင်၍သာ ရပ်နေအံ့ ဩဘာသမည်၏ ဟု **သစ်ပင် စိုက်ထောင်** လင်္ကာဖြင့် ပြတော်မူ၏။ သာမဏေ များမြင်လျှင် စိုက်ပေးအောင် အရိပ် အရောင် ပြသည်ဟူလို။ ။(၅) ပေါက်တူး စသည်ကို သာမဏေတို့ အနီး၌ သွား၍ထားအံ့ နိမိတ္တကမ္မမည်၏ ဟု **လူသာမဏေထံ** လင်္ကာဖြင့်ပြတော်မူ၏။

**အဓိပ္ပါယ်**။ ။ကုလဒူသန အကျိုးငှာ ဤ ငါးမျိုးလုံး မအပ်။ အသီးအရွက်စားခြင်းငှာ အကပ္ပိယဝေါဟာရ တခုသာ မအပ်။ ကြွင်းလေးပါးအပ်၏။ အရံအရိပ် စသည်အလို့ငှာ အကပ္ပိယ ဝေါဟာရမှတပါး ကြွင်းလေးပါးအပ်၏။ အကပ္ပိယဝေါဟာရမှ ကိုယ်တိုင်ရေလောင်းခြင်းလည်းအပ်၏။ အဇာတပထဝီ၌ ကိုယ်တိုင်တူး၍ စိုက်ခြင်းလည်းအပ်၏။ထိုသစ်ပင်မှ သီးသောအခါ အသီးစားခြင်းငှာလည်း အပ်သေး၏။ ကိုယ်တိုင် ခူးခြင်း, အခူးခိုင်းခြင်းစသည် ပင်ကို ပါစိတ်။ ပန်းကုံးခြင်း,ကုံးစေခြင်းကား ပင်ကိုဒုက္ကဋ်။ ဘုရားပူဇော်ခြင်းငှာလည်း မအပ်။

## ၃၄-ပုပ္ဖဝိကတိ ပန်းကုံး ၆-မျိုး

**၇၉။ ညှာချင်းထုံး,ကွပ်၂၊ သွင်း,ရစ်ပတ်၂၊ လေးရပ်ညှာနှင့်ပွင့်။**

**၈၀။ လွှန်ပတ်,ယက်နည်း၂၊နှစ်ပါးလည်း၊ ပြုပြီးပန်းကုံးဖြင့်။**

**၈၁။ ပန်းကုံးခြောက်ခု၊ ကိုယ်တိုင်ပြု၊စေပြုဒုက္ကဋ်သင့်။**

**၈၂။ ကပ္ပိယဝါစာ¹၊ ပရိယာ¹၊ ဩဘာ,နိမိတ်အပ်သတည်း။**
ဤလင်္ကာ ၄-ပုဒ်ဖြင့် ပန်းကုံး ၆-မျိုးကို ပြတော်မူ၏။

**ပန်းကုံး ၆-မျိုး။** ။ပန်းကုံးသည် ဂန္ထိမ,ဂေါပ္ဖိမ,ဝေဓိမ,ဝေဌိမ, ပုရိမ,ဝါယိမအားဖြင့်၆-မျိုးရှိ၏။ထိုတွင် (၁) **ညှာချင်းထုံး**–ကြာပန်း စသည်ကဲ့သို့ ပန်းညှာချင်းထုံးခြင်းသည် ဂန္ထိမ ပန်းကုံး မည်၏။ (၂) **ကွပ်**–မုလေးပန်းစသည်တို့၏ အညှာကို ကြိုးဖြင့်ကွပ်သကဲ့သို့ ကွပ်ခြင်းသည် ဂေါပ္ဖိမ မည်၏။ (၃) **သွင်း**–အညှာပေါက်အပွင့် ပေါက်၍ ဒုတ်ဖြင့် ထိုးသွင်းခြင်း၊ သစ်တုံး၌ငုတ်စိုက်၍ အပွင့်ပေါက် စွပ်သွင်းခြင်း၊ ပန်းတပွင့်၌ ပန်းတပွင့် စွပ်သွင်းခြင်းသည် ဝေဓိမ ပန်းကုံးမည်၏။ (၄) **ရစ်ပတ်**–ဒုတ်တံစသည်၌ ပန်းတို့ကို ကပ်၍ ကြိုးဖြင့် ရစ်ပတ်ခြင်းသည် ဝေဌိမပန်းကုံးမည်၏။ ပြခဲ့ပြီးသော ပန်းကုံးလေးမျိုးသည် အညှာနှင့် အပွင့်ကို ပြုလုပ်ထားသော ပန်း များဖြစ်ကြောင်းသိဘို့ရန်"လေးရပ် ညှာနှင့်ပွင့်"မိန့်ဆိုပြန်ပါသည်။ (၅) **လွှန်ပတ်**–ပန်းကုံး ပန်းပြားဖြင့် စေတီကို သူတပါးတို့လှည့်ပတ် ထားရာ ထိုနေရာကိုလွှန်အောင်ပတ်ခြင်းသည် ပုရိမပန်းကုံးမည်၏။ (၆) **ယက်နည်း**–စေတီ၌ ပန်းပုဆိုး ပန်းကွန်ရက် ပန်းအရုပ်ပြုလို၍ ယက်ခြင်းသည် ဝါယိမပန်းကုံးမည်၏။ ဆိုခဲ့ပြီး လွှန်ပတ်,ယက်နည်း ပန်းကုံး နှစ်မျိုးသည် သူတပါးပြုလုပ်ပြီး ပန်းကုံးများ ဖြစ်ကြောင်း သိဘို့ရန်"နှစ်ပါးလည်း၊ ပြုပြီး ပန်းကုံးနှင့်"ဟု မိန့်ဆိုပြန်ပါသည်။

**အပ် မအပ် နှစ်မျိုး။** ။ဤ ပန်းကုံးအထူး ၆-မျိုးတို့ကို ဘိက္ခု, ဘိက္ခုနီတို့ကိုယ်တိုင်ပြုခြင်းငှာမအပ်၊ ဒုက္ကဋ်။ "ပူဇော်ခြင်းငှာ ဤသို့ သိလော့၊ ဤသို့ ပြုလျှင်တင့်တယ်ရာ၏"စသော ကပ္ပိယစကားဖြင့် ပြောလျှင် အပ်၏၊ ပရိယာယ်,ဩဘာ,နိမိတ်လည်း အပ်၏။

## ၃၅–အာပတ်ဖုံးလွှမ်းခြင်း ၁၀–ပါး

**၈၃။ အာပတ်,ပကတ်²၊ ကင်းလတ်အန္တရာယ်¹၊ စွမ်းနိုင်ဘွယ်¹၊ ဖုံးကွယ်နှစ်စီတည်း။**

ဤလက်ာဖြင့် ယာဝတီဟံ ဇာနံ ပဋိစ္ဆာဒေတိ အရ အာပတ် ဖုံးလွှမ်းခြင်းလက္ခဏာ မာတိကာ ၁၀-ပါးကိုပြတော်မူ၏။

အာပတ် ဖုံးလွှမ်းခြင်း ၁၀-ပါး။ ။(၁) အာပတ်- အာပတ္တိစ ဟောတိ၊ သံဃာဒိသိသ် အာပတ်ဖြစ်ခြင်း။ (၂) အာပတ္တိသညီစ၊ သံဃာဒိသိသ်အာပတ်ဟု အမှတ်ရှိခြင်း ဤကားနှစ်ခုတည်း။ (၃) ပကတတ်- ပကတတ္တောစဟောတိ၊ ပကတတ်ရဟန်းဖြစ်ခြင်း။ (၄) ပကတ္တသညီစ၊ ပကတတ်ရဟန်းဟု အမှတ်ရှိခြင်း။ (၅) ကင်းလတ် အန္တရာယ်- အနန္တရာယိကောစဟောတိ၊ အန္တရာယ် ကင်းခြင်း။ (၆) အနန္တရာယိကသညီစ၊ အန္တရာယ်ကင်း၏ဟု အမှတ်ရှိခြင်း။ (၇) စွမ်းနိုင်ဘွယ်- ပဟုစ ဟောတိ၊ ဒေသနာကြားစွမ်းနိုင်ခြင်း။ (၈) ပဟုသညီစ၊ ဒေသနာ ကြားစွမ်းနိုင်၏ဟု အမှတ်ရှိခြင်း။ (၉) ဖုံးကွယ်- ဆာဒေတုကာမောစဟောတိ၊ ဖုံးထားလိုခြင်း။ (၁၀) ဆာဒေတိစ၊ အရုဏ်တက်အောင်ဖုံးခြင်း။ ဤကား အာပတ်ဖုံးလွှမ်း ခြင်းလက္ခဏာ မာတိကာဆယ်ပါးတည်း။ ဤလက္ခဏာ ၁၀-ပါးဖြင့် ဖုံးလွှမ်းအံ့၊ ဝါ၊ ဒေသနာမကြားအံ့၊ ဝါ၊ ထင်စွာပြုခြင်းမျှပင်မပြုအံ့၊ ဖုံးသည်မည်၏၊ ဒုက္ကဋ်လည်း သင့်၏။

ဖုံးခြင်း ၁၀-ပါး အဓိပ္ပါယ်။ ။ရဟန်းသည် သံဃာဒိသိသ်သို့ ရောက်၍ ဝတ္ထု၏အစွမ်းဖြင့် "မအပ်သောအမှု"ဟူ၍၎င်း၊ အမည်၏ အစွမ်းဖြင့် "သံဃာဒိသိသ်" ဟူ၍၎င်း၊ မှတ်ထင်သူဖြစ်လျက် "ထို အာပတ်ကို တစုံတယောက်သောသူအား မကြားအံ့"ဟု ဖုံးလို၍ ဝန်ချကာ အရုဏ်တက်အောင်ဖုံးအံ့၊ ဖုံးသည်မည်၏။ အလဇ္ဇီဖြစ်၏၊ ဒုက္ကဋ်သင့်၏။အနာပတ္တိထင်၍၎င်း၊တပါးသော အာပတ်ထင်၍၎င်း၊ ယုံမှားရှိ၍၎င်း၊မကြားအံ့ဟုဝန်ချကာ အရုဏ်တက်စေကာမူ ဖုံးသည် မမည်၊လဟုကို ဂရုထင်၍ ဂရုကို လဟုထင်၍ ဖုံးစေကာမူ ဖုံးသည် မမည်။ အလဇ္ဇီကား ဖြစ်သည်၊ ဂရု လဟု မသိဘဲ ဖုံးမည်ဟုဖုံးလျှင် ဖုံးသည် မည်၏။

အာပတ်သို့ ရောက်သော ရဟန်းသည် ပကတတ်ဖြစ်၍ ငါ ပကတတ်ဟု မှတ်ထင်လျက် ဖုံးလို၍ ဝန်ချကာဖုံးအံ့၊ဖုံးသည်မည်၏။

အပကတတ်ဖြစ်မူ ဖုံးလိုသလောက်ဖုံးသော်လည်း ဖုံးသည်မမည်။ အပကတတ်ထံ ဒေသနာကြားလျှင်လည်း ဒေသနာ ကြားသည် မမည်။(ဥက္ခိတ္တကကံ အပြုခံရသောရဟန်းသည် အပကတတ်မည်၏။ သမာနသံဝါသကရဟန်းသည် ပကတတ်မည်၏)။

အာပတ်သို့ ရောက်သောရဟန်းသည် အန္တရာယ်ဆယ်ပါး ကင်းလျက် ငါအန္တရာယ်ကင်း၏ဟု မှတ်ထင်လျက် ဖုံးလို၍ဝန်ချကာဖုံးအံ့ ဖုံးသည်မည်၏။ ကြောက်တတ်သူဖြစ်၍ငင်း၊ အချိန်မဲ့ ဖြစ်၍ငင်း၊ အန္တရာယ်ရှိသောနေရာမျိုးဖြစ်၍ငင်း၊ အန္တရာယ်ရှိအံ့ထင်၍ ဖုံးအံ့၊ ဖုံးသည်မမည်။

အာပတ်သို့ ရောက်သောရဟန်းသည် ရဟန်းတပါးထံသွားခြင်းငှာငင်း၊ ဒေသနာကြားခြင်းငှာငင်း စွမ်းနိုင်သူဖြစ်၍ ငါစွမ်းနိုင်၏ဟု မှတ်ထင်လျက် ဖုံးလို၍ ဝန်ချကာ ဖုံးအံ့၊ ဖုံးသည်မည်၏။ ခြေနာ၍ ခံတွင်းနာ၍ မစွမ်းနိုင်ဟုထင်၍ ဖုံးအံ့၊ ဖုံးသည်မမည်။

ဖုံးလို၏၊ အရုဏ်တက်အောင် ဝန်ချ၍ဖုံး၏-၌ကား ချွတ်ယွင်းမရှိပြီ။ အထူးကား ဖုံးအံ့ဟုဝန်ချပြီးနောက် အရုဏ်မတက်မီ လဇ္ဇီသဘော သက်ဝင်၍ ဒေသနာကြားအံ့၊ ဖုံးလိုလျက် မဖုံးသည် မည်၏။ သဘာဂရဟန်းကိုမြော်နေစဉ် လဝက် တလပင် အချိန်ကုန်လွန်သွားစေသော ရဟန်း, သဘာဂရဟန်းထံသို့သွားစဉ် ခရီးဝေးကွာသဖြင့် လဝက်, တလပင် အချိန် ကုန်လွန်သွားစေသောရဟန်း, အာပတ် သင့်ရောက်ပြီးခါမျှပင် မီးခဲနင်းမိသူအလား ခဏချင်း သဘာဂရဟန်းထံသွား၍ဒေသနာကြားသောရဟန်း၊ဤ၃-ယောက်ကား ဖုံးသည်မမည်၊ အပြစ်မရှိ။ သဘာဂရဟန်းကို ဆရာဟုရှက်၍ မကြားမူကား ဖုံးသောအပြစ်ဖြစ်၏။ သဘာဂဖြစ်ခြင်းသာ ပမာဏ ဖြစ်သည်၊ ဆန့်ကျင်ဘက်ဖြစ်၍ အပြစ်ပြလေ့ရှိသော ဆရာကိုကား မကြားသော်လည်း ဖုံးသည်မမည်။ ဆန့်ကျင်ဘက် ရန်သူသည် ဝိသဘာဂမည်၏။ အကျိုးလိုလားခြင်းမရှိ၊ ရှောင်ရသည်။

သံဃာဒိသိသ် မှတ်စုလက်ာ အပြေပြီး၏။

# နိဿယပါဠိစိတ်မှတ်စု

## ၃၆–ဇာတိသက်နိုး ၆–ထည်

၇၅။ ခေါမ, ဝါချည်[၂]၊ ပိုးချည်,သားမွေး[၂]၊ လျှော်ထွေးပိုက်ဆံ[၃]၊
ငါးတန်ရောဘိ[၁]၊ ခြောက်ခုရှိ၊ ဇာတိသက်နိုးတည်း။

ဤလင်္ကာဖြင့် ပဥ္စမကထိန သိက္ခာပုဒ် အတိရေက စီဝရံဝယ် စီဝရံဟူသော ပုဒ်တစိတ်အရ–ဇာတိသက်နိုး ၆–ထည်ကို ပြတော်မူ၏။

ဇာတိသက်နိုး ၆–ထည်။ ။(၁) ခေါမ-ခေါမတိုင်း၌ ဖြစ်သော ချည်တို့ဖြင့် ယက်အပ်သော သက်နိုး။ (၂) ဝါချည်- ကပ္ပါသိကံ၊ ဝါချည်တို့ဖြင့်ယက်အပ်သော သက်နိုး။ (၃) ပိုးချည်–ကောသေယျံ၊ ပိုးချည်တို့ဖြင့် ယက်အပ်သော သက်နိုး။ (၄) သားမွေး–ကမ္ဗလံ၊ သိုးစသည်တို့၏ အမွေးချည်ဖြင့်ယက်အပ်သောသက်နိုး။ ဝါ၊ သကလတ်သက်နိုး။ (၅) လျှော်ထွေးပိုက်ဆံ–သာဏံ၊ ပိုက်ဆံလျှော်ချည်တို့ဖြင့် ယက်အပ်သော သက်နိုး။ (၆) ငါးတန်ရောဘိ–ဘင်္ဂံ၊ ခေါမစသော ချည်ငါးမျိုးတို့ဖြင့် ရော၍ ယက်အပ်သော သက်နိုး။ ဤကားချည်ဇာတ်အားဖြင့်ဖြစ်သော ဇာတိသက်နိုး ၆–ထည်တည်း။

## ၃၇–အနုလောမသက်နိုး ၆–ထည်

၇၆။ ဘင်္ဂဖြူ, ပတ္တုဏ္ဏ၊ သောမာရ[၃]၊ စိန,တန်ခိုး, နတ်[၃]။
ဇာတ်အားလျော်မူ၊ ဤခြောက်ခု၊ အနုလောမမှတ်။

ဤလင်္ကာဖြင့် ဇာတိသက်နိုး ၆–ထည်အားလျော်သော အနုလောမသက်နိုး ၆–ထည်ကို ပြတော်မူ၏။

အနုလောမသက်နိုး ၆–ထည်။ ။ (၁) ဘင်္ဂဖြူ–ဒုကူလံ၊ဘင်္ဂဖြူပုဆိုး။ (၂) ပတ္တုဏ္ဏ–ပတ္တုဏ္ဏတိုင်းဖြစ်ပုဆိုး၊ (၃) သောမာရ–သောမာရပဋ္ဋံ၊ သောမာရတိုင်ဖြစ်ပုဆိုး၊ (၄) စိန–စိနပဋ္ဋံ၊ စိန်တိုင်းဖြစ်ပုဆိုး။ (၅) တန်ခိုး-ဣဒ္ဓိဇံ၊ ဃောဘိက္ခုတို့အား တန်ခိုးဖြင့်ဖြစ်သော ပုဆိုး။

(၆) နတ်-ဒေဝဒိန္န၊ နတ်လှူသောပုဆိုး။ ဤကား အနုလောမသင်္ကန်း ၆-ထည်တည်း။

**လျော်ပုံ။** ။ဇာတိသင်္ကန်း ၆-ထည် အားလျော်သောကြောင့် အနုလောမ ခေါ်သည်၊ လျော်ပုံ- ဘွဲ့ဖြူသည် လျော်ဖြင့်ပြီးသောကြောင့် သာဏအားလျော်သည်။ သောမာရစိနသည် ပိုးချည်ဖြင့်ပြီးသောကြောင့် ကောသေယျအား လျော်သည်။ တန့်ခိုးဖြင့်ဖြစ်သော သင်္ကန်း, နတ်လှူသောသင်္ကန်းသည် ခေါမစသည်တို့တွင် တမျိုးမျိုးဖြစ်သောကြောင့် ခေါမစသည်တို့အားလျော်သည်။

**အတိရေကအရာ မှတ်စရာ။** ။သမန်းမြက် သင်္ကန်း၊ လျော်တော၊ ဝါ၊ လျှော်မျှင်သင်္ကန်း၊ ပျဉ်ချပ်သင်္ကန်း၊ ဆံပင်ကမ္ဗလာ သင်္ကန်း၊ သားမြီးကမ္ဗလာ သင်္ကန်း၊ ခင်ပုပ်တောင် သင်္ကန်း၊ သစ်နက်ရေ သင်္ကန်း၊ မရိုးတံ သင်္ကန်း၊ ဤ၉ှစ်ထည်ကား ထုလ္လစ္စည်း ရှိထည်တည်း။ အတိရေကမဖြစ်။ သင်ပန်းမျှင်သင်္ကန်း၊ မရိုးလျှော်မျှင်သင်္ကန်း၊ ငှက်ပျောမျှင်သင်္ကန်း၊ ပြိတ်မြက်ဖြင့်ပြုအပ်သော သင်္ကန်း၊ ဤကား ဒုက္ကဋ်လေးထည်တည်း။ အတိရေက မဖြစ်။သန္တတခေါ် အခင်းလည်းအတိရေကမဖြစ်။

## ၃၈-ကထိန်ခင်းထိုက်သူ အင်္ဂါ ၈-ပါး

**၈၈။** ကထိန်ခင်းထိုက်၊ ပုဂ္ဂိုလ်ဥ၊ တိုက်ရိုက်ရှစ်အင်ပြည့်။

**၈၉။** ပုဒ်, ပစ်, ဓိဋ်, ဌာ၊ မှာ, ဗောဓော၊ ဥဒ္ဒိ, အာ၊ ရှစ်ခုသိ။

ဤလင်္ကာဖြင့် ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်၏ အင်္ဂါရှစ်ပါးကို ပြတော်မူ၏။

အင်္ဂါရှစ်ပါး။ ။(၁)ပုဗ်-ပုဗ္ဗကရဏံဇာနာတိ၊ ပုဗ္ဗကရဏ ၇-ပါးကိုသိရခြင်း။ (၂) ပစ်-ပစ္စုဒ္ဓါရံဇာနာတိ၊ ပစ္စုဒ္ဓိုရ် (အဓိဋ္ဌာန်ချပုံ) ကိုသိရခြင်း။ (၃) ဓိဋ်-အဓိဋ္ဌာနံဇာနာတိ၊ အဓိဋ္ဌာန်တင်ပုံကို သိရခြင်း။ (၄) ဌာ-အတ္ထာရံဇာနာတိ၊ ကထိန်ခင်းပုံကို သိရခြင်း။ (၅) မာ- မာတိကံ ဇာနာတိ၊ မာတိကာ ရှစ်ပါးကို သိရခြင်း။ (၆) ဗောဓော-ပလိဗောဓံ ဇာနာတိ၊ အာဝါသပလိဗောဓ, စီဝရ

ပလိဗောဓကို သိရခြင်း။ (၇) ဥဒ္ဒ-ဥဒ္ဒါရဲ ဇာနာတိ၊ ကထိန်နှုတ်ပုံကို သိရခြင်း။ (၈) အာ-အာနိသံသံ ဇာနာတိ၊ ကထိန် အကျိုးအာနိသံသ ငါးပါးကိုသိရခြင်း။ ဤကား ပရိဝါပါဠိတော် ကထိနဘေဒ၌ ဟောတော်မူသော ကထိန်ခင်းထိုက်သူ၏ အင်္ဂါ ၈-ပါးတည်း။

## ၃၉-ပုဗ္ဗကရဏ ၇-ပါး

**၉၀။ ဖွပ်, စိရင်, ဖြတ်၊ တည်းစပ်, ချုပ်, ဆိုး၊ ဗိန္ဒုထိုး၊ ခေါ်ရိုးပုဗ္ဗကရဏတည်း။**

ဤလက်ာဖြင့် ကထိန်ခင်းထိုက်သူ အင်္ဂါ ၈-ပါးမှ ပုဗ္ဗကရဏံ ဇာနာတိအရ ပုဗ္ဗကရဏ ၇-ပါးကို ပြတော်မူသည်။

ပုဗ္ဗကရဏ ၇-ပါး။ ။ (၁) ဖွပ်-စိရင်လို၍ ဖွတ်လျှော်ရခြင်း။ (၂) စိရင်-ဖြတ်လို၍ စိရင်ရခြင်း။ (၃) ဖြတ်-တွဲစပ်လို၍ ဖြတ်ရခြင်း။ (၄) တည်းစပ်-ချုပ်လို၍ တွဲစပ်ရခြင်း။ (၅) ချုပ်-ဆိုးလို၍ ချုပ်ရခြင်း။ (၆) ဆိုး-ဗိန္ဒုထိုးလို၍ ဆိုးရခြင်း။ (၇) ဗိန္ဒုထိုး-အဓိဋ္ဌာန်တင်လို၍ ဗိန္ဒုထိုးရခြင်း။ ဤကားပုဗ္ဗကရဏ ၇-ပါးတည်း။ ထိုနောက်မှ ကထိန်ခင်းရသည်။

## ၄၀-ကထိန်အာနိသင် ၅-ပါး

**၉၁။ အနာမန္တ၊ အသမာဒါ၊ ယာဝ, ဂဏ၊ ယောတတ္ထ၊ ပဉ္စအာနိသင်။**

ဤလက်ာဖြင့် ကထိန်ခင်းထိုက်သူအင်္ဂါ ၈-ပါးမှ အာနိသံသံ ဇာနာတိအရ ကထိန် အာနိသင်ငါးပါးကိုပြတော်မူ၏။

ကထိန်အာနိသင် ၅-ပါး။ ။ (၁) အနာမန္တ-အနာမန္တစာရော၊ ပင့်ဘိတ်အပ်သော ဘတ်ရှိသော ရဟန်းသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ အိမ်တပါးသို့သွားနိုင်၏။ စာရိတ္တသိက္ခာပုဒ်ဖြင့်အာပတ်မသင့်၊ ဤကား အနာမန္တအာနိသင် တပါးမည်၏။ အချို့ နေလွဲရွာဝင်မပန်ကြားဘဲ အပ်သည်ဟု စွဲလမ်းမှတ်ထားတတ်ကုန်၏။ (၂) အသမာဒါ-အသမာဒါနစာရော၊ အဓိဋ္ဌာန်တင်ထား

သော သက်န်းနှင့် ညဥ့်ကင်းနိုင်၏။ ဒုတိယကထိန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ ဤကား အသမာဒါနစာရ အာနိသင်မည်၏။ (၃) ယာဝဒတ္ထစီဝရံ၊ အမိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ထက် အလွန် အတိရေက သင်္ကန်းကို ထားနိုင်၏။ အာပတ်မသင့်။ ဤကား ယာဝဒတ္ထစီဝရ အာနိသင်မည်၏။ (၄) ဂဏ - ဂဏဘောဇနံ၊ ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ ဤကား ဂဏဘောဇန အာနိသင်တည်း။ ပရမ္ပရဘောဇန သိက္ခာ ပုဒ်ဖြင့် အာပတ်မသင့်ခြင်းကိုလည်း ဤ၌ပေါင်းအပ်၏။ (၅) ယောတတ္ထ- ယောတတ္ထစီဝရုပ္ပါဒေါ၊ ကထိန်ခင်းသော ကျောင်းတိုက် ဝါဆိုခေတ်အတွင်း ရောက်လာသမျှ သံဃိက အဝတ်သင်္ကန်းတို့ကို အစိုးတရပိုင်ဆိုင်၏။ ယူနိုင်၏၊ ဘဏ္ဍာစားအပြစ်မရှိ။ ဤကား ယောတတ္ထ စီဝရုပ္ပါဒ အာနိသင် တည်း။ ဤအာနိသင် ငါးပါးတို့တွင် အသမာဒါနစာရ အာနိသင် မှတပါး ကြွင်းလေးပါးကို ကထိန်မခင်း သော်လည်း ပုရိမ ဝါကျွတ်သော ရဟန်း တို့အား တန်ဆောင်မုန်းလပြည့်အထိ ရကုန်၏။ ကထိန်ခင်းလျှင် တပေါင်းလပြည့်အထိ ရကုန်၏၊ (ဋီကာသစ်)။

အာနိသင်ရသူများ။ ။အလုံးစုံသော ပဌမဝါကပ်၊ ဝါပြတ်၊ ကျောင်းတပါး ဝါကျွတ်သူတို့သည် ပုရိမဝါကပ်သော ရဟန်းတို့၏။ ဂဏပူရက ဂိုဏ်းပြည့်ပုဂ္ဂိုလ်တို့ကား ဖြစ်ကုန်၏။ အာနိသင်ကို မရကြကုန်၊ အာနိသင်သည် ပုရိမဝါ ကပ်သော ရဟန်းတို့အားသာဖြစ်၏၊ ပုရိမဝါကပ် သူတို့သည်၊ လေးပါး သုံးပါး၊ နှစ်ပါး၊ တပါးဖြစ်ကုန်အံ့၊ တပါးသော ရဟန်းတို့ကို ဂဏပူရက ပြု၍ ကထိန်ခင်းအပ်၏။ ရဟန်း လေးပါး နှင့် အသက်ပြည့်သော သာမဏေ တပါး ဝါကပ်အံ့၊ သာမဏေသည် ပဌမဝါ၌ရဟန်းပြုအံ့၊ ဂဏပူရက လည်းဖြစ်၏၊ အာနိသင်လည်း ရ၏၊ ပုရိမဝါကပ်သော ကြောင့်ဟူလို။ ရဟန်း သုံးပါး နှင့် သာမဏေ နှစ်ပါး၊ ရဟန်း နှစ်ပါး နှင့် သာမဏေ သုံးပါး၊ ရဟန်း တပါးနှင့်သာမဏေ လေးပါး ဝါကပ်ရာ၌လည်း ဧသေဝနယော။ ပုရိမဝါကပ်သူတို့သည် ကထိန် ခင်းခြင်း၌ မကျွမ်းကျင် ကုန်အံ့၊ ကျွမ်းကျင်သော

ခန္ဓဆောင်မထေရ်တို့ကို ရှာ၍ ပင့်ဆောင်အပ်ကုန်၏။ ထိုမထေရ်တို့သည် ကမ္မဝါစာဘတ်၍၊ ကထိန်ခင်းစေ၍၊ လှူဒါန်းသည်ကို ဘုန်းပေး၍ကြွသွားကုန်လတ္တံ့၊ အာနိသင်ကား ပုရိမာဝါကပ်သော အာဝါသိကတို့အားသာဖြစ်၏။ (မဟာဝါအဋ္ဌကထာ)။

**၄၁-ကထိန်နုတ် မာတိကာ ၈-ပါး၊ ပလိဗောဓဖြတ်ပုံ ၈-မျိုး**

၉၂။ ပတ်, နိဋ္ဌ, သန်,နာ၁၊ သ,အာသာ၂၊သိမာ,သဟုဗ္ဘာရ်။
၉၃။ ဖိ, အာ, တူ,အာ၆၊ စိ,အာ၂၊ စိ,တူ၂၊ ရှေးပြတ်စဉ်တိုင်းယူ။

ဤလက်ာဖြင့် ကထိန်ခင်းထိုက်သူ အင်္ဂါ ၈-ပါးတည်းမှမာတိကံ ဇာနာတ်၊ ပလိဗောဓံ ဇာနာတ်အရ မာတိကာရှစ်ပါး၊ ပလိဗောဓ ပြတ်ပုံ ၈-ပါးကို ပြတော်မူ၏။

မာတိကာ ၈-ပါး၊ ပြတ်ပုံ ၈-မျိုး။ ။ (၁) ပက်,စိ-ဖဲသွားခြင်း အဆုံးရှိသော ပက္ကမန္တိက ကထိန်နုတ်ခြင်း ဖြစ်၏၊ စီဝရပလိဗောဓ အရင်ပြတ်၊ အာဝါသ ပလိဗောဓနောက်မှပြတ်၏။ ပြတ်ပုံ-ကထိန်ခင်းပြီးသော ရဟန်းသည် ချုပ်ပြီးသင်္ကန်းကိုယူ၍ (စီပြတ်) ကထိန်ခင်းသော ဤကျောင်းသို့ တဘန် မလာတော့ပြီဟု ဖဲသွား၏ (အာပြတ်)၊ ထိုရဟန်းအား ပက္ကမန္တိက ကထိန်နုတ်ခြင်း ဖြစ်၏။

(၂)နိဋ္ဌ,အာ-သင်္ကန်းပြီးခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း၌ အာ, အရင်ပြတ်၊ စီ, နောက်မှ ပြတ်၏။ ပြတ်ပုံ- ကထိန်ခင်းပြီး သော ရဟန်းသည် ကထိန်မှရသော မချုပ်ရသေးသောသင်္ကန်းလျာ အဝတ်စကိုယူ၍ ကထိန်ခင်းသော ကျောင်းမှ ထွက်သွား၏၊ ကျောင်းပြင်ဘက် ရောက်သောအခါ ဤအရပ်၌ သင်္ကန်းလျာ အဝတ်စကို သင်္ကန်းချုပ်တော့အံ့၊ ကထိန်ခင်းသော ကျောင်းသို့ မပြန်တော့အံ့ဟု စိတ်ဖြစ်၏ (အာပြတ်)၊ ထိုနောက်ချုပ်စေ၏၊ (စီပြတ်)၊ထိုရဟန်း အား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းဖြစ်၏။

(၃)သန်,တူ-သင်္ကန်းမချုပ်မီ ကထိန်ခင်းသောကျောင်းသို့တဘန် မပြန်တော့အံ့ဟု စိတ်ဖြင့် ဆုံးဖြတ်ခြင်း ရှိသော သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း၌ စီ,အာပြိုင်တူပြတ်၏။ ပြတ်ပုံ-ကထိန်ခင်းပြီးသော

ရဟန်းသည် ကထိန်မှရသော မချုပ်ရသေးသော သင်္ကန်းလျာ အဝတ်စကို ယူ၍ ကထိန် ခင်းသော ကျောင်းမှ ဖဲသွား၏၊ ကျောင်းပြင်ပရောက်သောအခါ ဤသင်္ကန်းလျာ အဝတ်စကိုလည်း မချုပ်တော့ပြီ၊ ကထိန်ခင်းသော ကျောင်းသို့လည်း မပြန်တော့ပြီဟု စိတ်ဖြစ်၏၊ (စီ, အာ, ပြိုင်တူပြတ်) ထိုရဟန်းအား **သန္နိဋ္ဌာနန္တိက** ကထိန်နုတ်ခြင်းဖြစ်၏။

(၄)**နာ,အာ**- သင်္ကန်း ပျောက်ခြင်း အဆုံးရှိသော နာသနန္တိက ကထိန်နုတ်ခြင်း၌ အာ, အရင်ပြတ်၊ စီ, နောက်မှပြတ်၏၊ ပြတ်ပုံ- ကထိန်ခင်းပြီးသော ရဟန်းသည် ကထိန်မှရသော မချုပ်ရသေးသော သင်္ကန်းလျာ အဝတ်စကိုယူ၍ ကထိန်ခင်းသော ကျောင်းမှ ဖဲသွား၏၊ ကျောင်းပရောက်သောအခါ ဤအရပ်၌ပင် သင်္ကန်း ချုပ်တော့အံ့၊ ကထိန်ခင်းသော ကျောင်းသို့မပြန်တော့အံ့ဟု အကြံ ဖြစ်၏၊ (အာ,ပြတ်) အကြံဖြစ်သောအတိုင်း ပြင်ပ၌ချုပ်စဉ် သင်္ကန်း ပျောက်သွား၏။ (စီ,ပြတ်) ထိုရဟန်းအား **နာသနန္တိက** ကထိန် နုတ်ခြင်းဖြစ်၏။

(၅)**သ, စီ**-ကထိန် ခင်းသော ကျောင်း၌ သံဃာသည် ကထိန် နုတ်ပြီဟု ကြားခြင်း အဆုံးရှိသော သဝနန္တိက ကထိန်နုတ်ခြင်း၌ စီ,အရင်ပြတ်၊ အာ,နောက်မှပြတ်၏၊ ပြတ်ပုံ- ကထိန်ခင်းပြီးသော ရဟန်းသည် ကထိန်မှရသော မချုပ်ရသေးသော သင်္ကန်းလျာ အဝတ်စကိုယူ၍ ကထိန်ခင်းသော ကျောင်းသို့ ပြန်လာဦးမည်ဟု ဖဲသွား၏၊ ကျောင်းပြင်ဘက်ရောက်သောအခါ ကထိန်လျာအဝတ်စ ကိုချုပ်၏၊ (စီ,ပြတ်) ထိုနောက် ကထိန်ခင်းသော ကျောင်း၌ ကထိန်နုတ်ပြီဟု ကြား၏၊ (အာ,ပြတ်)၊ ထိုရဟန်းအား **သဝနန္တိက** ကထိန်နုတ်ခြင်းဖြစ်၏။

(၆)**အာသာ,အာ**-ဤမည်သော အမျိုးမှ သင်္ကန်းလျာ အဝတ်စ ရလတ္တံ့ဟူသော အလိုအာသာပြတ်ခြင်းရှိသော အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း၌ အာ, အရင်ပြတ်၊ စီ, နောက်မှပြတ်၏။ ပြတ်ပုံ- ကထိန်ခင်းပြီးသော ရဟန်းသည် ကထိန်ကရသော သင်္ကန်းလျာ

အဝတ်စဖြင့် သင်္ကန်းမချုပ်လောက်၍ သင်္ကန်းလျာအဝတ်စ ရနိုးရာ အရပ်သို့သွား၏၊ ကျောင်းပြင်ဘက် ရောက်သောအခါ ဤအရပ်ကပင် သင်္ကန်းလျာ အဝတ်စရနိုးရာသို့ ကပ်တော့အံ့၊ ကထိန်ခင်းသော ကျောင်းသို့ မပြန်တော့အံ့ဟု အကြံဖြစ်၏။ (အာ, ပြတ်)၊ ထိုနောက် ရနိုးရာအရပ်သို့ကပ်သော် မရတော့သဖြင့် ရနိုးခြင်း အာသာ, ပြတ်၏။ (စီ,ပြတ်)၊ ထိုရဟန်းအား **အာသာဝစ္ဆေဒိက** ကထိန်နှုတ်ခြင်းဖြစ်၏။

(၇)**သိမာ**, စီ–တပေါင်းလပြည့်ဟု ဆိုအပ်သော အပိုင်းအခြားကိုလွန်ခြင်းရှိသော **သိမာတိက္ကမန္တိက** ကထိန်နှုတ်ခြင်း၌ စီ,အရင်ပြတ်၊ အာ,နောက်မှ ပြတ်၏။ ပြတ်ပုံ–ကထိန်ခင်းပြီးသော ရဟန်းသည် ကထိန်မှရသော မချုပ်ရသေးသော သင်္ကန်းလျာ အဝတ်စကိုယူ၍ ကထိန်ခင်းသော ကျောင်းသို့ ပြန်လာဦးမည်ဟု ဖဲသွား၏၊ ကျောင်းပြင်ဘက် ရောက်သောအခါ အဝတ်စကို သင်္ကန်းချုပ်၏၊ (စီ, ပြတ်)၊ချုပ်ပြီးသော် ပြန်မည်ပြန်မည်နှင့်ပင် ကထိန်နှုတ်ခြင်းကို လွန်သွား၏၊ အာ,ပြတ်)၊ ထိုရဟန်းအား **သိမာတိက္ကန္တိက** ကထိန်နှုတ်ခြင်းဖြစ်၏။

(၈) **သဟုဗ္ဘာရ်**, တူ– ရဟန်း တို့နှင့် အတူ နှုတ်ခြင်း ရှိသော သဟုဗ္ဘာရ ကထိန်နှုတ်ခြင်း၌ စီ, အာပြိုင်တူပြတ်၏။ ပြတ်ပုံ–ကထိန်ခင်းပြီးသော ရဟန်းသည် ကထိန်မှရသော မချုပ်ရသေးသော သင်္ကန်းလျာ အဝတ်စကိုယူ၍ ပြန်လာဦးမည်ဟု ကထိန်ခင်းသော ကျောင်းမှ ဖဲသွား၏၊ ကျောင်းပြင်ရောက်သော် သင်္ကန်း ချုပ်၏၊ ချုပ်ပြီး၍ ကထိန်ခင်းသော ကျောင်းသို့ပြန်သော် ကထိန်နှုတ်သော ကာလကို မှီ၏၊ ထိုရဟန်းအား **သဟုဗ္ဘာရ** ကထိန်နှုတ်ခြင်းဖြစ်၏။

အန္တရုဗ္ဘာရကထိန်နှုတ်ခြင်း။ ။ကထိန်ခင်းပြီးသော ရဟန်းသည် ကျောင်းပြင်ပသို့ မသွားဘဲ တပေါင်းလပြည့်အတွင်း ရဟန်းတို့နှင့် အတူ ကမ္မဝါစာဖြင့် ကထိန်နှုတ်၏။ ထိုရဟန်းအား **အန္တရုဗ္ဘာရ** ကထိန်နှုတ်ခြင်းဖြစ်၏။

## ၄၂-သင်္ကန်း၉-ထည်၊ ဆိုးရည်ဗိန္ဒုမပြ-၄

**၉၄။ တိစီဝရိက်[၃]၊ နိ,မာ,အိပ်[၃]၊ မျက်,ပရိက်,မိုးသ်း[၃] သင်္ကန်းကို။**

**၉၅။ နိ,အိပ်,မျက်,ပ[၄]၊ လေးထည်မျှ၊ မပြဆိုးဗိန္ဒု။**

ဤလင်္ကာ ၂-ပုဒ်ဖြင့် သင်္ကန်း ၉-ထည်သရုပ်ကိုလည်း၊ ကပ္ပဗိန္ဒု မထိုးဘဲ ဆိုးရေမဆိုးဘဲ သုံးခြင်းငှာအပ်သော သင်္ကန်း ၄-ထည် သရုပ်ကိုလည်း ပြတော်မူ၏။

**သင်္ကန်း၉-ထည်။** ။တိစီဝရိက်-ဒုကုဋ်၊ကိုယ်ရုံ၊သင်းပိုင် ဟူသော သင်္ကန်း ၃-ထည်။ နိ-နိသီဒိုင်တထည်။ မာ-အမာလွှမ်း တထည်။ အိပ်-အိပ်ရာခင်းတထည်။ မျက်-မျက်နှာသုတ်ပုဝါတထည်။ ပရိက်-လက်အိတ်ပုဝါ,သပိတ်အိတ်စသောသုံးစရာအဝတ်။မိုးသ်း-မိုးသ်းရေခံ တထည် အားဖြင့် သင်္ကန်း ၉-ထည်ဖြစ်၏။ ထိုတွင် နိသီဒိုင်, အိပ်ရာခင်း, မျက်နှာသုတ်ပုဝါ,ပရိက္ခာရ စောဠ၊ ဤလေးထည်တို့၌ ဆိုးရည်ဆိုးပုံ,ကပ္ပဗိန္ဒုထိုးပုံကို ကျမ်းဂန်တို့၌မပြ။အပ်၏။

## ၄၃-အဓိဋ္ဌာန်တင် ၉ ထည်စီ ၆၊ အများ ၃

**၉၆။ တိစီဝရာ[၃]၊မိုးသ်း,နိ,မာ,[၃]၊ ဓိဋ္ဌာ-တထည်စီ။**

**၉၇။ ပ,မျက်,အိပ်ရာ[၃]၊ သုံးမျိုးသာ၊ များစွာတင်နိုင်သည်။**

ဤလင်္ကာ ၂-ပုဒ်ဖြင့် တထည်စီ အဓိဋ္ဌာန် တင်ထားနိုင်သော သင်္ကန်း ၆-ထည်ကိုလည်း၊ အထည်ပေါင်းများစွာ အဓိဋ္ဌာန်တင် ထားနိုင်သော သင်္ကန်း ၃-မျိုးကိုလည်း ပြတော်မူသည်။

**အဓိပ္ပါယ်။** ။သံဃာဋိစသောအမည်ဖြင့် တိစီဝရိက်၊မိုးသ်းရေခံ၊ နိသီဒိုင်၊ အမာလွှမ်း ဤ-ခြောက်ထည်ကို တမျိုးလျှင် တထည် အဓိဋ္ဌာန် တင်ရသည်၊ပရိက္ခာရစောဠ၊မျက်နှာသုတ်ပုဝါ၊အိပ်ရာခင်း ဤသုံးထည်ကို တမျိုးလျှင် တထည်မကများစွာတင်ရသည်။ပရိက္ခာရ စောဠအမည်ဖြင့် ကိုးထည်လုံး များစွာအဓိဋ္ဌာန်တင်ထားနိုင်သည်။

**အဓိဋ္ဌာန်တင်ဘွယ်မလိုသောပစ္စည်းများ။** ။ညောင်စောင်းပေါ်၌ ခင်းသော ဘုံလျှို၊ အင်းပျဉ်ပေါ်၌ခင်းသောဘုံလျှို၊ ခေါင်းအုံး၊

ပါဝါရခေါ် စုလျားတဘက်၊ (စုလျားဈတိ, အပေါ်တင်ဝ၊ ပုဆိုးဈတိ ဝိဇာနိယာ) ကော်ဇော- ဤပရိက္ခရာတို့၌ရင်း၊ ကျောင်းအသုံးအဆောင် အကျိုးငှာ လှူသော အိပ်ရာခင်း၌ရင်း အဓိဋ္ဌာန်တင်ဘွယ်မရှိ။ ကခ်ါ။ ။ကျောင်းအသုံးအဆောင်အကျိုးငှာဟူသော စကားဖြင့် မိမိဥစ္စာကိုပယ်သည်။ ဘုံလျှို၊ ခေါင်းအုံး၊ ခြုံထည်၊ ကော်ဇောတို့လည်း ကျောင်းအသုံးအဆောင်ဖြစ်သောကြောင့်သာ အဓိဋ္ဌာန် တင်ဘွယ်မရှိဟု သိအပ်၏။ ဋီကာသစ်။ ။သေနာသနပရိက္ခာရဏ္ဍာယ ဒိန္နပစ္စတ္ထရဏေစ အဓိဋ္ဌာနကိစ္စံ နတ္ထိ- ဟူသော ကခ်ါ၌ မဝတ်မရုံမူ၍ ညောင်စောင်း အင်းပျဉ်၌သာ ခင်း၍ သုံးဆောင်သော အိပ်ရာခင်းကို အတ္တသန္တကပင် ဖြစ်သော်လည်း အဓိဋ္ဌာန်မတင်ဘဲပင် အပ်၏။ ထိုသို့ပင်ဆိုသော်လည်း ပစ္စတ္ထရဏံပိ အဓိဋ္ဌာတဗ္ဗမေဝ-ဟု သာမညအဋ္ဌကထာ လာသောကြောင့် အတ္တသန္တကဖြစ်မူ အဓိဋ္ဌာန်တင်အပ်၏-ဟု သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ဋီကာသစ်၌လည်း သေနာသနပရိက္ခာရဏ္ဍာယ ဒိန္နပစ္စတ္ထရဏာဋ္ဌာတိ ဈမ်နာ အတ္တနော သန္တကေ ပဋိက္ခိပတိ-ဟု မိန့်အပ်ပြီ။ဝိနယသာရဂဏ္ဌိ။ ။ဘုံလျှို၊ ခေါင်းအုံး၊ခြုံထည်၊ကော်ဇောများသည် ပုဂ္ဂလိကပင် ဖြစ်သော်လည်း သေနာသန အသုံးအဆောင်ဖြစ်သောကြောင့် အဓိဋ္ဌာန်တင်ဘွယ်မလို၊ သို့ဖြစ်လျှင် ခေါင်းအုံးစွပ်,ခြင်ထောင်များလည်း ဤနည်းဖြစ်နိုင်စရာရှိ၏၊ သို့သော် ထိုပစ္စည်းများကိုဖျက်၍ သင်္ကန်းလုပ်လျှင် ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ထား၍ မလွန်နိုင်ပါ၊ ကခ်ါဘာသာဋီကာ။

## ၄၄-အဓိဋ္ဌာန်ပျက်ကြောင်း ၈-ပါး

၉၁။ ထွက်,ယူ,ပေး,လု[၁]၊မစွ,လိင်ပြန်[၂]၊အဓိဋ္ဌာန်ချ[၃]၊သိက္ခာကျ[၄]၊
အဌ-ဓိဋ္ဌာန်ပျက်ကြောင်းတည်း။

ဤလင်္ကာဖြင့် သင်္ကန်း ၉-ထည်လုံးနှင့် ဆိုင်သော အဓိဋ္ဌာန်ပျက်ကြောင်း အင်္ဂါ ၈-ပါးကို နိဿဂ္ဂိပါစိတ် ပဌမကထိန သိက္ခာပုဒ်အဖွင့် အဋ္ဌကထာကြီးနှင့်အညီ ပြတော်မူသည်။

**အင်္ဂါ ၈-ပါး။** ။အဓိဋ္ဌာန်တင်ထားသောသက်န်း၉-ထည်သည်-

(၁) **ထွက်**-သင်္ကန်းကိုမငှဲ့ဘဲ အသွင်စွန့်၍ လူထွက်ခြင်း။ (ဤ၌-လူထွက်ခြင်းကို သိက္ခာမချဘဲ သင်္ကန်းမငှဲ့မူ၍ လူထွက်ခြင်းကို ယူသည်၊ ဘိက္ခုနီလူထွက်ရာ၌ ဆိုဘွယ်မရှိ)။

(၂) **ယူ**-အကျွမ်းဝင်သဖြင့် ယူသွားခြင်း။
(၃) **ပေး**-သူတပါးတို့အား ပေးခြင်း။
(၄) **လု**-ခိုးသူစသည်တို့ လုယက်၍ယူခြင်း။
(၅) **မစ္ဆု**-သေခြင်း။
(၆) **လိင်ပြန်**-လိင်ပြန်ခြင်း။
(၇) **အဓိဋ္ဌာန်ချ**-အဓိဋ္ဌာန်ချခြင်း။
(၈) **သိက္ခာကျ**-အန္တိမရောက်၍ သိက္ခာကျခြင်း။ ဝါ၊ သိက္ခာချ၍ သိက္ခာကျခြင်း။

ဤအကြောင်း ရှစ်ပါးကြောင့် အဓိဋ္ဌာန်ကိုစွန့်၏။ ။(ဘိက္ခု ဝိဘင်းအရသာ)။

**ထွက်-၌ ဝါဒအမျိုးမျိုး။** ။ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ၌ အညဿဒါနေန, အစ္ဆိန္ဒိတ္တွာ ဂဟဏေန, ဝိဿာသဂ္ဂါဟေန, ဟီနာယာဝတ္တနေန, သိက္ခာပစ္စက္ခာနေန, ကာလကိရိယာယ, လိင် ပရိဝတ္တနေန, ပစ္စုဒ္ဓရဏေန, ဆိဒ္ဒဘာဝေန ဟုရှိသည်၊ ထိုတွင်....

ဟီနာယာဝတ္တန-ဟူသည် သိက္ခာမချဘဲ လူထွက်ခြင်းဟု ဂဏ္ဌိ၌ ဆို၏။ သာရတ္ထ၌ သိက္ခာပစ္စက္ခာနေန-ဟူသည် ရဟန်းအသွင်၌ တည်လျက် သိက္ခာကို စွန့်သောရဟန်း၏ကိုယ်၌ မှီသော သင်္ကန်း လည်း အဓိဋ္ဌာန်ကိုစွန့်၏ဟု ဆိုသည်။ ဝိမတိ၌ ဟီနာယာဝတ္တန-ဟူသည် အန္တိမဝတ္ထုသို့ရောက်၍ ဘိက္ခုဟု ဝန်ခံသဖြင့်တည်သူ၊ တိတ္ထိယပက္ကန္တက၊ ရဟန်းအဖြစ်၌ ငဲ့ကွက်ခြင်းကင်းသောဘိက္ခုနီ၏ လူ့အသွင်, တိတ္ထိအသွင် ယူခြင်းဟုဆိုသည်၊ ဤသို့ ဝါဒအမျိုးမျိုး ဆိုတော်မူကြ၏။

**အဆုံးအဖြတ်။** ။ဟီနာယာဝတ္တနေန, သိက္ခာပစ္စက္ခာနေန, ဟု အဋ္ဌကထာဆရာ သီးခြားဆိုသောကြောင့် လူထွက်သော်,သိက္ခာကို

စွန့်သော် သက်န်းသည် အဓိဋ္ဌာန်ကိုစွန့်၏။ သိက္ခာကို စွန့်သော် လူမထွက်သော်လည်း သက်န်းသည် အဓိဋ္ဌာန်ကိုစွန့်၏-ဟူသော အဋ္ဌကထာ အဓိပ္ပါယ်လည်း သင့်၏။ သင့်ပုံ.... သိက္ခာမစွန့်ဘဲ လူအဖြစ်သို့ ရောက်သော ရဟန်းအား ရဟန်းအဖြစ် ရှိသေး၏၊ သက်န်းလည်း အတ္တသန္တကအဖြစ်ကို မစွန့်သေး၊ ထိုသို့ပင်ဖြစ်သော်လည်း "ဟီနာယာဝတ္တနေန" ဟု အဋ္ဌကထာ မိန့်သောကြောင့် လူအဖြစ်သို့ရောက်သဖြင့် အဓိဋ္ဌာန်စွန့်ခြင်း ဖြစ်သင့်၏။ လူအဖြစ်သို့ မရောက်ဘဲ သိက္ခာကိုစွန့်သောရဟန်းအား ရဟန်းအသွင်ရှိသေး၏၊ သက်န်းလည်း အတ္တသန္တကအဖြစ်ကို မစွန့်သေး၊ ထိုသို့ပင်ဖြစ်သော်လည်း "သိက္ခာပစ္စက္ခာနေန"ဟု အဋ္ဌကထာ မိန့်သောကြောင့် သိက္ခာပစ္စက္ခာနဖြစ်လျှင် အဓိဋ္ဌာန်စွန့်ခြင်းပင် ဖြစ်သင့်၏။

ထို့ကြောင့် လူထွက်လိုသောစိတ်ဖြင့် လူ၏အသွင်ကို ယူသော်ငင်း၊ ရဟန်းအသွင်၌ တည်လျက် သိက္ခာကိုစွန့်သော်ငင်း သက်န်းသည် အဓိဋ္ဌာန်ကိုစွန့်၏-ဟု သန္နိဋ္ဌာန်ချ မှတ်အပ်၏။ ဝိနယသာရဂဏ္ဌိ အဆုံးအဖြတ်။

### ၄၅-အဓိဋ္ဌာန်ပျက်ကြောင်း ၅-ထည်၌ ၉-ပါးစီ
### နိ,အိပ်,ကျပ်,ပ, ၄-ထည်၌ ၈-ပါးစီ

၉၉။ လက်သန်းသည်းလောက်၊ တိစီပေါက်၊ ထည့်လှောက်ကိုးပါးတည်း။

၁၀၀။ မိုဃ်းလ,မကျန်၊ မိုဃ်းရေခံ၊ ထည့်ပြန်ကိုးပါးတည်း။

၁၀၁။ ရောဂါခံနှံကျန်း၊ အမာလွှမ်း၊ ဖြည့်စွမ်းကိုးပါးတည်း။

ဤလက်ာဖြင့် တိစီဝရိက်၊ မိုဃ်းရေခံ၊ အမာလွှမ်း, ဤငါးထည်တို့၌ အဓိဋ္ဌာန်ကျကြောင်း ၉-ပါးစီ၊ ကျန် နိသီဒိုင်, အိပ်ရာလွှမ်းမျက်နှာသုတ်ပုဝါ, ပရိက္ခာရစောဠ ဤလေးထည်တို့၌ ၈-ပါးစီ ရှိသည်ဟု ပြတော်မူ၏။

ငါးထည်၌ ၉-ပါးစီ။ ။တိစီဝရိက်၌ လက်သန်း၏ လက်သည်းခွံမျှ ပေါက်လျှင် အဓိဋ္ဌာန်ကျ၏။ ယခင် ၈-ပါးနှင့်ပေါင်း၍ တိစီဝရိက်

အမိဋ္ဌာန်ပျက်ကြောင်း၉-ပါးဖြစ်၏။ ထုတ်ချင်းမပေါက်ဘဲ အလယ်၌ ချည်မျှင်တမျှင်မျှ မပြတ်ဘဲ ကျန်နေအံ့၊ စောင့်သေး၏။ ဒုကုဋ်, ကိုယ်ရုံ၌ အလျားစွန်းတထွာ၊ အနံစွန်း လက်ရှစ်သစ်၊ သင်းပိုင်၌ အလျားစွန်း တထွာ၊ အနံစွန်း လက်လေးသစ် ဤနေရာတို့၌ပေါက်လျှင် အမိဋ္ဌာန် မကျ၊ ထိုနေရာမှ အတွင်းအလယ်တို့၌ ပေါက်မှသာ အမိဋ္ဌာန်ကျသည်၊ အတိရေကသင်္ကန်းအရာ၌ တည်သည်၊ အပ်ဖြင့်ချုပ်ဖာ၍ တဖန်အမိဋ္ဌာန်တင်ရသည်။ မိုဃ်းရေခံသည် မိုဃ်းလေးလလွန်သောအခါ အမာလွှမ်းသည် အနာပျောက်သောအခါ အမိဋ္ဌာန်ကျသည်။ ယခင်ရှစ်ပါးနှင့်ပေါင်း၍ မိုဃ်းရေခံ အမိဋ္ဌာန်ကျကြောင်း ၉-ပါး၊ အမာလွှမ်းအမိဋ္ဌာန်ကျကြောင်း ၉-ပါး ဖြစ်၏။

လေးထည်၌ ၈-ပါးစီ။ ။နိသီဒိုင်၊ အိပ်ရာလွှမ်း၊ မျက်နှာသုတ်ပုဝါ၊ ပရိက္ခာရစောဠ ဤလေးထည်၌အမိဋ္ဌာန်ကျကြောင်း ၈-ပါးစီမှာ ထွက်,ယူ,ပေး,လု စသော ၈-ပါးပင်တည်း။

## ၄၆-သပိတ်အမိဋ္ဌာန်ကျကြောင်း ၉-ပါး

**၁၀၂။ ဆပ်ထမင်းလောက်၊ သပိတ်ပေါက်၊ ထည့်လျှောက်ကိုးပါးတည်း။**

ဤလင်္ကာဖြင့် သပိတ်အမိဋ္ဌာန်ကျကြောင်း ၉-ပါးကို ပြတော်မူ၏။

**သပိတ်အဓိဋ္ဌာန်ကျကြောင်း ၉-ပါး။** ။ရဟန်း၏ အမိဋ္ဌာန်တင်ထားသော သပိတ်သည် နခမ်းရစ်မှ အောက်၌ လက်နှစ်သစ်ရှိသော အရပ်မှစ၍ တခုခုသောအရပ်၌ ဆပ်ထမင်းလုံး ထွက်လောက်ရုံမျှ ပေါက်လျှင် အမိဋ္ဌာန်ကျ၏။ ယခင် ၈-ပါးနှင့် ပေါင်း၍ သပိတ်အမိဋ္ဌာန်ကျကြောင်း ၉-ပါးဖြစ်၏။

## ၄၇-တိံသ၌ ပြန်မပေးရ ၂-ခု၊ ပြန်မသုံးရ-၄၊ ပြန်သုံးရ-၂၄

**၁၀၃။ ရွှေငွေခံ,လဲ[၂]၊ နှစ်ခုတွဲ၊ ပြန်ဘဲ မပေးရ။**

**၁၀၄။ သန္ထတတေး[၃]၊ ရက်လွှန်ဆေး[၁]၊ ပြန်ပေး မသုံးရ။**

**၁၀၅။ အကြွင်းစစ်ဆေး၊ နှစ်ဆဲ့လေး[၂၇]၊ ပြန်ပေး သုံးစွဲရ။**
**၁၀၆။ သံဃာ့လယ်သာ၊ စွန့်ရပါ၊ သုံးဖြာ တွေ့ပါဠ။**

ဤလက်ာ ၄–ပုဒ်တို့တွင် ပဌမလက်ာဖြင့် နိဿဂ္ဂိယဖြစ်နေသော ပစ္စည်းတို့တွင် ဝိနည်းထုံးစံအတိုင်း စွန့်ပြီးနောက် အလျှင်း ပြန်မပေးရသော ပစ္စည်းတို့ကိုရင်း, ဒုတိယလက်ာဖြင့် ပြန်ပေးသော်မသုံးကောင်းသော ပစ္စည်းတို့ကိုရင်း, တတိယလက်ာဖြင့် ပြန်ပေးသော် သုံးစွဲကောင်းသော ပစ္စည်းတို့ကိုရင်း, စတုတ္ထလက်ာဖြင့် သံဃာ့အလယ်၌သာ စွန့်ရသော ပစ္စည်းသုံးမျိုးကိုရင်း ပြတော်မူ၏။

**ပြန်မပေးရသောပစ္စည်း ၂-မျိုး။** ။ရူပိယသိက္ခာပုဒ်အရ အလှူခံမိ၍ နိဿဂ္ဂိဖြစ်နေသော ရွှေ,ငွေ၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ ရွှေငွေဖြင့်လဲ၍ (ဝယ်၍) ရထားသော ပစ္စည်းအမျိုးမျိုး၊ ဤပစ္စည်းနှစ်မျိုးကို သံဃအလယ်၌သာစွန့်ရသည်၊ပြန်မပေးရ၊ဖျောက်ဖျက်ပစ်ရသည်။

**ပြန်မသုံးရသောပစ္စည်း ၄–မျိုး။** ။ကောသေယျ၊ သုဒ္ဓကာဠက၊ ဒွေဘာဂသိက္ခာပုဒ် သုံးခု၌လာသော အခင်း (သန္ထတ) ၃–ခု၊ ဘေသဇ္ဇသိက္ခာပုဒ်၌ အကပ်ခံပြီးနောက် ခုနစ်ရက်ကို လွန်သောဆေး၊ ဤပစ္စည်း လေးမျိုးကို သံဃ,ဂဏ,ပုဂ္ဂလ တဦးဦးထံ စွန့်ရသည်၊ ထိုတွင် အခင်း ၃–ခုကို ပြန်ပေးရသည်၊ အခင်းအတိုင်း မသုံးရ၊ သုံးလျှင် ဒုက္ကဋ်။ တစုံတခုပြုလုပ်၍ကား သုံးကောင်းသည်။ ရက်လွန်ဆေးကို ပြန်ပေးရသည်၊ မသုံးရ၊ (စားခြင်း, ကိုယ်လိမ်းခြင်းငှာ မအပ်၊ ဝဲ့ကွက်ခြင်းမရှိ စွန့်ပြီးနောက် ပြန်ရသောဆေးကို မျိုခြင်းငှာအပ်၏)။

**ပြန်သုံးရပစ္စည်း ၂၄-မျိုး။** ။နိဿဂ္ဂိ ၃၀–တို့တွင် ဆိုခဲ့ပြီး သိက္ခာပုဒ် ၆–ခုမှ (ရူပိယ,ရူပိယသံဝေါဟာရ, ကောသေယျ, သုဒ္ဓကာဠက, ဒွေဘာဂ,ဘေသဇ္ဇ သိက္ခာပုဒ် ၆-ခုမှ ကြွင်းသော နိဿဂ္ဂိသိက္ခာပုဒ် ၂၄-ခုတို့၌ သက်နှးစသော ပစ္စည်း ၂၄–မျိုးတို့ကို သံဃ,ဂဏ, ပုဂ္ဂလတဦးဦးထံ စွန့်ရသည်၊ ပြန်ပေးရသည်၊ သုံးစွဲကောင်းသည်)။

**သံဃအလယ် စွန့်ရသောပစ္စည်း ၃-မျိုး။** ။နိဿဂ္ဂိ ၃၀ တို့တွင် ရူပိယသိက္ခာပုဒ်အရ နိဿဂ္ဂိဖြစ်နေသော ရွှေငွေ၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ ဝယ်၍ရထားသော ပစ္စည်း၊ ဦန ပဉ္စ ဗန္ဓန သိက္ခာပုဒ်အရ သပိတ်ဟောင်းက ငါးဖွဲ့မပြည့်သေးဘဲ တောင်း၍ ရသောသပိတ်၊ ဤပစ္စည်း ၃-မျိုးကို သံဃာ့ အလယ်၌သာ စွန့်ရသည်၊ ကျန် ၂၇-မျိုးကို သံဃ,ဂဏ,ပုဂ္ဂလတဦးဦးထံ စွန့်ရသည်။

## ၄၈-အဝိဿဇ္ဇနိယ ၁၅-ပါး

**၁၀၇။ ရွာ,အိမ်,တိုက်,ပြ[၄]၊သာဒ,ဆောင်း,ပြည်း[၃]၊ လှေ,လှည်း, ကောက်နယ်[၃]၊ ရုံ,လယ်, လှင်ကွင်း[၃]၊ ပင်ရင်း, ကျောင်း အား[၂]၊ ပေါင်းဆဲ့ငါးသည်၊ မှတ်သား အဝိဿဇ္ဇနိယ တည်း။**

ဤလင်္ကာဖြင့် ဥဒ္ဒေါ်သိတ သိက္ခာပုဒ်အရ အဓိဋ္ဌာန် တင်ထားသော တိစီဝရိတ်သည် မိမိနှင့် နှစ်တောင့်ထွာမက ဝေးကွာနေသော်လည်း အပြစ်မရှိနိုင်သော (အဝိဿဇ္ဇနိယ) အရပ် ၁၅-ပါးကို ပြတော်မူ၏။

**အဝိဿဇ္ဇနိယအရပ် ၁၅-ပါး။** ။(၁)ရွာ၊ (၂)အိမ်၊ (၃)တိုက်-ဘဏ္ဍာတိုက်၊ ဝါ၊ ကုန်လှောင်ရုံ၊ (၄) ပြ-ပြအိုး၊ (၅) သာဒ-ပါသာဒ၊ ပြာသာဒ်ရှည်၊ (၆) ဆောင်း-တန်ဆောင်း၊ (၇) ပြည်း-ပြာသာဒ်ဦးပြည်း၊ (၈) လှေ၊ (၉) လှည်း၊ (၁၀) ကောက်နယ်-ကောက်နယ်တလင်း၊ (၁၁)ရုံ-သစ်သီးအရုံ၊ပန်းအရုံ၊ (၁၂)လယ်-(၁၃) လှင်ကွင်း - လှင်တီးခေါင်၊ (၁၄) ပင်ရင်း- သစ်ပင်ရင်း၊ (၁၅) ကျောင်း၊ ဤကား သင်္ကန်းထားရာ အရပ် ၁၅-ပါးတည်း။

**အဓိပ္ပါယ်။** ။ဤအရပ် ၁၅-ပါးကို ပါဠိတော်၌ ဧကူပစာရ၊ နာနူပစာရ၊ ဧကကုလ၊ နာနာကုလ လေးမျိုးတွဲ၍ ဟောတော်မူသည်။ ထိုတွင် အရံရှိသော (ရွာစသော) အရပ်သည် ဧကူပစာရမည်၏။ အရံမရှိသော (ရွာစသော) အရပ်သည် နာနူပစာရ

မည်၏။ ဒါယကာတယောက်တည်း ဆောက်သော ကျောင်းသည် ကေကုလကျောင်းမည်၏။ ဒါယကာအများဆောက်သောကျောင်း သည် နာနာကုလကျောင်းမည်၏။

(၁)ရွာ၌- ကေကုလ၏ရွာသည် ကျူပစာရဖြစ်အံ့၊ ရွာတွင်း၌ သက်န်းထား၍ ရွာတွင်း၌နေအပ်၏ နာနူပစာရဖြစ်အံ့၊ သက်န်း ထားရာအိမ်၌ နေအပ်၏၊ တနည်း ထိုသက်န်းထားရာအိမ်ကို ဟတ္ထ ပါသ်မှ မစွန့်အပ်။ ။နာနာကုလ ရွာသည် ကျူပစာရ ဖြစ်အံ့၊ သက်န်းထားရာအိမ်၌ငင်း၊ သဘင်စည်းဝေးရာ၌ငင်း တံခါးအနီး၌ ငင်းနေအပ်၏၊ တနည်းကား ထိုသဘင်,ထိုစည်းဝေးရာ,ထိုတံခါး အနီးကို ထက်ဝန်းကျင်နှစ်တောင်ထွာ ဟတ္ထပါသ်မစွန့်အပ်။သဘင်, စည်းဝေးရာသို့သွားသော ရဟန်းသည် ဟတ္ထပါသ်၌ သက်န်းကို ထား၍ သဘင်၌ငင်း, တံခါးအနီး၌ငင်း နေအပ်၏။ တနည်း ထို သဘင် ထိုစည်းဝေးရာတံခါး၏အနီးကို ဟတ္ထပါသ်မှ မစွန့်အပ်။

(၁၅)ကျောင်း၌-ကေကုလ၏ ကျောင်းသည် ကျူပစာရဖြစ်အံ့၊ ကျောင်းတွင်း၌ သက်န်းကို ထား၍ ကျောင်းတွင်း၌ နေအပ်၏။ နာနူပစာရဖြစ်အံ့၊ သက်န်းထားရာကျောင်း၌ နေအပ်၏။ တနည်း ဟတ္ထပါသ်ကို မစွန့်အပ်။ ။နာနာကုလ၏ ကျောင်းသည် ကျူ ပစာရဖြစ်အံ့၊ သက်န်းထားရာကျောင်းတံခါးအနီး၌မူလည်းနေအပ် ၏။ နာနူပစာရ ဖြစ်အံ့၊ သက်န်းထားရာ ကျောင်း၌ နေအပ်၏။ တနည်း ဟတ္ထပါသ်ကို မစွန့်အပ်၊ စွန့်လျှင် ရတ္တိဝိပ္ပဝါသ ဖြစ်၍ နိဿဂ္ဂိပါစိတ်သင့်၏။ အဝိပ္ပဝါသသိမ်တွင်း၌ ရဟန်းနှင့် သက်န်း ဝေးစေကာမူ ကင်းသည်မမည်။

ဝိနယဂုဋ္ဌတ္ထ။ ။ယခုအခါဝယ် ဒါယကာတယောက်တည်းသာ ဆောက်သော ကေကုလကျောင်း၊ ဒါယကာအများဆောက်သော နာနာကုလကျောင်း အဆောင်ဆောင်စသည် ရှိတတ်၏၊ ကေကုလ ကျောင်းအရာမ်ဖြစ်သော ကျူပစာရဖြစ်အံ့၊ အရာမ်တွင်းကို သော် ငင်း၊အရာမ်၏ ဟတ္ထပါသ်ကိုငင်း မစွန့်မူ၍ နေခြင်းငှာ အပ်၏။ ကေကုလကျောင်း နာနူပစာရဖြစ်အံ့၊ အကြင်ကျောင်း၌ သက်န်း

ထား၏၊ ထိုကျောင်း၏ ဟတ္ထပါသ်ကို မစွန့်အပ်။ နာနာကုလကျောင်း ကေူပစာရဖြစ်အံ့၊ အရာမ်၏အတွင်း အလိုရှိရာ အရပ်၌သော်၎င်း၊ အရာမ်၏ဟတ္ထပါသ်၌သော်၎င်း နေအပ်၏။နာနာကုလကျောင်း နာနူပစာရ ဖြစ်အံ့၊ အကြင်ကျောင်း၌ ထား၏၊ ထိုကျောင်း၏၊ ဝါ၊ ထိုအဆောင်၏ ဟတ္ထပါသ်ကို မစွန့်အပ်ပေ။ စွန့်မူ ရတ္တိဝိပ္ပဝါသ ဖြစ်၍ နိဿဂ္ဂိယပါစိတ် အာပတ် သင့်၏ဟု ဝိနယဂုဠ္ဌတ္ထ၌ ဆို၏။

## ၄၉-သက်န်းဖြစ်ရာမာတိကာ ၈-ပါး ရှူရာသိမ် ၁၅-လုံး

**၁၀၈။ သိမာ, ကတိကာ၊ ဘိက္ခာပညပ်၊ သံဃဿနှင့်၊ ဥဘတော သံဃံ၊ ဝဿံဝုတ္ထ၊ အာဒိဿ၊ ပုဂ္ဂလ ရှစ်မာတိ။**

**၁၀၉။ ခဏ်,ဥ,သမာ၊ အဝိပ်,လာ၊ ဂါမာ,နိ,နဂ ။**

**၁၁၀။ အဗ္ဘန်,ဥဒ,၊ ဇ,ရဋ္ဌ၊ ရဇ္ဇ,ဒီ,စက္က။**

**၁၁၁။ သိမ်မာတိကာ၊ လှူနေရာ၊ စိတ်ဖြာဆဲ့ငါးပြ။**

ဤလက်ာ ၄-ပုဒ်တို့တွင် ပ-လက်ာဖြင့် တတိယကထိနသိက္ခာပုဒ် ဥပ္ပန္နေယျပုဒ်အတွင့် အထဝါနည်းအရ သက်န်းဖြစ်ရာ မာတိကာ ၈-ပါးကို၎င်း၊ဒု-တ-စ-လက်ာဖြင့် ယင်းမာတိကာ ရှစ်ပါးမှ သိမာအရ လှူရာသိမ်အပြား ၁၅-ပါးကို၎င်း ပြတော်မူ၏။

**သက်န်းဖြစ်ရာမာတိကာ ၈ ပါး။** ။သိမ်အားလှူခြင်း၊ ကတိကဝတ်ပြုသော ကျောင်းအားလှူခြင်း၊ဆွမ်းပညပ်ရာ အရပ်အားလှူခြင်း၊ သံဃာအားလှူခြင်း၊ ဥဘတောသံဃာအားလှူခြင်း၊ ဝါမှထသော သံဃာအားလှူခြင်း၊ရည်မှန်းပိုင်းခြား၍လှူခြင်း၊ ပုဂ္ဂိုလ်အားလှူခြင်း၊ ဤကား မာတိကာရှစ်ပါးတည်း။ ထိုရှစ်ပါးတို့တွင် သိမာယဒေတိ ဟု သိမ်ကိုသုံးသပ်၍ လှူခြင်းသည် သိမ်အားလှူခြင်းမည်၏။ ကျန်မာတိကာတို့၌ ဤနည်းအတိုင်းသိလေ။

(၁) လှူရာသိမ်အပြား ၁၅-ပါး။ ။သိမ်အား လှူခြင်း၌ သိမ်သည် ခဏ္ဍသိမ်၊ ဥပစာရသိမ်၊ သမာနသံဝါသကသိမ်၊ အဝိပ္ပဝါသသိမ်၊ လာဘသိမ်၊ ဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်၊ အဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်၊ ဇနပဒသိမ်၊ ရဋ္ဌသိမ်၊ ရဇ္ဇသိမ်၊ ဒီပသိမ်၊ စက္ကဝါဠသိမ်၊ဤသို့ ၁၅-မျိုးပြား၏။ ထိုတွင်....

ခဏ္ဍသိမ်။ ။ခဏ္ဍသီမာယ ဒေမ-ဟုဆို၍ လှူသော လာဘ်သည် ခဏ္ဍသိမ်တွင်းရှိ ရဟန်းတို့အားရောက်၏၊ သိမ်ပ,သိမ်ကြား၌ရှိသော ရဟန်းတို့အား မရောက်။

ဥပစာရသိမ်။ ။ဥပစာရသီမာယ ဒေမ-ဟုဆို၍လှူသော လာဘ်သည် ဥပစာရသိမ်တွင်း ခဏ္ဍသိမ်၌ သိမ်ကြား၌ရှိသော သူတို့အားလည်း ရောက်၏။ ။ဤဥပစာရ သိမ်ကို အရံရှိသော ကျောင်းတိုက်၌ အရံဖြင့် ပိုင်းခြားအပ်၏၊အရံမရှိလျှင် အရံထိုက်ရာ ခဲတကျဖြင့် ပိုင်းခြားအပ်၏။ တနည်း-အစွန်ဖြစ်သော ရဟန်းတို့ အမြဲစည်းဝေးရာ အရပ်မှဎင်း, ဆွမ်းစား ကျောင်းမှဎင်း, အမြဲနေရာ ကျောင်းမှဎင်း အားအလတ်စား ရှိသူ၏ ခဲနှစ်ကျ အတွင်းသည် ဥပစာရသိမ်မည်၏။ (သာရတ္ထဋီကာ၌-ခဲတကျအတွင်း ဥပစာရသိမ်ဟုပြပြီး၍ ခဲနှစ်ကျအတွင်းလည်း ဥပစာရသိမ်ဟု ပြခြင်းကား တနည်း ထပ်ဆိုခြင်း ဖြစ်သည်ဟု ဆို၏)။ ဤဥပစာရ သိမ်သည် ကျောင်းပွါးလျှင် ရဟန်းပွါးလျှင် ယူဇနာတရာ သော်လည်း ကျယ်၏၊ ယုတ်လျှင် ကျဉ်း၏။

ဥပစာရ သိမ်ဖြင့် ပိုင်းခြား ရသော အရာများ။ ။ဘိက္ခုနီမတို့၏ ရဟန်းယောကျ်ားများ ရှိရာအရံတွင်းသို့ ဝင်ခြင်းကို ပန်ကြားခြင်း၊ ဘိက္ခုနီမတို့၏ ကျောင်းအိပ်ရာ, နေရာ ပန်ကြားခြင်း၊ ပရိဝတ်ကြားခြင်း၊ မာနတ်ကြားခြင်း၊ ဝါဖြတ်ခြင်း၊ နိဿယည်းယူခြင်း၊ နိဿယည်းငြိမ်းခြင်း၊ ကျောင်းခံခြင်းစသည်ကို ဤဥပစာရသိမ်ဖြင့် ပိုင်းရသည်။ဋီကာသစ်၌ ရဟန်းယောကျ်ားတို့၏ ကျောင်း အိပ်ရာနေရာ ပန်ကြားခြင်းကိုလည်း ဤဥပစာရသိမ်ဖြင့် သိအပ်၏ဟု ဆိုသည်။

**သမာနသံဝါသကသိမ်။** ။သမာနသံဝါသကသိမ်အား လျှုလျှင် ခဏ္ဍသိမ်၊သိမ်ကြား၌ တည်သူတို့အား မရောက်။ (ဘာကြောင့်နည်း သမာနသံဝါသကသိမ် မဟုတ်သော ကြောင့်တည်း။ ဋီကာသစ် ၁၇၆-ကဝိမှ)။

**အဝိပ္ပဝါသသိမ်၊လာဘသိမ်။** ။အဝိပ္ပဝါသသိမ်၊ လာဘသိမ်အား လျှုလျှင် ထိုသိမ်တွင်းရှိ သူတို့အားသာရောက်၏။ သမာနသံဝါသက သိမ်ပေါ်၌ အဝိပ္ပဝါသသိမ်သမုတ် ကမ္မဝါစာထပ်ဘတ်၍ သမုတ် သော သိမ်ကို အဝိပ္ပဝါသသိမ်ဟု ခေါ်သည်၊ မင်း,မင်း၏ အမတ် စသည်တို့က ကျောင်းတိုက်တည်၍ တဂါဝုတ်, တယူဇနာ စသည် ဖြင့် ပိုင်းခြား၍ ဤကား ငါးတို့ကျောင်းအတွက် လာဘသိမ်တည်း။ ဤမြေမှဖြစ်သော ပစ္စည်းအားလုံးကို ငါတို့ ကျောင်းတိုက်အား လှူကုန်အံ့ဟု ထားသောမြေကို လာဘသိမ်ဟု ခေါ်သည်။ (ဝတ္ထု ကံမြေဟုဆိုလိုသည်)။ လာဘ်အကျိုးငှာ ထားအပ်သော လောက ဝေါဟာရသိမ်ဖြစ်သည်၊ သာသနာ့ဝေါဟာရ သိမ်မဟုတ်။

**ဂါမ၊နိဂမ၊နဂရသိမ်။** ။ဂါမ, နိဂမ, နဂရသိမ်တို့၌ လှူလျှင် ထိုဂါမ, နိဂမ, နဂရ သိမ်တွင်းရှိ ဗဒ္ဓသိမ်၌ တည်သူ တို့အားလည်း ရောက်၏။ဂါမခေတ် တခုသည် ဂါမသိမ်မည်၏။ နိဂုံးတနယ် ခေါ် သော နိဂမခေတ်၊ မြို့နယ်တနယ်ဟူသော နဂရခေတ်ကို ဂါမခေတ်၌ သွင်းယူရသည်။

**အဋ္ဌဝိန္တရ၊ ဥဒကုက္ခေပသိမ်။** ။အဋ္ဌဝိန္တရသိမ်, ဥဒကုက္ခေပသိမ် တို့၌လှူလျှင် ထိုအဋ္ဌဝိန္တရ,ဥဒကုက္ခေပသိမ်အတွင်း၌ တည်ကုန်သော သူတို့အားသာ ရောက်၏။ရွာမနီးသော တောအုပ်၌ ထက်ဝန်းကျင် ခုနစ် အဋ္ဌဝိန္တရသည် [၁] သတ္တဋ္ဌဝိန္တရ သိမ်မည်၏။ မြစ်, သမုဒ္ဒရာ, ဇာတဿရတို့၌ အားအလတ် ရှိသော ယောကျ်ား၏ အားကုန် ပစ်လိုက်သော ဝန်းကျင်ရေတကျ အတွင်းသည် ဥဒကုက္ခေပသိမ် မည်၏။

---

၁။ အဋ္ဌဝိန္တရတခုသည် ၂၈-တောင်ရှိ၏။

**ဇနပဒ၊ ရဋ္ဌ၊ ရဇ္ဇ၊ ဒီပ၊ စက္ကဝါဠသိမ်။** ။ကာသိတိုင်း၊ ကောသလတိုင်းစသည်၌ ဇနပုဒ်တခုခုသည် ဇနပဒသိမ် မည်၏။ ကာသိတိုင်းစသည်သည် ရဋ္ဌသိမ်မည်၏။ တမင်းပိုင် အားလုံးသည် ရဇ္ဇသိမ်မည်၏။ သမုဒ္ဒရာဖြင့် ပိုင်းခြားအပ်သော ကျွန်းကြီး ကျွန်းငယ်သည် ဒီပသိမ်မည်၏။ စကြဝဠာ တတိုက်အတွင်းသည် စက္ကဝါဠသိမ်မည်၏။ ထိုဇနပဒသိမ်စသည်တို့၌လျှူလျှင် ထိုဇနပဒသိမ်စသည်တို့၏ အတွင်းရှိ ဗဒ္ဓသိမ်၌ တည်သူတို့အားလည်း ရောက်၏။ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်း၌နေ၍ "တမ္ဗဒီပေ သံဃဿ ဒေမ" ဟု လှူသည်ဖြစ်အံ့ ထိုလာဘ်ကို တမ္ဗပဏ္ဏိကျွန်းမှ ရဟန်းတပါးတည်း သွား၍ ယူသော်လည်း အားလုံးအတွက် ယူခြင်းငှာရ၏။ဇမ္ဗူဒိပ်၌နေသော ရဟန်းတပါးကသော်လည်း ထိုရဟန်းတို့အတွက် ယူလျှင် မတားမြစ်အပ်။ (သုတ္တန်၌ ဤသံဃိကမျိုးမပြ)။ ဒါယကာတဦးသည် ကျောင်းတွင်းဝင်၍ "သိမာယဒမ္မိ"ဟုလှူအံ့၊သိမ် ၁၅-လုံး တို့တွင် အဘယ်သိမ်ကိုရည်ရွယ်၍ လှူသနည်း-ဟု မေးအပ်၏။သိမ်အပြားကိုမသိပါ၊သိမ်၌တည်သူ ယူစေသတည်းဟု ဆိုအံ့။ ဥပစာရသိမ်တွင်းရှိ ရဟန်းတို့သာ ဝေဘန်၍ ယူအပ်၏။

(၂) **ကတိကာ။** ။လာဘ်တူအောင်ပြုသော ကတိကဝတ်သည် ကတိကာမည်၏။ ပြုပုံ-ကျောင်းတကျောင်း၌ရှိသော ရဟန်းတို့သည် အခြား ကျောင်းတကျောင်းကို ချီးမြှောက်လို၍ လာဘ်တူအောင် ပြုလိုကုန်အံ့၊ "ဤမည်သော ကျောင်းသည် ရှေးကျောင်း ဖြစ်၏၊ လာဘ်နည်း၏ စသည်ဖြင့် အကြောင်းဖော်ပြ၍ ထိုကျောင်းကို ဤကျောင်းနှင့်အတူတကွ လာဘ်တူပြုခြင်းငှာ သံဃာသည် နှစ်သက်အပ်၏၊ ဝါ-နှစ်သက် အပ်ပါသလော"ဟု သုံးကြိမ် ပြောကြားအပ်၏။ ဤမျှပြုလျှင် ဤကျောင်း၌နေသူသည် ထိုကျောင်း၌ နေသူကဲ့သို့ ဖြစ်၏။ တကျောင်း၌ လာဘ်ဝေဘန်လျှင် တကျောင်းရှိ ရဟန်းတို့အားလည်း အဘို့ယူခြင်းငှာ အပ်၏။

(၃) **ဘိက္ခာပညပ်။** ။ဒါယကာ၏ ကောင်းမှုတည်ရာအရပ်သည် ဘိက္ခာပညတ္တိ မည်၏။ ထို့ကြောင့်"ငါ၏ အမြဲကောင်းမှုရှိရာတို့၌

လှူပါ၏၊ဝါ၊လှူကြလော့”ဟု ဆိုအံ့၊ထိုအလှူရှင်၏ အမြဲဆွမ်းချက်ဝတ်ရှိရာ၊ အမြဲဆွမ်းကျွေးရာ၊ ထိုအလှူရှင် ဆောက်သော ကျောင်းရှိရာ အရပ်အားလုံးတို့၌ လှူအပ်သည်သာတည်း။ ထိုနေရာတို့တွင် တနေရာ၌ ရဟန်းနည်းအံ့၊ ဝါ၊ အဝတ်သက်နုံးက တထည်တည်းသော်လည်း ဖြစ်အံ့၊မာတိကာသို့ တင်ရသည်။ (မာတိကာသို့ တင်ဟူသည် အဘယ်၌ လှူမည်နည်းဟု ဒါယကာကို ပြန်မေး ခြင်းတည်း။ ဋီကာသစ်)။ဒါယကာဆိုတိုင်း ယူစေရသည်။ဒါယကာ မစီစစ်လျှင် သံဃာစီစစ်ခြင်းငှာလည်း အပ်၏။ စီစစ်ပုံ–မထေရ်ကြီး နေရာ၌ ပေးကြဟု ဆိုအပ်၏၊ မထေရ်ကြီး နေရာပြည့်စုံလျှင် မပြည့်စုံရာ၌ ပေးအပ်၏။ ရဟန်းတပါးက အကျွန်ုပ်နေရာ၌ မပြည့်စုံဟုဆိုအံ့၊ ထိုနေရာ၌ ပေးအပ်၏။

(၄) **သံဃဿနှင့်။** ။ကျောင်းတွင်းသို့ လာ၍ “သံဃဿဒမ္မိ” ဟုဆို၍လှူအံ့၊ ဥပစာရသိမ်တွင်းရှိ ရဟန်းတို့အားဝေငှ်း၊ ထိုရဟန်းတို့နှင့် တစပ်တည်း တည်သော ပြင်ပ ရဟန်းတို့အားဝေငှ်း ရောက်၏။ ထိုပြင်ပ ရဟန်းတို့အတွက် ယူသူရှိလျှင် ပေးအပ်၏။ ဥပစာရသိမ်ပ၌ ရဟန်းတို့ကိုမြင်၍“သံဃဿဒေမ”ဟု ဆို၍ လှူအံ့၊တစပ်တည်း တည်သော ရဟန်းတို့အားရောက်၏။ ၁၂–တောင်အတွင်းဖြင့် စပ်လျှင် တစပ်တည်းမည်၏၊ ၁၂–တောင် ခြားသူအားမရောက်။

(၅) **ဥဘတောသံဃံ။** ။ဥဘတောသံဃ ၄–ဝါရတို့တွင်

(က) “ဥဘတောသံဃဿဒမ္မိ”ဟု ဆို၍ လှူအံ့ ဘိက္ခုတို့အား ထက်ဝက်၊ ဘိက္ခုနီတို့အား ထက်ဝက် ပေးအပ်၏။ တပါးတည်း ရှိလျှင်လည်း ထက်ဝက်သာ ပေးအပ်၏။ အယုတ်ဆုံး သာမဏေ တပါးမျှ ရှိလျှင်လည်း ထက်ဝက်သာ ပေးအပ်၏။ (ဤနေရာကို ထောက်၍ သာမဏေများ သံဃာ၌ပါဝင်ကြောင်း သိရ၏)။

(ခ) **“ဥဘတောသံဃဿစ တုယှဉ္စ ဒမ္မိ”**ဟုဆို၍လှူအံ့၊ဘိက္ခုတကျိပ်၊ ဘိက္ခုနီတကျိပ်ရှိလျှင် ၂၁–ဘို့ပြု၍ ပုဂ္ဂိုလ်အားတဘို့၊ ဘိက္ခုသံဃာ အား ဆယ်ဘို့၊ ဘိက္ခုနီသံဃာအား ဆယ်ဘို့ ပေးအပ်၏၊ ပုဂ္ဂလိက အဘို့ရသူသည် သံဃာမှလည်း မိမိဝါစဉ်ဖြင့် ယူခြင်းငှာရသည်။

(ဘာ့ကြောင့်နည်း၊ ဥဘတော သံဃသဒ္ဒါဖြင့် ယူအပ်သောကြောင့် တည်း၊ ကခ်ါ ၁၆၁--ဆဋ္ဌ)။

(ဂ) "**ဥဘတော သံဃဿ စေတိယဿ စ ဒမ္မိ**"ဟု ဆို၍ လှူအံ့၊ ၂၁-ဘို့ ပြု၍ပင် ပေးအပ်၏။ အထူးကား စေတီအား သံဃာမှအဘို့ မရောက်။ တယောက်အဘို့နှင့်တူသော တဘို့သာရောက်၏။

(ဃ) "**ဥဘတော သံဃဿ စ တုယှဉ္စ စေတိယဿ စ ဒမ္မိ**" ဟု ဆို၍ လှူအံ့၊ ၂၂-ဘို့ပြု၍ ပေးအပ်၏။ (ထိုစကား၌ပုဂ္ဂိုလ်သည် သံဃာ မှလည်း မိမိဝါစဉ်ဖြင့် တဖန်ယူခြင်းငှာရ၏၊ စေတီအား တဘို့သာ ရ၏၊ဤဝါရကိုကား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သိအပ်၏ဟု နှလုံးပြု၍ ဤနေရာ၌ အဋ္ဌကထာဆရာမဆိုအပ်၊ သမန္တပါသာဒိကာ အဋ္ဌကထာ၌ကား ဆိုအပ်သည်သာ၊ ဋီကာသစ် ၁၇၉-ကဝိ။ ဤကား ဥဘတောသံဃ ၄-ဝါရတည်း။

ဘိက္ခုသံဃ ၄-ဝါရတို့တွင်

(က) "**ဘိက္ခုသံဃဿ စ ဘိက္ခုနီနဉ္စ**"ဟု ဆိုလျှင် ထက်ဝက်မခွဲရ၊ ဘိက္ခု,ဘိက္ခုနီရှိသမျှကို ရေတွက်၍ ပေးအပ်၏။

(ခ) "**ဘိက္ခုသံဃဿ စ ဘိက္ခုနီနဉ္စ တုယှဉ္စ**"ဟုဆိုလျှင် ပုဂ္ဂိုလ်သည် သီးခြားမရ။ (ဘိက္ခုသံဃာသဒ္ဒါဖြင့် ယူအပ်သောကြောင့် တုယှံ သီးခြားမရဟူလို)။ သံဃာမှ တဘို့သာရနိုင်၏။

(ဂ) **စေတိယဿ** ဟု ထည့်ဆိုလျှင်ဝှင်း၊

(ဃ) **တုယှဉ္စစေတိယဿ** ဟု ထည့်ဆိုလျှင်ဝှင်း သိနိုင်လောက်ပြီ။
ဤကား ဘိက္ခုသံဃ ၄-ဝါရတည်း။

ဘိက္ခုနီလေးဝါရတို့တွင်....

(က) **ဘိက္ခုနဉ္စ ဘိက္ခုနီနဉ္စ** ဟုဆိုလျှင် ထက်ဝက် မခွဲရ၊ ပုဂ္ဂိုလ် ရေတွက်၍သာ ဝေဘန်ရသည်။

(ခ) **တုယှဉ္စ** နှင့်

(ဂ) **စေတိယဿ စ** နှင့်

(ဃ) **တုယ္ဒုဝဲစေတိယဿာစ** နှင့်လည်း သိလောက်ပြီ။
ဤကား ဘိက္ခု,ဘိက္ခုနီ ၄–ဝါရတည်း။
ဘိက္ခုနီကို အစကထား၍–

**ဘိက္ခုနိသံဃဿစဘိက္ခုနုဥ-လေးဝါရ**
**ဘိက္ခုနိနုဥ ဘိက္ခုနုဥ**–လေးဝါရကိုလည်း သိအပ်၏။

စေတိယဿဟုဆိုလျှင် သီးခြား ရသည်၊ တုယ္ဒုဝဲဟု ဆိုလျှင် ဥဘတောသံဃဿဝါရ၌သာ သီးခြားရသည်။

ဗုဒ္ဓပမုခဒါနပြုပုံ။ ။ရှေးဘုရား လက်ထက်တော်အခါက ပညာရှိတို့သည် ဘုရားအမှူးရှိသော ဥဘတောသံဃာအား လှူကုန်၏။ မြတ်စွာဘုရားသည် အလယ်၌ နေတော်မူ၏။ လကျ်ာဘက်မှ ရဟန်းများ, လက်ဝဲဘက်မှ ဘိက္ခုနီမများ နေကုန်၏၊ မြတ်စွာဘုရားသည် ဘိက္ခု,ဘိက္ခုနီတို့၏ သံဃထေရ် ဖြစ်၏။ မြတ်စွာဘုရားသည် မိမိရသောပစ္စည်းတို့ကို မိမိလည်း သုံးဆောင်၏၊ ဘိက္ခုတို့အားလည်း ပေး၏။ ယခုအခါ၌ကား ပညာရှိသူလူတို့သည် ဓာတ်တော်နှင့်တကွသော ရုပ်ပွားဆင်းတုကိုဖြစ်စေ စေတီကိုဖြစ်စေ တည်ထား၍ ရုပ်ပွားဆင်းတု စေတီ၏ရှေ့ သပိတ်ခြေ၌ သပိတ်ကိုထား၍ အလှူရေစက်ပေး(ချ)၍ "ဗုဒ္ဓါနံ ဒေမ"ဟု ဘုရားအမှူးရှိသော ဥဘတောသံဃာအား လှူကြကုန်၏။ ထိုသို့လှူရာ၌ ရှေးဦးစွာ ခဲဘွယ်ဘောဇဉ်ကို လှူကုန်၏။ တနည်းကျောင်းသို့ဆောင်၍ "ဇာဒံစေတိယဿ ဒေမ"ဟု ဆွမ်းကိုဖြစ်စေ ပန်းနံ့သာ စသည်တို့ကိုဖြစ်စေလှူကုန်၏။ ထိုသို့လှူရာ၌အဘယ်သို့ကျင့်အပ်သနည်း၊ အဖြေကား–

ဗုဒ္ဓသန္တက သုံးစွဲနည်း။ ။ပန်းနံ့သာ စသည်တို့ကို စေတီ၌ တင်အပ်၏၊ အဝတ်တို့ဖြင့် တံခွန်ကုက္ကား ပြုအပ်၏၊ ဆီဖြင့် မီးထွန်းအပ်၏၊ ဆွမ်း, ပျား,တင်လဲ စသည်တို့ကိုကား အမြဲစေတီ သုတ်သင်သော ရဟန်း,ရှင်လူအားပေးအပ်၏၊ အမြဲသုတ်သင်သူမရှိလျှင် ဆောင်ခဲ့သောဆွမ်းကိုထား၍ ဝတ်ပြု၍

စားခြင်းငှာအပ်၏။ မွန်းတည့်ချိန်နီးလျှင် စားပြီး၍ နောက်မှလည်း ဝတ်ပြုခြင်းငှာ အပ်သည်သာတည်း။

**ဂိဟိကမ္မမဖြစ်သော ဂိဟိကမ္မ။** ။"ပန်းနံ့သာတခုခုကိုယူသွား၍ စေတီအား ပူဇော်လော့"ဟု ဆိုလျှင် ဝေးသော်လည်း ယူသွား၍ ပူဇော်အပ်၏၊ ဂိဟိကမ္မမဖြစ်ဟု ဝိမတိ၌ဆို၏။ (ပူဇေတဗ္ဗန္တိ အာဒိ ဂိဟိကမ္မံ နဟောတီတိ ဒဿနတ္ထံ ဝုတ္တံ။ ဝိမတိ)"ဘိက္ခုသံဃထံသို့ ဆောင်ပို့လော့"ဟု ဆိုလျှင်လည်း ဆောင်ပို့အပ်၏။အကယ်၍ ငါဆွမ်းခံသွားဦးမည် ဆွမ်းစားစရပ်၌ ရဟန်းတို့ရှိကုန်၏၊ထိုရဟန်းတို့ဆောင်ပို့ကုန်လတ္တံ့ဟု ဆိုလတ်သော် "တုယှံယေဝဒမ္မိ"ဟု ဆိုအံ့၊ စားခြင်းငှာ အပ်၏။ အကယ်၍ ဘိက္ခုသံဃာအားလှူအံ့ဟု ဆောင်ယူသွားစဉ် မွန်းတည့်ချိန် နီးသည်ဖြစ်အံ့၊ မိမိအားရောက်စေ၍ စားခြင်းငှါအပ်၏။ (ဤစကားရပ်တို့၌ သံဃာအားညွတ်ပြီးဖြစ်လျက် မိမိစားရာ၌ အပြစ်မရှိခြင်းကို အကြောင်းရှာသင့်၏)။ဤကား မဟာဝါစီဝရက္ခန္ဓအဋ္ဌကထာ၊ကင်္ခါဋီကာသစ်၌ လာသော အဓိပ္ပါယ်တည်း။

(၆) **ဝဿံဝုတ္ထ**– ကျောင်းသို့လာ၍ "ဝဿံဝုတ္ထသံဃဿ ဒမ္မိ" ဟုဆိုအံ့၊ထိုကျောင်း၌ ပုရိမဝါမှ ကောင်းစွာထသောရဟန်းတို့အား သိမ်ပ၌ တည်သော်လည်း ရောက်၏။ ကျောင်းဝိုင်းပြင်ပ၌နေလျက် "ဝဿံဝုတ္ထ သံဃဿ ဒမ္မိ"ဟုဆိုအံ့၊ အမှတ်မရှိအရပ်၌ ဝါကျွတ်၍ ဤနေရာသို့ ရောက်လာသူ အားလုံးတို့အား ရောက်၏။ "အသုက ဝိဟာရေ ဝဿံ ဝုတ္ထဿ သံဃဿ ဒမ္မိ"ဟု ဆိုအံ့၊ ထိုအမည်သုံးသပ်ရာ ကျောင်း၌ ဝါကျွတ်သော ရဟန်းတို့အားသာ ကထိန်နုတ်သည်တိုင်အောင် ရောက်၏။ တပေါင်းလပြည့်ကျော်တရက်မှစ၍ (ပိဋ္ဌိသမယ၌) ဤအတူ ဆိုအံ့၊ ထိုကျောင်း၌ သမ္မုခီဘူတသံဃာအား ရောက်၏။ (သုတ္တန်၌ ဤသံဃိကမျိုးမပြ)။

(၇) **အာဒိဿ**–ဝိုင်းခြား၍လှူခြင်းသည် အာဒိဿဒေတိမည်၏၊ ယာဂုဖြင့် ပင့်ဘိတ်၍ ယာဂုသောက်စေပြီးလျှင် "ဤသင်္ကန်းတို့ကို

အကျွန်ုပ်၏ ယာဂုသောက်သော ရဟန်းတို့အား လှူပါ၏”ဟု ဆို၍ လှူအပ်၊ ထိုယာဂုသောက်သောရဟန်းတို့အားသာ ရောက်၏၊ ဆွမ်း ခဲဘွယ်တို့၌ ဤနည်းသာတည်း။

(ဂ) ပုဂ္ဂလ– “ဣဒံစီဝရံ ဣတ္ထန္နာမဿဒမ္မိ” ဟု မျက်ကွယ် ဖြစ်စေ၊ ခြေရင်း၌ထား၍ “ဣမံဘန္တေ တုမှာကံ ဒမ္မိ”ဟု မျက်မှောက် ဖြစ်စေဆို၍ လှူခြင်းသည် ပုဂ္ဂလသ ဒေတိမည်၏။ အကျယ်ကို မဟာဝါ စီဝရက္ခန္ဓက၌ ဆိုသည်။

## ၅၀-နိဿဂ္ဂိဝတ္ထု–၄၊ဒုက္ကဋ်ဝတ္ထု အများ၊ ကပ္ပိယ ဝတ္ထုအများ

၁၁၂။ ရွှေ,ငွေ,အသပြာ၊ ပဲရုပ်မှာ၊ လေးဖြာနိဿဂ္ဂိ။
၁၁၃။ သတ္တညော၊ ကျွန်,လယ်,ယာ ပုပ္ဖါရာမာဒိ။
၁၁၄။ နီ,ပြောက်,မြ,လဲ၊ လင်း,ရှ,ရွဲ၊ နွှာ,လဲ ဒုက္ကဋ်သိ။
၁၁၅။ စီဝရာဒိက၊ ကပ္ပိယ၊ မှတ်ကြလေးမျိုးရှိ။

ဤလင်္ကာ ၄-ပုဒ်တို့တွင် ပဌမလင်္ကာဖြင့် ရာဇသိက္ခာပုဒ် နခေါ မယံ စသော ပုဒ်အဖွင့်၌ လာသော နိဿဂ္ဂိယဝတ္ထုတို့ကိုရင်း, ဒု-တ လင်္ကာဖြင့် ဒုက္ကဋ်ဝတ္ထုတို့ကိုရင်း, စ-လင်္ကာဖြင့် ကပ္ပိယဝတ္ထုတို့ကို ရင်း ပြတော်မူ၏။

နိဿဂ္ဂိယဝတ္ထု ၄-မျိုး။ ။သုဝဏ္ဏ-ရွှေ၊ရဇတ-ငွေ၊ကဟာပဏ- ရွှေငွေဖြင့် ပြုအပ်သော အသပြာဒင်္ဂါး၊ မာသက–အသပြာအစား သံ,ကြေး,ချိပ်, သစ်သားနှစ်,ခဲ,စက္ကူ စသည်ဖြင့် ပြုအပ်သော ပဲရုပ်။ ဤလေးပါးသည် နိဿဂ္ဂိဝတ္ထု(နိဿဂ္ဂိယပါစိတ်အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထု)မည်၏။

ဒုက္ကဋ်ဝတ္ထု။ ။မုတ္တာ-ပုလဲ၊ မဏိ–ပတ္တမြား၊ ဝါ‌ဠုမြ၊ ဝေဠုရိယ၊ ကြောင်မျက်ရွဲ၊ သင်္ခ–ခရုသင်း၊ သိလာ–ကျောက်သလင်း၊ ပဝါဠ– သန္တာ၊ လောဟိတင်္က-ပတ္တမြားနီ၊ မသာရဂလ္လ–ပတ္တမြားပြောက်၊ သတ္တညော- စပါးမျိုး ခုနစ်ပါး (သလေး, ကောက်,မုယော၊ နတ်

ကောက် နှော၊ ဆပ်ရော ပြောင်းနှင့်လူး)။ဒါသီ–ကျွန်မိန်းမ၊ဒါသ–ကျွန်ယောကျ်ား၊ ခေတ္တ–လယ်၊ ဝတ္ထု–ယာ၊ (ခေတ္တ, ဝတ္ထုဖြင့် ရေကန်, တဘက်ဆည်ကန် စသည်တို့ကို ပေါင်းယူ၊ ဋီကာသစ်)။ ပုပ္ဖါရာမာဒိ– ပန်းအရံ–ပန်းခြံ၊ သစ်သီးအရံ– သစ်သီးခြံ ဤပုလဲ စသော ပစ္စည်းစုသည် ဒုက္ကဋ်ဝတ္ထုမည်၏။

အဓိပ္ပါယ်။ ။ဤနိဿဂ္ဂိယဝတ္ထု,ဒုက္ကဋ်ဝတ္ထုတို့ကို မိမိအကျိုးငှာ ငင်း၊ စေတီ, သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့၏ အကျိုးငှာငင်း မခံအပ်။ ဋီကာသစ်၌ သံဃာ ဂိုဏ်း ပုဂ္ဂိုလ်ကို မသုံးသပ်ဘဲ "ဇာတံဟိရည သုဝဏ္ဏံ စေတိယဿ ဒေမ၊ ဝိဟာရဿ ဒေမ၊နဝကမ္မဿ ဒေမ"ဟု ဆိုကုန်အံ့၊ ပယ်ခြင်းငှာမသင့်။ ဤသူတို့သည် ဤစကားကို ဆိုကုန်၏ ဟု ကပ္ပိယကာရကတို့အား ပြောကြားအပ်၏။ စေတီ စသည်တို့၏ အကျိုးငှာ အရှင်တို့သည် ယူထားကုန်လော့ဟု ဆိုလျှင်ကား ငါတို့ အား ခံယူခြင်းငှာ မအပ်။ ဤသို့ဆိုအပ်၏ဟုဆို၏၊ ရာဇသိက္ခာပုဒ် အဋ္ဌကထာကြီး၌ အကျယ်လာ၏။

## ၅၁–ကပ္ပိယကာရက တကျိပ်

**၁၁၆။ ရဟန်းညွှန်းလေး၊ တမန်လေး၊ ဒွေးမှာ မညွှန်းရာ။**
**၁၁၇။ ရှေအပ်,ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည်သာ။**
**၁၁၈။ ရှေအပ်မကြား၊ ကွယ်အပ်ထား၊ နှစ်ပါးမညွှန်းရာ။**
**၁၁၉။ ရာဇမေဏ္ဍာ၊ အညာတ၊ ကျင့်ရစဉ်တိုင်းသာ။**

ဤလက်ာ လေးပုဒ်တို့တွင် ပဌမလက်ာဖြင့် ရဟန်းညွှန်းကပ္ပိယ ၄–ယောက်၊ တမန်ညွှန်းကပ္ပိယ ၄–ယောက်၊ဘယ်သူမှ မညွှန်းသော ကပ္ပိယ ၂–ယောက်အားဖြင့် မာတိကာဖြစ်သော ကပ္ပိယ တကျိပ် ကိုငင်း၊ ဒု–လက်ာဖြင့် ယင်းကပ္ပိယတကျိပ်တို့တွင် ရဟန်းညွှန်း ကပ္ပိယ ၄–ယောက်၏ သရုပ် အဓိပ္ပါယ်ကိုငင်း၊ တ–လက်ာဖြင့် တမန်ညွှန်း ကပ္ပိယ ၄–ယောက်၏ သရုပ် အဓိပ္ပါယ်ကိုငင်း၊ တ–လက်ာဖြင့် ဘယ်သူမှမညွှန်းသော ကပ္ပိယ ၂–ယောက်၏ သရုပ်

အဓိပ္ပါယ်ကိုရင်း၊ စ-လက်ၤဖြင့် ရဟန်း, တမန် ဘယ်သူမှ မညွှန်းသော ကပ္ပိယသုံးမျိုးအပေါ်၌ ကျင့်သုံးရမည့်သိက္ခာပုဒ်သုံးမျိုးတို့၏ အမည်ကိုရင်း ပြတော်မူ၏။

**အဓိပ္ပါယ်။** ။ကပ္ပိကရောတိတိ ကပ္ပိယံ=ရဟန်းတော် များနှင့် အပ်စပ်အောင် ပြုပေးတတ်သောကြောင့် ကပ္ပိယမည်၏။ ထိုကပ္ပိယကာရကသည် နိဒ္ဒိဋ္ဌ,အနိဒ္ဒိဋ္ဌ ဟူ၍နှစ်ပါး၊ ထိုတွင် နိဒ္ဒိဋ္ဌသည်လည်း ဘိက္ခုနိဒ္ဒိဋ္ဌ၊ ဒူတနိဒ္ဒိဋ္ဌဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ဘိက္ခုနိဒ္ဒိဋ္ဌသည်လည်း သမ္မုခ, အသမ္မုခ (အသမ္မုခသည် ပြန်ကြား,စေ၍ကြား,မှာထားသွား, သုံးပါးပြား၏)အားဖြင့် လေးပါးအပြားရှိ၏။ ထို့အတူ ဒူတနိဒ္ဒိဋ္ဌသည်လည်း လေးပါးအပြားရှိ၏။ အနိဒ္ဒိဋ္ဌသည်လည်း ရဟန်းတမန်နှစ်ဦးလုံးက မညွှန်းသော မျက်မှောက်၌ နှုတ်မြွက်၍ ဝန်ခံသော သမ္မုခဝေဝဋိက ကပ္ပိယ၊ မျက်ကွယ်ငွေအပ်၍ ဘာတခုမျှ မလျှောက်သော ပရမ္မုခကပ္ပိယအားဖြင့် နှစ်ပါးအပြားရှိ၏။ ဤသို့ (၄+၄+၂=၁၀)ကပ္ပိယ ၁၀-ယောက်ရှိ၏။

**ရဟန်းညွှန်းလေး-**

(၁) ရှေ့အပ်-အချို့သောဒါယကာသည် သင်္ကန်းလှူရန် တမန်ကို ငွေပေး၍ စေခိုင်း၏၊ တမန်သည် ရဟန်းထံသို့ကပ်၍ ''အရှင်ဘုရား သင်္ကန်းဘိုးကို အလှူခံပါ''ဟုဆိုအံ့၊ သင်္ကန်းဘိုးသည် ငါတို့အား မအပ်ဟု ပယ်ရသည်၊ ပယ်သောအခါ တမန်သည် ကပ္ပိယရှိပါ သလော-ဟုမေးအံ့၊ ဤသူသည် ကပ္ပိယတည်း-ဟု ညွှန်ပြအပ်၏၊ တမန်သည် ထိုကပ္ပိယလက်၌ ငွေကို ရဟန်းရှေ့တွင်အပ်၍ မထေရ်အား သင်္ကန်းဝယ်လှူပါ-ဟု မှာ၍သွား၏၊ ဤကပ္ပိယကား-ရဟန်းညွှန် သမ္မုခါနိဒ္ဒိဋ္ဌကပ္ပိယမည်၏။

(၂) ပြန်ကြား-အနီးအနား၌ ကပ္ပိယ ညွှန်ပြစရာမရှိ၍ ဤမည်သောရွာ၌ ဤမည်သောသူသည် ကပ္ပိယတည်းဟု ညွှန်ပြအံ့၊ တမန်သည် ရွာသို့သွား၍ ညွှန်ပြသော ကပ္ပိယလက်၌ ငွေပေးခဲ့၍ မထေရ်အား သင်္ကန်းဝယ်ပြီးလှူပါဟု မှာခဲ့ပြီးလျှင် ရဟန်းထံ ပြန်ကြားလျှောက်ထား၍သွား၏၊ ဤကပ္ပိယကား ရဟန်းညွှန်း-အသမ္မုခါ နိဒ္ဒိဋ္ဌကပ္ပိယမည်၏။

**စေ၍ကြား**-တမန်သည် ကိုယ်တိုင်လာ၍မကြား, သူတပါးကိုစေ၍ အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားညွှန်းအပ်သော ကပ္ပိယ၏ လက်၌ သက်န်းဘိုးငွေကိုပေးခဲ့ပါပြီ၊ သက်န်းကိုအလှူခံတော်မူပါဟု သူတပါးကိုစေ၍ လျှောက်ကြား၏။ ဤကပ္ပိယကား ရဟန်းညွှန်း အသမ္မုခါနိဒ္ဒိဋ္ဌကပ္ပိယပင်မည်၏။

(၄) **မှာထားသွားသည်သာ**- ရဟန်းထံမှ သွားကတည်းကပင်, အရှင်ဘုရားညွှန်းသော ကပ္ပိယလက်၌ သက်န်းဘိုးငွေကို ပေးခဲ့ပါမည်၊ အရှင်ဘုရားသည် သက်န်းကို အလှူခံတော်မူပါဟု ရဟန်းထံမှာထား၍သွား၏။ ဤကပ္ပိယကား ရဟန်းညွှန်း အသမ္မုခါနိဒ္ဒိဋ္ဌကပ္ပိယပင် မည်၏။ဤသို့လျှင် ရဟန်းညွှန်း သမ္မုခါနိဒ္ဒိဋ္ဌတယောက်၊ အသမ္မုခါနိဒ္ဒိဋ္ဌသုံးယောက်အားဖြင့် "ရဟန်းညွှန်းလေး"ဖြစ်၏။

**ဤရဟန်းညွှန်းလေးယောက်၌မည်သို့ကျင့်ရသနည်း။**။ဤရဟန်းညွှန်းလေးယောက်၌ ရာဇသိက္ခာပုဒ်တော်အတိုင်း ကျင့်ရသည်၊ မပေးခဲ့သော် သုံးကြိမ်တောင်း, ခြောက်ကြိမ် ရပ်ရသည်၊ မပိုစေရ၊ ခြောက်ကြိမ်ပြီး၍ ငွေကျန်နေသေးလျှင် အလှူရှင်ထံ, တမန်ထံ ပြန်ပြောရသည်၊ မပြောလျှင် ဒုက္ကဋ်။

**တမန်လေး**-

(၁) ရှေ့အပ်-ရဟန်းသည် ရှေ့နည်းအတိုင်း တမန်က မေးလတ်သော် ငါတို့အား ကပ္ပိယမရှိဟု ဆိုအံ့၊ ထိုခဏ၌ လူတယောက် ရောက်လာ၍ ရောက်လာသူ၏လက်၌ ငွေကို ရဟန်းရှေ့မှာပင် အပ်၍ ဤသူထံ၌ သက်န်းယူကုန်လော့ဟုဆို၍သွား၏။ ဤကပ္ပိယကား တမန်ညွှန်းသမ္မုခါ နိဒ္ဒိဋ္ဌကပ္ပိယမည်၏။

(၂) ပြန်ကြား-သို့မဟုတ် တမန်သည် ရွာသို့ဝင်၍ မိမိနှစ်သက်သော တယောက်ယောက်သောသူ၏လက်၌ ငွေပေးခဲ့၍ ရှေးနည်းအတိုင်း ပြန်လာ၍ ရဟန်းထံ ကိုယ်တိုင်ကြား၍သွား၏။ ဤကပ္ပိယကား တမန်ညွှန်း အသမ္မုခါနိဒ္ဒိဋ္ဌကပ္ပိယမည်၏။

(၃) စေ၍ကြား-သူတပါးကိုစေခိုင်း၍ကြား၏။ ဤကပ္ပိယကား တမန်ညွှန်း အသမ္မုခါ နိဒ္ဒိဋ္ဌကပ္ပိယပင်တည်း။

(၄) **မှာထားသွားသည်သာ–** ရဟန်းထံမှ သွားကတည်းကပင် ဤမည်သောသူ၏လက်၌ သင်္ကန်းဘိုးငွေကိုပေးခဲ့ပါမည်၊ သင်္ကန်းကို အလှူခံတော်မူပါဟု ရဟန်းထံ မှာထား၍ သွား၏။ ဤကပ္ပိယကား တမန်ညွှန်း အသမ္မုခါ နိဒ္ဒိဋ္ဌကပ္ပိယမည်၏။ ဤသို့လျှင် တမန်ညွှန်း သမ္မုခါနိဒ္ဒိဋ္ဌ တယောက်၊ အသမ္မုခါနိဒ္ဒိဋ္ဌ သုံးယောက် အားဖြင့် "တမန်လေး" ဖြစ်၏။

**ဤတမန်ညွှန်းလေးယောက်၌ ဘယ်သို့ကျင့်အပ်သနည်း။** ။ဤတမန်ညွှန်းလေးယောက်၌ မဟာဝါ ဘေသဇ္ဇက္ခန္ဓက မေဏ္ဍကသိက္ခာပုဒ် အတိုင်း ကျင့်ရသည်။ တောင်းခြင်း အရေအတွက် ပမာဏမရှိ၊ အကြိမ်တရာ, တထောင် တောင်းကောင်းသည်။ ရွှေငွေကိုကား မတောင်းရ၊ တောင်း၍မရလျှင် တပါးသောသူကို ကပ္ပိယအရာ ထား၍လည်း ယူစေနိုင်သည်၊ အလှူရှင်ထံ ပြန်မပြောလျှင်လည်း အပြစ်မရှိ။

ဒွေးမှာမညွှန်းရာ–

(၁) **ရှေးအပ်မကြား–** ရဟန်းသည် ရှေးနည်းအတိုင်း တမန်ကာ မေးလတ်သော် ငါ့အားကပ္ပိယမရှိဟုဆိုအံ့၊ထိုစကားကိုကြားသော အနီးရှိ လူတယောက်က တပည့်တော် အရှင်ဘုရားအား သင်္ကန်း ဝယ်လှူပါမည် ပြောသဖြင့် တမန်သည် လှူရစ်လော့ ဆို၍ ကိုယောက်ျားလက်၌ သင်္ကန်းဘိုးငွေကို ရဟန်းရှေ့တွင်အပ်၍ ရဟန်းအား ဘာတခုမျှ မပြောကြားဘဲ သွား၏။ ဤကပ္ပိယကား မျက်မှောက်၌နှုတ်မြွက်၍ ကိုယ်တိုင် ကပ္ပိယအဖြစ်သို့ ကပ်ရောက်သောကြောင့် သမ္မုခါဝေဝဋိက ကပ္ပိယမည်၏။

(၂) **ကွယ်အပ်ထား-** တမန်သည် ရဟန်း၏ အလုပ်အကျွေး လက်၌ ဖြစ်စေ, တပါးသောသူ၏လက်၌ဖြစ်စေ သင်္ကန်းကိုငွေကို ပေးပြီးလျှင် မထေရ်အား သင်္ကန်းလှူရစ်ပါလော့ မှာ၍ဖဲသွား၏။ ဤကပ္ပိယကား ပရမ္မုခါကပ္ပိယမည်၏။ ဤကပ္ပိယာနှစ်ယောက်ကား ရဟန်းလည်းမညွှန်း တမန်လည်း မညွှန်းသောကြောင့် အနိဒ္ဒိဋ္ဌ ကပ္ပိယမည်၏။

ဤအနိဒ္ဒိဋ္ဌကပ္ပိယနှစ်ယောက်၌ဘယ်သို့ကျင့်အပ်သနည်း။ ။ဤအနိဒ္ဒိဋ္ဌကပ္ပိယနှစ်ယောက်တို့၌ အညာတကသိက္ခာပုဒ်နည်းအတိုင်း ကျင့်ရသည်၊ ဆွေမျိုးမတော်သူ မဘိတ်သောသူကဲ့သို့ မတောင်းကောင်း၊ သူတို့ဝယ်လှူလျှင် ယူရသည်၊ မလှူလျှင် ဘာမျှမဆိုအပ်။

ပုတ်ဘွယ်။ ။အချို့ကား ငွေကို ဆွမ်းဆန်အမည်မှည့်၍ ဤဆွမ်းဆန်တော်တင်းတရာကို အရှင်အားလှူပါ၏ဟုပရိယာယ်ဆို၏၊ ဝိနည်းအားလျော်သည်ဟု ထင်ရ၏၊ ဝိနည်း၌ အနှစ်သာရ ဘာမျှ မရှိသော စကားသုံးသာ စကားလိမ်သာ ဖြစ်၏၊ ဤငွေတရာကို ဆွမ်းဆံတော်အလို့ငှာ သင်္ကန်းအလို့ငှာ လှူပါ၏-ဟုဆိုလျှင် အပ်၏၊ ပစ္စည်းလေးပါးအလို့ငှါဟူသည် ဝိနည်းစကားဖြစ်၏ဟု ဘိက္ခု ပါတိမောက်အရသာ၌ ဆရာတော်ဘုရားကြီးမိန့်၏။

## ၅၂-ဘေသဇ္ဇဆေး ၅-ပါး

### ၁၂၀။ ထော,ဦး,ဆိ,ပျား'၊ တင်လဲ,အား'၊ ငါးပါးလျက်ဘွယ်ဆေး။

ဤလင်္ကာဖြင့် ဘေသဇ္ဇသိက္ခာပုဒ်လာ ဆေးငါးပါးကို ပြတော်မူ၏။

ထောပတ် စသော ငါးပါးသည် ဆေးကိစ္စပြုသည်ဖြစ်စေ,မပြုသည်ဖြစ်စေဘေသဇ္ဇအမည်ရ၏။(ဩဒိသခုနစ်ပါးတွင်ဘေသဇ္ဇောဒိသ မည်၏)။

(၁) ထော-အသားအပ်သော နွားဆိတ်စသည်တို့၏ထောပတ်သည် သပ္ပိမည်၏။ (၂) ဦး-ထိုသတ္တဝါတို့၏ (ထောပတ်မဖြစ်မီ) ဆီဦးသည် နဝနီတမည်၏။ (၃) ဆိ-နှမ်းဆီ၊ မုန်ညင်းဆီ၊ သစ်မည်စည်ဆီ၊ ကြက်ဆူဆီ၊ သားဆီ ငါးမျိုးသည် တေလမည်၏။ (၄) ပျား-ပျားကောင်ငယ်တို့ ပြုသော ပျားရေသည် မဓု မည်၏။ (၅) တင်လဲ-ကြံမှဖြစ်သမျှသည် ဖါဏိတမည်၏။ ကြံမှဖြစ်သမျှဟူသည် မချက်သောကြံရည်၊ အဖတ်မပါစေဘဲ စစ်ချက်သော တင်လဲရည်၊ တင်လဲလုံး စသည်ဖြင့် များပြား၏။ ဤကား ပါဠိတော်

လာ ဆေး ငါးပါးမည်၏၊ နိဿဂ္ဂိယဝတ္ထုဖြစ်၏။ လိုမှကြွင်းသော အသားမအပ်သော လူ ဆင် မြင်း စသည်တို့၏ ထောပတ်၊ ဝဲဆီ၊ ထန်းရည်မှဖြစ်သော ထန်းလျက်စသောဆေးငါးပါးကား ပါစိတ်ယာနာဂတမည်၏၊ ဒုက္ကဋ်ဝတ္ထုဖြစ်၏။ ထေလ၌ လူဆီတခုကား မစားအပ်၊ လူနို့လူထောပတ်စသည်ကား စားအပ်၏၊ ကြိသကာနိဿဂ္ဂိယဝတ္ထု၊ ထန်းလျက် ဒုက္ကဋ်ဝတ္ထု ဤသို့ထူး၏။

**မှတ်ဘွယ်။** ။သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဥ္ဇိတဗ္ဗာနိ-၌ ခုနစ်ရက် သုံးဆောင်ပုံကား ဆေး ငါးပါးကို နံနက်အကပ်ခံလျှင် ထိုနေ့နံနက်၌ အာမိသနှင့်တကွလည်း စားအပ်၏။ နေလွဲမှစ၍ ခုနစ်ရက်ပတ်လုံး အာမိသကင်းစေ၍ စားအပ်၏။ နေလွဲမှအကပ်ခံလျှင် ခုနစ်ရက်ပတ်လုံး အာမိသကင်းစေ၍ စားအပ်၏။ ခုနစ်ရက်အတွင်း၌ ခြေနယ်ဆီစသည်ပြုတော့မည်၊ နောက်မစားတော့အံ့ ဟု ဆောက်တည်လျှင် ရက်လွန်သော်လည်း အပြစ်မရှိ။ ခြေနယ်ဆီစသည်အလို့ငှာ မဆောက်တည်ဘဲ ခုနစ်ရက်ကိုလွန်စေအံ့၊ ပဌမအရုဏ်တွင် နိဿဂ္ဂိဖြစ်၏။

**ဘိလပ်ရည်။** ။ဖာဏိတံ အရ ယူပုံကိုထောက်၍ သတ္တာဟကာလိကဖြစ်၍ နိဿဂ္ဂိယ ဖြစ်ကောင်းသော တင်လဲကား ကြံမှဖြစ်သော တင်လဲ-ဟု ယူသင့်၏။ သရက်ပိန္နဲ ငှက်ပျောစသော ယာဝကာလိက ဝတ္ထုတို့ဖြင့် ပြုအပ်သော တင်လဲကား ယာဝကာလိကသာ၊ ပြုတ်မွှဲစသော ယာဝဇီဝကဝတ္ထုတို့ဖြင့် ပြုအပ်သော တင်လဲကား ယာဝဇီဝက။ ဤ၌ ကြံရည်သည် ရေနှင့်ရောသည်ဖြစ်စေ မရောသည်ဖြစ်စေ သတ္တာဟကာလိကဖြစ်၏၊ ထန်းရည်ကိုလည်း ကြံရည်၌လျော်သည်-ဟု ယူကြ၏။ ၎င်းကြံရည်၊ ထန်းလျက်ရည်၊ သကြားနှင့်သံပုရာစသော ယာဝဇီဝကအသီးရည်များ ရောစပ်၍ ပြုလုပ်သော ဘိလပ်ရည် စသည်များကား သတ္တာဟကာလိကတို့တည်း-ဟု မေဒိနီဆရာတော်ဘုရားမိန့်၏။

**သန္နိဓိကာရက။** ။ဝသာ ထေလ၌ အသားအပ်-မအပ် သတ္တာဟကာလိကအဖြစ်ဖြင့်စားခွင့်ပြုသည်၊ လူဆီတခုသာ မအပ်။ ထို့ကြောင့် ဝက်ဆီကြည် ဝံဆီကြည်ကို နံနက်အကပ်ခံ၍ နံနက်တွင် ကိုယ်တိုင်

ချက်၍ စစ်သောဆီဖြစ်အံ့၊ ခုနစ်ရက်လုံး အာမိသကင်း၍သာ စားအပ်သည်။ လူသာမဏေချက်ပေးအံ့၊ ထိုနေ့နံနက်တွင် အာမိသ နှင့်လည်း အပ်သည်၊ နေလွဲမှစ၍ ခုနစ်ရက် အာမိသကင်းမှ အပ် သည်၊ ခုနစ်ရက်လွန်လျှင် နိဿဂ္ဂိဖြစ်သည်။ ဝသာမှတပါးသော ယာဝကာလိက ဝတ္ထုတို့ကို ကိုယ်တိုင် မချက်အပ်၊ သာမံပါကဖြစ် သည်၊ ထောပတ်ဆီဦးကို ကိုယ်တိုင်ချက်လျှင် သာမံပါက မဖြစ် သော်လည်း အာမိသနှင့်ရော၍ မစားအပ်။ နံနက်အကပ်ခံသော နို့ရည်နို့ဓမ်းကို လူသာမဏေချက်၍ ထောပတ်ပြုလျှင် ထိုနေ့နံနက် အာမိသနှင့်လည်း အပ်၏။ နေလွဲမှစ၍ မစားအပ်၊ ရက်လွန် သော်လည်း နိဿဂ္ဂိမဖြစ်။

ယာဝဇီဝကဖြစ်သောမုန်ညှင်းစေ့၊ သစ်မည်စည်စေ့၊ ကြက်ဆူစေ့ ကို ဆီပြုခြင်းငှာ အကပ်ခံ၍ ထိုနေ့ဆီပြုအံ့၊ ခုနစ်ရက်အပ်၏၊ ရက်လွန်လျှင် နိဿဂ္ဂိ။ ဒုတိယနေ့တွင်ပြုအံ့-ခြောက်ရက်၊ တတိယနေ့ တွင်ပြုအံ့၊ ငါးရက်။ လ ။ သတ္တမနေ့တွင်ပြုအံ့-ထိုတနေ့သာ အပ် သည်၊ အဋ္ဌမအရုဏ်တွင် နိဿဂ္ဂိ၊ အဋ္ဌမနေ့၌ ဆီပြုအံ့၊ မစားအပ်၊ နိဿဂ္ဂိမဖြစ်၊ အပလိမ်းကျံခြင်းငှာအပ်၏။

ဆီပြုခြင်းငှာအကပ်ခံထားသော မုန်ညှင်းစေ့ကို ဆီမပြုဘဲခုနစ် ရက်ကိုလွန်စေအံ့၊ ဒုက္ကဋ်။ ပါဠိယာနာဂတ ဆေးငါးပါးလည်း ရက်လွန်လျှင် ဒုက္ကဋ်။

ရေအေးဖြင့်ပြုအပ်သော သစ်မည်စည်ပွင့်အရည်သည် တင်လဲ အလားရှိ၏၊ နံနက်အာမိသ၊ နေလွဲမှစ၍ ခုနစ်ရက် နိရာမိသ အပ်၏။ ရက်လွန်လျှင် ဒုက္ကဋ်။ သစ်မည်စည်ပွင့်ကို သေအလို့ငှာ ပြုအံ့၊ မျိုးစေ့မှစ၍ မအပ်။ သရက်, မန်းကျည်းစသော ယာဝ ကာလိက၏ တင်လဲကား ယာဝကာလိကသာတည်း။ ပြုတ်သီး မှည့် တင်လဲကား ယာဝဇီဝက။ ပျားရည်မကပ်သော ပျားဖရောင်း၊ ပျားသလက်လည်း ယာဝဇီဝက၊ နှစ်ဦးပိုင်ဆေးကို တဦးအကပ်ခံ၍ မဝေဘန်လျှင် ရက်လွန်သော်လည်း နှစ်ဦးလုံး အနာပတ္တိ။ ရဟန်း တပါးသည် အကပ်ခံ၍ တပါးသောရဟန်းအား "ခုနစ်ရက်စား ပါလေ့" ဟု ဆို၍ပေးအံ့-ရက်လွန်လျှင် နှစ်ဦးလုံး အနာပတ္တိ။

အကာပ်မခံဘဲ ကောက်ယူလျှင် စားဘွယ်မဟုတ်သောကြောင့် နိဿဂ္ဂိမဖြစ်။ ထို့အတူ ဝတ္ထုနှင့်တကွအကပ်ခံလျှင် ဆေးကိုအကာပ်ခံသည်မဟုတ်သောကြောင့် နှစ်ဦးပိုင်ကို အကပ်ခံလျှင် မခွဲဝေခြင်းကြောင့် အကပ်ခံသူကလာပေးလျှင်အကပ်ခံစဉ် မိမိပိုင်မဟုတ်သောကြောင့် ရက်လွန်နိဿဂ္ဂိမဖြစ်။ (ဘိက္ခုပိဘင်းအရသာ)။

## ၅၃-အဓမ္မိကဒါန ၉-ပါး

၁၂၁။ စေတိ,သံဃာ,၊ ပုဂ္ဂလာ၊ ဤမှာလူမည်ညွတ်။
၁၂၂။ ညွတ်ရာမခြား၊ လှူခိုင်းငြား၊ ကိုးပါးကွဲအောင်မှတ်။
၁၂၃။ လှူသူ,ခံသူ၊ ဖြစ်မယူ၊ ခိုင်းသူအပြစ်ကပ်။
၁၂၄။ နိဿဂ်ပါစိတ်၊ သုဒ္ဓပါစိတ်၊ နောက်ပိတ်ဒုက္ကဋ္ဌတပ်။

ဤလင်္ကာ ၄-ပုဒ်တို့တွင် ပ-ဒု လင်္ကာဖြင့် အဓမ္မိကဒါန ၉-ပါး သရုပ်ကိုငင်း၊ တတိယ-ဖြင့် လှူသူ, အလှူခံသူ, အလှူခိုင်းသူ သုံးယောက်တို့တွင် အလှူခိုင်းသူ အားသာ အပြစ် ကပ်ရောက်သည့်ကိုငင်း၊ စတုတ္ထ-ဖြင့် အလှူခိုင်းသူအား ရောက်သော အပြစ်အာပတ်ကိုငင်း ပြတော်မူ၏။

**အဓမ္မိကဒါန ၉-ပါး။** ။စေတီအား ညွတ်ပြီးကို တပါးသော စေတီသို့၊ သံဃာသို့၊ ပုဂ္ဂိုလ်သို့ ညွတ်စေခြင်း ၃-ပါး။ သံဃာအား ညွတ်ပြီးကို တပါးသောသံဃာသို့၊ စေတီသို့၊ပုဂ္ဂိုလ်သို့ညွတ်စေခြင်း ၃-ပါး။ ပုဂ္ဂိုလ်အားညွတ်ပြီးကိုတပါးသော ပုဂ္ဂိုလ်သို့၊ စေတီသို့၊ သံဃာသို့ ညွတ်စေခြင်း ၃-ပါး၊ဤသို့ အဓမ္မိကဒါန ၉-ပါးရှိ၏။ ဋီကာသစ်။ (ဤ၌ ညွတ်ပြီးဟူသည် လှူကုန်အံ့၊ ပြုကုန်အံ့ဟု နှုတ်မြွက်၍ ဖြစ်စေ,လက်ပြ၍ဖြစ်စေ ညွတ်ပြီး ဖြစ်နေခြင်းတည်း)၊

**အဓိပ္ပါယ်။** ။ဋီကာသစ်၌ အဓမ္မိကဒါန ၉-ပါးလုံး ဒုက္ကဋ္ဌ ဆိုသည်။ ပရိဏတသိက္ခာပုဒ်၌ သိလျက် သံဃာသို့ ညွတ်ပြီးသော သံဃိကဖြစ်လတ္တံ့သော လာဘ်ကို မိမိသို့ညွတ်စေလျှင် အလှူခိုင်းလျှင် နိဿဂ္ဂိပါစိတ်၊ ပရိဏာမနသိက္ခာပုဒ်၌ သိလျက် သံဃာသို့ ညွတ်ပြီးသော လာဘ်ကို ပုဂ္ဂိုလ်သို့ ညွတ်စေလျှင် အလှူခိုင်းလျှင်

သုဒ္ဓပါစိတ်ဟု ဟောတော်မူသည်။ ထို့ကြောင့် လှူသူ, အလှူခံသူမှာ အပြစ်မရှိ။ အလှူခိုင်းသူအားသာ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ ဒုက္ကဋ် သင့်ခြင်း အပြစ်ရှိသည်။

**မှတ်ဘွယ်။** ။ပါရာဇိကကဏ် အဋ္ဌကထာ၌ လူတို့သည် သံဃာအား ဆွမ်းကျွေးကုန်အံ့ဟု ထောပတ်, ဆီစသည်ကို ယူလာကုန်၏၊ ဂိလာနရဟန်းသည် သံဃာအား ညွတ်သည်အဖြစ်ကို သိလျက် အနည်းငယ်တောင်းအံ့ နိဿဂ္ဂိပါစိတ်။ သိသော်လည်း သင်တို့အတွက် သီးခြားယူလာသော ထောပတ်ရှိလျှင် လှူပါဟု ဆိုအံ့၊ အပြစ်မရှိ။ ကုက္ကုစ္စသံသယရှိသော ရဟန်းဟု လူတို့သိ၍ "သံဃာလည်း အကျွန်ုပ်တို့ လှူသမျှသာ ရနိုင်ပါသည်၊ အရှင်မြတ် အလှူခံပါ"ဟု ဆိုအံ့၊ ဤသို့လည်း အပြစ်မရှိအပ်၏။ စေတီကဆူအလို့ငှာ မှတ်၍စိုက်သော ပန်းပင်မှ ပန်းပွင့်ကိုလည်း တပါးသော စေတီ၌ မတင်အပ်၊ အယုတ်ဆုံး ခွေးနက်အားကျွေးမည်ဟု ညွတ်ပြီးသော အစာကို ခွေးဖြူအားကျွေးလော့ဟု တပါးသောပုဂ္ဂိုလ်အား ညွတ်စေအံ့ ဒုက္ကဋ်ဟုဆို၏။ (သံဃစေတိယ ပုဂ္ဂလေသူတိဧတ္ထ အန္တမသော သုနခံ ဥပါဒါယ ယောကောစိ သတ္တော ပုဂ္ဂလောတိ ဝေဒိတဗ္ဗော၊ ဋီကာသစ် ၂၂၃-ကဝ)။

**အပြစ်မရှိသော ပြောနည်း။** ။အဘယ်၌ လှူရပါမည် နည်းဟု မေးသော် သင်တို့ ကြည်ညိုရာအရပ်၌ ဖြစ်စေ၊ သင်တို့ လှူသော ပစ္စည်း သုံးဆောင်ခြင်း, ပြုပြင်ခြင်း, ကြာရှည်စွာတည်ခြင်း ရရာအရပ်၌ဖြစ်စေ လှူကြဟု ပြောသော ရဟန်းအား အပြစ်မရှိဟု ကခ်ါ၌ဆို၏၊ ဋီကာသစ်၌ကား ဒါယကာက သံဃာဘတ်ကို ပြုလိုပါသည်၊ စေတီပူဇော်ခြင်းကို ပြုလိုပါသည်၊ တပါးသော ရဟန်းအား ပရိက္ခရာလှူလိုပါသည်၊ အရှင်ဘုရားတို့၏ အလိုဆန္ဒအတိုင်း လှူပါမည် အမိန့်ရှိတော်မူပါ၊ အဘယ်အရပ်၌ လှူရမည်နည်းဟု မေးလျှင် အကြင်အရပ်၌ လှူလို၏၊ ထိုအရပ်၌ လှူဟု ပြောကောင်းသည် ဆို၏။

# သုဒ္ဓပါဠိစိတ် မှတ်စု

## ၅၄-ဆဲရေးခြင်း ၁၀-ပါး

၁၂၁။ မည်,နွယ်,မှု,ဇာတ်၊ နာ, သွင်,တတ်၊ ကို,ပတ်,ဆဲ ဆယ်ပါး။

ဤလက်ာဖြင့် ဆဲရေးခြင်း (ဩမသဝါဒ) ၁၀-ပါးကို ပြတော်မူ၏။

ဆဲရေးခြင်း ၁၀-ပါး ။(၁) မည်-အမည်ကိုက ဘာတဲ့ ညာတဲ့ဟု အမည်ဖြင့်ဆဲခြင်း။ (၂)နွယ်-အဆက်အနွယ်ကိုက ဘာနှင့်ဆက်သည် နွယ်သည်ဟုဆဲခြင်း။(၃)မှု-အလုပ်ကိုက ဘင်ကျုံးအလုပ်,ကုန်သွယ် အလုပ်စသည်ဖြင့်ဆဲခြင်း။ (၄) ဇာတ်-အမျိုးကိုက ဒွန်းစဏ္ဍားမျိုး' မင်းမျိုးစသည်ဖြင့် ဆဲခြင်း။ (၅) နာ-အနာကိုက အရူးနာ, မြင်း သရိက်နာ စသည်ဖြင့် ဆဲခြင်း။ (၆) သွင်-အသွင် အပြင်ကိုက အလွန်ရှည်,အလွန်နက်စသည်ဖြင့် ဆဲခြင်း။ ဝါ၊ဘာသမား ယောင် ယောင်၊ညာသမားယောင်ဖြင့် ဆဲခြင်း။ (၇) တတ်-အတတ်ပညာ ကိုက ကျူထရံယက်အတတ်, စာရေးအတတ် စသည်ဖြင့် ဆဲခြင်း။ (၈) ကိ-လောဘကြီးသည် ဒေါသကြီးသည်စသည်ဖြင့်(ကိလေသာ ၁၀-ပါးဖြင့် ဆဲခြင်း။ (၉) ပတ်-ဘာအာပတ် သင့်သည် ညာ အာပတ် သင့်သည်ဟု ဆဲခြင်း။ (၁၀) ဆဲ-ဟဲ့ခွေး, ဟဲ့တိရစ္ဆာန်, ယအက္ခရာ, ဘအက္ခရာတို့ ပေါင်းရေထားသော ရှေးလာလသုံး မေထုန်အနက်ဟော ယဘဟူသောဆဲခြင်း မိန်းမ ယောက်ျားတို့၏ အင်္ဂါဇာတ်နှင့်စပ်သောဆဲခြင်း။ ဝါ၊ယုတ်ယုတ်မာမာ မိတိုင်ဘလဲ အရပ်ဆဲ ဆဲခြင်း။ ဤ ၁၀-ပါးတို့တွင် တပါးတပါး၌ အယုတ် အားဖြင့် ဆဲခြင်း၊အမြတ်အားဖြင့် ဆဲခြင်းဟု နှစ်မျိုးစီရှိ၏။ အယုတ် ဖြင့် ဆဲဆဲ၊ အမြတ်ဖြင့်ဆဲဆဲ ဒေါသဖြင့် နာကျည်းအောင် ဆိုခြင်း သာ ဩမသဝါဒမည်သည်၊ ရယ်မြူးလို၍ဆိုလျှင် ဩမသဝါဒမမည်။ ဆဲခြင်းဆယ်ပါးမှ လွတ်လျှင်လည်း ပါစိတ်မသင့်။

ဆဲရေးပြစ်။ ။ရဟန်းကို တိုက်ရိုက်ဆဲမှု ပါစိတ်။ တိုက်ရိုက်မဟုတ်ဘဲ စောင်း၍ဆဲမှု ဒုက္ကဋ်။ ပါဠိတော်၌ မလာသော သူခိုး, ခါးပိုက်နှိုက် စသည်ဖြင့်ဆဲမှုလည်း ဒုက္ကဋ်၊ မြူးတူးလို၍ မည်သူ့ကို မဆိုဆဲမှု၊ဝါ၊ကစားဆဲဆဲမှု၊ဝါ၊အောင်မယ်မင်းသားကြီး လာသကိုး စသည်ဖြင့် ပြောမှု ဒုဗ္ဘာသိတ်၏။

## ၅၅-ပဒသောဓမ္မပုဒ်ပြိုင် ၄-မျိုး

၁၂၆။ အချို,အချ၊ ပြိုင်တူကျ၊ ပဒမည်သည်သာ။
၁၂၇။ အချိုမမျ၊ ပြိုင်တူကျ၊ အနုပဒသာ။
၁၂၈။ အစတခု၊ ပြိုင်တူပြု၊ အနုအက္ခရာ။
၁၂၉။ အနိစ္စနှစ်ခု၊ ပြိုင်တူပြု၊ အနုဗျဉ္ဇနာ။
၁၃၀။ လေးမျိုးလုံးပင်၊ ရှတ်ဆင်ခြင်၊ ပြိုင်လျှင် ပါစိတ်သာ။

ဤလက်ာ ငါးပုဒ်ဖြင့် ပဒသောဓမ္မသိက္ခာပုဒ်၌ ပဒသောအရ ပဒလေးမျိုးနှင့် အဓိပ္ပါယ်ကိုပြတော်မူ၏။

ပဒ ၄-မျိုး။ ။ပဒသောအရ ပဒသည် ပဒ, အနုပဒ, အန္ဝက္ခရ, အနုဗျဉ္ဇနဟု လေးမျိုးပြား၏။ထိုတွင် ဂါထာ၌တခုသော ပါဒသည် ပဒ၊ ဒုတိယပါဒသည် အနုပဒ၊ အက္ခရာ တလုံးသည် အန္ဝက္ခရ၊ ရှေးဝါကျ၌ ရှိသော စကား တခုနှင့် တူသော နောက်ဝါကျ ရှိ စကားသည် အနုဗျဉ္ဇန မည်၏။ ။တနည်း–အက္ခရာ တလုံးသည် အန္ဝက္ခရ၊ အက္ခရာအပေါင်းသည် အနုဗျဉ္ဇန၊ ဝိဘတ် အဆုံးရှိသော ရှေးပုဒ်သည် ပဒ၊ဝိဘတ် အဆုံးရှိသော နောက်ပုဒ်သည် အနုပဒ မည်၏။

ပြိုင်ပုံ။ ။မထေရ်သည် မနောပုဗ္ဗင်္ဂမာဓမ္မာ ဟု ဆိုချသောအခါ သာမဏေနှင့်အချီညီအချညီအောင် တပြိုင်တည်းစ၍ တပြိုင်တည်း ပြီးစေအံ့ – ပဒပြိုင်သည် မည်၏။ မထေရ်သည် "မနော ပုဗ္ဗင်္ဂမာဓမ္မာ" ဟု ဆိုချသော အခါ သာမဏေသည် ချက်ချင်း မလိုက်နိုင်၍ ကျန်နေပြီးလျှင် "မနောသေဋ္ဌာမနောမယာ" ဟု

ဒုတိယပါဒ ဝိုချသောအခါမှီ၍ တပြိုင်တည်းပြီးစေအံ့၊ ဝါ၊ အချီ မညီ–အချညီအံ့ အနုပဒပြိုင်သည်မည်၏။ ။မထေရ်သည် "ရူပံ အနိစ္စံ" ဟု ဆိုလော့ဟုဆို၍ ဝိုချသောအခါ "ရူ" ဟူသောအက္ခရာ တလုံးသာ ပြိုင်တူဆို၍ ရပ်နေအံ့၊ ဝါ၊ အစ အက္ခရာတခုသာပြိုင်တူ ပြုအံ့-အန္ဝက္ခရပြိုင်သည်မည်၏။ ။မထေရ်သည် "ရူပံအနိစ္စံ" ဟူ၍ ဝိုချစဉ် သာမဏေသည်လျင်မြန်သဖြင့် "ရူပံအနိစ္စံ၊ ဝေဒနာအနိစ္စာ" ဟု နောက်အနိစ္စဖြင့် ပြိုင်လျက်ပြီးစေအံ့၊ ဝါ၊ မထေရ်၏ ရှေ့ပုဒ် အနိစ္စ၊ သာမဏေ၏ နောက်ပုဒ်အနိစ္စ-ပြိုင်အံ့-အနုဗျဥ္ဇန ပြိုင်သည် မည်၏၊ ဤလေးမျိုးလုံး ပဒသောဓမ္မ မည်၏။ ပါစိတ်သင့်သည် ချည်းသာတည်း။

ဓမ္မ။ ။ပါဠိတော် အဋ္ဌကထာ ပိဋကတ်သုံးပုံသည် ဓမ္မမည်၏။ ယင်းဓမ္မသည် ဘုရားဟော၊ သာဝကဟော၊ ရသေ့ဟော၊ နတ်ဟော ဟုလေးမျိုး၊ ထိုတွင် ဗာဝရီရသေ့တို့ ဘုရားထံမေးခြင်း လျှောက် ခြင်းတို့သည် ရသေ့ဟော၊ ဒေဝတာသံယုတ်စသည်သည် နတ်ဟော၊ အနက်သဒ္ဒါ နှင့် ပြည့်စုံ၏။ သင်္ဂါယနာ သုံးတန်မတင်သော တိက္ခိန္ဒြိယသုတ်၊ စတုပရိဝတ္တနသုတ်၊ နန္ဒောပနန္ဒသုတ်၊ ကုလုမ္ဗ သုတ်၊ မဂ္ဂကထာ စသည်လည်း အနက်သဒ္ဒါနှင့် ပြည့်စုံသော ကြောင့် ဓမ္မပင်မည်၏။

(ဝဏ္ဏပိဋက၊ အင်္ဂုလိမာလပိဋက၊ အာဠဝကဂဇ္ဇိတ၊ ဂုဠ ဝေဿန္တရ စသည်ကား ဘုရားစကားမဟုတ်၊ ဓမ္မမမည်၊ မာဂဓဘာသာ မဟုတ်သော ဘာသာတပါးစကားလည်း ဓမ္မမမည်)။

မာဂဓဘာသာဖြစ်သော ဓမ္မကို ဘိက္ခု၊ ဘိက္ခုနီမှ တပါးသော သူတို့နှင့် ပဒစသော လေးပါးတပါးပါးပြိုင်၍ ဝိုချအံ့-ပဒစသည် အရေအတွက်အားဖြင့်ပါစိတ်သင့်၏။

မှတ်ချက်။ ။"ဝါစေယျ=ဝိုချအံ့" ဟု ဆိုသောကြောင့် သံပြိုင် စာချမှ အာပတ် သင့်ရကား စာချသော အရာ မဟုတ်လျှင်

အာပတ် မသင့်၊ ထို့ကြောင့် သာမဏေ နှင့် ရဟန်း တွဲ၍ စာတက်ရာ၌ဒုင်း၊ တွဲ၍စာပြန်ရာ၌ဒုင်း၊ သာမဏေထံ ရဟန်းက စာတက်ရာ၌ဒုင်း၊ သံပြိုင်ဆိုသော်လည်း အာပတ်မသင့်၊ သာမဏေ ကိုယ်တိုင် ရပြီးလျက် ကြောက်၍မဆိုဝံ့သော ဿုမဟုတ် ကျေပွန် သော စာကို သံပြိုင်ထောက်ပေးရာ၌လည်း အာပတ်မသင့်။

## ၅၆-တိရစ္ဆာန်သဟသေယျ

### ၁၃၁။ တိရစ္ဆာန်အိပ်၊ ထီး, ပါစိတ်၊ မ, အိပ်ဒုက္ကဋ်တည်း။

ဤလက်ာဖြင့် သဟသေယျလောက်သောကျောင်း၌ တိရစ္ဆာန် ထီးနှင့်လေးညဥ့်အိပ်လျှင် ပဌမသဟသေယျ သိက္ခာပုဒ်ဖြင့် ပါစိတ် သင့်သည်ကိုဒုင်း၊ တိရစ္ဆာန်မနှင့် တညဥ့်မျှအိပ်လျှင် ဒုတိယ သဟ သေယျသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်သင့်သည်ကိုဒုင်း ပြတော်မူ၏။

ရှင်းလင်းချက်။ ။ပဌမ သဟသေယျ သိက္ခာပုဒ်၌ "အနုပ သမ္ပန္နေန" အရ ဘိက္ခုမှတပါး ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန် ထီး ကိုယူရ၏၊ ထို့ကြောင့် တိရစ္ဆာန်ထီး နှင့် လေးညဥ့် အိပ်လျှင် ပါစိတ်ဟုဆိုသည်။ ။ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ "မာတု ဂါမေန" အရ မေထုန ဝတ္ထုဖြစ်သော တိရစ္ဆာန်မသည် ဒုက္ကဋ် ဝတ္ထုဖြစ်၏။ ထို့ကြောင့် တိရစ္ဆာန်မနှင့် တညဥ့်မျှအိပ်လျှင် ဒုတိယ သဟသေယျသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်ဟု ဆိုသည်။

မှတ်ချက်။ ။ပဌမ သဟသေယျသိက္ခာပုဒ်၌ စတုတ္ထညဥ့်တွင် အာပတ်သင့်၏။ ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ ပဌမညဥ့်တွင်ပင် သင့်၏၊ နေဝင်သည်မှ အရုဏ်တက်အထိသည် ညဥ့်မည်၏။

အထူးမှတ်ဘွယ်။ ။ခါးရိုးမြေထိ, ကြမ်းထိ အိပ်ခြင်းသည် အိပ် သည်မည်၏၊ ကျောက်ကုန်း ဆန့်ခြင်း လက္ခဏာရှိ၏။ ခါးရိုးမှ အထက် ကျောက်ဆူးရိုးတို့ကို တိုင်စသည်၌ မှီ၍အိပ်အံ့-အိပ်သည် မမည်၊ ကိုယ်မစင်းသာသော နောက်မှီ ကုလားထိုင်၌လည်း အိပ် သည်မမည်၊ "ကေဘင်" နံပါး တဘက်ချိုးဖြင့်လည်း အိပ်သည် မမည်။ ခြေတို့ကို မြေမှ မလွတ်စေမူ၍-ညောင်စောင်း၌ နံပါး

တဘက်ဖြင့် ကိုယ်ကိုချိုး၍ (ညွတ်စေ၍) အိပ်ခြင်းသည် ကောင်းမည်၏။ ။တံခါး တခုတည်းဖြင့်ဝင်၍ လှည့်လည် နိုင်ရာအထပ်၊ အခန်း၊ အဆောင် အားလုံးသည် ကျေုပစာရမည်၏။ နံရံ စသည် ကာရံ၍ တံခါး သီးခြားဖြင့်ထားအံ့-နာနူပစာရ မည်၏။ အမိုးမျက်နှာကြက် အပေါက်ဖြင့် ဖွတ်, ကြောင် စသည်ဝင်၍ အိပ်လျှင်လည်း ပါစိတ်ကို ဖြစ်စေနိုင်၏။ ။အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ – အမိုး ငါးပါးကို ဆိုနေကြ ဖြစ်သော်လည်း အဝတ်၊ ပျဉ်ပြား၊ ဖျာ စသော အမိုး၊ အကာဟူသမျှကိုပင် ယူရမည်။

ကျောင်း ၁၈-ကျောင်း။ ။ကျောင်းသည် ပါစိတ် ရှစ်ကျောင်း၊ ဒုက္ကဋ် ငါးကျောင်း အာပတ်မသင့်သော ကျောင်း ငါးကျောင်း အားဖြင့် ၁၈- ကျောင်းရှိ၏၊ ထိုတွင်ပါစိတ် ရှစ်ကျောင်းကား (၁) အမိုးအားလုံး၊ အကာအားလုံးရှိသောကျောင်း။ (၂) အမိုးအားလုံး, အကာ များသော ကျောင်း။ (၃) မိုးလုံး, ကာဝက်။ (၄) မိုးများ, ကာလုံး။ (၅)မိုးများ,ကာများ။ (၆)မိုးများ,ကာဝက်။ (၇) မိုးဝက်, ကာလုံး။ (၈) မိုးဝက်, ကာများ၊ ၅- ကျောင်းတည်း။ ။ဒုက် ၅ – ကျောင်းကား (၁) မိုးလုံး, ကာနည်း။ (၂) မိုးများ, ကာနည်း။ (၃) မိုးဝက်, ကာဝက်။ (၄) မိုးနည်း, ကာလုံး။ (၅) မိုးနည်း, ကာများ၊ငါးကျောင်းတည်း။ ။အာပတ်မသင့်သော ကျောင်းငါးကျောင်းကား (၁) မိုးဝက်, ကာနည်း။ (၂) မိုးနည်း, ကာဝက်။ (၃) မိုးနည်း,ကာနည်း။ (၄) မိုးရှိ,ကာမရှိ။ (၅) ကာရှိ, မိုးမရှိ၊ ၅-ကျောင်းတည်း။ "ပါစိတ်ရှစ်ကျောင်း၊ ဒုက်ရှစ်ကျောင်း၊ ငါးကျောင်းနာပတ္တိ" လင်္ကာဖြင့်မှတ်ထားလျှင်လွယ်၏။ ဘုရားကျောင်း၌ ဆရာတော်ကြီး ချပေး၍ ဆိုရဘူး၏။

## ၅၇-ဗီဇဂါမ် ၅-ပါး၊ ကပ္ပိခြင်း ၅-ပါး

၁၃၂။ မူလ, ခန္ဓ[၂]၊ ဖလုဂ္ဂ[၂]၊ ဗီဇ[၁] မျိုးငါးတန်။

၁၃၃။ စေ့, ညွန့်, အဆစ်[၃]၊ ပင်စည်, မြစ်[၂]၊ ငါးဖြစ်ဗီဇဂါမ်။

၁၃၄။ လက်သည်း, မီး, ဓါး[၃]၊ နုထုတ်စား၊ ငါးပါးကပ္ပိယံ။

ဤလက်ာ ၃-ပုဒ်တို့တွင် ပ ဒ နှစ်ပုဒ်ဖြင့်ဗီဇဂါမ် ငါးပါးကိုဒင်း၊ တတိယလက်ာဖြင့် ကပ္ပိခြင်း ကပ္ပိပုံ ငါးပါးကိုဒင်း ဘူတဂါမ သိက္ခာပုဒ်အရ ပြတော်မူသည်။

ဗီဇဂါမ် ၅-ပါး။ ။ကြီးပွားဆဲ, ကြီးပွားပြီး သစ်ပင် အပေါင်းကို ဘူတဂါမ်ခေါ်သည်၊ ထိုဘူတဂါမ်မှ သီးခြားပြုအပ်သော (ဆွတ်ခူးခြင်း စသည် ပြုအပ်သော) မျိုးစေ့ အပေါင်းကို ဗီဇဂါမ်ဟုခေါ်သည်၊ ထိုဗီဇဂါမ်ခေါ် မျိုးစေ့အပေါင်းသည်။

(၁) မူလဗီဇ-အမြစ်မျိုးစေ့-နနွင်း,ချင်းစိမ်း ဥစသည်၊
(၂) ခန္ဓဗီဇ-ပင်စည်မျိုးစေ့-ညောင်ကိုင်း, သဖန်းကိုင်း စသည်၊
(၃) ဖလုဗီဇ-အဆစ်မျိုးစေ့-ကြံ,ဝါး,ကျူ စသည်၊
(၄) အဂ္ဂဗီဇ-အညွန့်မျိုးစေ့-ဇလပ်ညွန့် ကန်စွန်းညွန့် စသည်၊
(၅) ဗီဇဗီဇ-အစေ့မျိုးစေ့-စပါးစေ့, ပဲစေ့ စသည်ဖြင့် ၅မျိုးရှိ၏။

အစိပ္ပါယ်။ ။ဗီဇဂါမ် ဟူသမျှကို ခွက်၌ ထားအံ့၊ စုပုံထားအံ့၊ မြေ၌ စိုက်သော်လည်း အမြစ်သာ ထွက်အံ့၊ အညွန့်သာထွက်အံ့၊ အမြစ်,အညွန့် တထွာခန့် ထွက်သော်လည်း အညွန့် မစိမ်းသေးသည် ဖြစ်အံ့၊ဗီဇဂါမ်သာမည်၏။ဒုက္ကဋ်ဝတ္ထုမည်၏။ထန်းပင်ငုတ်၊အုန်းပင် ငုတ်၊သီးပြီးသော ငှက်ပျောပင်၊ ဝါးပင်၊ ရေအိုးအပ၌ ရှိသောမှော်၊ ရေညှိ၊ ကျောက်ပွေး၊ ကျောက်ခက်၊ မှိုငုံတို့လည်း ဒုက္ကဋ်ဝတ္ထု ဗီဇဂါမ်မည်ကုန်၏။ ရေအိုးအတွင်း၌ ရှိသော မှော်၊ ရေညှိ၊ ဒန်ပူ စသည်၌တက်သောမှို၊ ပွင့်သောမှိုတို့ကား အဗ္ဗောဟာရိက ဝတ္ထု၊ အနာပတ္တိ ဝတ္ထု တို့မည်ကုန်၏။

ကပ္ပိခြင်းငါးပါးနှင့်အဓိပ္ပါယ်။ ။သိလော၊ ကပ္ပိလော စသော ကပ္ပိယ စကားဖြင့် ဘူတဂါမ်မှ သီးခြား ပြုပြီးသော ဗီဇဂါမ်ကို ကပ္ပိယံကရောဟိဟု တဖန်ကပ္ပိစေပြီးမှသာ သုံးဆောင်ခြင်းဖျက်ဆီး ခြင်းကိုပြုရသည်။ပဌမ ကပ္ပိလောဟု ဆိုခြင်းဖြင့်ဘူတဂါမ်မှလွတ်စေ သည်။ တဖန် ကပ္ပိယံကရောဟိ ဟု ဆိုခြင်းဖြင့် ဗီဇဂါမ်မှ လွတ်ပေ သည်။ ဗီဇဂါမ်မှ လွတ်စေရာ၌ မီး၊ လက်သည်း၊ ဒါး-တခုခုဖြင့် ကပ္ပိရသည်၊ မီးဖြင့်တနေရာ၌ တို့၍ “ကပ္ပိယံဘန္တေ” ဟု ဆိုလျှင်

မီးဖြင့် ကပ္ပိသည်မည်၏။ ထက်သောဒါးငယ်၊ ဒါးကြီး၊ အပ်စသည်၏ အသွားဖြင့် ဖြစ်စေ၊ ဦးချွန်ဖြင့် ဖြစ်စေ အပေါက် အပြတ် ထင်စေလျက်"ကပ္ပိယံဘန္တေ"ဟု ဆိုလျှင် ဒါး ဖြင့်ကပ္ပိသည်မည်၏။ မပုပ်သောလက်သည်းဖြင့် အပေါက်အပြတ် ထင်စေလျက် မြွက်ဆိုလျှင် လက်သည်းဖြင့် ကပ္ပိသည်မည်၏။ လူလက်သည်း တိရစ္ဆာန်လက်သည်းသည် ဖြတ်သိမ်း ထားသော်လည်း အပ်၏၊ ပုပ်သော လက်သည်း၊ ကျွဲ, နွား တို့၏ ခွာမအပ်၊ ဆင်လက်သည်းခြေသည်းကား အပ်၏။ ခုရ-ခွာမအပ်၊ နခါ- ခြေသည်း လက်သည်းသာ အပ်သည်၊ အစေ့နုနု၊ မျိုးမအောင်သော ငြုတ်သီးနု၊ သခွားသီးနုကား ကပ္ပိဘွယ်မရှိ၊ ပင်ကိုအတိုင်းကပင် ကပ္ပိပြီး မည်၏။ အစေ့ ဖယ်ထုတ်၍ စားရသော သရက်သီး၊ ပိန္နဲသီး စသည်လည်း ကပ္ပိပြီး မည်၏။ လက်သည်း မီး ဒါး ဖြင့် ကပ္ပိရာ၌ တောင်မျှလောက်များသော မျိုးစေ့ပုံ ဖြစ်ပစေ၊ တစပ်တည်းစုပုံထားသော သစ်ကိုင်း၊ ကြံချောင်းတရာတထောင်ဖြစ်ပစေ၊ တစေ့၊ တကိုင်း၊ တချောင်းမျှ ကပ္ပိလျှင် အားလုံး ကပ္ပိပြီးဖြစ်၏။ (ဤစကား အရ အကပ်မခံဘဲလည်း ကပ္ပိကောင်းသည်ဟု သိသာ၏) ထင်းနှင့်ကြံ တစပ်တည်း တည်ရာ၌ ထင်းကို ထိုးဆွမိလျှင်လည်း ကြံကပ္ပိပြီးဖြစ်၏။ ဖွဲ့စည်းထားသောနွယ်ကို ထိုးဆွမိလျှင်မအပ်၊ နွယ်သည် ခွက်အရာ၌တည်သည်၊ သစ်ရွက်၌ ထည့်၍ ထိုသစ်ရွက်ဖြင့်ကပ္ပိလျှင်လည်း ခွက်အရာတည်၏၊ ခွက်ဖြင့်မကပ္ပိအပ်၊ ငြုတ်သီးနှင့်ရောသော ဆွမ်းလုံးကိုဖြစ်စေ၊ လက်ကော်ရ ယာဂုကိုဖြစ်စေ ထိုးဆွမိလျှင် အပ်၏၊ လက်ကော်ရမဟုတ်သော ယာဂုကျဲ၌ ထိုးဆွမိလျှင် မအပ်။ ယာဂုကျဲ၌ ငြုတ်စေ့၊ နှမ်းစေ့တို့ တစပ်တည်းမတည်လျှင် တစေ့စီ ကပ္ပိမှ အပ်သည်၊ သီးသီးအတွင်း၌ အဆံသည် အခွံကို လွတ်၍ ရွေ့ရှားနေအံ့-ခွဲ၍ ကပ္ပိရသည်၊ မရွေ့မရှား တစပ်တည်း တည်အံ့-မခွဲဘဲ အခွံ၌သော်လည်းကပ္ပိအပ်၏၊ အစေ့ အဆန် ရွေ့လျှင် သီးသီးအခွံသည် ခွက်နှင့်အလားတူ၏။

## ၅၈–သေယျ ၁၀–ပါး

**၁၃၅။ ဘိသိ,စိမိ၊ ခုတ်,ဘူမိ၊တဋ္ဋိ,စမ္မခဏ်။**
**၁၃၆။ နိသိ,ပစ္စ၊ မြက်,ပဏ္ဏ၊ သေယျဆယ်ခုမှန်။**

ဤလင်္ကာဖြင့် ဘူတဂါမဝဂ်၊ ဒုတိယ သေနာသန သိက္ခာပဒ ဝိဘင်း၌ ဟောတော်မူသော သေယျ (အခင်း) ၁၀-ပါးကိုပြတော်မူ၏။

သေယျ ၁၀-ပါး။ ။(၁) ဘိသိ၊ ဘုံလျှို။ (အဝတ်ကိုဖြစ်စေ၊ အပ်သော သားရေကိုဖြစ်စေ အိပ်ချုပ်၍ အတွင်း၌ အဆာ ထည့်ထားသော မွေ့ရာခေါ်သော ဖုံတည်း၊ ဘိသိငါးမျိုးပြား၏။)

ဘိသိ ၅-မျိုး။ ။(၁) ဥဏ္ဏဘိသိ-သားမွေး အဆာသွတ်သော ဘုံလျှို။ (၂) စောဠဘိသိ-အဝတ် အဆာ သွတ်သော ဘုံလျှို။ (၃) ဝါကဘိသိ-လျှော်မျှင်အဆာသွတ်သော ဘုံလျှို။ (၄) တိဏဘိသိ-မြက်အဆာသွတ်သော ဘုံလျှို။ (၅) ပဏ္ဏဘိသိ-သစ်ရွက်အဆာသွတ်သော ဘုံလျှို။

(၂) စိမိ-စိမိလိကာ=ပုဆိုးကြမ်း အခင်း၊ (အပြေအပြစ် ပြုထားသော မြေပေါ်၌ အဆင်း မပျက်အောင် ခင်းသော အဝတ်)။ (၃) ဥတ်-ဥတ္တရတ္ထရဏံ=ညောင်စောင်း အင်းပျဉ် အပေါ်၌ ခင်းသော အပေါ်လွှမ်းအခင်း။ (၄) ဘူမိ-ဘူမတ္ထရဏံ=မြေအခင်း၊ (မြေ၌ဖြစ်စေ၊စိမိလိကာအထက်၌ဖြစ်စေ ခင်းသောသင်ဖျူးစသော အခင်း၊ (၅) တဋ္ဋိ-တဋ္ဋိကံ=ထန်းရွက်စသည်ဖြင့် ပြုသော ဖျာကြမ်း အခင်း၊ ဝါ၊ ကပိုင်ကဲလား။ (၆) စမ္မခဏ်-စမ္မက္ခဏ္ဍော=သားရေပိုင်း အခင်း။ (၇) နိသီ-နိသီဒနံ=နိသီဒိုင်အခင်း။ (၈) ပစ္စ=ပစ္စတ္ထရဏံ= အိပ်ရာခင်း၊ ကော်ဇော၊ စုလျား၊ ဘုံပတီး။ (၉) မြက်-သန္ထာရော= မြက်အခင်း။ (၁၀) ပဏ္ဏ-ပဏ္ဏသန္ထာရော-သစ်ရွက် အခင်း၊ဤကား သေယျ ၁၀-ပါးတည်း။

**သတိထားရန်။** ။ချည်ကော်ဇောသည် နေရာမရွေး ခင်း ကောင်း၏၊ သားမွေးကော်ဇောဖြစ်မူ ဘူမတ္ထရဏ အဖြစ်

ဖြင့်သာ ခင်းကောင်းသည်၊ ညောင်စောင်း အင်းပျဉ်ပေါ်၌ ခင်း၍ မအိပ်ကောင်း၊ မထိုင်ကောင်း၊ လူတို့ခင်းပေးမှ ထိုင်ကောင်းသည်၊ မအိပ်ကောင်း။

## ၅၉-ဘိက္ခုနောဝါဒကသမ္မုတိအင်္ဂါ ၈-ပါး

၁၃၇။ သီလ, သုတ[၂]၊ ဒွေကိုရ၍[၃]၊ ကောင်းလှစကား၊ အများ ချစ်ခင်[၅]၊ သွန်သင်တတ်စွမ်း[၆]၊ မယ်ရဟန်းနှင့်၊ ဖက်ယမ်း မေထုန်၊ မကြုံစဘူး[၇]၊ လွန်ကျူးနှစ်ဆယ်[၈]၊ ဤရှစ်သွယ်၊ မှတ်ဘွယ် ဩဝါဒ။

အင်္ဂါ ၈-ပါး။ ။(၁) သီလ-သီလရှိခြင်း။ (၂) သုတ-ဗဟုသုတ ရှိခြင်း။ (၃) ဒွေကိုရ၍-ဒွေမာတိကာ အကျယ် နှုတ်၌ လာခြင်း။ (၄) ကောင်းလှစကား - ကောင်းသော စကားကို ဆိုတတ်ခြင်း။ (၅) အများချစ်ခင်-ဘိက္ခုနီအများ ချစ်ခင်ကြည်ညိုခြင်း။ (၆) သွန် သင်တတ်စွမ်း-ဘိက္ခုနီတို့ကို ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (၇) မယ် ရဟန်းနှင့်၊ ဖက်ယမ်းမေထုန်၊ မကြုံစဘူး-မိမိလူဖြစ်စဉ်က ဘိက္ခုနီမ၌ ကာယသံသဂ္ဂမှု၊ သိက္ခမာန်သာမဏေတို့၌ မေထုန်မှု မပြုဘူးခြင်း။ (၈) လွန်ကျူးနှစ်ဆယ်-ရဟန်းဝါနှစ်ဆယ်၊ နှစ်ဆယ်ထက် လွန်ခြင်း၊ ဤအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ဘိက္ခုနောဝါဒက ရဟန်းဟု သမုတ်ခြင်းငှာ ခွင့်ပြုတော်မူ၏။

## ၆၀-ဂရုဓမ်တရား ၈-ပါး

၁၃၈။ ရှိခိုး, ဝါကပ်[၂]၊ လခွဲကပ်[၃]၊ နှစ်ရပ် ပဝါရဏာ[၅]။

၁၃၉။ နှစ်နှစ်သိက္ခ[၆]၊ ပက်မာန[၇]၊ ပြန်ဟ မဆဲရန်[၈]။

၁၄၀။ ရဟန်းဆိုသမျှ၊ ငုံ့ခံရ[၈]၊ အဌဂရုဓမ်။

ဤလင်္ကာဖြင့် ဩဝါဒသိက္ခာပုဒ်၌ ဩဝဒေယျအရ ဂရုဓမ်ရှစ်ပါး ကို ပြသည်။

ဂရုဓမ် ၈-ပါး။ ။(၁) ရှိခိုး-ဘိက္ခုနီသည် ဝါတရာ ရသော် လည်း ယခုဖြစ်စ ရဟန်းကို ရှိခိုးရခြင်း။ (၂) ဝါကပ်-ရဟန်း

ယောက်ျား အနီးမရှိသော ကျောင်း၌ ဝါမဆိုရခြင်း။ (၃) လခွဲကပ်-လခွဲတိုင်း ဩဝါဒအလို့ငှာ ရဟန်း ယောက်ျားထံ ချဉ်းကပ်ရခြင်း။ (၄) နှစ်ရပ်ပဝါရဏ - ဝါကျွတ်သောအခါ ဥဘတော သံဃာ၌ ပဝါရဏာ ပြုရခြင်း၊ (၅) နှစ်နှစ်သိက္ခ-နှစ်နှစ်ကျင့်ပြီးမှ ဥဘတော သံဃာ၌ ရဟန်းပြုရခြင်း။ (၆) ပက်မာန-သံဃာဒိသိသ် အာပတ် သင့်သော် ပက္ခမာနတ်သာ ကျင့်ရခြင်း။ (၇) မြန်ဟမဆဲရန်-ရဟန်းကို မည်သည့်နည်းနှင့်မှ မဆဲရ၊ မခြိမ်းချောက် ရခြင်း။ (၈) ရဟန်းဆိုသမျှငုံ့ခံရ-ရဟန်း ယောက်ျား ပြောဆိုသမျှ ငုံ့ခံနေရခြင်း၊ ဤရှစ်ပါးကိုအလေးပြုအပ်၏။ တသက်လုံး မလွန်ကျူးရ၊ ဤကား ဂရုဓမ္မရှစ်ပါးတည်း။

## ၆၁-ပဝါရိတ်သင့်ကြောင်းအင်္ဂါ ၅-ပါး

**၁၄၁။ စားဆဲဘောဇဉ်၊ ဆောင်ငင်၊ နီးကပ်၊ ငယ်မြစ်လတ်၊ ငါးရပ် ပဝါရိတ်သင့်ကြောင်းတည်း။**

ဤလက်ာဖြင့် ပဝါရိတ သိက္ခာပုဒ်၌ ပဝါရိတော အရ ပဝါရိတ် သင့်ကြောင်း အင်္ဂါ ၅-ပါးကိုပြသည်။

အင်္ဂါ ၅-ပါး

(၁) စားဆဲ-ဟူသည်ကား ဘောဇဉ်အချို့ မျိုချပြီးနောက်၊အချို့ မျိုချဦးမည် ဖြစ်၍ စားတုန်း စားဆဲ ရဟန်းသာ ပဝါရိတ်သင့်နိုင်သည်။ အစဦးစွာ မစားမမျိုမီရပ်၊ နောက်ဆုံးမျိုပြီးမှ သော်ရပ်း ပဝါရိတ်မသင့်။

(၂) ဘောဇဉ်-ဟူသည်ကား ဘောဇဉ်ငါးပါးကို တားမြစ်လျှင် ပဝါရိတ်သင့်သည်၊ခဲဘွယ်စသည်ကို တားမြစ်လျှင် ပဝါရိတ်မသင့်။

(၃) ဆောင်ငင်-ဟူသည်ကား ကိုယ်ဖြင့် ရှေ့ရှုဆောင်ပေးသော ဘောဇဉ်ကို တားမြစ်လျှင် ပဝါရိတ်သင့်သည်၊ နှုတ်ဖြင့် ဆောင်ပေးသည်ကို တားမြစ်လျှင် ပဝါရိတ်မသင့်။

(၄) နီးကပ်–ဟူသည်ကား နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း တည်သည်ကို တားမြစ်လျှင် ပစ္စိရိတ်သင့်သည်၊ ဟတ္ထပါသ်ပြင်ပ၌ တားမြစ်လျှင် ပစ္စိရိတ်မသင့်။

(၅) ပယ်မြစ်–ဟူသည်ကား ကိုယ်ဖြင့်၎င်း၊နှုတ်ဖြင့်၎င်း ပယ်လျှင် ပစ္စိရိတ် သင့်သည်၊ ပရိယာယ်ဖြင့် ပယ်လျှင်လည်း ပစ္စိရိတ် သင့်သည်။ယူပြီးမှချထားလျှင် ပစ္စိရိတ်မသင့်။ထို့ကြောင့်ဟတ္ထပါသ် တွင်းဝင်၍ ကပ်လာလျှင် အကပ်ခံထားရသည်။

## ၆၂–ဘောဇဉ် ၅–ပါး

**၁၄၂။ ထမင်း,ငါး,သား[၁]၊မုံ့နှစ်ပါး[၂]၊ငါးပါးဘောဇဉ်တည်း။**

ဤလက်ာဖြင့် ပစ္စိရိတ် သင့်ကြောင်း အင်္ဂါ ၅–ပါး တည်းမှ ဘောဇဉ်အရ ဘောဇဉ်ငါးပါးကို ပြတော်မူ၏။

ဘောဇဉ် ၅–ပါး

(၁) ထမင်း–ဟူသည်ကား စပါးမျိုး ခုနစ်ပါးတို့၏ ဆန်ဖြင့် ချက်သော ထမင်းသည်၎င်း၊ လက်ကော်ရ ယာဂုသည်၎င်း ထမင်း မည်၏။

မှတ်ရန်။ ။ယာဂုသည် ပူသောအခါကျဲ၍၊စောင်းသောက် နိုင်၍၊ အရေးမထင်၍၊ လက်ကော်ရသော်လည်း အေးသော အခါ တခဲနက်ဖြစ်၍၊အရေးထင်၍၊လက်ကော်ရအံ့။ ပူသော အခါထမင်းမမည်၊အေးသောအခါထမင်းမည်၏။ဟင်းရွက်, သစ်သီး, မျှစ်စသည်ကို ဆန်တဆုပ်မျှ ထည့်၍ ချက်သော် လည်း စားသောအခါ အရေးထင်လျှင် ထမင်း မည်၏။ ယာဂုကျဲပြုမည်ဟု ထမင်း၌ ရေ၊ပအုံးရည်၊နို့စသည် ထည့်အံ့ ကျဲသော်လည်း ထမင်းမမည်။ ကျိုက်ကျိုက်ဆူသော ရေ စသည် ထည့်အံ့၊ ရေထည့်၍ သော်လည်း ကျိုက်ကျိုက် ဆူအောင် ချက်အံ့၊ အရေးမထင်လျှင် ယာဂုကျဲ မည်၏၊ အရေးထင်လျှင် ထမင်းမည်၏။အလျော်နှင့်တကွ စပါးမျိုး ခုနစ်ပါး၏ ဆန်သည်သာလျှင် ထမင်း ဖြစ်ကောင်းသည်။

ဝါးသီးဆန်၊ သစ်ဖု၊ သစ်ဥ၊ သစ်မြစ်၊ သစ်သီးစသည်တို့ကိုသာ ချက်လျှင် ထမင်းမမည်။ အလျှော်ကား – သမန်းစသော မြက်သီးသည် လူး၌လျော်၏။ ပြောင်းလျင်သည် ပြောင်းကြီး၌ လျော်၏၊ကျိတ်သည် သလေး၌ လျော်၏။ဤ၌ ထမင်း မဟုတ်သမျှ ပဝါရိတ်ကို မဖြစ်စေနိုင်။ (ပြောင်းပူးလည်း ပဝါရိတ်ကို ဖြစ်စေရာ၌ မပါဝင်) ယာဂုကျဲဖြစ်သော်လည်း ငါး၊ အမဲ၊ မုံညင်းစေ့ခန့်ထည့်လျှင် ပဝါရိတ်ကို ဖြစ်စေသည်။

(၂-၃) ငါး,အသား– တို့၌ကား ယာဂုသောက်စဉ် ယာဂုလုံးအနေ ငါးပိုင်း၊အမဲပိုင်းနှစ်တုံးမျှ တခွက်တည်း၌ငင်း၊ခွက်အသီးသီး၌ငင်း လာကပ်အံ့၊ ထို ငါး၊ အမဲကို မစားမီသော်ငင်း၊ နှစ်တုံးလုံးစားပြီး၍ ခံတွင်း၌ မုန်ညင်းစေ့ခန့်မျှ အကြွင်းမရှိသော အခါ၌ငင်း ပဝါရိတ်မဖြစ်နိုင်၊ တတုံးစား၍ တတုံးကျန်စဉ်အခါ တားမြစ်လျှင် စားဆဲဖြစ်၍ ပဝါရိတ်ကိုဖြစ်စေနိုင်သည်။ မအပ်သော အသားကိုငင်း၊ ကုလဒုသနမှု, ဆေးကုမှု, ဈာန်မင်ဖိုလ် ဝါကြွားမှု ရွှေငွေခံမှုစသည်ကြောင့်ဖြစ်သော ဘောဇဉ်ကိုငင်း၊ ကပ္ပိယဘောဇဉ်စားဆဲဖြစ်စေ အကပ္ပိယဘောဇဉ်စားဆဲဖြစ်စေ တားမြစ်အံ့ ပဝါရိတ်မဖြစ်။ ခီရစသော ဂေါရသငါးပါး (ငါးအသားတုံးမပါသော ငါးဟင်းရည်၊ အသားဟင်းရည်သည်လည်း ပဝါရိတ်ကိုမဖြစ်စေနိုင်။

(၄) မုံ့နှစ်ပါး–ကား ကုမ္မာသော၊ မယောမုံ့၊ သတ္တု၊ မုံ့လုံးတည်း။ ထိုတွင် မယောမုံ့ဟူသည်ကား မယောဖြင့် (ဝါ-ဂျုံဖြင့်) ပြုသောမုံ့သည် မယောမုံ့မည်၏၊ ပဝါရိတ်ကို ဖြစ်စေနိုင်သည်၊ ပဲနောက်ဖြင့်ပြုလျှင် ပဝါရိတ်ကို မဖြစ်စေနိုင်။

(၅) မုံ့လုံး–ဟူသည်ကား စပါးမျိုးခုနစ်ပါးကို လှော်၍ပြုသော မုံ့သည် မုံ့လုံးမည်၏၊ အယုတ်ဆုံးအားဖြင့် ကျက်ကျက်လှော်သော စပါးတို့၏ ဆန်တို့ကို ထောင်းသော ဆန်မှုန့်၊ ဆန်ကွဲသည်လည်း မုံ့လုံးသာမည်၏။ (အရှည်၊ အတို၊ အပြား၊ အဝိုင်း၊ အမှုန့်၊ အခဲပင် ဖြစ်စေ မုံ့လုံးအမည်သာတွင်၏ဟူလို)။ ပဝါရိတ်ကိုဖြစ်စေ

နိုင်သည်။ ။သင့်ရုံလျော်သော နေပူလှန်းသော စပါးတို့၏ဆန်ကွဲ၊ အလုံးစုံသောဆန်၊ ပေါက်ပေါက်၊ပေါက်ပေါက်ဖြင့်ပြုသော ယမင်း မုံ့လုံး၊ မရွေး၊ မုံ့ဆန်းတို့ကား ပဝါရိတ်ကို မဖြစ်စေနိုင်။

## ၆၃-စပါးမျိုး ၇-ပါး

**၁၄၃။ သလေး, ကောက်, မုယော၊ နတ်ကောက်နှော၊ ဆပ်ရော, ပြောင်း နှင့် လူး။**

ဤလက်ာဖြင့် ဘောဇဉ်ငါးပါးတို့တွင် မုံ့လုံး၏ဖြစ်ရာ စပါးမျိုး ၇-ပါးကို ပြတော်မူ၏။

**စပါးမျိုး ၇-ပါး။** ။(၁) သာလိ၊ သလေးစပါး။ (၂) ဝီဟိ၊ ကောက်လတ်။ (၃) ယဝေါ၊ မုယောစပါး။ (၄) ဂေါဓုမော၊ နတ်ကောက်။ (၅) ကင်္ဂု၊ ဆပ်။ (၆) ဝရကော၊ ပြောင်း။ (၇) ကုဒြူသ၊ လူး။ ဤကား မုံ့လုပ်သောစပါးမျိုး ၇-ပါးတည်း။

**စားဆဲအကျယ်။** ။ဆိုခဲ့ပြီးသောနည်းဖြင့် ဆွမ်းတစေ့မျှ မျိုပြီးသော ရဟန်းသည် သပိတ်၊ ခံတွင်း၊ လက်တို့၌ရှိသော ဘောဇဉ်ကို ငဲ့ခြင်းရှိလျက် တပါးသော ဘောဇဉ်ကိုပယ်အံ့၊ ပဝါရိတ်သင့်၏။ ငဲ့ခြင်းမရှိသဖြင့် သူတပါးကိုပေးလိုအံ့၊ နေရာတပါးသို့ ရွေ့ပြောင်း၍ စားလိုအံ့၊ ထိုအခါပယ်လျှင် ပဝါရိတ် မသင့်။

**နီးကပ်အကျယ်။** ။ထိုင်သောရဟန်း၏ တင်ပါးနောက်စွန်းမှ၊ ရပ်သော ရဟန်း၏ ဖနောင့်စွန်းမှ၊ အိပ်သောရဟန်း၏ ထိုမှာဘက် နံပါးစွန်းမှ စ၍ ထိုင်၍၊ ရပ်၍၊ အိပ်၍ကပ်သူ၏ ဆန့်တန်းသော လက်ကိုဖယ်၍ အမှတ်မရှိ အနည်းဆုံး အင်္ဂါစွန်းအထိ နှစ်တောင်ထွာ ဟတ္ထပါသ်ကို ပိုင်းခြားရသည်၊ ထိုဟတ္ထပါသ်တွင်း ရောက်၍ ရှေးရှုပြုသောဘောဇဉ်ကိုပယ်မှ ပဝါရိတ်သင့်သည်၊ ဟတ္ထပါသ်တွင်း မရောက်မီ ရှေးရှုသည်ကိုပယ်လျှင် ပဝါရိတ်မသင့်။

**ဆောင်ငင်အကျယ်။** ။ဟတ္ထပါသ်တွင်းတည်သူကယူစိမ့်သောငှာ ရှေးရှုညွတ်သည်ကို တားမြစ်မှ ပဝါရိတ်သင့်သည်၊ အနီးကပ်သော်

ဇာဋ္ဌာသယ ၄၇၈-၁၁

လည်း ရှေးရှုညွှတ်ခြင်းမပြုဘဲ ဆွမ်းယူပါဟု နှုတ်ဖြင့် ဆိုသည်ကို တားမြစ်လျှင် ပဝါရိတ်မသင့်။ ဆွမ်းတောင်းအနီးတွင်ချ၍ ဆွမ်းယူပါ ဟုဆိုသည်ကို ပယ်အံ့၊ ပဝါရိတ်မသင့်။ အနည်းငယ်မြောက်ညွှတ်၍ ဆိုသည်ကိုပယ်လျှင် ပဝါရိတ်သင့်၏။ ဆွမ်းတောင်းကိုချီ၍ လုပ်ကျွေးသူကို အဖော်ဖြစ်သူက ကူညီ၍ ချမည်ဟု ကိုင်ရုံသာပြုအံ့၊ လုပ်ကျွေးသူ ချီသောကြောင့် ရှေးရှုပြီးမည်၏။ လုပ်ကျွေးသူက ဆွမ်းတောင်းထဲမှ ပေးအံ့ဟုယူသောဘောဇဉ်ကိုပယ်လျှင် ပဝါရိတ်သင့်၏။ ဆွမ်းတောင်းကို အဖော်က ချီသည်ဖြစ်၍ လုပ်ကျွေးသူက ကိုင်ရုံသာ ဖြစ်အံ့၊ ရှေးရှုသည်မမည်။ ပေးအံ့ဟုယူစဉ်ကို ပဝါရိတ်မသင့်။ ယောက်မဖြင့် ကော်မြောက်သည်ကိုပယ်လျှင်ကား ပဝါရိတ်သင့်၏။နှစ်ယောက်လုံးအညီအမျှချီသည်ကို ပယ်လျှင်လည်း ပဝါရိတ်သင့်၏။ အနီးရဟန်းအား ပေးသည်ကို အခြားတပါးက သပိတ်ကိုပိတ်အံ့၊ သူတပါး အားပေးသည်ကို ပယ်သောကြောင့် ပဝါရိတ်မသင့်။

ပယ်မြစ်အကျယ်။ ။နှုတ်ဖြင့်ဆောင်သည်ကိုပယ်လျှင် ပဝါရိတ်မသင့်၊ ကိုယ်ဖြင့် ရှေးရှုဆောင်သည်ကို လက်ချောင်းလှုပ်ခြင်း လက်ကာခြင်း၊ မျက်စောင်းထိုးခြင်းစသော ကာယဝိကာရဖြင့်၎င်း၊တန်ပြီ မပေးနှင့်၊ ဖဲလော့၊ ပြန်ယူ စသော ဝစီဝိကာရဖြင့်၎င်း ပယ်အံ့၊ ပဝါရိတ်သင့်၏။ ပယ်လိုက်လျှင် ပဝါရိတ်သင့်ရာ၏ဟု စိုးရိမ်သဖြင့် ထည့်ထည့်၊ ပြည့်အောင်ထည့်ဟု ဆိုအံ့၊ ပယ်ခြင်းလည်း မဟုတ်၊ ပယ်ခြင်း၏ ပရိယာယ်လည်း မဟုတ်သောကြောင့် ပဝါရိတ်မသင့်။ (ဝိနည်း၌ ကာယဒွါရ ဝစီဒွါရသာ ပြခန်းသည်၊ မနောဒွါရ မပြခန်း)။

ဤအင်္ဂါများကို ထောက်ထား၍ ဆွမ်းအတူစားကြရာ၌ ရဟန်းတပါးက ရဟန်းတပါးအား ဆွမ်းစသည်ကို ထည့်ပေးလိုလျှင် မကော်မခပ်သေးဘဲ ဆွမ်းအလိုရှိပါသလားဟုမေးပြီးမှ အလိုရှိလျှင် ထည့်ပေးရမည်ဟု ဆရာတော်ကြီးများ သင်ပြတော်မူ၏။

အသားဟင်းရည်။ ။အသားနှင့်တကွသော ဟင်းရည်ကို ရှေးရှုဆောင်၍ "ဟင်းရည်ခံပါ"ဟု ဆိုအံ့၊ ပယ်လျှင် ပဝါရိတ် မသင့်။

"အသားဟင်းရည်ခံပါ"ဟုဆိုအံ့၊ ပယ်လျှင် ပဝါရိတ်သင့်၏။ "ဇမ္ဗုဂေါဇာထ—ဤဝတ္ထုကို ခံပါ"ဟု ဆိုအံ့၊ ပယ်လျှင် ပဝါရိတ်သင့်၏။ အသားကိုကုန်အောင် ဆယ်ပြီးမှ "အသားဟင်းရည်ခံပါ"ဟုဆိုအံ့၊ ပဝါရိတ်ကို မဖြစ်စေ၊ အကယ်၍ မုန်ညင်းစေ့ခန့် အသားတုံးကျန်နေသေးအံ့၊ ပဝါရိတ်ကိုဖြစ်စေနိုင်၏။ မျှစ်,ပိန္နဲသီး စသည်နှင့် ငါး,အမဲ ရောချက်၍ "မျှစ်ဟင်း ခံပါ၊ ပိန္နဲသီးဟင်း ခံပါ၊ ဤဝတ္ထု ခံပါ" ဟု ဆိုအံ့ ပဝါရိတ်ကို ဖြစ်စေနိုင်၏။

## ၆၄-အတိရိတ်ဝိနည်းကံပြုရန် အင်္ဂါ ၇-ပါး

၁၄၄။ အပ်လျှင်,ကပ်ခံ၂၊ မြောက်ပြန်,နီးမြွက်၂၊သင့်လျက်မထ၁၊ စားပြီးမှသာ၁၊ အလမေ့တံ၊ ခုနစ်တန်-မှတ်ရန်အတိရိတ် အင်္ဂါတည်း။

ဤလက်ာဖြင့် အတိရိက်ဝိနည်းကံပြုရန် အင်္ဂါခုနစ်ပါးကိုပြတော်မူ၏။

**အတိရိက်ဝိနည်းကံ မှတ်ဘွယ်။** ။(၁) မကပ္ပိရသေးသော ဗီဇဂါမ်၊ မအပ်သောအသား၊ မအပ်သော အစာအာဟာရဟူသမျှသည် **အကပ္ပိယ** မည်၏၊အကပ္ပိယကို "အလမေတံသဗ္ဗံ"ဟု အတိရိက်ဝိနည်းကံပြုလျှင် အကပ္ပိယကို ပြုသည်မည်၏၊ဝိနည်းကံ မပြုကောင်း။ (၂) အကပ်မခံရသေးလျှင် **အပ္ပဋိဂ္ဂဟိတ** မည်၏၊ မပြုကောင်း။ (၃) ဝိနည်းကံ ပြုလိုသော ရဟန်းသည် မမြောက် မညွှတ်လျှင် **အနုစ္စာရိတ** မည်၏၊ မပြုကောင်း။ (၄) ဝိနည်းကံပြုလိုသော ရဟန်းသည် ဟတ္ထပါသ်၏ ပြင်ပ၌တည်လျှင် **အဟတ္ထပါသဋ္ဌိတ** မည်၏။ မပြုကောင်း။ (၅) ဝိနည်းကံပြုပေးသော ဝိနည်းဓိုရ်သည် ပဝါရိတ်လောက်သော အမဲတမျှင်မျှ ဆွမ်းတစေ့မျှ ယနေ့မစားသေးလျှင် **အဘုတ္တာဝီ** မည်၏။ မပြုကောင်း။ (၆) ဝိနည်းဓိုရ်သည် ပဝါရိတ်သင့်သူဖြစ်၍ နေရာမှထခဲ့လျှင် **အာသနာဝုဋ္ဌိတ**မည်၏၊ မပြုကောင်း။ (၇) ဝိနည်းဓိုရ်သည် "အလမေတံသဗ္ဗံ"ဟု မမြွက်ဆိုလျှင် **အဝုတ္တ** မည်၏၊ မပြုကောင်း။ ဤခုနစ်ပါးဖြင့်ပြုလျှင် အတိရိက်ဝိနည်းကံ

မဖြစ်။ ဤကား ဗျတိရေကအားဖြင့်ဟောသော ပါဠိတော်အတိုင်း တည်း။

အတိရိက်ဝိနည်းကံ ပြုရန် အင်္ဂါ ၇-ပါး-

(၁) အပ်လျှင်- ကပ္ပိပြီး, အပ်ပြီးဖြစ်သော အာမိသကိုသာ ပြုရသည်။

(၂) ကပ်ခံ-အကပ်ခံ၍သာ ပြုရသည်။

(၃) မြှောက်ပြန်-မြှောက်ချီ၍သာ ပြုရသည်။

(၄) နီးမြွက်-(အတိရိတ္တံကရောထဟုဆို၍)ဟတ္ထပါသ်အတွင်း၌ တည်လျက်သာ ပြုရသည်။

(၅) သင့်လျက်မထ-ဝိနည်းမိုရ်သည် ပဝါရိတ်သင့်သူဖြစ်လျှင် ထိုနေရာမှ မထသေးမီသာ ပြုရသည်။

(၆) စားပြီးမှသာ-ဝိနည်းမိုရ် မစားသေးလျှင် ယူစား၍သာ ပြုရသည်။

(၇) အလမေတံ- ဝိနည်းမိုရ်သည် "အလမေတံ သဗ္ဗံ"ဟု ဆို၍ သာ ပြုရသည်။

ဝိနည်းမိုရ်သည် ဘောဇဉ်စားပြီးဖြစ်လျှင် ယူမစားသော်လည်း "အလမေတံသဗ္ဗံ" ဟု ဆိုရသည်၊ ပဝါရိတ် သင့်သူ ဖြစ်လျှင် "သင့်လျက်မထ" အင်္ဂါကို ဖယ်၍ ဝိနည်းကံမြောက်သည်၊ (ရှေ့ လေးပါးကား ပဝါရိတ်ဝါသင့်၍ အတိရိက်ဝိနည်းကံ ပြုသူ၏ အင်္ဂါ၊ နောက်သုံးပါးကား ဝိနည်းမိုရ် ပြုရမည့်အင်္ဂါ)။

ဆက်ဦးအံ့ နံနက်ဆွမ်းစားစဉ် ပဝါရိတ်သင့်၍ မထသေး သော ရဟန်းသည် မွန်းတည့်ချိန် နီးမှသော်လည်း ဝိနည်းကံပြုရန် ရဟန်းတပါးယူလာသော ဆွမ်းကို ဝိနည်းကံပြုပေးအံ့၊ အပ်သည် သာတည်း၊ ဝိနည်းကံပြုပြီးသော ဆွမ်းကိုစားစဉ် တပါးသော အာမိသ လာထည့်ပြန်အံ့၊ ၎င်းတို့ကို ယခင်ဝိနည်းမိုရ်သည်ဝိနည်း ကံမပြုအပ်။ "မပြုရသေးသောအာမိသကိုသာ ပြုရသည်၊ မပြုရသေး သော ရဟန်းသည်သာပြုရသည်" ဟု သိဟိုဠ် အဋ္ဌကထာတို့၌ ဆိုသည်။ ထို့ကြောင့် ထိုခွက်၌ပြုလျှင် ယခင်ပြုပြီး အာမိသနှင့်တကွ

ပြုသည်မည်၏၊ မအပ်။ (တပါးသော ရဟန်းက ပြုပေးလျှင်သာ အပ်သည်)။ ယခင်အာမိသနှင့် မရောအောင် တပါးခွက်၌မူကား ယခင်ရဟန်းသည်ပင်း တပါးသော ရဟန်းသည်ပင်း ပြုပေးကောင်း ၏။ ဤသို့ပြုပြီးမှ ယခင် အာမိသနှင့် ရော၍ သုံးဆောင်လျှင်လည်း အပ်၏။

ဤသို့ဝိနည်းကံပြုပြီးသော အာမိသတည် ဝိနည်းကံပြုပေးသော ဝိနည်းမိုရ်အား နောက်ထပ်စားခြင်းငှာ မအပ်။ တပါးသော ပဝါရိတ်သင့်, မသင့်သော ရဟန်းတို့အား အပ်၏။ ပဝါရိတ်သင့် သူတို့ကား ဝိနည်းကံမပြုရသေးသော အာမိသနှင့် မရောနှောမိ စေရ၊ခံတွင်းကိုပင်း, လက်ကိုပင်း စင်ကြယ်အောင်ပြု၍ စားကြရ သည်။ ။ဂိလာနရဟန်း အတွက် ရည်စူး၍ ယနေ့နက်ဖြန် လိုသော အခါ စာရလတ္တံ့-ဟု ယူဆောင်လာသော အာမိသသည် မစား မိလည်း လူနာကြွင်း မည်၏၊ အတိရိတ္တမည်၏၊ ဝိနည်းကံ မပြုဘဲ ပဝါရိတ်သင့်သူ စားနိုင်၏။ (ပါစိတ်အဋ္ဌကထာ)။

## ၆၅-ခဲဘွယ် ၁၂-ပါး

**၁၄၅။ မြစ်, ဥ, စွယ်, ညှောက်¹၊ ပင်, ခေါက်, ရွက်, ပွင့်¹၊ သီး, စေ့, ဆင့်²၊ မှုန့်နှင့်, စေး² ဆဲ့နှစ်။**

ဤလင်္ကာဖြင့် ငါကာလဘောဇန သိက္ခာပုဒ်၊ အဝသေသံ ခါဒ နီယံနာမဟူသော ပဒဘာဇနီ၏ အဖွင့် အဋ္ဌကထာလာ ခဲဘွယ် ၁၂-ပါးကို ပြတော်မူသည်။

ခဲဘွယ် ၁၂-ပါး။ ။(၁)မြစ်-အမြစ်ခဲဘွယ်။ မုံလာဥ၊ကန်စွန်းဥ စသော ဥရှည်မျိုး။ (၂)ဥ-အဥခဲဘွယ်။ ကြာဥ၊ ဝက်မြေဥ။(၃)စွယ်-အစွယ်ခဲဘွယ်။ ကြာစွယ်၊ ပြိတ်စွယ်။ (၄) ညှောက်-အညှောက် ခဲဘွယ်။ မျှစ်၊ ကြိမ်ညွန့်။ (၅)ပင်-ပင်စည်ခဲဘွယ်။ ကြာပင်၊ကြာရိုး။ (၆) ခေါက်-အခေါက်ခဲဘွယ်။ အရည်ရှိသောကြံခွံ။ (၇) ရွက်- အရွက်ခဲဘွယ်။ မုံလာရွက်၊ ပဲရွက်။ (၈) ပွင့်-အပွင့်ခဲဘွယ်။ မုံလာ ပွင့်၊ ပဲပွင့်။ (၉)၊သီး-အသီးခဲဘွယ်။ ထန်းသီး၊ အုန်းသီး။ (၁၀)စေ့-

အစေ့ခဲဘွယ်။ ဝိန္ဒစေ့၊ ကြာစေ့။ (၁၁) မှုန့်-အမှုန့်ခဲဘွယ်။ ဆန်မှုန့်၊ ပဲမှုန့်။ (၁၂) စေး-အစေးခဲဘွယ်။ ကြံစေး၊ ရှိန်းခို။

**အာစရိယဝါဒ။** ။ခဲဘွယ် ၁၂ ပါးပြရာ၌ ယာဂုကဲ့၊ ဟင်းရည်ကဲ့၊ နို့စသော ဂေါရသငါးပါးမပြ၊ ၎င်းတို့သည် ဘောဇဥ်ငါးပါး၌ မပါဝင်သော ယာဝကာလိက ခဲဘွယ် ဖြစ်၏၊ အခေါက်၌ သစ်ပင်အခေါက်ပြသော်လည်း အသားရှိသော ဝိန္ဒသီးခွံ ဖရဲသီးခွံလည်း လျော်ရာ၏။ နိယျာသ အစေး၌ သတ္တာဟကာလိကနှင့် ယာဝဇီဝကကို ပြသော်လည်း အဖျော် ရှစ်မျိုး, မီးချက် ယာဝကာလိကအစေး, ယာဝကာလိက သစ်သီးတင်လဲလည်း လျော်၏။

**၆၆-ကပ္ပိယ ကုဋိလေးလုံးပျက်ပုံ၊ ပဥ္စမီကုဋိမပျက်ပုံ**

**၁၄၆ ဥဿာဝနန်၊ တိုင်ခြေရှံမကျန်အားလုံးပျက်။**
**၁၄၇။ ဂေါနိသာဒိ၊ ကာရံမိ၊ ပျက်၏-ပြည့်ထက်ဝက်။**
**၁၄၈။ ဂဟပတိ၊ သမ္မုတိ၊ မရှိအမိုးပျက်။**
**၁၄၉။ ဝါသာဂါရ၊ မဟုတ်က၊ ပဥ္စ-မီ မပျက်။**

ဤလက်ာဖြင့် သန္နိမိကာရက သိက္ခာပုဒ် အဖွင့် အဋ္ဌကထာလာသောအတိုင်း ကပ္ပိယကုဋိလေးလုံး ပျက်ပုံကိုရင်း နာနန္တရိကနည်းအားဖြင့် ကပ္ပိယကုဋိလေးလုံးပြုလုပ်ပုံကိုရင်း ပြတော်မူသည်။

**ကပ္ပိယကုဋိ လေးလုံးပြုလုပ်ပုံ။** ။ကပ္ပိယကုဋိသည် ဥဿာဝနန္တိက ကုဋိ၊ ဂေါနိသာဒိကာကုဋိ၊ ဂဟပတိကုဋိ၊ သမ္မုတိကုဋိ-ဟုလေးမျိုး ပြား၏။ ထိုတွင်-

**ဥဿာဝနန္တိက ကုဋိပြုလုပ်နည်း။** ။ရှေးဦးစွာ စိုက်ထူသော တိုင်ကို ရဟန်း တပါးဖြစ်စေ၊ အများဖြစ်စေ၊ လူတို့နှင့်တကွ ဖြစ်စေ ကိုင်ချီ၍ "ကပ္ပိယကုဋိံ ကရောမ" ဟုဆို၍ချရသည်၊ ရဟန်းတပါး၏ စကားအဆုံးနှင့် တိုင်ကျညီလျှင် အပ်၏။ ထိုတိုင်သည် ရဟန်းပိုင် ပုဂ္ဂလိကသံဃိက ဖြစ်ရသည်၊ တကာ တကာမ လှူသေးလျှင် လှူအံ့ဟု ရှေးရှုပြီးသောတိုင်ကို အလှူခံ၍ စိုက်ထူအပ်၏။ ထိုနောက် ထိုတိုင်နှင့်ဆက်သွယ်၍ ပြုသော ကျောင်းအဆက်ဆက်

သည် ဥဿာဝနန္တိက ကုဋီချည်းသာမည်၏။ အုတ်ကျောင်း၌ကား မြေမျက်နှာပြင်အညီမှ ရှေးဦးစွာတက်မည့် အုတ်တချပ်ကို ကိုင်၍ "ကပ္ပိယကုဋိံ ကရောမ" ဟု ဆို ချရသည်။ မြေညီမှ မတက်သော အုတ်ကို မဆိုအပ်။

**ဥဿာဝနန္တိကကုဋီပျက်ချိန်။** ။ထိုကုဋီသည် မူလ တိုင်မရှိသော်လည်း တပါးသောတိုင် ကျန်ရှိသေးသျှင် မပျက်။ အုတ်ကျောင်း၌ကား မြေမျက်နှာပြင်အညီမှတက်သော ဝန်းကျင်အုတ်အားလုံး မကျန်မှ ပျက်သည်။

**ဂေါနိသာဒိက ကုဋီပြုနည်း။** ။အရံစည်းရိုး ထက်ဝက်မရှိသော ကျောင်းသည် ဂေါနိသာဒိကာ ကုဋီမည်၏။ ။ပျက်ချိန်-ထက်ဝက် ပြည့်အောင်၊ ကျော်အောင်ကာရံလျှင် ထိုကုဋီပျက်၏။ ထက်ဝက် မကျန်အောင် ပြန်ဖျက်လျှင် အပ်ပြန်၏။

**ဂဟပတိ ကုဋီပြုနည်း။** ။လူတို့သည် ကျောင်းဆောက်၍ "ကပ္ပိယ ကုဋိံ ဒေမ၊ ပရိဘုဉ္ဇထ" ဟူ၍၎င်း၊ "ကပ္ပိယကုဋိံ ကာတုံ ဒေမ" ဟူ၍၎င်း ဆို၍လှူအပ်ံ ဂဟပတိကုဋီမည်၏။ ရဟန်းတို့၏ ကျောင်းမှ တပါး ဘိက္ခုနီကျောင်း၊ တိတ္ထိကျောင်း၊ လူတို့ မလှူသေးသော ကျောင်း၊လူ့အိမ်၊ နတ်ဗိမာန်တို့လည်း ဂဟပတိကုဋီတို့ မည်ကုန်၏။ ပျက်ချိန်-ဤကုဋီသည် အခြင်အထက်၌ ဝမ်းဘဲတောင်တခုမျှ၎င်း, အမိုးအနည်းငယ်မျှ၎င်း ရှိသေးလျှင် မပျက်။ အခြင်မျှကျန်၍ အမိုး အားလုံးမရှိမှ ပျက်သည်။

**သမ္မုတိကုဋီ ပြုနည်း။** ။ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကပ္ပိယကုဋီ ဟု သမုတ်သောကျောင်းသည် သမ္မုတိကုဋီမည်၏။ အချို့ဗုဒ္ဓသိမ်သို့ သွား၍ မျက်ကွယ်သမုတ်ကုန်သတတ်၊မျက်ကွယ်ပြုသော ကံရှစ်ပါး၌ မပါ။ ။ဤကုဋီလည်း အမိုးအားလုံးပျက်မှ ပျက်သည်။

**ပဌမိကုဋီ။** ။ဝါသာဂါရဟူသော နေစရာကျောင်းမှ တပါး စရပ်,တန်ဆောင်း,ဆွမ်းစားကျောင်း,မီးတင်းကုတ်စသည် တို့သည် အလိုလို အပ်ကုန်၏၊ ပဌမိကုဋီတို့မည်ကုန်၏။ ဘယ်အခါမှ မပျက် ကုန်ဟု ဝိမတိဆို၏။ တဒည်ပန ဥပေါသထာဂါရာဒိ သင်္ဃ အနိဝါသ

ဂေဟံ စတုကပ္ပိယဘူမိ ဝိမုတ္တာ ပဉ္စမီကပ္ပိယဘူမိ၊ မဟာဝါ ဘေသဇ္ဇက္ခန္ဓက, ကပ္ပိယဘူမိ အနုဇာနနကထာဝဏ္ဏနာ-ဝိမတိ။ ဘေသဇ္ဇက္ခန္ဓက, သီဟဘာဏဝါရပါဠိ အဋ္ဌကထာ၌ ကုဋိလေးလုံး အကျယ်ဆို၏။

## ၆၇-အကပ်ခံခြင်းအင်္ဂါ ၅-ပါး

၁၅၀။ ရှေးရှုလည်းဆောင်၊ နှစ်တောင်ထွာရောက်၊ မြှောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်းနှစ်လှောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါငါးပါးတည်း။

ဤလင်္ကာဖြင့် ဒန္တပေါဏသိက္ခာပုဒ် အဋ္ဌကထာ၌ လာသော အကပ်ခံခြင်း အင်္ဂါ ၅-ပါးကို ပြတော်မူသည်။

အင်္ဂါ ၅-ပါး။ ။(၁) ရှေးရှုလည်းဆောင်-ကပ်မည့်သူက ရှေးရှုဆောင်ယူလာခြင်း။ နတ်လူသာမဏေသည်ဖြင်း, တိရစ္ဆာန်သည်ဖြင်း, ဘိက္ခုအား ဘိက္ခုနီသည်ဖြင်း, ဘိက္ခုနီအား ဘိက္ခုသည်ဖြင်း ပေးမည် ကပ်မည်ဟု ရှေးရှုဆောင်မှ အကပ်ခံရသည်၊ မဆောင်သည်ကို ခံလျှင် အကပ်မမြောက်။

(၂) နှစ်တောင်ထွာရောက်-အကပ်ခံမည့်ရဟန်း၏နှစ်တောင့်ထွာ ဟတ္ထပါသ်သို့ ရောက်ခြင်း။ ။ပဝါရဏာသိက္ခာပုဒ်မှာ ဆိုခဲ့ပြီးသော နည်းအတိုင်း အကပ်ခံသူ၏နောက်စွန်းမှ ကပ်သူ၏ ဆန့်တန်းသော လက်ကိုဖယ်၍ နီးရာအင်္ဂါအထိ နှစ်တောင့်ထွာ ပိုင်းခြားရသည်၊ ကပ်သူ အကပ်ခံသူ နှစ်ယောက်တို့တွင် ကောင်းကင်၌တယောက်၊ မြေ၌ တယောက် တည်ရာ၌ကား မြေ၌ တည်သူ၏ ဦးခေါင်းမှ ကောင်းကင်၌ တည်သူ၏ပေးခြင်း ယူခြင်းငှာ ဆန့်တန်းသော လက်ကိုဖယ်၍ အနီးကပ်ဆုံးအင်္ဂါအထိ ပိုင်းခြားရသည်။ တွင်း၌ တယောက် တွင်းနှုတ်ခမ်း၌ တယောက်တည်အံ့၊ သစ်ပင်ထက်၌ တယောက် မြေ၌တယောက်တည်အံ့ ထိုနည်းသာတည်း။ ဤသို့ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်၍ကပ်မှ အကပ်ခံရသည်။ ဟတ္ထပါသ် လွတ်သည်ကိုခံလျှင် အကပ်မမြောက်။

(၃) မြောက်နိုင်ဝတ္ထု-အားအလတ်စား ရှိသူ မြောက်နိုင်သော ဝတ္ထုဖြစ်ခြင်း။ ။အားအလတ်စား ရှိသူ ချီနိုင် မြောက်နိုင်သော မလေးလွန်းသော ဝန်ကိုသာ အကပ်ခံရသည်၊ ထိုထက် လေးလံသည်ကိုခံလျှင် အကပ်မမြောက်။ (မြောက်နိုင်သောဝတ္ထုကို နှစ်ယောက် သုံးယောက်ကပ်လျှင်လည်း အကပ်မြောက်၏)။

(၄) သုံးခုပေးခြင်း-ကိုယ်ဖြင့် ပေးခြင်း, ကိုယ်နှင့် စပ်သောခွက်စသည်ဖြင့်ပေးခြင်း, ပစ်၍ပေးခြင်း ဤသုံးပါးဖြင့် ပေးခြင်း။ ။ကပ်သူသည်ဟတ္ထပါသ်တွင်း၌တည်၍ ကိုယ်ဖြင့်ကပ်သည်ကိုရင်း၊ကိုင်ထားသောခွက်စသော ကာယပဋိဗဒ္ဓဖြင့် ကပ်သည်ကိုရင်းပစ်ပေးခြင်းဖြင့် ကပ်သည်ကိုရင်း၊ဤသုံးခုကိုသာ အကပ်ခံရသည်။ ကြွေကျ၊ လွတ်ကျသည်ကိုခံလျှင် အကပ်မမြောက်။

(၅) ခံခြင်းနှစ်လျောက်-ကိုယ်ဖြင့် ခံယူခြင်း၊ ကိုယ်နှင့်စပ်သော စားပွဲခုံစသည်ဖြင့် ခံယူခြင်း၊ဤနှစ်ပါး တပါးပါးဖြင့်ခံယူခြင်း။ ။ရဟန်းသည် ကိုယ်အင်္ဂါ အစိတ်ဖြစ်သော လက်ချောင်းဖြင့်ရင်း, ကိုယ်နှင့်စပ်သော ကာယပဋိဗဒ္ဓ ဖြစ်သော ဒုတ်ချောင်းဖြင့်ရင်း ဤနှစ်ခုဖြင့်သာ အကပ်ခံရသည်၊ သစ်ပင်၌တည်ဆဲ (တတ္ထဇာတက) သစ်ရွက်ဖြင့်ခံလျှင် အကပ်မမြောက်။

ဤသို့ နှစ်တောင့်ထွာ အတွင်း၌ တည်၍ ရွေ့ရှုဆောင်သော မြောက်နိုင်သောဝတ္ထုကို ကပ်ခြင်းသုံးပါး တပါးပါးဖြင့် ကပ်လျှင် ခံခြင်းနှစ်ပါး တပါးပါးဖြင့် ခံအံ့၊ ဤအင်္ဂါ ငါးပါးဖြင့် အကပ်မြောက်၏။

**အကပ်မြောက် မမြောက်မှတ်ဘွယ်။** ။အားအလတ်ရှိသူ ချီရွေ့နိုင်သော ညောင်စောင်းငယ်ဖြင့်သော်ရင်း၊ တည်ရာ ဖြစ်နိုင်သော (အတတ္ထဇာတ) သစ်ရွက်ကြွေဖြင့်ရင်း, ကညစ်ဖြင့်ထိကာမျှဖြင့်ရင်း, အဆင့်ဆင့်စပ်သော ပဋိဗဒ္ဓ, ပဋိဗဒ္ဓဖြင့်ရင်း အကပ်မြောက်၏။ မရွေ့မချီနိုင်သော ညောင်စောင်းဖြင့် တတ္ထဇာတကအပင်ရှိ သစ်ရွက်ဖြင့် တည်ရာမဖြစ်နိုင်သော မန်ကျည်းရွက်ငယ်ဖြင့် အကပ်မမြောက်။

နှာနှတ်တံဖြင့် ပေးသော နှာဆေးမှုန့်ကို နှာခေါင်းဖြင့် အကပ်ခံအံ့၊ မမာသောရဟန်းသည့် အစာကို ခံတွင်းဖြင့် အကပ်ခံအံ့၊ အပ်၏၊ အကပ်ခံခြင်း၌ နှလုံးသွင်း အာဘောဂသာ ပမာဏဖြစ်သောကြောင့် အကပ်ခံမည်ဟု နှလုံးသွင်းရှိလျှင် သပိတ်ကိုင်လျက် အိပ်ပျော်နေသော်လည်း ထိုသပိတ်၌လာထည့်အံ့၊ဟတ္ထပါသ်တွင်းဖြစ်မူ အကပ်မြောက်၏။ သပိတ်ဖြင့် အကပ်မခံသော်လည်း လက်၌ကျအံ့၊ကပ်မည်ဟု ရှေးရှုဆောင်လာသောခွက်မှမြူ ဟင်းရည်စက်သည့် အကပ်ခံသူ၏ သပိတ်၌ လက်၌ကျအံ့၊ အပ်၏။ ပြန်ရုပ်သိမ်းမှကျလျှင်ကား ရှေ့ရှုဆောင်ခြင်း မဟုတ်သောကြောင့် ပြန်၍တဖန် အကပ်ခံအပ်၏၊ထိုကဲ့သို့မဖြစ်ရန် စားပွဲပေါ်၌ အကပ်မခံဘဲ ဟင်းခွက်ကို ချပေးရန် ဆရာတော်ကြီးများ သင်ပေးတော်မူကြ၏။

ချီနိုင်သောဝန်ကို သာမဏေငယ်နှစ်ပါးသုံးပါးသည့် ဟတ္ထပါသ်တွင်း၌ နေ၍ကပ်အံ့၊ မြေ၌ချထားသော လက်ပေါ်သို့ လိမ့်၍သော်လည်း တင်အံ့၊အပ်၏။ဝန်မခံသေးသော အန္တိမသို့ ရောက်ပြီးသော ရဟန်းသည့် အကပ်ခံအံ့၊အကပ်မြောက်သည်သာတည်း၊ အကြောင်းကား အသွင်,လိင်,မစွန့်သေးသောကြောင့်တည်း။(အဝန္ဒိယ၌လည်း မပါဝင်)။

အကြွင်ရဟန်းအား ကပ်သောသစ်သီးစသည်သည့် လိမ့်ကျသွားအံ့၊ ထိုရဟန်းအားသာလျှင် ထိုနေ့တွင် ကိုယ်တိုင်ယူစားခြင်းငှာအပ်သည်၊ နောက်နေ့၌ အကပ်ခံ၍ စားရသည်၊ သန္နိဓိအာပတ်မသင့်၊ ထိုရဟန်းက ယူစားပါဟုမတိုက်တွန်းအံ့၊တပါးသောရဟန်းစားလိုလျှင် အကပ်ခံ၍သာ စားရသည်၊ တပါးသော ရဟန်းအားအကပ်မခံလျှင် မအပ်။

**အကပ်ပျက်-မပျက်။** ။ဆွမ်းခံသွားစဉ် သပိတ်၌ မြူမှုန်ကျအံ့၊ ထိုမြူမှုန်သည့် အကပ်မမြောက်၊ ယူ၍ပယ်ပစ်ရသည်။ မပယ်နိုင်မူ သပိတ်ကိုပြန်၍ အကပ်ခံရသည်၊ အကပ်မခံဘဲ နောက်ထပ် ဆွမ်းခံလျှင် ဝိနယဒုက္ကဋ်သင့်၏။ ထိုဆွမ်းကို တဖန် အကပ်ခံ၍ စားအံ့၊ အနာပတ္တိ။ ဤသပိတ် ကပ်ပါဦးဟုဆိုသည်ကို မကြား၍ရင်း, နား

မထောင်၍ဝင်း ဆွမ်းလောင်းထည့်အံ့၊ ဝိနယဒုက္ကဋ်လွတ်၏၊ တဖန် အကပ်ခံအပ်သေး၏။ လေကြီး တိုက်ခတ်လာ၍ မြူမှုန်များစွာ ကျအံ့၊ ဤဆွမ်းကို လူသာမဏေတို့အား ပေးမည်ဟု စင်ကြယ်စွာ နှလုံးသွင်း ၍ ဆွမ်းခံလျှင် အပ်၏၊ ပေးပြီးနောက် ပြန်လှူ၍ရလျှင် အပ်၏၊ အကျွမ်းဝင်သူဖြစ်လျှင် အကပ်ခံ၍ ယူစားခြင်းငှာလည်း အပ်၏၊ မျက်ရည်, တံထွေး, နှပ် စသည်သည် တည်ရာမှ ရွေ့၍ လက်၌ သပိတ်၌ကျအံ့၊ သုတ်သင်အပ်၏၊ အင်္ဂါကြီးငယ်၌ ကပ်ငြိမြဲတိုင်းကား အကပ်မပျက်သေး၊ ပြတ်ကျသည် ဖြစ်အံ့၊ အကြား၌ ခံယူလျှင် ဥဂ္ဂဟိတက ဖြစ်၏၊ မကပ်ဘဲကောက်ယူသည် မည်၏၊ ဥဂ္ဂဟိတက ကား နောက်ထပ်ပြန်ကပ်လည်း မအပ်။

သစ်မြစ်သစ်သီး စသည်တို့ကို မိဘစသည်အလို့ငှာ ကောက်ယူ လာအံ့၊အသီးရှိသောသစ်ခက်ကို အရိပ်အလို့ငှာ ကောက်ယူလာအံ့၊ ထိုသစ်မြစ် စသည်မှ စားလိုသည်ကို အကပ်ခံ၍စားလျှင် အပြစ်မရှိ၊ အပင်၌ အသီးရှိသော သစ်ကိုင်း၌ဝင်း, နွယ်၌ဝင်း ကိုင်၍ လှုပ်အံ့၊ ထိုမှ အသီးသည် ထိုရဟန်းအားသာ မအပ်၊ ဒုရုပစိဏ္ဏဒုက္ကဋ်လည်း သင့်၏။အသီးရှိသော သစ်ပင်ကိုမှီခြင်းငှာ ဆူးစသည်ချိတ်ဆွဲခြင်းငှာ ကား အပ်၏။ အကပ်ခံထားသော ချင်းစိမ်း စသည်၌ အညှောက် စသည် ဖြစ်လာအံ့၊ အကပ်ခံပြီးသား ဖြစ်၏။

ဓားငယ်ဖြင့် ကြို့သစ်သီး စသည်ကို ခွဲပြီးသောအခါ အညစ် အကြေး,အညို အမည်း ထင်အံ့၊ နဝသမုဋ္ဌိတမည်၏၊အသစ်ဖြစ်သည် မည်၏၊ ပြန်အကပ်ခံ၍ စားရသည်၊အနံ့မျှသာရှိအံ့၊ အဗ္ဗောဟာရိက မည်၏၊ မပြောလောက်။ ဆွမ်းစားစဉ် သွား, လက်သည်း, သပိတ် အဆင်းအရောင်တို့ ပွန်းကုန်အံ့၊ အဗ္ဗောဟာရိက။ လူသာမဏေအား မငဲ့မကွက်ပေးသော်လည်း လက်၌တည်နေသေးသမျှ အကပ်မပျက်၊ လက်မှလွတ်သော်လည်း ငဲ့ကွက်ခြင်းရှိအံ့၊ အကပ်မပျက်သေး။

### ၆၈-အကပ်ပျက်ကြောင်း ၆-ပါး

**၁၅၁။ စွန့်,ချ,ပေး,လု[၅]၊ မစွဲ,လိင်,ပြန်[၂]၊ ဤခြောက်တန်၊ ကပ်ခံ-ပျက်ကြောင်းတည်း။**

ဇာနကြသယ ၄၇၈-၁၂

ဤလင်္ကာဖြင့် ပဌမပါရာဇိကအဖွင့် ပါရာဇိကကဏ်အဋ္ဌကထာ၌ လာသော အကပ်ပျက်ကြောင်း အင်္ဂါ ၆-ပါးကို ပြတော်မူ၏။

**အကပ်ပျက်ကြောင်းအင်္ဂါ၆-ပါး။** ။အကပ်ခံပြီးသော အာဟာရသည် (၁) စွန့်-မငဲ့မကွက်စွန့်ခြင်း။ (၂) ချ-သိက္ခာချခြင်း။ (၃) ပေး-သူတပါးအားပေးခြင်း။ (၄) လု-လုယူသွားခြင်း။ (၅) မစ္စု-သေခြင်း။ (၆) လိင်ပြန်-လိင်ပြန်ခြင်း- ဤခြောက်ပါးဖြင့် အကပ်ခံခြင်း ငြိမ်း၏၊ ပျက်၏။

**ဝတ္ထုစွန့်,အကပ်စွန့် ၂-ဝါဒ။** ။ဤ၌ စွန့်-ဟူသည် မငဲ့မကွက်စွန့်ပစ်ခြင်း အနပေက္ခဝိသဇ္ဇနတည်း။ ဝိမတိ၌ အကပ်ခံထားသော အာဟာရကို မစားတော့ဟု မငဲ့မကွက် စွန့်ပစ်ခြင်းကို အနပေက္ခဝိသဇ္ဇန (ဝတ္ထုစွန့်)ဟုဆို၏။ သာရတ္ထ၌ ဤဝတ္ထုစွန့်မှတပါး အကပ်ခံထားသော အာဟာရကို ယခုမစားတော့ပြီ နောက်မှအကပ်ခံစားမည်ဟု အကပ်စွန့်ခြင်းကိုလည်း အနပေက္ခဝိသဇ္ဇန ဟုဆို၏။ ထို ၂-ဝါဒတို့တွင် "အကပ်စွန့် ဝါဒ"ကို မငဲ့မကွက် စွန့်ပစ်ခြင်းဟူသော အနပေက္ခဝိသဇ္ဇနနှင့် ဆန့်ကျင်သောကြောင့် ဆရာတို့ မနှစ်သက်ကြကုန်။

## ၆၉-အဖျော်မအပ်သော သီးကြီး ၉-လုံး

**၁၅၂။ ထန်း,အုန်း,နှစ်တွဲ[၂]၊ ပိန္နဲနှစ်စုံ[၂]၊ဗူး,ဖရုံ[၂]၊မှတ်တုံ သုံးသခွါး[၃]။**

ဤလင်္ကာဖြင့် ဒန္တပေါဏသိက္ခာပုဒ်၌ အာဟာရံအရ ကာလိက လေးပါးတို့တွင် ယာမကာလိက (အဖျော်) မအပ်သော သီးကြီး ၉-လုံးကို ပြတော်မူ၏။

**သီးကြီး ၉-လုံး။** ။(၁) ထန်း=ထန်းသီး။ (၂) အုန်း=အုန်းသီး။ ပိန္နဲနှစ်စုံ (၃) အိမ်ပိန္နဲသီး။ (၄) တောင်ပိန္နဲသီး။ (၅) ဗူး=ဗူးသီး။ (၆) ဖရုံ=ဖရုံသီး။ မှတ်တုံသုံးသခွါး=(၇)သခွါးဆေးသီး။ (၈)သခွါးပြုတ်သီး။ (၉) သခွါးကြောင်သီး။ဤကားသီးကြီး ၉-လုံးတည်း။

ဤသီးကြီး ၉–လုံးနှင့် ၆မျိုးကား အဖျော်ပြုလုပ်ရန် မအပ်သော ယာဝကာလိကဖြစ်၏။ စပါးမျိုးအလားရှိ၏၊ စပါးရည်,ဆန်ဆေးရည်ကဲ့သို့ သီးကြီး ၉–လုံးအရည်သည် နေလွဲမအပ်။

## ၇၀–အဖျော် ၈–မျိုးနှင့် အနုလောမအဖျော်များ

၁၅၃။ သပြေ,သရက်[၂]၊ နွယ်သပြက်[၁]၊ ဖက်သက်,သစ်မည်စည်[၂]။
၁၅၄။ တော, အိမ်ငှက်ပျော[၂]၊ ကြာစွယ်နှော[၁]၊ မှတ်လော ရှစ်ဖျော်ရည်။
၁၅၅။ ရေ,နေချက်[၂]၊ သောက်အပ်လျက်၊ မီးချက်[၁] မအပ်ပြီ။
၁၅၆။ ရှောက်,မန်ကျည်းဝ၊ (အများ) နုလောမ၊ လျော်လှ အဖျော်ရည်။

ဤလက်ာဖြင့်လည်း ဒန္တပေါဏ သိက္ခာပုဒ်၌ အာဟာရံအရ ကာလိကလေးပါးတို့တွင် ယာမကာလိကခေါ် အဖျော် ၈-ပါးကို ပြတော်မူ၏။

အဖျော် ၈-မျိုး။ ။(၁) ဇမ္ဗုပါန၊သပြေသီးအဖျော်။ (၂)အမ္ဗပါန၊ သရက်သီးအဖျော်။ (၃) မုဒ္ဒိကပါန၊ သပြက်သီး အဖျော်။ (၄) ဖာရုသကပါန၊ ဖက်သက်သီး အဖျော်။ (၅) မဓုကပါန၊သစ်မည်စည်သီးအဖျော်။ (၆) စောစပါန၊ တောငှက်ပျောသီးအဖျော်။ (၇) မောစပါန၊ အိမ်ငှက်ပျောသီး အဖျော်။ (၈) သာလူကပါန၊ ကြာစွယ်အဖျော်။ ဤ ၈–မျိုးသည် ပစ္ဆိမယာမ် အတွင်း သိမ်း သုံးဆောင်ကောင်းသော အဖျော်(ယာမကာလိက)မည်၏။

ရှောက်မန်ကျည်းစ=၌ ဝေတ္တဖလ၊ ကြိမ်သီး။ တိန္တိဏိကဖလ၊ မန်ကျည်းသီး။ မာတုလုင်ဖလ၊ ရှောက်သီး။ ကပိဋ္ဌဖလ၊ သီးသီး။ ကောသမ္ဗဖလ၊ ကျို့သီး။ ကရမန္ဒဖလ၊ ခံသီးစသော သစ်သီးအဖျော်ကား ခွင့်ပြုတော်မူသော အဖျော်ရှစ်မျိုးအားလျော်၏၊ အနုလောမ အဖျော်မည်၏။

လူသာမဏေတို့သည် ထိုအသီးတို့၏ အစိမ်းအမှည့်တို့ကိုရေဖြင့် နယ်၍ရင်း၊ နေလှန်း၍ရင်း ပြုကုန်အံ့၊ ပစ္ဆိမယာမ်အတွင်း သောက်

ကောင်း၏၊ ရဟန်းပြုအံ့ မွန်းတည့်အတွင်း သောက်ကောင်း၏။ ခွင့်ပြုတော်မူသော အရွက်ရည်, အပွင့်ရည်လည်း ဤနည်းသာတည်း။ သစ်မည်စည့်၌ အသီးရည်သက်သက် နေလွဲမအပ်၊ ရေရောမှ အပ်သည်၊အပွင့်ရည်ကား မီးချက်,နေချက် နှစ်မျိုးလုံး နေလွဲမအပ်။ ကြွင်းသော ယာမကာလိကအားလုံး မီးချက်ဟူသမျှလည်း မအပ်။ ထို့ကြောင့် "ရေစေ့,နေချက်။လ။ မီးချက်မအပ်ပြီ"ဟု မိန့်သည်။

## ၇၁-သုရာငါးပါး (သေနယ်ရည်)

၁၅၇။ ပိဋ္ဌ,ပူဝ,၊သြဒန[၁]၊ကိဏ္ဏ,သမ္ဘာရာ[၂]။
၁၅၈။ မုံ့ညက်,မုံ့,ထမင်း[၁]၊ဆေး,ဖန်သွင်း[၂]၊နယ်ခြင်းသေငါးဖြာ။

ဤလင်္ကာဖြင့် သုရာပါနသိက္ခာပုဒ်ပါဠိတော်လာ သုရာငါးပါး၊ သေငါးပါးကို ပြတော်မူသည်။

သုရာ ငါးပါး။ ။ (၁) ပိဋ္ဌသုရာ၊ မုံ့ညက်ဖြင့် ပြုသောသေ။ (ရေဖြင့်နယ်၍ ပြုရသည်)။ (၂) ပူဝသုရာ၊ မုံ့ဖြင့် ပြုသောသေ။ (၃) သြဒနသုရာ၊ထမင်းဖြင့် ပြုသောသေ။ (၄) ကိဏ္ဏပက္ခိတ္တာ၊တဆေး ထည့်၍ ပြုသောသေ။ (၅) သမ္ဘာရသံယုတ္တာ၊ သဖန်းခါးစသော အဆောက်အဦနှင့် ယှဉ်သောသေ။ ဤကား သုရာငါးပါးတည်း၊ သုရာကိုနယ်၍ ပြုကြသည်။

## ၇၂-မေရယ ၅-ပါး (အရက်စိမ်ရည်)

၁၅၉။ ပုပ္ဖ,ဖလာ,၊မဓ္ဓာ,ဂုဠ[၃]၊သမ္ဘာရ[၄]၊ပဥ္စမေရယာ။
၁၆၀။ ပွင့်,သီး,စည်,ကြံ[၃]၊တိဖလံ[၄]၊စိမ်ပြုန်အရက်ငါး။

ဤလင်္ကာဖြင့် မေရယငါးပါး၊ဝါ၊ အရက်ငါးပါးကို ပြတော်မူသည်။

မေရယ ၅-ပါး။ ။(၁)ပုပ္ဖါသဝ၊ပန်းပွင့်ရည်ဖြင့်ပြုသောအရက်။ (သစ်မည်စည်ပွင့်၊ထန်းပွင့်၊အုန်းပွင့်စသည်၏ အရည်ကို ကြာမြင့်စွာ စိမ်၍ ပြုသည်)။ (၂) ဖလာသဝ၊ သစ်သီးရည်ဖြင့် ပြုသောအရက်။ (၃) မဓွာသဝ၊ သစ်မည်စည်ရည် သက်သက်ဖြင့်၊ ဝါ၊ပျားရည်ဖြင့်

ပြုသော အရက်။ (၄) ဂုဠောသဝ၊ ကြံရည်ဖြင့် ပြုသော အရက်။ (၅) **သမ္ဘာရသံယုတ္တ၊** တိဖလစသော အဆောက်အဦနှင့် ယှဉ်သော အရက်။ ဤကား မေရယငါးပါးတည်း။

**သုရာ,မေရယအထူး။** ။မုံ့ညက်, ထမင်းစသော အဆောက်အဦ တို့ကို နယ်၍ ပြုသည်ကား သုရာ(သေရည်)မည်၏။ ကြာရှည်ထုံ၍ စိမ်၍ ပြုသည်ကား မေရယ(အရက်)မည်၏။ ။သမ္ဘာရပယောဂေ မဒ္ဒိတွာ ကတာ သုရာ၊ စိရပရိဝါသိတမတ္တေန မေရယံ။ (ကင်္ခါ ဋီကာသစ် ၂၇၄-ကဝိ)။

**အဓိပ္ပါယ်။** ။ထိုသေရည်အရက် နှစ်မျိုးလုံးကို မျိုးစေ့ မှစ၍ သမန်းမြက်ဖျားဖြင့်လည်း သောက်သော ရဟန်းအား ပယောဂ တိုင်း ပါစိတ်ဟု ကင်္ခါ၌ဆို၏။ ကင်္ခါဋီကာသစ်၌–

(က) ဗီဇတောပဋ္ဌာယာတိ သမ္ဘာရေ ပဋိယာဒေတွာ စာဋိယံ ပက္ခိတ္တကာလတော ပဘုတိ၊

(ခ) တာလနာဠိကေရာဒီနံ ပုပ္ဖရသဿ အဘိနဝကာလ တော စ ပဋ္ဌာယ-

ဟု နှစ်ဝါကျ ဘွင့်သည်။

ထိုတွင် ပဌမဝါကျဖြင့် ဗီဇတော ပဋ္ဌာယဟူသည် မုံ့ညက်,ထမင်း စသော အဆောက်အဦတို့ကို စီရင်၍ အိုးစရည်း၌ ထည့်သော ကာလမှစ၍ သောက်သောရဟန်းအား ပါစိတ်။ ဒုတိယဝါကျဖြင့် ထန်း,အုန်းစသည်တို့၏ အပွင့်ရည်ကို အသစ်ကာလမှစ၍ သောက် သော ရဟန်းအား ပါစိတ်သင့်၏ဟု ပြသည်။ အချို့ကား-ဒုတိယ ဝါကျဖြင့် ပင်ကျရည်ကို ဆိုသည်ဟု ယူဆ၍ ထန်းရည်၊အုန်းရည် စသည်တို့ကို ယိုသစ်စ မှစ၍ မသောက်ကောင်းဟု ယူလို၏။ အချို့ ကား-ထန်းရည် အုန်းရည်တို့ သုရာမျိုးစေ့ဖြစ်၍ မသောက်ကောင်း လျှင် ပျား, တင်လဲ, ကြံသကာ စသည်တို့ကိုလည်း သုရာ မျိုးစေ့သာ ဖြစ်၍ မသောက်ကောင်း ယူရာ၏။ အနုဇာနာမိ ဘိက္ခဝေ ဂုဠံ အဂိလာနဿ ဂုဠောဒကံ-ဟု ခွင့်ပြုတော်မူ၏။ ဂိလာနဿ ထို့ကြောင့် ထိုအယူကို မကြိုက်ကြပေ။

သုရာမေရယ နှစ်ပါးကိုပေါင်း၍ မဇ္ဇဟုလည်း ခေါ်သည်၊ ထိုမဇ္ဇအနံ့အရသာရှိသော မဇ္ဇမဟုတ်သော ဆေးရည်ကို သောက်အံ့၊ ဟင်းချက်ရာ၊ အသားချက်ရာ၌ အနံ့ကောင်းရုံ မဇ္ဇအနည်းငယ် ထည့်ချက်၍ သောက်အံ့၊ ရှိရှားသီးရည် စသည်ဖြင့်ပြုသော မဇ္ဇမဟုတ်သော အရိဋ္ဌဆေးကို သောက်အံ့ အာပတ်မသင့်။

## ၇၃-နတ်ရွာနိဗ္ဗာန် အန္တရာယ် ၅-ပါး

၁၆၁။ ကံ, ကိလေသ၊ ဝိပါက၊ ဝါဒ, တိက္ကမ။

၁၆၂။ နတ်ရွာချို့သွား၊ မဂ်ကိုတား၊ ငါးပါးအန္တရာ။

ဤလင်္ကာဖြင့် သပါကာကဝင်, အရိဋ္ဌသိက္ခာပုဒ်လာ အန္တရာယ် ငါးပါးကိုရင်း၊ အပြစ်ကိုရင်း ပြတော်မူ၏။

အန္တရာယ် ၅-ပါး။ ။(၁) ကမ္မန္တရာယ်။ (၂) ကိလေသန္တရာယ်။ (၃) ဝိပါကန္တရာယ်။ (၄) ဥပဝါဒန္တရာယ်။ (၅) ပညတ္တိဝီတိက္ကမန္တရာယ်-ဤကား အန္တရာယ် ငါးပါးတည်း။

အဓိပ္ပါယ်။ ။ပဉ္စာ နန္တရိယကံသည် ကမ္မန္တရာယ် မည်၏၊ နတ်ပြည်ကိုရင်း၊ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်ကိုရင်း (နှစ်ရပ်လုံး)တားသည်၊ ကုစားနည်း မရှိ။ ဘိက္ခုနီဒူသက ကံလည်း ကမ္မန္တရာယ် မည်၏၊ နတ်ပြည်မတား၊ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ တားသည်။ နိယတမိစ္ဆာဒိဋ္ဌိသည် ကိလေသန္တရာယ် မည်၏၊ နှစ်ရပ်လုံး တားသည်။ အဟိတ်ဒွိဟိတ်ပဋိသန္ဓေသည် ဝိပါကန္တရာယ်မည်၏၊ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ တားသည်။ ကုစားနည်းမရှိ။ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲခြင်းသည် ဥပဝါဒန္တရာယ် မည်၏၊ နှစ်ရပ်လုံး တားသည်၊ ကန်တော့ပြီးလျှင် အန္တရာယ် မမည်။ စေတနာနှင့်တကွ ပညပ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်းသည် ဝီတိက္ကမန္တရာယ်မည်၏၊ နှစ်ရပ်လုံးတားသည်၊ ဒေသနာကံ၊ ဝုဋ္ဌာနကံဖြင့် ကုစားပြီးလျှင် အန္တရာယ်မမည်။ ။အန္တရာယ် ငါးပါးလုံးသည် ဈာန်,မဂ်ဖိုလ် နိဗ္ဗာန်ကိုတားသည်၊ ဘိက္ခုနီဒူသက, ဝိပါကမှကြွင်းသော အန္တရာယ် လေးပါးသည် နတ်ရွာကိုရင်း, ဈာန် မဂ်ဖိုလ်

နိဗ္ဗာန်ကိုရင်း တားသည်။ ဘိက္ခုနီဒူသကနှင့် ဝိပါကကား နတ်ရွာမတား၊ ဈာန် မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ တားသည်။ ပဏ္ဍကန္တရိယ, ဘိက္ခုနီဒူသက, ဝိပါက, ကုစား၍မရ၊ အကြွင်းအားလုံး ကုစား၍ ရနိုင်သည်။ (ဘိက္ခုဝိဘင်းအရသာ)။

## ၇၄-နာသန ၃-ပါး

**၁၆၃။ သံဝါ, လိင်၊ ဒဏ်ကမ္မ၊ သုံးဝနာသနာ။**

ဤလင်္ကာဖြင့် ကဏ္ဍက သိက္ခာပုဒ်၌ တထာနာသိတံ အရ ဖျက်ဆီးခြင်းနာသန ၃-မျိုးကို ပြတော်မူသည်။

နာသန ၃-မျိုး။ ။(၁) သံဝါသနာသန၊ အပေါင်း အသင်း မလုပ်ရဟု ဖျက်ဆီးခြင်း။ (၂) လိင်နာသန၊ အသွင်ကိုဖျက်, လူထွက်စေခြင်း။ (၃) ဒဏ္ဍကမ္မနာသန၊ ဒဏ်ပေး၍ ဖျက်ဆီးခြင်း။

အဓိပ္ပါယ်။ ။မစွန့်, မကု, ပြစ်မရှုကြောင့် ဥက္ခိတ္တကကံ ပြု၍ နှင်ထုတ်ခြင်းသည် သံဝါသနာသန မည်၏။ သီလပျက်သူကို လူထွက်ခိုင်းခြင်းသည် လိင်နာသန မည်၏။ ယနေ့ကစ၍ ဘုရားရှင်ကို ဆရာဟု မညွှန်းအပ် စသည်ဖြင့် ဆုံးမတားမြစ်ခြင်းသည် ဒဏ္ဍကမ္မနာသန မည်၏။ ကဏ္ဍက သိက္ခာပုဒ်၌ ကဏ္ဍက သာမဏေသည် ဒဏ္ဍကမ္မနာသနဖြင့် ဖျက်ဆီးခံရသူဖြစ်၏။

## ၇၅-ဝိနည်းမိုရ်အကျိုး ၅-ပါးမှ ၁၁-ပါးအထိ

**၁၆၄။ သီလလုံစွာ၊ အားထားရာ၊ သံသာလယ်၌ဆို။**

**၁၆၅။ သာသနာတည်ထား၊ ရန်သူတား၊ ကျိုးငါးဝိနည်းမိုရ်။**

**၁၆၆။ ဥပုသ်စိုးရ၊ ကံစိုးရ၊ စိုးရပဝါရဏာ။**

**၁၆၇။ ဥပဇ္ဈာယ်ပေး၊ ဿယဉ်းပေး၊ မွေးနိုင်ရှင်များစွာ။**

**၁၆၈။ ခြောက်မှဆဲ့တစ်၊ ခုစိလုစ်၊ ဖြစ်၏နိသံသာ။**

ဤလင်္ကာဖြင့် ဝိလေခန သိက္ခာပုဒ်နိဒါန်း၌ ဟောတော်မူသော ဝိနယပရိယတ္တိယာ ဝဏ္ဏံ ဘာသတိ-ဝါကျ၏အဖွင့် အဋ္ဌကထာလာ ဝိနည်းမိုရ်အကျိုးတို့ကို ပြတော်မူ၏။

ဝိနည်းဓိုရ်အကျိုး (အာနိသံသ) ၅-ပါး။ ။(၁) **သီလလုံစွာ**= မိမိသီလကို လုံခြုံအောင် စောင့်ရှောက်နိုင်ခြင်း။ (၂) **အားထားရာ**= ကုက္ကုစ္စ နှိပ်စက်သော ရဟန်းတို့၏ အားထားရာဖြစ်ခြင်း။ (၃) **သံဃာလယ်၌ဆို-သံဃာ့အလယ်၌** ရဲရင့်စွာ ပြောဆိုနိုင်ခြင်း။ (၄) **သာသနာတည်ထား**= ပရိယတ်,ပဋိပတ်, အဓိဂမဟူသော သာသနာ သုံးရပ် ကြာမြင့်စွာ တည်အောင် ကျင့်နိုင်ခြင်း။ (၅) ရန်သူတား- **သာသနာ့ရန်သူတို့ကို** တရားနှင့်အညီ **ကောင်းစွာ** နှိမ်နင်းတားမြစ် နိုင်ခြင်း။

ဝိနည်းဓိုရ် အကျိုးအာနိသင် ၆-၇-၈-၉-၁၀-၁၁-ပါး။ ။ (၁) ဥပုသ်စိုးရ=ဝိနည်းဓိုရ်သည် ဥပုသ်ကိုးပါးနှင့်စပ်၍ အစိုးရ၏။ (၂) ကံစိုးရ= အပလောကန စသော ကံလေးပါး၌ အစိုးရ၏။ (၃) ပိုးရပဝါရဏာ-ပဝါရဏာကိုးပါးကိုအစိုးရ၏။ (၄) ဥပဇ္ဈာယ် ပေး-အမျိုးကောင်းသားတို့အား ရှင်ပြု၊ ရဟန်းပြု၍ ဥပဇ္ဈာယ်ပေး နိုင်၏။ (၅) ဿယဉ်းပေ-နိဿယဉ်းပေး၍ရဟန်းတို့ကို သုံးမနိုင်၏။ (၆) မွေးနိုင်ရှင်များစွာ- သာမဏေများစွာမွေး၍ အလုပ်အကျွေး ခံနိုင်၏။ ဤအားလုံးသည် ဝိနည်းမတတ်သူနှင့် စပ်ဆိုင်ခြင်းမရှိ။ ရှေးအာနိသင် ၅-ပါး၌ဤ ၆-ပါးထည်းမှ တပါးထည့်၊ ဝိနည်းဓိုရ် အကျိုး ၆-ပါးဖြစ်၏။ ၂-ပါးထည့် ၇-ပါးဖြစ်၏။ ၃-ပါးထည့် ၈-ပါး။ ၄-ပါးထည့် ၉-ပါး။ ၅-ပါးထည့် ၁၀-ပါး၊ ၆-ပါးလုံး ထည့် ၁၁-ပါး ဖြစ်၏။ ထို့ကြောင့် ခြောက်မှဆဲ့တစ်၊ ခုစီလှစ်၊ ဖြစ်၏နိသံသာဟု မိန့်သည်။

## ၇၆-တဖြစ်တည်းတူသော သိက္ခာပုဒ် ၃-ခု

### ၁၆၉။ အညဝါဒ၊ ရူပိယ၊ ဥပသုတိ တဖြစ်တည်း။

သိက္ခာပုဒ်၃-ခု။ ။ရူပိယ သိက္ခာပုဒ်၊ အညဝါဒက သိက္ခာပုဒ်, ဥပဿုတိသိက္ခာပုဒ်၊ ဤသိက္ခာပုဒ် ၃-ခုသည် ရံခါကြိယကြောင့်, ရံခါအကိရိယကြောင့် အာပတ်ဖြစ်ပုံချင်းတူ၏။ ဝါ၊ သိယာကြိယ၊ သိယာအကိရိယချင်းတူ၏။

**ကာလအပိုင်းအခြားတူသိက္ခာပုဒ် ၆-ခု။** ။ကာလအပိုင်းအခြားတူ သိက္ခာပုဒ် ၆-ခုကိုလည်း ဒုဋ္ဌဒေါသသိက္ခာပုဒ်အဖွင့်ဋီကာသစ်၌ ဆို၏။ ၎င်းတို့ကား (၁) ပဌမပါရာဇိကသိက္ခာပုဒ်၌ သိက္ခာချခြင်း။ (၂) စတုတ္ထပါရာဇိကာ၌ မဟုတ်မမှန်ပြောခြင်း။ (၃) ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစာပြောခြင်း။ (၄) အတ္တကာမသိက္ခာပုဒ်၌ အတ္တကာမ ပြောခြင်း၊ (၅) ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ စွပ်စွဲခြင်း။ (၆) ဘူတာရောစနသိက္ခာပုဒ်၌မှန်သည်ကိုပြောခြင်း။ဤသိက္ခာပုဒ်၌ ၆-ခုတို့သည်ပြောပြီးလျှင်ပြီးချင်းအားဖြင့် သိပုံကာလအပိုင်းအခြား တူကုန်၏။

## ၇၇-ကံလေးပါး၏ဌာန ၅၊၉၊၇၊၇၊

၁၇၀။ သွင်း,ထုတ်,ဗြဟ္မဒဏ်၊ လက်,ရိတ်,ဆံ၊အပန်ငါးဌာန။

၁၇၁။ သွင်း,ထုတ်,ပ,ဥ၊ပေး,ခံ,မျှ၊ငင်မှု,လက်,ဥဝ်ကိုး။

၁၇၂။ သွင်း, ထုတ်, ပေး,သမုတ်၊ ပြော,လက်,နုတ်၊ ဥတ်ဒုက် ခုနစ်ဘန်။

၁၇၃။ သွင်း,ထုတ်,ပေး,မျှ၊ နှိပ်,လက်,နု၊ စတုခုနစ်တန်။

၁၇၄။ ပန်-ငါးဌာန၊ ဥတ်နဝ၊ ဒု,စခုနစ်ဝီ။

ဤလင်္ကာ ၅ ပုဒ်တို့တွင် ပဌမလင်္ကာဖြင့် အပလောကနကံ ငါးဌာနကိုင၎်း၊ ဒု-ဖြင့် ဉတ္တိကံ ကိုးဌာနကို၎င်း၊ တ-ဖြင့် ဉတ္တိ ဒုတိယကံ ခုနစ်ဌာနကို၎င်း၊ စ-ဖြင့် ဉတ္တိစတုတ္ထကံကိုးဌာနကို၎င်း၊ ပဉ္စမ-ဖြင့် ယင်း ကံလေးမျိုးတို့၏ အချုပ်သင်္ချာကို၎င်း သဟာခန္ဓက ဝဂ်, ကမ္မဝိဘင်္ဂ သိက္ခာပုဒ်, အဋ္ဌကထာအတိုင်း ပြတော်မူသည်။ (ပရိဝါကမ္မဝဂ်အဖွင့်၌ အကျယ်ရှိ၏။)

**ကံလေးပါး။** ။မြတ်ဗုဒ္ဓ ဝိနယသတ္တုသာသနဖြင့်ပြုသောကံတို့သည် အပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ ဟူ၍ လေးပါးအပြားရှိကုန်၏။ ထိုတွင် ညီညွတ်သော သံဃာ၏အလို သဘောကျအားဖြင့် ထိုထိုအကြောင်းအရာကို ဖော်ပြ၍ ရဟန္တာ သံဃာသဟု သုံးကြိမ်ပန်ကြား၍ပြုအပ်သောကံသည် အပလောကနကံ

မည်၏။(ညီညွတ်သော သံဃာဟူသည် သီမဗ္ဘကသံဃာကို သုတ်သင်၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍ တသိမ်တည်း ဟတ္ထပါသ်တွင်းတည်သော စိတ်တူဆန္ဒတူ သံဃာဖြစ်၏)။ရှေးအတူ သမဂ္ဂသံဃာ၏အလိုအားဖြင့် ဉတ်တကြိမ်ဖြင့် ပြုအပ်သောကံသည် ဉတ္တိကံ မည်၏။ဉတ်တကြိမ်,ကမ္မဝါတကြိမ်ဖြင့် ပြုအပ်သောကံသည် ဉတ္တိဒုတိယကံ မည်၏။ ဉတ်တကြိမ်, ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုအပ်သော ကံသည် ဉတ္တိစတုတ္ထကံ မည်၏။

အပလောကနကံ ၅-ဌာန။ ။ထို လေးပါးသော ကံတို့တွင် အပလောကနကံသည် ''သွင်း,ထုတ်,ဗြဟ္မဒဏ်၊ လက်,ရိုက်ဆံ၊အပန် ငါးဌာန'' ဟူသည်နှင့်အညီ သွင်းခြင်းတဌာန၊ ထုတ်ခြင်းတဌာန၊ ဗြဟ္မဒဏ် ပေးခြင်းတဌာန၊ ကမ္မလက္ခဏာတဌာန၊ ဆံရိတ်သည်ကို ပန်ကြားခြင်း တဌာန၊ ဤငါးဌာနသို့ ရောက်၏၊ ထို ငါးဌာန တို့တွင်–

(၁) သွင်း–ဟူသည် နှင် ထုတ်ပြီးသောသာမဏေကို ကောင်းစွာ ကျင့်သည်ကိုမြင်၍ ပြန်သွင်းခြင်း ဩသာရဏကံတည်း။

(၂) ထုတ်–ဟူသည် ကဏ္ဍကသာမဏေကို ဖျက်ဆီးသကဲ့သို့ မိစ္ဆာ အယူရှိသောသူအား ဒဏ္ဍကမ္မနာသနာဖြင့် ဖျက်ဆီးခြင်း တည်း။ ဝါ၊ နှင်ထုတ်ခြင်း နိဿာရဏကံတည်း။

(၃) ဗြဟ္မဒဏ်– ဟူသည် ရှင်ဆန္နအား ဗြဟ္မဒဏ်ပေးရမည် ဟူသော မိန့်ခွန်းတော်နှင့်အညီ ရှင်ဆန္နကဲ့သို့ နှုတ်တွက်ကြမ်းသော ရဟန်းအား ဗြဟ္မဒဏ်(မြင့်မြတ်သောဒဏ်)ပေးခြင်းတည်း။ဗြဟ္မဒဏ် ပေးပုံ.... ''ဤရဟန်းသည် နှုတ်ကြမ်း၏၊ အလိုရှိရာ ပြောပါစေ၊ တစုံတယောက်သော ရဟန်းမျှ မပြောအပ်။ ဆုံးမ,ကမြစ်ခြင်း မပြုအပ်၊ အရှင်ဘုရားတို့ မဆုံးမအပ်'' သံဃာကို ပန်ကြားပါ၏၊ ဤရဟန်းအား ဗြဟ္မဒဏ်ပေးခြင်းကို သံဃာသည် နှစ်သက်အပ်ပါ၏လော၊ ဤသို့ သမဂ္ဂသံဃာ၌ သုံးကြိမ် ပန်ကြား၍ပေးရသည်။

(၄) လက်–ဟူသည် ကံဟုမှတ်သားအပ်သော ကံဟူသောကမ္မလက္ခဏာတည်း၊ (ဩသာရဏ စသော ကံတို့၌ ကံ ဟူသောအမည်

လည်း ရ၏၊ ဩသာရဏ စသော အမည်လည်း ရ၏။ ဤကံ၌ ကံ - အမည်သာရသည်၊ အခြားအမည် မရ၊ ထိုကံအမည်သာရ၍ အခြား အမည် မရသောကြောင့် ကံဟုမှတ်အပ်သောကံသည် ကမ္မလက္ခဏ မည်၏)။

မှတ်ပုံ- ဘိက္ခုနီတို့အား ပေါင်လှန်ပြခြင်း စသည်ကို ပြုသော ရဟန်းကို ရှိမခိုးရဟု အဝန္ဒိယကံကို ခွင့်ပြုသည်၊ ထို့ကြောင့် ဘိက္ခုနီ တို့သည် "ရှင်မတို့- ဤမည်သော ရဟန်းသည် ဘိက္ခုနီတို့အား မကြည်ညိုဘွယ် ဖြစ်သော အမူအရာကို ပြသည်၊ ဤရဟန်းအား ရှိမခိုးခြင်းကို ဘိက္ခုနီသံဃာသည် နှစ်သက်အပ်ပါ၏လော့" ဤသို့ ဘိက္ခုနီကျောင်းတိုက်၌နေ၍ ပြုအပ်၏။

ဤအဝန္ဒိယကံသည် ထိုရဟန်းအတွက် မှတ်သားအပ်သောကံ ဖြစ်၏။ သွင်းခြင်း,ထုတ်ခြင်းစသည်မဟုတ်၊ ထိုသို့ ထိုရဟန်းအတွက် ရှိမခိုးအပ်သော ကံသာဖြစ်၍ သွင်းခြင်း ဩသာရဏကံ၊ ထုတ်ခြင်း နိဿာရဏကံ မဟုတ်သောကြောင့် ကမ္မလက္ခဏမည်၏၊ ဤကံကို ဘိက္ခုနီအရင်းခံပညတ်သော်လည်း ဘိက္ခုတို့အားလည်း ရနိုင်သည်၊ သင်္ကန်းခိုးသူ လုယက်ခြင်းခံရသော ရဟန်း, ဂိလာန, ဗဟုဿုတ, သံဃာ့ဝန်ဆောင် ရဟန်းစသည်တို့အား သင်္ကန်း, ဆေး, ကျောင်း တို့ကို ပေးလိုလျှင် သုံးသင့်သော သစ်ရွက် သစ်ညွန့် အပွင့် အသီး စသည်တို့ကို သုံးလိုလျှင် ပယ်သင့်သော အရိပ်ပင် သီးပင်တို့ကို ပယ်လိုလျှင်, ဆွမ်း သင်္ကန်း ဆေးအတွက် လှူသော ပစ္စည်းဖြင့် ကျောင်းပြုပြင်လိုလျှင်, ကွင်းသော ဓမ္မိကဝတ်တို့ကို ပြုလိုလျှင် သုံးကြိမ် ပန်ကြား၍ အပလောကနကံဖြင့် ပြုအပ်ကုန်၏။ ဤကံ အားလုံးသည် ကမ္မလက္ခဏသို့သာ ဝင်၏။

(၅) ရိတ်ဆံ-ဟူသည် ရှင်လောင်း ဆံရိတ်ခြင်းကို သိမ်တွင်းရှိ သံဃာအား ပန်ကြားခြင်း ဘဏ္ဍုကမ္မတည်း။ဥပစာရတွင်း ပန်ကြား လျှင်လည်း အပ်သည်။

**မဟာဝါ အဋ္ဌကထာ။** ။မဟာဝါ အဋ္ဌကထာ၌ ဤသို့ ဆို၏။ ဆံရိတ်မှု ပန်ကြားခြင်းအတွက် သံဃာကို ပန်ကြားရာ၌ အစိအရင်

ကား သိမ်၌ရှိသော ရဟန်းတို့ကို (ဗဒ္ဓသိမ်, ဥပစာရသိမ်၌ ရှိသော ရဟန်းတို့ကို–ဝိမတိအလို) စည်းဝေးစေ၍ ရှင်လောင်းကို နေရာသို့ ဆောင်၍ "အရှင်ဘုရားတို့ ဤသတို့သား၏ ဘဏ္ဍုကမ္မဆံရိတ်မှုကို ပန်ကြားပါ၏"ဟု သုံးကြိမ်ဖြစ်စေ, နှစ်ကြိမ်ဖြစ်စေ, တကြိမ်ဖြစ်စေ ဆိုအပ်၏။ ဋမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ၊ သမဏ ကရဏံ အာပုစ္ဆာမိ၊ ပဗ္ဗာဇနံ အာပုစ္ဆာမိ၊ အယံ သမဏော ဟောတုကာမော၊ အယံ ပဗ္ဗဇိတုကာမော ဟူ၍လည်း တခုခု ဆိုခြင်းငှာ အပ်၏၊ သဘာဂဌာနဖြစ်၍ ရဟန်းနှစ်ဆယ်, သုံးဆယ် နေသည်ဟု ထင်ရှားအံ့၊ ထိုအရပ်သို့သွား၍သော်လည်း ရှေးနည်း အတိုင်း ပန်ကြားအပ်၏၊ရှင်လောင်းမပါဘဲ ရဟန်းငယ်,သာမဏေ တို့ကို စေလွှတ်၍သော်လည်း "ရှင်လောင်းတယောက် ရှိပါသည်၊ ထိုရှင်လောင်း၏ ဘဏ္ဍုကမ္မကို ပန်ကြားပါ၏"စသည်ဖြင့် ပန်ကြား စေခြင်းငှာ အပ်၏။

ရဟန်းအချို့ နေရာတခုခု၌ အိပ်နေကြခြင်း, တရားနှလုံးသွင်း နေကြခြင်း စသည်ကြောင့် မမြင်၍ ရဟန်းအားလုံးကို ပန်ကြား ပြီးပြီဟု မှတ်ထင်ကုန်အံ့၊ ရှင်ပြုခြင်းသည် လဟုကံဖြစ်၍ သုပဗ္ဗဇိတ ဖြစ်၏၊ ရှင်ပြုပေးသော ဆရာအားလည်း အာပတ်မသင့်၊ ရဟန်း များစွာနေသော ကျောင်းတိုက်ကြီးဖြစ်၍ အားလုံး စည်းဝေးစေ ခြင်းငှာရင်း, အစဉ်အတိုင်း ပန်ကြားခြင်းငှာရင်း မတတ်နိုင်သည် ဖြစ်အံ့။ ခဏ္ဍသိမ်ငယ်၌ တည်၍ရင်း, မြစ်, သမုဒ္ဒရာ စသည်သို့ သွား၍ရင်း ရှင်ပြုပေးအပ်၏။ဝါ၊ဆံရိတ်ပေးအပ်၏။ ဆံရိတ်ပြီးဖြစ်၍ သို့မဟုတ်- လူထွက်ဖြစ်၍ သို့မဟုတ်- လက်နှစ်သစ်အောက်ယုတ် သော ဆံရှိ၍ ဆံရိတ်ဘွယ် မရှိငြားအံ့၊ဘဏ္ဍုကမ္မမပန်ကြားဘဲလည်း ရှင်ပြုပေးခြင်းငှာ အပ်၏။ လက်နှစ်သစ်ထက်ရှည်လျှင် ဦးစွန်းတခုမျှ ရှိစေကာမူ ဆံရိတ်မှု ပန်ကြား၍သာ ရှင်ပြုအပ်၏။

ဝိမတိဋီကာ။ ။ဝိမတိ၌ ဤသို့ဆို၏၊ ရွှေပန်းထိမ်သည်၏သား ဖြစ်သော ကမ္မာရသူငယ်၏ ဦးစွန်းကိုဖြတ်၍ ရဟန်းတို့ကို အသိ မပေးဘဲ ရှင်ပြုကြသောကြောင့် (ကမ္မာရဘဏ္ဍု) ဆံရိတ်ပန်ကြား ခြင်းကို ခွင့်ပြုတော်မူသည်၊ ဗဒ္ဓသိမ်ရှိလျှင် ဗဒ္ဓသိမ်တွင်းရှိ ရဟန်း

တို့ကို ဗဒ္ဓသိမ်မရှိလျှင် ဥပစာရသိမ်တွင်းရှိ ရဟန်းတို့ကို ပန်ကြားရသည်၊ မပန်ကြားလျှင် အာပတ်ဟု မမိန့်၊ အဋ္ဌကထာ၌ ရဟန်းအားလုံးကို ပန်ကြားပြီး ထင်မှတ်၍ ရှင်ပြုပေးသော ဆရာအား အနာပတ္တိဟု ဆိုသောကြောင့် စေတနာနှင့်တကွ အားထုတ်၍ မပန်ကြားဘဲ ဆံရိတ်ပေးသူအား ဒုက္ကဋ်သာ မှတ်အပ်၏။ ဆံရိတ်ခြင်းသည်လည်း သမဏပြုခြင်း, ပဗ္ဗာဇနပြုခြင်း အမည်ကို ရ၏၊ ဆံပင် တခုတည်းဖြင့်လည်း ဦးစွန်းဘခုမည်၏။ နည်းသောဆံပင်တို့ကို(သိခါ) ဦးစွန်းဟု ဆိုသည်၊ ဆံပင် တခုတည်း ကိုသော်လည်း မပန်ကြားဘဲ ရိတ်ခြင်းငှာ မအပ်သည် သာတည်း။ (လူတို့ကိုယ်တိုင်ရိတ်လျှင် ပန်ကြားဘွယ်မရှိ)။

ဝဇိရဗုဒ္ဓိ။ ။ဝဇိရဗုဒ္ဓိ၌ ဤသို့ဆို၏၊ သူငယ်သည် ဦးစွန်းမျှထား၍ လာသောကြောင့် ပန်ကြား ခြင်းငှာ အခွင့်ရသည်၊ ထိုဦးစွန်းကို ရှင်လောင်း ကိုယ်တိုင်ဖြစ်စေ, တပါးသော သူကဖြစ်စေ ရိတ်ပေးအံ့၊ အပြစ်မရှိ။ ဆံ,မုတ်ဆိတ် မရိတ်ဘဲ သတိချွတ်၍ သရဏဂုံပေး၍ရှင်ပြုပေးအံ့၊ရှင်အဖြစ် ရောက်သည်သာတည်းဟု ဆိုကုန်၏။ ။ ဝိနယာလင်္ကာရ ဋီကာ ကမ္မာကမ္မ ဝိနိစ္ဆယ ကထာ အဖွင့်၌-ကံလေးပါးလုံး ဗဒ္ဓသိမ်၌ ပြုအပ်၏ဟု ဆို၏။

ဥတ္တိကံ ၉-ဌာန။ ။ဥတ္တိကံသည် သွင်း,ထုတ်,ပ,ဥ၊ပေး, ခံ,မျှ၊ ငင်မှု, လက်ဥတ်ကိုး ဟူသည်နှင့်အညီ သွင်းခြင်းတဌာန၊ ထုတ်ခြင်းတဌာန၊ ပဝါရဏာကံတဌာန၊ ဥပုသ်ကံတဌာန၊ ပေးခြင်းတဌာန၊ သမ္မုတိ တဌာန၊ ကမ္မလက္ခဏာ တဌာန၊ ဤကိုးဌာန သို့ဝင်၏။ ထိုကိုးဌာနတို့တွင် -

(၁) သွင်း-ဟူသည် သုဏာတု မေ ဘန္တေ ။ လ ။ နာဂေါ အာဂစ္ဆေယျ၊ အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော- ဤသို့ရဟန်းလောင်းကို သံဃဘောင်သို့သွင်းခြင်း ဩသာရဏာတည်း။

(၂) ထုတ်-ဟူသည် သုဏာတု မေ အာယသ္မန္တာ၊ အယံ ဘိက္ခု ဓမ္မကထိကော ။ လ ။ ဂူပသမေယျ- ဤသို့ သမထက္ခန္ဓက ဥဗ္ဗာဟိကဝိနိစ္ဆယ၌ ဓမ္မကထိကကို နှင်ထုတ်ခြင်း နိဿာရဏာတည်း။

(၃) ပ-ဟူသည် သုဏာတု မေ ။ လ ။ ပဝါရေယျ ဤသို့ပဝါရဏာဉတ်ထားခြင်းတည်း။

(၄) ဉ-ဟူသည် သုဏာတု မေ ။ လ ။ ဉပေါသထံ ကရေယျ ဤသို့ ဉပုသ်ကံ ဉတ်ထားခြင်းတည်း။

(၅) ပေး-ဟူသည် သုဏာတု မေ စသည်ဖြင့် ဝိနည်းကံ အရ ရွှန့်သော သပိတ်, သင်္ကန်း စသည်ကို ပြန်ပေးခြင်း ဒါန တည်း။

(၆) ခံ-ဟူသည် သုဏာတု မေ ။ လ ။ ပဋိဂ္ဂဏှေယျံ- ဤသို့ ဉတ်ထား၍ ပဿသိ-ဟုဆို၍၊ အာမပဿာမိဟု ဆိုလတ်သော် အာယတိံ သံဝရေယျာသိ-ဟု ဆို၍ အာပတ်ကို ခံခြင်းပဋိဂ္ဂဟတည်း။

(၇) မှု-ဟူသည် သုဏာတု မေ ။ လ ။ အဟံနာဂံ အနုသာသေယျံ- ဤသို့ ပဉ္စင်းလောင်းကို ဆုံမရန် သမ္မုတိဉတ် ထားခြင်း သမ္မုတိတည်း။

(၈) ငင်မှု- ဟူသည် သုဏန္တု မေ ။ လ ။ အာဂမေ ကာလေ ပဝါရေယျာမ - ဤသို့ ပြုသော ပဝါရဏာငင်ခြင်း ပစ္စုက္ကဍ္ဎနတည်း။

(၉) လက်-ဟူသည် တိဏဝတ္ထာရကာသမထ၌အားလုံးသိမ်းကျုံးသော ဉတ်နှင့် တပက္ခတဉတ်စီ အားဖြင့် လာသော သုံးခုသော ဉတ်ထားခြင်း ကမ္မလက္ခဏာတည်း။

ဉတ္တိဒုတိယကံ ၇-ဌာန်။ ။ဉတ္တိဒုတိယကံသည် "သွင်း, ထုတ်, ပေး, သမုတ်၊ ပြော, လက်, နုတ်၊ ဉတ်ဒုက်ခုနစ်ဌာန်" ဟူသည်နှင့် အညီ သွင်းခြင်း တဌာန်၊ ထုတ်ခြင်း တဌာန်၊ ပေးခြင်း တဌာန်၊ သမုတ်ခြင်း တဌာန်၊ ပြောခြင်း တဌာန်၊ ကမ္မလက္ခဏာ တဌာန်၊ နုတ်ခြင်း တဌာန ဤခုနစ်ဌာနသို့ရောက်၏။ ထိုတွင်-

(၁) သွင်း-ဟူသည် အင်္ဂါရှစ်ပါး တပါးပါး လွန်ကျူးသော ဒါယကာအား သပိတ်မှောက်ပြီးနောက် ကောင်းစွာ ကျင့်၍ သပိတ်လှန်ခြင်း, သံဃာ ဘောင်သို့ သွင်းခြင်း ဩသာရဏာတည်း။

(၂) ထုတ်–ဟူသည် အင်္ဂါရှစ်ပါး တပါးပါး လွန်ကျူးသော ဒါယကာအား သပိတ်မှောက်ခြင်း နိဿာရဏတည်း။
(၃) ပေး–ဟူသည် ကထိန်သင်္ကန်း ပေးခြင်း၊ မတကာသင်္ကန်း ပေးခြင်းဒါနတည်း။
(၄) သမုတ်–ဟူသည် သိမ်သမုတ်ခြင်း၊ တိစီဝရိတ်နှင့် မကင်းသော သမုတ်ခြင်းစသည်တည်း။ (သမ္မုတိ ၁၅–ပါးကို အောက်၌ သီးခြားပြထားသည်)။
(၅) ပြော–ဟူသည် ကုဋိနေရာပြောကြားခြင်း၊ ကျောင်းနေရာ ပြောကြားခြင်း ဒေသနာတည်း။
(၆) လက်–ဟူသည် တိဏဝတ္ထာရက သမထ၌ တပက္ခတခုစီ အားဖြင့် ဉတ္တိဒုတိယကမ္မဝါစာ၊ မောဟနကံသို့ တင်ခြင်း စသည်တို့၌ ဉတ္တိဒုတိယ ကမ္မဝါစာ ဟူသော ကမ္မ လက္ခဏတည်း။
(၇) နှုတ်–ဟူသည် ကထိန်နှုတ်ခြင်း ဥဒ္ဓါရတည်း။

သမ္မုတိ ၁၅–ပါး။ ။သိမာ သမ္မုတိ၊တိစီဝရေန အဝိပ္ပဝါသ သမ္မုတိ၊ သန္ထတ–၊ ဘတ္တုဒ္ဒေသက–၊ သေနာသနဂ္ဂါဟာ ပက–၊ ဘဏ္ဍာဂါရိက–၊ စီဝရ ပဋိဂ္ဂါဟက–၊ ယာဂုဘာ ဇက–၊ ဖလဘာဇက–၊ ခဇ္ဇဘာဇက–၊ အပ္ပမတ္တက ဝိဿဇ္ဇက–၊ သာဋိယဂ္ဂါဟာပက–၊ ပတ္တဂ္ဂါဟာပက–၊ အာရာမိက ပေသက–၊ သာမဏေရ ပေသက သမ္မုတိ၊ ဤသို့ သမ္မုတိ ၁၅–ပါးပြသည်။ စိုး,ခံ,စွန့်, တစ်ဲ၊ နှစ်ပေး,ညွှန်း, စေ၊ လေးထွေဝေဘန်၊ ဆဲ့သုံးတန်၊ မှတ်ရန်သမ္မုတိ။

ဉတ္တိစတုတ္ထကံ ၇–ဌာန။ ။ဉတ္တိစတုတ္ထကံသည် "သွင်း, ထုတ်, ပေး, မှု၊ နှိပ်, လက်, နှု၊စတုခုနစ်ဌာန်" ဟူသည်နှင့်အညီ သွင်းခြင်း တဌာန၊ ထုတ်ခြင်းတဌာန၊ ပေးခြင်းတဌာန၊ သမုတ်ခြင်းတဌာန၊ နှိပ်ခြင်းတဌာန၊ ကမ္မလက္ခဏတဌာန၊ နှုတ်ခြင်းတဌာန ဤခုနစ် ဌာနသို့ရောက်၏။ ထိုတွင်–
(၁) သွင်း–ဟူသည် တဇ္ဇနီယ၊ နိယဿ၊ ပဗ္ဗာဇနီယ၊ ပဋိသာရ ဏီယ၊ သုံးပါးသော ဥက္ခေပနီယ ဤခုနစ်ပါးသောကံ

အပြုခံရသော ရဟန်းအား ကောင်းစွာကျင့်၍ ထိုကံ ခုနစ်ပါး ငြိမ်းခြင်း၊ ဝါ၊ သံဃာဘောင်သို့ ပြန်သွင်းခြင်း ဩသာရဏတည်း။

(၂) ထုတ်-ဟူသည် တဇ္ဇနီယစသော ခုနစ်ပါးသော ကံတို့၏ အစွမ်းဖြင့် သံဃာဘောင်မှ နှင်ထုတ်ခြင်း နိဿာရဏ တည်း။

(၃) ပေး-ဟူသည် ပရိဝတ်ပေးခြင်း, မာနတ်ပေးခြင်း ဒါန တည်း။

(၄) မှု-ဟူသည် ဘိက္ခုနောဝါဒက ရဟန်းဟု သမုတ်ခြင်း သမ္မုတိတည်း။

(၅) နှိပ်-ဟူသည် အရင်းသို့ပြန်ငင်ခြင်း၊ ဝါ၊ နှိပ်ခြင်း နိဂ္ဂဟ တည်း။

(၆) လက်-ဟူသည် ဥပသမ္ပဒကံ, အဗ္ဘာနကံ ဟူသော ကမ္မ လက္ခဏတည်း။

(၇) နု-ဟူသည် သံဃာသင်းခွဲရန် လုံ့လပြုသောသူ စသော ၁၁-ယောက်တို့အား ဆုံးမခြင်း သမနုဘာသနတည်း။

၁၁-ယောက်ကား။ ။ယာဝတတိယကဘိက္ခုငါး၊ ဘိက္ခုနီ ခြောက်တည်း၊ ထိုတွင် ယာဝတတိယက ဘိက္ခုငါးကား သံဃာဒိသိသ်၌လေး၊ အရိဋ္ဌရဟန်း တစ်တည်း။ ဘိက္ခုနီ ခြောက်ကား ပါရာဇိက၌ ဥက္ခိတ္တာနုဝတ္တိကာတစ်၊ သံဃာ ဒိသိသ်၌ လေး၊ စဏ္ဍကာဠီတစ်တည်း။

ဤသို့ အပလောကနကံ ၅-ဌာန၊ ဉတ္တိကံ ၉-ဌာန၊ ဉတ္တိ ဒုတိယကံ ၇-ဌာန၊ ဉတ္တိစတုတ္ထကံ ၇-ဌာနသို့ရောက်သည်ပါဝင် သည်ကို "ပနင်ါးဌာန၊ ဉတ်နဝ၊ ဒုစ ခုနစ်စီ" လင်္ကာဖြင့် မှတ် အပ်၏။

အဓိပ္ပါယ်။ ။ဤကံ လေးပါးတို့တွင် အပလောကန ကံကို ပန်ကြား၍သာပြုရသည်၊ ဉတ္တိကံစသည် အစွမ်းဖြင့် မပြုရ။ ဉတ္တိ ကံကိုလည်း ဉတ်တကြိမ် ထား၍သာပြုရသည်၊ အပလောကနကံ စသည်၏အစွမ်းဖြင့် မပြုရ။ ဉတ္တိဒုတိယကံကား ပန်ကြား၍ပြုအပ်

သောကံ, မပြုအပ်သောကံဟု နှစ်မျိုးရှိ၏။ ထိုတွင် သိမ်သမုတ်၊ သိမ်နုတ်၊ ကထိန်သက်နုန်းပေး၊ ကထိန်နုတ်၊ ကုဋီရာကြား၊ ကျောင်းရာကြား ဤခြောက်ပါးသည် ဂရုကံဖြစ်၏၊ ပန်ကြား၍ မပြုရ၊ ဉတ္တိဒုတိယကမ္မဝါစာ ဘတ်၍သာပြုရသည်။ ကြွင်းသော တေရသ သမ္မုတိ၊ သေနာသနဂ္ဂါဟာပက၊ မတကစီဝရဒါန သမ္မုတိကံတို့ကား လဟုကံဖြစ်၍ ပန်ကြား၍သော်ငင်း, ဉတ္တိဒုတိယကမ္မဝါစာဖြင့်သော်ငင်း ပြုနိုင်၏။ ဉတ္တိကံ စသည် အစွမ်းဖြင့်မပြုရ။ ဉတ္တိစတုတ္ထကံကိုလည်း မိမိ၏ လက္ခဏာ ဉတ္တိစတုတ္ထ ဖြင့်သာပြုရသည်၊ ကြွင်းသောကံတို့၏ အစွမ်းဖြင့်မပြုရ။ ဤသို့မိမိ-မိမိလက္ခဏာအားဖြင့်သာလျှင်၊ ဝတ္ထု၊ ဉတ်၊ ကမ္မဝါစာ၊ သိမ်၊ ပရိသတ် ပြည့်စုံခြင်းဖြင့် ပြုအပ်သော ကံဟူသမျှသည် မွေကံမည်၏။

## ၇၈-မျက်ကွယ်ကံ ၈-ပါး

**၁၇၅။ တမန်,မှောက်,လှန်၊ ဥမ်(အုပ်) သေက်,ဖြုဟ္မမ်၊ ကာ, ဝန် မျက်ကွယ်ရှစ်။**

ဤလင်္ကာဖြင့် ပရိဝါကမ္မဝဂ်, ပါဠိအဋ္ဌကထာ၌ လာသော အသမ္မုခကံ ရှစ်ပါးကို ပြတော်မူသည်။

**အသမ္မုခကံ ၈-ပါး။** ။(၁) တမန်-တမန်စေ၍ ရဟန်းခံသော ဒူတေနုပသမ္ပဒကံ။ (၂) မှောက်-သပိတ် မှောက်သော ပတ္တနိက္ကုဇ္ဇနကံ။ (၃) လှန်-သပိတ်လှန်သော ပတ္တုက္ကုဇ္ဇနကံ။ (၄) ဥမ်-ရူးသောရဟန်းအား ဥမ္မတ္တကဟု သမုတ်သော ဥမ္မတ္တကသမ္မုတိကံ။ (၅) သေက်-သေက္ခဖြစ်သော ဒါယကာတို့အား သေက္ခဟု သမုတ်သော သေက္ခသမ္မုတိကံ။ (၆) ဖြုဟ္မမ်-ဆန္နရဟန်းအား ပေးသော ဗြဟ္မဒဏ်။ (၇) ကာ-ဒေဝဒတ်အား ပြုသော ပကာသနီယကံ။ (၈) ဝန်-မကြည်ညိုဘွယ်ကို ပြသော ရဟန်းအား ဘိက္ခုနီသံဃာသည် ပြုအပ်သော အဝန္ဒနီယကံ-ဤသို့ မျက်ကွယ်၌ ပြုအပ်သော ကံရှစ်ပါးရှိ၏ဟု ပရိဝါအဋ္ဌကထာ၌ဆို၏။

**အဓိပ္ပါယ်။** ။ဤအသမ္မုခါကံ ရှစ်ပါးကို မျက်ကွယ်၌ ပြုလျှင် ကောင်းသော ပြုခြင်းဖြစ်၏။ မပျက်သောကံ ဖြစ်၏။ အသမ္မုခကံ

ရှစ်ပါးမှကြွင်းသော ကံဟူသမျှကို မျက်မှောက်၌သာ ပြုအပ်၏။ထို ကံအားလုံးကို ထိုထိုနေရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့် သိအပ်၏ဟု အဋ္ဌကထာ၌မိန့်၏။ ထိုထိုနေရာကို ဋီကာ၌မပြ၊ ထင်ရှား၏။

## ၇၉-ဂရုဘဏ် ၂၅-ပါး

**၁၇၆။ နှစ်နှစ်လေးခု၊ကိုးရှစ်ခု၊ဂရုနှစ်ဆဲ့ငါး။**

ဤလက်ာဖြင့် ဒုဗ္ဗလသိက္ခာပုဒ်အဋ္ဌကထာလာ ဂရုဘဏ် ၂၅-ပါး ကို ပြတော်မူ၏။

ဂရုဘဏ် ၂၅-ပါး-

(က) အရံ,အရံရာ ဤနှစ်ပါးသည် ပဌမအစုမည်၏။
(ခ) ကျောင်း,ကျောင်းရာ ဤနှစ်ပါးသည် ဒုတိယအစုမည်၏။
(ဂ) ညောင်စောင်း, အင်းပျဉ်, ဘုံလျို,ခေါင်းအုံး ဤလေးပါး သည် တတိယအစုမည်၏။
(ဃ) ကြေးအိုး, ကြေးအိုးစရည်း, ကြေးအင်တွဲ, ကြေးဖျဉ်းအိုး, ဝဲခွပ်,ပုဆိန်, ဓားမ,ပေါက်တူး, ဆောက် ဤကိုးပါးသည် စတုတ္ထအစုမည်၏။
(င) နွယ်,ဝါး,ဖြူဆံမြက်,ပြိတ်မြက်, ကြွင်းသောမြက်,သက်ငယ်, မြေညက်, သစ်ဘဏ္ဍာ, မြေဘဏ္ဍာ ဤရှစ်ပါးသည် ပဉ္စမ အစုမည်၏။ ဤကား ဂရုဘဏ် ၂၅-ပါးတည်း။

အဓိပ္ပါယ်။ ။ဤ ၂၅-ခုသည် သံဃာ့ဥစ္စာဖြစ်အံ့၊သံဃာဂိုဏ်း, ပုဂ္ဂိုလ်သည် မစွန့်အပ်။မဝေဘန်အပ်၊ စွန့်သော် ဝေဘန်သော်လည်း စွန့်ခြင်း, ဝေဘန်ခြင်းမဖြစ်၊ သံဃိကဂရုဘဏ် မပျက်စကောင်း။

**သိအပ်နည်း ကမျိုး။** ။မစွန့်အပ် မဝေဘန်အပ် သော်လည်း သံဃာအား ကျေးဇူးများလတ္တံ့ကို မှတ်သား၍ အပ်သောနည်းဖြင့် လဲလှယ်လျှင် အပြစ်မရှိ။(သို့သော်လည်း)ထာဝရဖြင့် အထာဝရကို မလဲရ၊ ထာဝရကိုသာ လဲရသည်၊ မသုံးသပ်ကောင်းသော ဘဏ္ဍာ, အဘိုးများစွာထိုက်သော ကပ္ပိယဘဏ္ဍာ ဖြစ်သော အထာဝရဖြင့် အထာဝရကိုရင်း, ထာဝရကိုရင်းလဲရသည်၊ဒုက္ကဋ္ဌအခါ ကောင်း

သောကျောင်းတို့ကို စောင့်ရှောက်ဘို့ရန် မကောင်းသော ကျောင်းတို့ကိုစွန့်လျှင် အပြစ်မရှိ။ ။ဤငါးစုတို့တွင် အစနှစ်စုသည် ထာဝရ ဂရုဘာဏ်မည်၏။ နောက်သုံးစုသည် အထာဝရ။ (တနည်း) အစ သုံးစုသည် ဂရု-ဂရုဘာဏ်မည်၏၊ ဂရုဘာဏ် မလောက်သည်ဟူ၍ မရှိ၊ သံဃေဒိန္န ဂရုဘာဏ်လည်းမည်၏၊ နောက်နှစ်စုသည် ဂရုဂရု-ဂရုဘာဏ်မည်၏။ လောက်, မလောက်ရှိ၏၊ ထိုကြောင့် အစသုံးခု ချွဲဘွယ်မရှိ။ ကျယ်ဝန်းလှ၏။ (အဋ္ဌကထာကိုရှု)။

## ၈၀-နန်းတော်ဝင်ပြစ် ၁၀-ပါး

**၁၇၇။ မြူး,ကိုယ်ဝန်,ပျောက်[၃]၊သတင်းရောက်,လုပ်ကြံ[၂]၊ ဌာန်နိမ့်,တက်[၂]၊ စစ်ထွက်,ပြန်ခေါ်[၂]၊ကိုးဘော်ထင်ခံ၊ ကျဉ်းမြောင်းပြန်[၁]၊ဆယ်ဘန် နန်းတော်ပြစ်။**

ဤလင်္ကာဖြင့် ရတနဝဂ် အင်္ဂုတ္တိုရသိက္ခာပုဒ် ပါဠိတော်၌ ဟော တော်မူသော နန်းတော်ဝင်ခြင်း၏အပြစ် ၁၀-ပါးကိုပြတော်မူ၏။

နန်းတော်ဝင်ပြစ် ၁၀-ပါး။ ။ (၁) မြူး-ချစ်သား ရဟန်းတို့ မင်းနှင့် မိဖုရားနေကြစဉ် ရဟန်းရောက်လာ၍ မိဖုရားကရဟန်းကို၊ ရဟန်းက မိဖုရားကို မြင်၍ပြုံးအံ့ အထင်လွဲခံရတတ်ခြင်း။ (၂) ကိုယ်ဝန်-မောင်းမငယ်တို့ ကိုယ်ဝန် ရအံ့ အထင်လွဲ ခံရတတ်ခြင်း။ (၃) ပျောက်-ဥစ္စာပျောက်အံ့ အထင်လွဲခံရတတ်ခြင်း။ (၄) သတင်း ရောက်-လျှို့ဝှက်သတင်း အပြင်သို့ရောက်အံ့ အထင်လွဲခံရတတ်ခြင်း။ (၅) လုပ်ကြံ-သားအဘ လုပ်ကြံအံ့ အထင်လွဲ ခံရတတ်ခြင်း။ (၆) ဌာန်နိမ့်-ရာထူးနိမ့်သူမြင့်အံ့ အထင်လွဲခံရတတ်ခြင်း။ (၇)ဌာန် တက်-ရာထူးမြင့်သူနိမ့်အံ့အထင်လွဲခံရတတ်ခြင်း။(၈)စစ်ထွက်-အခါမဲ့ စစ်ထွက်ရအံ့ အထင်လွဲ ခံရတတ်ခြင်း။ (၉) ပြန်ခေါ်-အခါ၌ စစ်ထွက်ပြီးမှ ပြန်ခေါ်အံ့ အထင်လွဲခံရတတ်ခြင်း။ (၁၀) ကိုးဘော် ထင်ခံ၊ ကျဉ်မြောင်းပြန်-ဆိုခဲ့ပြီး အထင်ခံရခြင်း ကိုးပါး အပြင်၊ နန်းတော်တွင်း၌ ဆင်မြင်းတို့ဖြင့် ကျဉ်းမြောင်းခြင်း၊ ရဟန်းတို့အား မလျော်သော အာရုံငါးပါး ပေါများခြင်း။ ဤအပြစ်၁၀-ပါးကို ဟောတော်မူပြီးသိက္ခာပုဒ် ပညတ်တော်မူသည်။

# သမထမှတ်စု

## ၈၁–အဓိကရုဏ်း ၄–ပါး

၁၂၈။ ဓမ္မာဓမ္မ၊ ငြင်းခုံကြ၊ ဝါဒဓိကရုဏ်း၊
၁၂၉။ ဝိပတ္တိလေးခု၊စွပ်စွဲမှု၊နုဝါဓိကရုဏ်း၊
၁၃၀။ ခုနစ်ပါးသာ၊ အာပတ်မှာ၊ပတ္တာဓိကရုဏ်း၊
၁၃၁။ အပလောကာ၊ကံလေးဖြာ၊ ကိစ္စာဓိကရုဏ်း။

ဤလင်္ကာဖြင့် အဋ္ဌကထာ၌လာသော အဓိကရုဏ်း ၄–ပါးကို ပြတော်မူ၏။

အဓိကရုဏ်းလေးပါး။ ။သမထဖြင့် ငြိမ်းစေအပ်သော သဘောတရားသည် အဓိကရုဏ်း မည်၏။ ယင်း အဓိကရုဏ်းသည် ဝိဝါဒ၊ အနုဝါဒ၊ အာပတ္တိ၊ ကိစ္စာဓိကရုဏ်းဟု လေးပါးပြား၏။ ထိုတွင် ဓမ္မ – အဓမ္မ စသော ၁၈ – ပါးသော အကြောင်းတို့ဖြင့် ရဟန်းတို့၏ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရုဏ်း မည်၏။ (လူတို့ ပစ္စည်းအတွက် ငြင်းခုံခြင်းကား ဝိဝါဒ သာမည်သည်၊ သမထဖြင့် ငြိမ်းစရာ မဟုတ်သောကြောင့် အဓိကရဏ မမည်)။ ။သီလဝိပတ္တိ၊ အာစာရ၊ ဒိဋ္ဌိ၊ အာဇီဝဝိပတ္တိ ဟူသော ဝိပတ္တိလေးပါးဖြင့် စွပ်စွဲခြင်းသည် အနုဝါဒါဓိကရုဏ်း မည်၏။ ။ပါ, သံ,ထုလ်, ပါ၊ ပါ,ဒုက်, ဘာ–ဟူသော အာပတ်ခုနစ်ပါးသည် အာပတ္တာဓိကရုဏ်း မည်၏။ ။အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ ဟူသော ကံလေးပါးပြုခြင်းသည် ကိစ္စာဓိကရုဏ်း မည်၏။

## ၈၂ ငြိမ်းကြောင်း သမထ ၇–ပါး

၁၈၂။ မုခါ, ယေဘု[၂]၊ ဝိနည်းပြု၊ ငြိမ်းမှုဝိဝါဒါ။
၁၈၃။ မုခါ, သတိ၊ မူဠှ, ပါပိ[၄]၊ ငြိမ်းဘိဝိဝါဒါ။
၁၈၄။ မုခါ, ဋိညာဉ်၊ တိဏယှဉ်[၃]၊ ငြိမ်းစင်အာပတ္တာ။
၁၈၅။ မုခါဖြင့်ချည်း[၁]၊ ကိစ္စပြီး၊ငြိမ်နည်း၍သို့လာ။

**သမထ ၇-ပါး**။ ။အမိကရုဏ်းတို့၏ ငြိမ်းကြောင်း သဘော တရားသည် သမထမည်၏။ ယင်းသမထသည် သမ္မုခါဝိနယ၊ သတိဝိနယ၊ အမုဠ္ဟဝိနယ၊ ပဋိညာတကရဏ၊ ယေဘုယျသိက၊ တဿပါပိယသိက၊ တိဏဝတ္ထာရက ဟု ခုနစ်မျိုးရှိ၏။ ထိုတွင်-

**ဝိဝါဒါဓိကရုဏ်း** သည်၊ သမ္မုခါဝိနည်း၊ ယေဘုယျသိက ဝိနည်း ဟူသော **သမထနှစ်ပါး** ဖြင့်ငြိမ်း၏၊ ဝါ၊ သမ္မုခါ တပါးဖြင့်ရင်း၊ သမ္မုခါ၊ ယေဘုယျ နှစ်ပါးဖြင့်ရင်း ငြိမ်း၏။

**အနုဝါဒါဓိကရုဏ်း** သည် သမ္မုခါ၊ သတိ၊ အမုဠ္ဟ၊ တဿပါပိ ဟူသော **သမထလေးပါး** ဖြင့်ငြိမ်း၏၊ ဝါ၊ သမ္မုခါဖြင့်ရင်း၊ သမ္မုခါ၊ သတိနှစ်ပါးဖြင့်ရင်း၊ သမ္မုခါ၊ အမုဠ္ဟ နှစ်ပါးဖြင့်ရင်း၊ သမ္မုခါ၊ တဿပါပိ နှစ်ပါးဖြင့်ရင်းငြိမ်း၏။

**အာပတ္တာဓိကရုဏ်း** သည် သမ္မုခါ၊ ပဋိညာတကရဏ၊ တိဏဝတ္ထာရက ဟူသော **သမထသုံးပါး**ဖြင့် ငြိမ်း၏။ ဝါ၊ သမ္မုခါ၊ ပဋိညာ နှစ်ပါးဖြင့်ရင်း။ သမ္မုခါ၊ တိဏ နှစ်ပါးဖြင့်ရင်း ငြိမ်း၏။ သမ္မုခါသက်သက်ငြိမ်းမရှိ။

**ကိစ္စာဓိကရုဏ်း** သည် သမ္မုခါ ဝိနည်းဟူသော **သမထတပါးတည်း**ဖြင့်ငြိမ်း၏။

**၁-ဝိဝါဒါဓိကရုဏ်း ငြိမ်နည်း ၂-ပါး**

(က) **သမ္မုခါ ဝိနည်းတပါးဖြင့် ငြိမ်းပုံ**။ ။အကြင်ကျောင်း၌ ဝိဝါဒါဓိကရုဏ်း ဖြစ်အံ့၊ ထိုကျောင်း၌ သာလျှင် ကျောင်းနေ ရဟန်းတို့ဖြန်ဖြေသဖြင့်ရင်း၊ တပါးသော ဝိနည်းဓိုရ် ရောက်လာ၍ ဝိနည်းအတိုင်းဆုံးဖြတ်သဖြင့်ရင်း ငြိမ်း၏။ မငြိမ်းသေးလျှင် ငြိမ်းစေခြင်းငှာ ကျောင်းတပါးသို့ သွားစဉ် လမ်းခရီး၌ အချင်းချင်းကျေ၍ ရင်း၊ ဝိနည်းဓိုရ်တွေ့၍ရင်း ငြိမ်း၏။ မငြိမ်းသေးလျှင် တပါးသော ကျောင်း၌ သံဃာထံအပ်နှံ၍ ထိုကျောင်း၌ ထိုသံဃာဆုံးဖြတ်သဖြင့် ရင်းငြိမ်း၏။ မငြိမ်းသေးလျှင် ထိုကျောင်း၌ ဥဗ္ဗာဟိက ကံဖြင့် သမ္မုတိရသော ရဟန်းတို့ ဆုံးဖြတ်သဖြင့်ရင်း ငြိမ်း၏ (ဥဗ္ဗာဟိက ကံဖြင့် သမ္မုတိမရသူ ဘာမျှဝင်မပြောရ-ဟူလို)။ ဤသို့လေးဌာန

ဣဋ္ဌာသယ ၄၇၈-၁၄

ငြိမ်းရာ၌ သံဃာသမ္မုခတာ၊ ဓမ္မသမ္မုခတာ၊ ဝိနယသမ္မုခတာ၊ ပုဂ္ဂလသမ္မုခတာ လေးပါးသည် သမ္မုခါ ဝိနည်းမည်၏။ ဤကား သမ္မုခတာဝိနည်းတပါးဖြင့် ငြိမ်းပုံတည်း။

(ခ) **သမ္မုခါသတိနှစ်ပါးဖြင့် ငြိမ်းပုံ။** ။ဤနည်းဖြင့်မငြိမ်းသေးလျှင် သမ္မုတိရသော ရဟန်းတို့သည် ငါတို့မတတ်နိုင်ဟု သံဃာထံ ပြန်၍ အပ်နှံရသည်၊ သံဃာသည် အင်္ဂါ ၅-ပါး ရှိသော ရဟန်းကို **စာရေးတန်ပေးသော**ရဟန်းဟု သမုတ်အပ်၏။ (အင်္ဂါ ၅-ပါးကား ဂတိလေးပါးမလိုက်ခြင်း, ယူအပ်,မယူအပ်သိခြင်း ၅-ပါးတည်း)။ **စာ**ရေးတန်ပေးသောရဟန်းသည် အလဇ္ဇီများရာ၌ လျှို့ဝှက်၍ယူစေသော ဂူဠက စာရေးတန်ကို၊ လဇ္ဇီများရာ၌ လွတ်လွတ်ယူစေသော ဝိဝဋက **စာ**ရေးတန်ကို၊ ဗာလများရာ၌ တိုးတိုးပြော၍ယူစေသော ကဏ္ဏဇပ္ပ စာရေးတန်ကို ပေး၍ ဓမ္မဝါဒီ များအောင် ပြုရသည်၊ စည်းဝေးသော ပရိသတ်၌ ဓမ္မဝါဒီများသောအခါ ဓမ္မဝါဒီတို့ဆိုတိုင်း ဆုံးဖြတ်၍ငြိမ်းစေရသည်၊ ဓမ္မဝါဒီမများမချင်း များအောင် ပြု၍ ဆုံးဖြတ်ခြင်းသည် ယေဘုယျသိက ဝိနည်းမည်၏။ ဤကား ဝိဝါဒါဓိကရုဏ်း သမထနှစ်ပါးဖြင့်ငြိမ်းပုံတည်း။

> **သမ္မုခတာ ၄-ပါး။** ။အဓိကရုဏ်းငြိမ်းစေခြင်းငှာစည်းဝေးသောသံဃာတို့ ညီညွတ်စွာ မျက်မှောက်ဖြစ်ခြင်းသည် သံဃာသမ္မုခတာမည်၏။(ဆန္ဒထိုက်သူ ဆန္ဒဆောင်မှ၊ မျက်မှောက်တားမြစ်သူမရှိမှ ဟူလို)။ ''ကံလျှောက်သံဃာ၊ မလာကုန်ကြ၊ ဆန္ဒတူအောင်၊ မဆောင်လေမြောက်၊ မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ကွဲပြားဝဂ်ဖြစ်မြဲ'' ငြိမ်းစေအပ်သောဝတ္ထု၏ မှန်ကန် ခြင်းသည် ဓမ္မသမ္မုခတာ မည်၏။ ငြိမ်းကြောင်းဘုရားဟော အစီရင်သည် ဝိနယသမ္မုခတာ မည်၏။ ငြင်းခုံသူနှစ်ယောက် မျက်မှောက်ရောက်ခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏။

၂-အနုဝါဒါဓိကရုဏ်းငြိမ်းနည်း ၄-ပါး

(က) **သမ္မုခါ ဝိနည်းတပါးဖြင့်ငြိမ်းပုံ။** ။အာပတ်ဖြင့် စွပ်စွဲမှု ပြုအံ့-စောဒက စုဒိတကနှစ်ဦးလုံးတို့၏ စကားကို နားထောင်ပြီး

လျှင် အာပတ် တစုံတရာမရှိအံ့-နှစ်ဦးလုံးကို သည်းခံစေ၍ ငြိမ်းစေအပ်၏။ အာပတ်ရှိအံ့-ဤမည်သော အာပတ်ဟု ဆုံးဖြတ်၍ ငြိမ်းစေအပ်၏။ ဤကား သမ္မုခါဝိနည်းတပါးတည်းဖြင့်ငြိမ်းပုံတည်း။

(ခ) **သမ္မုခါ၊ သတိနှစ်ပါးဖြင့်ငြိမ်းပုံ။** ။ရဟန္တာသည် အရင်းမရှိသော သီလဝိပတ္တိဖြင့် စွပ်စွဲခံရ၍သံဃာအား သတိဝိနည်းပေးပါဟုတောင်းအံ့-ဉတ္တိစတုတ္ထကံဖြင့်ပေးအပ်၏။ ထိုအခါ အနုဝါဒါဓိကရဏ်းသည် သမ္မုခါဝိနည်း၊ သတိဝိနည်း နှစ်ပါးဖြင့် ငြိမ်း၏။ (သတိဝိနည်း ပေးပြီးနောက် ထိုရဟန္တာပုဂ္ဂိုလ်၌ စွပ်စွဲမှု ဟူသမျှမရောက်၊ရဟန္တာဖြစ်သည်။ သတိသမ္ပဇညနှင့် ပြည့်စုံသည်၊ အပြစ်မရှိ-ဟူလို)။

(ဂ) **သမ္မုခါ၊ အမူဠ္ဟနှစ်ပါးဖြင့်ငြိမ်းပုံ။** ။ဥမ္မတ္တက ရဟန်းသည် ရူး၍ ပြုမိသောအမှုကြောင့် စောဒနာခံရသောအခါ "ရူး၍ ပြုမိပါသည်၊မသိပါ"ဟု ဆိုသော်လည်း စောဒနာကုန်အံ့၊ နောက်အခါ စောဒနာမခံရအောင် အမူဠ္ဟဝိနည်းပေးပါဟု သံဃာအား တောင်းရသည်၊ဉတ္တိစတုတ္ထကံဖြင့်ပေးအပ်၏။ထိုအခါ အနုဝါဒါဓိကရဏ်းသည် သမ္မုခါဝိနည်း၊ အမူဠ္ဟဝိနည်းနှစ်ပါးဖြင့် ငြိမ်း၏။ (ထိုနောက် ထိုဥမ္မတ္တကပုဂ္ဂိုလ်၌ စွပ်စွဲမှုဟူသမျှ မရောက်၊ စွပ်စွဲသော်လည်း အမှုမဖြစ်တော့ပြီ)။

(ဃ) **သမ္မုခါ၊ တဿပါပိယသိကာနှစ်ပါးဖြင့်ငြိမ်းပုံ။** ။ယုတ်မာသော ရဟန်းသည် ပါရာဇိကဖြင့်၎င်း၊ ပါရာဇိကနှင့် နီးသော အာပတ်ဖြင့်၎င်း စွပ်စွဲခံရသောအခါ အပြစ်ကို ဖုံးလွှမ်းအံ့၊ (ပဌမပါရာဇိကနှင့် အနီးကား ဒုက္ကဋ်၊ ကြွင်းသုံးပါးနှင့် အနီးကား ထုလ္လစ္စည်း)။ သံဃာသည် ထိုရဟန်းအား "အရင်းမပြတ်လျှင် ကောင်းစွာကျင့်၍ ပြန်ဝင်နိုင်လတ္တံ့၊ အရင်းပြတ်လျှင် အလိုလို ပျက်လတ္တံ့"ဟု ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် တဿပါပိယသိကာကံကို ပြုရသည်၊ထိုအခါ အနုဝါဒါဓိကရဏ်းသည် သမ္မုခါ၊တဿ ပါပိယသိကာ နှစ်ပါးဖြင့် ငြိမ်း၏။ ဤကား အနုဝါဒါဓိကရဏ်း သမထလေးပါးဖြင့် ငြိမ်းပုံတည်း။

၃–အာပတ္တာဓိကရုဏ်းငြိမ်းနည်း ၂–ပါး

(က) သမ္မုခါ၊ ပဋိညာနှစ်ပါးဖြင့် ငြိမ်းပုံ။ ။လဟုက အာပတ် ရှိသော ရဟန်းသည် သံဃထံ၊ဂိုဏ်းထံ၊ပုဂ္ဂိုလ်ထံ ဒေသနာကြားအံ့၊ သမ္မုခါ ပဋိညာတကရဏနှစ်ပါးဖြင့် ထိုအာပတ်ငြိမ်း၏။

ဤ၌–အာမ ပဿာမိဟု ဒေသနာကြားသူက ဆိုခြင်းသည် ပဋိညာမည်၏။အာယတိံ သံဝရေယျာသိဟု ဒေသနာခံသူက ဆိုခြင်းသည် ပဋိညာတကရဏဝိနည်းမည်၏။သံဃာဒိသိသ်၌ ပရိဝတ်၊ မာနတ်၊အဗ္ဘာန်တောင်းခြင်းသည် ပဋိညာမည်၏။ သံဃာက ကမ္မဝါစာဘတ်၍ ကံပြုပေးခြင်းသည် ပဋိညာတ ကရဏ ဝိနည်း မည်၏။ ။ဒေသနာကြားသူ ခံသူနှစ်ဦး၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏၊ ဓမ္မ၊ ဝိနယ၊ သံဃသမ္မုခတာကို ရှေးနည်းအတိုင်း သိအပ်၏၊ ဂိုဏ်းထံ ပုဂ္ဂိုလ်ထံ ဒေသနာကြားရာ၌ သံဃသမ္မုခတာ ယုတ်၏။ ။ပဋိညာတကရဏ ဝိနည်းနှင့်ကင်း၍ အာပတ် ငြိမ်းခြင်းမရှိရကား သမ္မုခါသက်သက်ဖြင့် မငြိမ်း။

(ခ) သမ္မုခါ၊ တိဏဝတ္ထာရက နှစ်ပါးဖြင့် ငြိမ်းပုံ။ ။ရဟန်းတို့ သည် ငြင်းခုံ၍ နှစ်ပက္ခကွဲ၍ အပြစ်များစွာ လွန်ကျူးပြီးမှ လဇ္ဇီ သဘော သက်ရောက်ကုန်အံ့၊ ငါတို့သည် အချင်းချင်း အာပတ်ဖြင့် ဆုံးဖြတ်ကြလျှင် အဓိကရုဏ်း ကြီးကျယ်လာရာ၏ဟု အပြစ်မြင်ကုန် အံ့၊တိဏဝတ္ထာရကကံ ပြုရသည်၊ထိုအခါ ထိုအာပတ်သည် သမ္မုခါ တိဏဝတ္ထာရက နှစ်ပါးဖြင့် ငြိမ်း၏။ (တိဏ–မြက်ဖြင့်၊ ဝတ္ထာရက– မစင်ကိုဖုံးသကဲ့သို့ အာပတ်ကို ဖုံးသောဝိနည်း ဟူလို)။ ဤကား– အာပတ္တာဓိကရုဏ်း သမထသုံးပါးဖြင့် ငြိမ်းပုံတည်း။

အာပတ်အားလုံးငြိမ်း၏ ဆိုသော်လည်း တိဏဝတ္ထာရကကံ ပြုရာသို့ ဟတ္ထပါသ်တွင်း ရောက်လာ၍ "ဤကံကို ငါမနှစ် သက်" ဟု မမြွက်မဆိုသော ရဟန်းအားသာ ထုလ္လစ္စဉ်း၊ ဂိဟိပဋိသံယုတ္တ အာပတ်ကို ကြဉ်၍ ကြွင်းသောအာပတ် အာလုံး ငြိမ်းသည်၊ ဟတ္ထပါသ်တွင်းသို့ ရောက်လာလျှင်

အာရုံတပါး နှလုံးသွင်းနေသူ၊ အိပ်ပျော်နေသူ ဖြစ်စေကာမူ ထိုအာပတ်အားလုံးမှငြိမ်း၏။ ။တိဏဝတ္ထာရက ကံပြုပုံ။ ရဟန်းအားလုံး တပေါင်းတည်း စည်းဝေးရသည်၊ ဆန္ဒ ဆောင်ခြင်း မရှိစေရ၊ သံဃာအားလုံးကို သိစေသော ဉတ်တကြိမ်၊မိမိဘက်သားတို့ကို သိစေသော ဉတ်တကြိမ်စီ၊ ထိုနောက် ဒေသနာကြား၊ ဉတ္တိစတုတ္ထကမ္မဝါစာ တဘက် တကြိမ်စီ ဘတ်ရသည်၊ ထိုအခါ အာပတ်အားလုံးငြိမ်း၏။ (ပါရာဇိက သံဃာဒိသိသ်သည် ထုလ္လစ္စဇ္စမည်၏၊ လူတို့ကို ရှုတ်ချခြင်း၊ ဓမ္မိကပဋိညာ ချွတ်ယွင်းစေခြင်းတို့ကြောင့် သင့်သောအာပတ်သည် ဂိဟိပဋိသံယုတ္တမည်၏၊ ဤအာပတ် နှစ်မျိုးသည် တိဏဝတ္ထာရက သမထဖြင့်မငြိမ်း)။အချို့ကား-တောနေရဟန်းများအတွက် တပါးတည်းဒေသနာကြားရှိ သည်ဟုဆို၏၊ တပါးတည်း၌ သမ္မုခါဝိနည်းတခုမျှမရှိ၊ ဝိနည်းစကားမဟုတ်၊ သာသနာစကားမဟုတ်၊ သာသနာကို မြောင်၍ ဆိုသော လောကီစကားသာ ဖြစ်သည်။

၄-ကိစ္စာဓိကရုဏ်းငြိမ်းနည်း ၁-ပါး

**ကိစ္စာဓိကရုဏ်း သမ္မုခါဝိနည်းတပါးဖြင့်ငြိမ်းပုံ။** ။အပလောကန၊ ဉတ္တိ၊ ဉတ္တိဒုတိယ၊ ဉတ္တိစတုတ္ထဟူသော ကံလေးပါးကိစ္စ ဖြစ်ပေါ် လာလျှင် သံဃသမ္မုခတာ၊ ဓမ္မသမ္မုခတာ၊ ဝိနယသမ္မုခတာ၊ ပုဂ္ဂလ သမ္မုခတာ ဟူသော သမ္မုခတာ ဝိနည်းတပါးဖြင့် ငြိမ်း၏။ ဤကား ကိစ္စာဓိကရုဏ်း သမ္မုခတာဝိနည်းတပါးဖြင့်ငြိမ်းပုံတည်း။ဤသို့လျှင် အဓိကရုဏ်း လေးပါးသည် သမထခုနစ်ပါးဖြင့် ထိုက်သင့်သလို ငြိမ်း၏။

## ၈၃-ကြက်သွန် ၅-မျိုး

၁၈၆။ ပလဏ်,ဘဍ္ဍု၊ ဟရိတ[၁]၊ စာပ,လသုဏာ[၂]။

၁၈၇။ တစ်,နှစ်,သုံးမြွှာင့်[၁]၊ မရှိမြွှာင့်၊ အမြွှာင့်များလှစွာ။

၁၈၈။ ဖြူ,နီ,စိမ်းမျှ[၁]၊ ဆင်းရောင်ပြ၊ ရှေကသုံးခုသာ။

၁၈၉။ ဘိက္ခုနီလသုံ၊ ပါစိတ်ရှု၊ ဘိက္ခုဒုက္ကဋာ။

ဤလင်္ကာဖြင့် ဘိက္ခုနီပါစိတ်, လသုဏ သိက္ခာပုဒ် ပါဠိတော်, အဋ္ဌကထာ၌လာသောကြောင့် ကြက်သွန်၅-မျိုးကို ပြတော်မူသည်။

ကြက်သွန် ၅-မျိုး။ ။ကြက်သွန်သည် ပလဏ္ဍုက ကြက်သွန်၊ ဘဍ္ဍုနက၊ ဟရိတက၊ စာပလသုဏ၊ လသုဏ ကြက်သွန်ဟု ငါးမျိုးရှိ၏။ ထိုတွင်-

(၁) ပလဏ်၊ တစ်၊ ဖြူ-ပလဏ္ဍုက ကြက်သွန်သည် တမြွှာင့်ရှိ၏၊ အဆင်းဖြူ၏။

(၂) ဘဍ္ဍု၊ နှစ်၊ နီ-ဘဍ္ဍုနက ကြက်သွန်သည် နှစ်မြွှာင့်ရှိ၏၊ အဆင်းနီ၏။

(၃) ဟရိတ၊ သုံး၊ စိမ်း-ဟရိတ ကြက်သွန်သည် သုံးမြွှာင့်ရှိ၏၊ အဆင်းစိမ်း၏။

(၄) စာပ၊ မရှိမြွှာင့်- စာပ ကြက်သွန်သည် အမြွှာင့်မရှိ၊ အဆင်းမပြ။

(၅) လသုဏ၊ အမြွှာင့်များလှစွာ- လသုဏ ကြက်သွန်သည် အမြွှာင့်များ၏၊ အဆင်းမပြ။

အဓိပ္ပါယ်။ ။လသုဏအဆင်းမပြသော်လည်း ကြက်သွန်အဖြူ မဂဓတိုင်း၌ဖြစ်၏ဟုဆိုကြ၏။ ဤလသုဏ ကြက်သွန်သည်သာလျှင် ဘိက္ခုနီအား ပါစိတ်၊ ဘိက္ခုအား ဒုက္കဋ်။ ပလဏ်၊ ဘဍ္ဍု၊ ဟရိတ၊ စာပ ကြက်သွန်လေးမျိုး ဖြစ်အံ့ အနာပတ္တိ။ ဟင်းချက်ရာ၊ အသားချက်ရာ၊ ဆီချက်ရာ၊ ဇီးယိုလုပ်ရာ၊ လက်သုတ်ဟင်းလျာပြုရာ၌ လသုဏ ကြက်သွန်ထည့်အံ့၊ အနာပတ္တိ။

## ၈၄-သိုးခြင်း ၄-ပါး

**၁၉၀။ ပရိသတ်ထ သိုး^၁၊ ညဉ့်လွန်သိုး^၁၊ စွန့်သိုး ဆန္ဒ၊ အဗ္ဗျာသယ^၂။**

ဤလင်္ကာဖြင့် ကုမာရိဘူတဝဂ် ကောဒသမသိက္ခာပုဒ်အဋ္ဌကထာ တို့၌လာသော သိုးခြင်းလေးပါးကို ပြတော်မူသည်။

ပါရိဝါသိယ ၄-ပါး။ ။ပရိသတ် ထသွားခြင်း၊ ညဉ့်လွန်ခြင်း၊ ဆန္ဒကိုစွန့်ခြင်းသည် ပါရိဝါသိယမည်၏။ သိုးသည်ဟု ဝေါဟာရ ပြုကြသည်။ ပါရိဝါသိယသည် ပရိသာပါရိဝါသိယ-ပရိသတ်သိုး၊ ရတ္တိပါရိဝါသိယ-ညဉ့်သိုး၊ ဆန္ဒပါရိဝါသိယ-ဆန္ဒသိုး၊ အဇ္ဈာသယ ပါရိဝါသိယ-အဇ္ဈာသယသိုး ဟု လေးမျိုးပြား၏။ ထိုတွင် ရဟန်း တို့သည် ကံဘာခုပြုရန်စည်းဝေးကြကုန်စဉ် မိုးကြီးရွာခြင်း၊ လူတို့ လွှမ်းမိုးလာခြင်း စသည်ကြောင့် "ငါတို့အခွင့်မရ၊ သွားကြစို့" ဟု ဆန္ဒကို မစွန့်ဘဲ ထသွားကုန်အံ့၊ ပရိသ ပါရိဝါသိယ ပရိသတ်သိုး မည်၏။ ဆန္ဒ မစွန့်ခြင်းကြောင့် တဖန် ပြန်စု၍ ကံပြုခြင်းငှာ အပ်၏။ ရဟန်းတို့သည် ဥပုသ်ကံပြုရန် ညဉ့်အခါ စည်းဝေး၍ တရားနာခြင်း ပြုကြစဉ် အ႐ုဏ်တက်အံ့၊ ရတ္တိပါရိဝါသိယ ညဉ့်သိုးမည်၏။ စာတုဒ္ဒသီ ပြုအံ့ဟု စည်းဝေးလျှင် ပန္နရသီ ပြုအပ်သေး၏။ ပန္နရသီပြုအံ့ဟု စည်းဝေးလျှင် အထွက်တရက်နေ့၌ ဥပုသ်နေ့မဟုတ်သောကြောင့် ဥပုသ်ကံ မပြုအပ်၊ တပါးသော သံဃကံပြုလျှင် အပ်၏။

ရဟန်းတို့သည် အဗ္ဘာနကံ စသည်ကိုပြုအံ့ဟု စည်းဝေးကြစဉ် နက္ခတ်သိသောရဟန်းက ဤနေ့နက္ခတ်မကောင်း ပြဿဒါး စသည် ဖြင့် ဆိုခြင်းကြောင့် ဆန္ဒကိုစွန့်ကုန်အံ့၊ ဆန္ဒပါရိဝါသိယ ဆန္ဒသိုး မည်၏။ အဇ္ဈာသယပါရိဝါသိယ-အဇ္ဈာသယသိုးလည်း မည်၏။ ထိုနောက် ယိုသိမ်၌နေကြစဉ် ရဟန်းတပါးရောက်လာ၍ "နက္ခတ် စောင့်ခြင်းဖြင့် အကျိုးမရှိ"ဆိုအံ့၊ တဖန် ဆန္ဒ ပါရိသုဒ္ဓိမဆောင်ဘဲ သိုးပြီးသောဆန္ဒဖြင့် ကံမပြုအပ်။ ။ပရိသတ်ထခြင်းသည် သိုး၏။ ညဉ့်လွန်ခြင်းသည် သိုး၏။ ဆန္ဒစွန့်ခြင်း အဇ္ဈာသယစွန့်ခြင်းသည် သိုး၏။

# ဝိနည်းအတွေတွေမှတ်စု

## မဟာဝါမှတ်စု

## ၁၅-ကျောင်းထိုင်အင်္ဂါ ၅-ပါး

၁၉၁။ ဆယ်ဝါပြည့်တင်း ၊ ဝိဘင်းနှစ်ဖြာ ၊ ကမ္မာကမ္မ ၊ ခန္ဓကပုဒ် ၊ နာမ်ရုပ် ပိုင်ပိုင်၊ ဟောပြနိုင် ၊ ကျောင်းထိုင်အင်္ဂါငါး။

ဘိက္ခုနောဝါဒဝဂ်, ဩဝါဒသိက္ခာပုဒ် အဋ္ဌကထာ၌ ဘိက္ခုနောဝါဒက ရဟန်း၏ အင်္ဂါရှစ်ပါးတို့တွင် "ဗဟုဿုတော ဟောတိ" ဟူသော ဒုတိယအင်္ဂါအရ ဗဟုသုတကို နိဿယည်း လွတ်ခါမျှဖြစ်သော နိဿယမုစ္စက ဗဟုသုတ၊ ပရိသတ် အလုပ်အကျွေးခံနိုင်သော ပရိသုပဋ္ဌာပကဗဟုသုတ၊ ဘိက္ခုနီတို့ကို ဆုံးမနိုင်သော ဘိက္ခုနောဝါဒက ဗဟုသုတ ဟုသုံးမျိုးခွဲသည်၊ တဘက် ပရိသုပဋ္ဌာပကဗဟုသုတကိုလည်း ',ဒသဝဿေန" စသည်ဖြင့် ငါးမျိုးခွဲသည်၊ ထိုငါးမျိုးကို ဤလက်ာဖြင့် ပြတော်မူသည်။ (ယင်းငါးမျိုးကို ကျောင်းထိုင် အင်္ဂါ ၅-ပါးခေါ်သည်)။

ကျောင်းထိုင်အင်္ဂါ ၅-ပါး။ ။(၁) ဆယ်ဝါပြည့်တင်း-အနည်းဆုံး ရဟန်းဝါ ၁၀-ဝါ ရခြင်း။ (၂) ဝိဘင်းနှစ်ဖြာ-ရဟန်း ပရိသတ်ကို ဝိနည်းဖြင့် ဆုံးမခြင်းငှာ ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်း နှစ်ပါး နှုတ်တက်အောင် လေ့လာရခြင်း (တပါးတည်း မစွမ်းနိုင်လျှင် ရဟန်းသုံးပါးပေါင်း၍ လှည့်ပတ်နိုင်အောင် လေ့လာထားရခြင်း)။ (၃) ကမ္မာကမ္မ-ကံကြီး ကံငယ် နားလည်အောင် သင်ထားရခြင်း။ (၄) ခန္ဓကပုဒ်-မဟာဝါ စူဠဝါ၌လာသော ခန္ဓကဝတ်ကို သင်ထားရခြင်း။ (၅) နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်-ပရိသတ်အား ရုပ်နာမ်ဓမ္မဖြင့် ဆုံးမခြင်းငှာ မဇ္ဈိမဘာဏကပုဂ္ဂိုလ်ဖြစ်အံ့ မူလပဏ္ဏာသကို သင်အပ်၏။ ဒီဃဘာဏကပုဂ္ဂိုလ်ဖြစ်အံ့ သုတ်မဟာဝါခေါ် မဟာဝဂ်ကို သင်အပ်၏။ သံယုတ္တဘာဏက ပုဂ္ဂိုလ်ဖြစ်အံ့ မဟာဝါ အောက်

သုံးဝဂ်ကို သင်အပ်၏။ အင်္ဂုတ္တရဘာဏက ပုဂ္ဂိုလ်ဖြစ်အံ့ အောက်ထက်ဝက်ဖြစ်စေ အထက်ထက်ဝက်ဖြစ်စေ အင်္ဂုတ္တိုရ်ကို သင်အပ်၏။ (မတတ်နိုင်လျှင် ဧကနိပါတ်, ဒုကနိပါတ်ကို သင်အပ်၏။ ဇာတကဘာဏက ပုဂ္ဂိုလ်ဖြစ်အံ့ အဋ္ဌကထာနှင့်တကွ ဇာတ်ကို သင်အပ်၏။ ထိုအောက် အယုတ်မအပ်။ မဟာပစ္စရိက်၌ကား ဓမ္မပဒကိုလည်း ဝတ္ထုကြောင်းနှင့်တကွ သင်ခြင်းငှာ သင့်၏ဟု ဆို၏။ ရှေးအခါက မထေရ်ကြီးတို့သည် ပရိယတ္တိ မကွယ်ပျောက် စေခြင်းငှာ တခုတခုသောဂိုဏ်းအား ဒီဃနိကာယစသော တခုတခုသော ဓမ္မအစုကို "အရှင်တို့သည် ထိုတခုတခုသော ဓမ္မအဖုကို ပါဠိအားဖြင့်၎င်း, အဋ္ဌကထာ အားဖြင့်၎င်း ဆောင်တော်မူကြပါ၊ စွမ်းနိုင်ပါက ထိုထက် အလွန်လည်း သင်တော်မူကြပါ" ဤသို့ ဂဏ္ဍအားဖြင့် အပ်နှင်းတော်မူကြ၏။ ထိုသို့အပ်နှင်းရာ၌ အပ်နှင်းခံရသော ရဟန်းတို့ကိုလည်း ဂဏ္ဍအမည်ဖြင့် ဒီဃဘာဏက, မဇ္ဈိမဘာဏကဟု ခေါ်ဝေါ်ကြ၏။ ဗဟုသုတအလို့ငှာ ဝိမတိမှာတွေ့၍ ထည့်လိုက်သည်)။

ကျောင်းထိုင်အင်္ဂါ-၄၀။ ။မဟာဝါ မဟာခန္ဓက၌ ဥပဇ္ဈာယ်အင်္ဂါ (ကျောင်းထိုင် အင်္ဂါ)၄၀ ဟောတော်မူသည်။ ထို ၄၀-ကိုလည်း "အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတုံ"ဟု အကျဉ်းဟောအပ်သော ဥပဇ္ဈာယ်ဆရာ၏ လက္ခဏာကို အကျယ်ပြခြင်းငှာ ဟောခြင်း ဖြစ်သည်၊ လေးဆယ်တို့တွင် န အသေက္ခေန သီလက္ခန္ဓေနစသော နှစ်ဆယ်ကို ပရိဘာတ်ဆုတ်ယုတ်ကြောင်းဖြစ်၍ မသင့်သည်အစွမ်းဖြင့် ဟောသည်၊ အာပတ်အင်္ဂါဖြင့် ဟောသည်မဟုတ်၊ ရဟန္တာသာ ဥပဇ္ဈာယ် ဖြစ်ရမည်ဟု ခွင့်ပြုသည်မဟုတ်၊ အကယ်၍ ခွင့်ပြုလျှင် ဥပဇ္ဈာယသာ အနဘိရတိဥပ္ပန္နာ ဟောတိ စသည်ကို မဟောတန်ရာ၊ ထို့ကြောင့် အယုတ္တအင်္ဂါနှစ်ဆယ်၊ အာပတ်အင်္ဂါ နှစ်ဆယ်ဟု မှတ်ရာ၏။

ယုတ္တအင်္ဂါ- ၂၀-

ဗဟုသုတ၊ ပညာဝ၊ ကုက္ကုစ္စ ပယ်ဖျောက်နိုင်။ (၃)
အာပတ်ကိုသိ၊ ထပုံသိ၊ သင့်၏ ဘုန်းကျောင်းထိုင်။ (၂)

အာဘတိ,အာဒိ၊ ဓမ္မ,ဝိ၊ ဒိဋ္ဌိပယ်ဖျောက်နိုင်။ (၅)
အာပတ်,နာပတ်၊ ကြီး,ငယ်ပတ်၊ နှစ်ရပ် ဝိဘင်းဖြိုင်။ (၅)
အာပတ်,နာပတ်၊ ကြီးငယ်ပတ်၊ ဆယ်ရပ်ဝါကိုပိုင်။ (၅)

(၁) ဗဟုဿုတ–များသောအကြားအမြင်ရှိခြင်း။ (၂) ပညာဝ–ပညာရှိခြင်း။ (၃) ကုက္ကုစ္စပယ်ဖျောက်နိုင်–ဖြစ်ပေါ် လာသော ကုက္ကုစ္စကို အကြောင်းအားလျော်စွာ ကိုယ်တိုင် ပယ်ဖျောက်ခြင်း သူတပါးကိုပယ်ဖျောက်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (၄)အာပတ်ကိုသိ–ဤသို့ ပြုမိပါသည်ဟု ဆိုလျှင် ဤအာပတ် သင့်၏ဟု သိခြင်း။ (၅) ထပုံသိ–ဝုဋ္ဌာနက်ဖြင့်ရင်း၊ ဒေသနာဂါမ်ဖြင့်ရင်း ဤအာပတ်မှ ဤသို့ထ၏ဟုသိခြင်း။ (၆)အာဘတိ–ဥပဇ္ဈာယဝတ်,သဒ္ဓိဝိဟာရိကဝတ်, အာစရိယဝတ်, အန္တေဝါသိကဝတ်ဟူသော ထူးမြတ်သော အာဘတိ သမာစာရိကသိက္ခာ၌ သင်စေခြင်း, ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (၇) အာဒိ–ဘိက္ခုပိဘင်း,ဘိက္ခုနီဝိဘင်းဟူသော မဂ္ဂ ဗြဟ္မစရိယ၏ အဦးအစဖြစ်သော အာဒိဗြဟ္မစရိယသိက္ခာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (၈) ဓမ္မ–အဘိဓမ္မာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (၉) ဝိ–အဘိဝိနယေ–အလုံးစုံသော ဝိနည်း ပိဋကတ်ဟူသော အဘိဝိနယ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (၁၀) ဒိဋ္ဌိပယ်ဖျောက်နိုင်–ဖြစ်ပေါ် လာသော ဒိဋ္ဌိအယူကို အကြောင်းအားလျော်စွာ မိမိ စွန့်စေနိုင်ခြင်း, သူတပါးကို တိုက်တွန်း၍ စွန့်စေနိုင်ခြင်း။ (၁၁) အာပတ်–အာပတ် အမျိုးအစားကို သိခြင်း။ (၁၂) နာပတ်–အာပတ် မဟုတ်သည်ကို သိခြင်း။ (၁၃) ကြီး–ဂရုကအာပတ်(ကြီး)ကိုသိခြင်း။ (၁၄) ငယ်–လဟုကအာပတ် (ငယ်) ကို သိခြင်း။ (၁၅) နှစ်ရပ်ဝိဘင်းဖြိုင်–ဒွေမာတိကာရ၍ ဝိဘင်းနှစ်ဖြာကို ဖြိုင်ဖြိုင်ဆုံးဖြတ်နိုင်ခြင်း။(အာပတ်, နာပတ်၊ကြီးငယ်ပတ် ၄–ခုတူပြီ)။ (၂၀) ဆယ်ရပ်ဝါကိုပိုင်–ရဟန်းဝါ ဆယ်ဝါ၊ ဆယ်ဝါထက် အလွန်ရခြင်း။ (ဤ ပါဠိတော်လာ ယုတ္တ အင်္ဂါ (အာပတ္တိအင်္ဂါ)နှစ်ဆယ်သည် ယခင်ဆိုခဲ့သော အင်္ဂါငါးပါး ပြည့်စုံလျှင် ပြည့်စုံသည်ဟု ဆရာတော်ကြီးများ မိန့်ဆိုတော်မူကြ၏)။

**ဝိနယကောသလ္လ**။ ။ဝိနယကောသလ္လ၌ "တပည့်ရဟန်း သာမဏေမွေး၊ နိဿယည်း ဥပဇ္ဈာယ်ပေး၍ သာသနာတော်ကို ပြုစု ချီးမြှောက်လိုသော ကျောင်းထိုင်ဘုန်းကြီး၏ အင်္ဂါကား ဆယ်ဝါ ရခြင်း၊ ဉဘတောဝိဘင်း ပါဠိအဋ္ဌကထာကို အနက်အဓိပ္ပါယ် ထင် မြင်ခြင်း၊ ပရိဝါကမ္မဝဂ်လာ ကံကြီး ကံငယ်တို့ကို သိနားလည်ခြင်း၊ ခန္ဓကဝတ်တို့ကို များစွာဆိုသော ခုဒ္ဒသိက္ခာကျမ်းများကို သင်ကြား နှုတ်တက်ရ၍ ခန္ဓကဝိနည်းကို သိနားလည်ခြင်း၊ နာမ်ရုပ် အပိုင်း အခြားတို့ကို များစွာဆိုသော သင်္ဂြိုဟ်ကျမ်းများကို ရမိနားလည်၍ သမထ ဝိပဿနာနည်း နှစ်ပါးပြွမ်းသော ကမ္မဋ္ဌာန်း တရားကို တပည့်သားတို့အား ဟောကြားဆုံးမနိုင်ခြင်း၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှ "ပတိဗလော ဟောတိ အန္တေဝါသိကံ အတိဓမ္မေ အတိ ဝိနယေ ဝိနေတုံ"အစရှိသော ပါဠိ အဋ္ဌကထာ တို့နှင့် ညီညွတ်၍ ပရိသတ်မွေးကောင်း ကျောင်းထိုင် ကောင်းသည်" ဟု ဆိုတော် မူ၏။

အယုတ္တအင်္ဂါ-၂၀....

အပ္ပဿုတ၊ ဒုပ္ပည၊ ကုက္ကုစ္စ မဖျောင်နိုင် (၃)။
အာပတ်မသိ၊ ထ-မသိ၊ ညံ့တိ ဘုန်းကျောင်းထိုင် (၂)။
အာဘိ,အာဒိ၊ ဓမ္မ,ဝိ၊ ဒိဋ္ဌိ မဖျောက်နိုင် (၅)။
အာပတ်,နာပတ်၊ ကြီး,ငယ်ပတ်၊ နှစ်ရပ် ဝိဘင်းမှိုင် (၅)။
အာပတ်,နာပတ်၊ ကြီး,ငယ်ပတ်၊ ဆယ်ရပ်ဝါမပိုင်(၅)။

## မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီး၏ အာသီသပတ္ထနာ မိန့်ခွန်းလွှာ

ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် သာသနာနောက်တခေတ် ဝယ်၊ တပည့်အဆက်ဆက် အလဇ္ဇီဖြစ်ပြီး ကျန်ရစ်မည့် အရေးကို ပူဆွေးစိုးရိမ်တော်မူဟန်တူပေသည်။ ထိုကြောင့် ဝိနယကောသလ္လ၌ ဤသို မိန့်၏။ ပါဠိ အဋ္ဌကထာလာတိုင်း ရုံးစုံ၍ပြအပ်သော ဤ (ကျောင်းထိုင်)အင်္ဂါမျှ မစုံလင်၊ စိတ်ကောင်းလည်း မဝင်၊ နေ့စဉ် အာပတ် အထပ်ထပ်နှင့် ကိုယ်ကျိုးကိုလည်း ဖြောင့်ဖြောင့် မကျင့်

တတ်၊ မကျင့်လို၊ တပည့်သံဃာ ဒါယကာ တို့ကိုလည်း လမ်းမှန်အောင် မပြတတ်၊ မပြလိုသော စာမတတ်အလဇ္ဇီ၊ စာတတ်မိစ္ဆာဝါဒီ၊အလဇ္ဇီသဒ္ဒါမဲ့ကျောင်းထိုင် ပုဂ္ဂိုလ်တို့ကိုမှီ၍ သာသနာတော်၌ များစွာ အညစ်အကြေး ဘေးရန် ဥပဒ်ကြီး ဖြစ်တတ်သည်။ ထိုတွင် စာပေကျမ်းဂန် တတ်သိခြင်း၊ ဘုန်းတန်း လာဘ်သပ်ပကာ ပူဇာသက္ကာရ ပရိဝါရများခြင်း၊ သဒ္ဒါမဖြူ၊ အယူပေါက်ပြဲ၊ ချွတ်လွဲတိမ်းပါး၊ မှောက်မှားချွတ်ချော်ခြင်း၊ ယင်းအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ဂိုဏ်းဆရာဦးကိုင်၊ အလဇ္ဇီဗိုလ်ချုပ် ပုဂ္ဂိုလ်သည် လွန်စွာ သာသနာတော်ကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သည်ဟု ကျမ်းဂန်တို့၌ လာသည်။ ။ကျေးတော ကျေးရွာ၌ ရဟန်းသံဃာတို့ လှည်းစီးနွားမွေး၊ ဆေးသောက်ကွမ်းစား၊ အဂ္ဂိယထိုးစသည်ဖြင့် သာသနာတော်၌ နေရာမကျ ပျက်ပြားရခြင်း လူ့ဒါနိုး၍ အကျိုးရှိ–မရှိ၊ လဇ္ဇီ အလဇ္ဇီပုဂ္ဂိုလ် အကောင်းအဆိုးကိုမျှ လူတို့ မသိရှာကြရခြင်းများသည် မြို့ကြီးပြကြီး စာသင်တိုက်ကြီး၊ ထိုကဲ့သို့သော ဂိုဏ်းဆရာကြီးများထံက နည်းမရ၍ ထိုကဲ့သို့သော ကျောင်းထိုင်ဘုန်းကြီးများကို အမှီပြု၍ ဖြစ်ကြရရှာသည်။ ထို့ကြောင့် ဂိုဏ်းဆရာကျောင်းထိုင်၊ လူပိုင်၊ ရွာပိုင်၊ သာသနာပိုင် ပုဂ္ဂိုလ်တို့သည် ကျောင်းထိုင် အင်္ဂါ ဂုံလင် စိတ်ကောင်း ဝင်စေလျက် ကိုယ်ရှင်ကိုယ်ကို ဆင်ခြင်ဆုံးမ၍ အတ္တ,ပရ,သာသနဟိတသုံးပါး စည်ပင်ပြန့်ပွါးအောင် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**၈၆–နိဿယမုတ္တက အင်္ဂါ ၇-ပါး လိုရင်း ၃-ပါး**

**၁၉၂။ ဒွေမာတိကာ၊ ကမ္မာကမ္မ်ငါး၀ါရဟု[၁]၊ လိုရင်းစုနှင့်၊ ဝတ္တုတပါး၊ တရားသုံးပုဒ်၊ သုတ်–နှစ်အင်္ဂါ၊ ဘာဝနာလည်း[၂]၊ မှီရာလွတ်ကြောင်း ခုနစ်တည်း။**

ဆိုခဲ့ပြီး ကျောင်းထိုင် အင်္ဂါ၌ ဗဟုဿုတ သုံးမျိုး တို့တွင် နိဿယမုတ္တကဗဟုဿုတကို နိဿယမုစ္စနကေန ဥပသမ္ပဒါယ ပဉ္စဝဿေနစသည်ဖြင့် အဋ္ဌကထာ၌ ခုနစ်မျိုး ခွဲပြ၏။ ထိုခုနစ်မျိုးကို ဤလင်္ကာဖြင့် ပြတော်မူ၏။

**နိဿယမုစ္စကအင်္ဂါ ၇-ပါး။** ။(၁) **ဒွေမာတိကာ**-ဒွေမာတိကာကို နှုတ်ဘက်ပြန်နိုင်အောင်သင်ရခြင်း။ (၂) **ကမ္မာကမ္မ**-ဉပုသ်ပဝါရဏာ စသည်တို့ကိုသိခြင်း၄ာ ကံကြီး,ကံငယ်အဆုံးအဖြတ်ကို သင်ရခြင်း။ (၃) **ငါးဝါရ**-ရဟန်းသိက္ခာ ငါးဝါရသူ ဖြစ်ရခြင်း။ (ဤကား လိုရင်းစု သုံးခုတည်း)။ (၄) **ဝတ္ထုတပါး**-မိမိထံ ရောက်လာသော ပရိသတ်တို့အား ပြောဟောခြင်း၄ာ အန္ဓကဝိန္ဒသုတ်၊ ရာဟုလော ဝါဒသုတ်၊ အမ္ဗဋ္ဌသုတ်နှင့် အလားတူသောတခုသော စကားအစဉ် (ဝတ္ထုတပုဒ်)ကို သင်ထားရခြင်း။ (၅) **တရားသုံးပုဒ်**-သံဃာဘတ်, သုမင်္ဂလ,ဒုမင်္ဂလတို့၌ အနုမောဒနာပြုဘို့ရန် အနုမောဒနာတရား သုံးပုဒ်သင်ထားရခြင်း။ (၆) **သုတ် နှစ်အင်္ဂါ**-သီတင်းနေ့တို့၌ တရား နာခြင်း, နာစေခြင်းအကျိုး၄ာ သုတ္တန်မှ လေးဘာဏဝါရ( နှစ် အင်္ဂါ)ကို သင်ထားရခြင်း။ (၇) **ဘာဝနာလည်း**-ရဟန်းတရား အားထုတ်ရန်အတွက် သမာဓိဖြစ်စေ, ဝိပဿနာဖြစ်စေ အရဟတ္တ ဖိုလ်ရောက် ကမ္မဋ္ဌာန်းတခုကို သင်ထားရခြင်း။ ဤခုနစ်ပါးမျှဖြင့် ဤရဟန်းသည် နိဿယမုစ္စက ဗဟုဿုတ ပုဂ္ဂိုလ်ဖြစ်၏။ အရပ် လေးမျက်နှာ နေလိုရာအရပ်၌ အစိုးတရ နေနိုင်၏ဟု ဩဝါဒ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ ဆိုသည်။

**မုစ္စနင်္ကြေးမုံကောက်နုတ်ချက်။** ။(၁) ရဟန်းသိက္ခာ ငါးဝါ ရသူဖြစ်ရမည်။ (၂) ဒွေမာတိကာ၌ ဤသို့ပြုလျှင် ဤအာပယ်သင့် သည်ဟု ပါဠိလျောက် အဓိပ္ပါယ် သိအောင် လေ့လာ ရမည်။ အဓိပ္ပါယ်သိရှိက ပေစာပါလျှင် အပ်တော့သည်။ (၃) အက္ခရာ ရှစ်သုံးဘပါဒ၊ လေးပါဒ တဂါထာ၊ ဂါထာ ၂၅၀-တဘာဏဝါရ၊ ဂါထာတထောင် လေးဘာဏဝါရ၊ ဝါ၊ နှစ်အင်္ဂါ-ဤမျှသုတ္တန် နှုတ်တက်မရသော်လည်း ပေစာပါလျှင်အပ်တော့သည်။ (၄) တစုံ တခု ဇာတ်နိပါတ် ဝတ္ထုသက်သေ မှတ်မိစေရမည်၊ ရှေးစကား ပြောတတ်စေရမည်။ (၅) ရေစက်ချနှင့်တကွ တရားသုံးပုဒ် ရစေ ရမည်။ (၆) ကောစာရီပုဂ္ဂိုလ်နှင့် ဆက်ဆံသော ဉပုသ်, ပဝါရဏာ, ပရိဝတ်, မာနတ်, အဗ္ဘာနကံ စသည်တို့ကို သိစေရမည်။ (၇) ဤ ဘဝတွင် မင်္ဂဖိုလ် ရစေမည့်, ဟူသော လုံ့လဖြင့် အားထုတ်ရန်

ကမ္မဋ္ဌာန်း စီးဖြန်းနည်း နားလည် ရမည်။ ဤခုနစ်ပါး တို့တွင် ငါးဝါရ၊ ဒွေမာတိကာ၊ ကမ္မာကမ္မ ဤအင်္ဂါ သုံးပါးသာလိုရင်း ဖြစ်သည်၊ ကြွင်းလေးပါးကား ဒါယကာတို့နှင့် တွေ့ကြုံသောအခါ "ဝက်အိုကြီးပမာ, ဘာမျှမပြော မဟောတတ်ဘဲ မရှိပါစေလင့်၊ ရာဂစသည် နှိပ်နင်းလွှယ်စေ၊ သဒ္ဓါတရား တိုးတက်စေ၊ ရဟန်း အဖြစ်အချီးနှီး မဖြစ်ပါစေလင့်"ဟု အဋ္ဌကထာ မိန့်ဆိုသော အင်္ဂါ ဖြစ်သည်၊ အာပတ်အင်္ဂါမဟုတ်။

**ဗျတ္တမဟုတ်လျှင်တသက်လုံး နိဿယည်းယူ။** ။မဟာဝါပါဠိတော်၌ နိဿယမုစ္စကအင်္ဂါ ၂၅-ပါး၊ ၂၄-ပါးဟောတော်မူသည်၊ လက်ာလာ အင်္ဂါ ၇-ပါးပြည့်စုံလျှင် ပါဠိတော်လာ အင်္ဂါများလည်း ပြည့်စုံတော့သည်။ အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဉ္စ ဗလေန ပဉ္စဝဿာနိ နိဿာယ ဝတ္ထုံ၊ အဗျတ္တေန ယာဝဇီဝံ ဟု ဟောရာ၌လည်း ဗျတ္တအရ ယင်းအင်္ဂါ ၇-ပါးကိုပင် ယူရသော ကြောင့် ယင်း အင်္ဂါ ၇-ပါးပြည့်စုံလျှင် နိဿယည်းဆရာနှင့်ကင်း၍ နေကောင်း၏။ အဋ္ဌကထာ၌ (အင်္ဂါ ၇-ပါး မပြည့်စုံသော) အဗျတ္တရဟန်း တသက်လုံး နိဿယည်းယူ-ဆိုရာ၌ သတင်းကြီး သော ဆရာကို မရလျှင် ၀၁-၆၀-၇၀-ရှိစေကာမူ ဗျတ္တဖြစ်သော ရဟန်းငယ်ထံ၌ ဆောင့်ကြောင့်ထိုင်, လက်အုပ်ချီ၍ "အာစရိယော မေ အာဝုသော ဟောဟိ၊ အာယသ္မတော နိဿာယဝစ္ဆာမိ" ဟု သုံးကြိမ်ဆို၍ နိဿယည်းယူအပ်၏။ ရှာဝင်ပန်ကြားလျှင်လည်း ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ "ဂါမပဝေသနံ အာပုစ္ဆာမိ အာစရိယ"ဟု ဆိုအပ်၏ ဟု မိန့်သည်။ (ငယ်သောဆရာကို ရှိမခိုးရ ဟု ပရိဝါဋ္ဌကာ၌ဆိုသည်၊ လက်အုပ်ချီခြင်းကား ရှိခိုးခြင်းမဟုတ်)။

**နိဿယည်းကင်း၍ နေနိုင်သူများ။** ။အလဇ္ဇီတို့အား နိဿယည်း မပေးအပ်၊ ပေးလျှင်ဒုက္ကဋ်။ အလဇ္ဇီတို့ကိုမှီ၍ (နိဿယည်း ဆရာ လုပ်၍) မနေအပ်၊ ဒုက္ကဋ် ဟု ဟောသည်။ အဋ္ဌကထာ၌ ပကတိ နေမြဲကျောင်းသို့ ရောက်လျှင် တနေ့မျှ အစောင့် အရှောက်မရ၊ ညဥ့်ဦး ယူခွင့်မရလျှင် နံနက်စောစော အရုဏ်မတက်မီ ယူရသည်၊

နံနက် စောစော ယူမည်ဟု နှလုံးသွင်း၍ အိပ်သူအား အရုဏ်တက်သော်လည်း အနာပတ္တိ၊ နှလုံးမသွင်းဘဲအိပ်လျှင် အရုဏ်တက်သောအခါ ဒုက္ကဋ် ဟု ဆို၏။ သို့ရာတွင် အခိုက်အတန့် နိဿယည်းကင်း၍ နေနိုင်သူများလည်း ရှိသေးသည်၊ ၎င်းတို့ကား ခရီးသွားသော ရဟန်း၊ နာသောရဟန်း၊ သူနာရဟန်းကို လုပ်ကျွေးသော ရဟန်း၊ တောကျောင်း၌ သမထ ဝိပဿနာရ၍ ချမ်းသာသော ရဟန်း၊ ဤသူတို့အား နိဿယည်း ကင်းသော်လည်း အာပတ်မသင့်ဟု ဟောသည်။

## ၈၇-နိဿယည်းငြိမ်းကြောင်း ၆-ပါး ဥပဇ္ဈာယ်ငြိမ်းကြောင်း ၅-ပါး

၁၈၃။ ဖဲ, ထွက်, သေ, ပြောင်း[၁]၊ နှင်, ဆုံပေါင်း[၂]၊ ငြိမ်းကြောင်း ခြောက်ပါးတည်း။

၁၈၄။ ဆုံပေါင်းမပါ[၃]၊ ဥပဇ္ဈာ၊ ငါးဖြာငြိမ်းကြောင်းတည်း။

ဤလင်္ကာ နှစ်ပုဒ်ဖြင့် မဟာဝါ, မဟာခန္ဓက, နိဿယပဿဒ္ဓိကထာ၌ ဟောသော နိဿယည်း ငြိမ်းကြောင်း ၆-ပါး၊ ဥပဇ္ဈာယ် ငြိမ်းကြောင်း ၅-ပါးကို ပြတော်မူသည်။

နိဿယည်းငြိမ်းကြောင်း၆-ပါး။ ။(၁) ဖဲ-ဆရာတပည့် တပါးပါး အရပ်တပါးသို့ ဖဲသွားခြင်း။ (၂) ထွက်-ဆရာတပည့် တပါးပါး လူထွက်ခြင်း။ (၃) သေ-ဆရာတပည့် တပါးပါး, သေခြင်း။ (၄) ပြောင်း-တိတ္ထိ အသင်းအပင်းသို့ ပြောင်းခြင်း။ (၅) နှင်-နိဿယည်းဆရာ, ဥပဇ္ဈာယ်ဆရာတို့က နှင်ထုတ်ခြင်း။ (၆) ပေါင်း-ဥပဇ္ဈာယ်ဆရာနှင့်ပေါင်းဆုံမိခြင်း။ ဤခြောက်ပါးတို့တွင် တပါးပါး ကြောင့် နိဿယည်းငြိမ်း၏။

အဋ္ဌကထာ ကောက်နုတ်ချက်အဝိပ္ပါယ်။ ။(၁) နိဿယည်းဆရာ ဖဲသွားရာ၌ အချို့ဆရာပန်ကြား၍,အချို့ဆရာ မပန်ကြားဘဲ ဖဲသွား၏။ တပည့်လည်းထို့အတူဖဲသွားတတ်၏။ ထိုဆရာ တပည့်တို့တွင် တပည့်သည် ဆရာကို "ဤမည်သောအရပ်သို့ ဤမည်သောကိစ္စဖြင့်

သွားလိုပါသည်” ဟု ပန်ကြားအံ့၊ ဘယ်အခါ သွားမည်နည်းဟု ဆရာကမေးသော် ညနေအချိန်, ညည့်အချိန်ဟုဆိုအံ့၊ ကောင်းပြီ ဟု ဆရာက ဝန်ခံအံ့-ထိုဝန်ခံရာ ခဏ၌ပင် နိဿယည်း ငြိမ်း၏။ သွားလို၍တပည့်က ပန်ကြားသော အခါ, ဆရာက ဤမည်သော ရွာ၌ ဆွမ်းခံပြီးမှ သင်သိရလတ္တံ့ဆိုသော် ကောင်းပါပြီဟုတပည့်က ဝန်ခံအံ့၊ ဝန်ခံပြီးနောက် သွားလျှင် ကောင်းသော သွားခြင်း ဖြစ်၏။ မသွားလျှင် နိဿယည်းမငြိမ်း။ မသွားနှင့်ဦး၊ ညည့်အခါ ငါတို့တိုင်ပင်ပြီးမှ ငါတို့သိနိုင်လတ္တံ့ဟု ဆရာဆိုသော် တိုင်ပင်ပြီးမှ သွားလျှင် ကောင်းသောသွားခြင်းတည်း၊ မသွားလျှင် နိဿယည်း မငြိမ်း။ ဆရာကို မပန်ကြားဘဲ ဖဲသွားအံ့ ဥပစာရသိမ်ကို လွန်လျှင် ငြိမ်း၏။ ဥပစာရသိမ်တွင်းမှပြန်လာအံ့ မငြိမ်း။

ဆရာသည် တပည့်ကို ဤမည်သော အရပ်သို့ ငါသွားဦးမည်ဟု ပန်ကြားအံ့- တပည့်က အဘယ်အခါပါနည်းဟု လျှောက်သော် ညနေအခါ, ညည့်အခါဟု ဆရာဆိုလျှင် ကောင်းပါပြီဟု တပည့် ဝန်ခံအံ့-ထိုဝန်ခံရာခဏ၌ပင် နိဿယည်းငြိမ်း၏။ နက်ဖြန် ဆွမ်းခံ ပြီးမှ ငါသွားမည် ဟု ဆရာဆိုသော် ကောင်းပါပြီဟု တပည့်ဝန်ခံ အံ့-ရှေးဦးစွာတရက်၌ မငြိမ်း၊ နောက်နေ့၌ ငြိမ်း၏။ ရွာ၌ ဆွမ်းခံ ပြီးမှ ငါသွား, မသွား သိနိုင်မည်ဟု ဆိုအံ့ မသွားလျှင် မငြိမ်း။ တပည့်သည် မကြွပါနှင့်ဦး၊ တိုင်ပင်ပြီးမှ သိတော်မူကြပါဟု လျှောက်အံ့-တိုင်ပင်ပြီး၍ မသွားလျှင် မငြိမ်း။ ဆရာ တပည့်နှစ်ပါး လုံး ကိစ္စတခုကြောင့် ဥပစာရသိမ်ပသို့သွားစဉ်ဆရာသည် ခရီးသွား လို၍ တပည့်ကို မပန်ကြားဘဲ ထွက်သွားပြီးနောက် ခဲနှစ်ကျအတွင်း မှ ပြန်လာအံ့-မငြိမ်း၊ ခဲနှစ်ကျလွန်မှ ပြန်လာအံ့-ငြိမ်း၏။ (တပည့် အာလယ မပြတ်သော်လည်း ငြိမ်း၏)။ ဆရာ ဥပဇ္ဈာယ် တို့သည် ခဲနှစ်ကျလွန်၍ တပါးသော ကျောင်း၌ နေကုန်အံ့-ငြိမ်း၏။

(၂) ဆရာ ဥပဇ္ဈာယ်တို့ လူထွက်လျှင် (၃) သေလျှင်, (၄) ပြောင်းလျှင် ထိုခဏ၌ပင် နိဿယည်း ငြိမ်း၏။ (၅) နှင်ရာ၌ နိဿယပဏာပနာ (နိဿယည်းဆရာ၏ နှင်ထုတ်ခြင်း) ဖြင့်

အာလယပြုတ်နှင့်အံ့၊ တပည့်သည် အနှင်ခံရသော်လည်း ငါ့ဆရာ၏ စိတ်နူးညံ့ပါပေသည်ဟု အာလယမပြုတ်အံ့၊ နိဿယည်း မငြိမ်း။ ဆရာကား မပြုတ်၊ တပည့်ကား ဤဆရာကိုမှီ၍ မနေတော့အံ့ဟု ဝန်ချအံ့၊ မငြိမ်း။ နှစ်ဦးလုံး မပြုတ်အံ့-မငြိမ်း။ နှစ်ဦးလုံးဝန်ချမှ ငြိမ်းသည်၊ အနှင်ခံရသော တပည့်သည် ဒဏ်ယမ်း၍ သုံးကြိမ်ကန်တော့အပ်၏၊ သည်းမခံလျှင် ဥပဇ္ဈာယ်၌ ဆိုခဲ့ပြီးသော နည်းအတိုင်းကျင့်အပ်၏။ ဤကျင့်အပ်သော နည်းကို အဋ္ဌကထာ မှာယူ။ ကျယ်မည့်ဘေးကြောင့် မရေးတော့ပြီ။ (၆) ဥပဇ္ဈာယ်နှင့်ပေါင်းဆုံခြင်းကို ဥပဇ္ဈာယ်ကို မြင်ခြင်း, ဥပဇ္ဈာယ်၏ အသံကို ကြားခြင်းဖြင့် သိပါ။ နိဿယည်းဆရာထံ၌ မှီနေသော တပည့်သည် တခုသော ကျောင်း၌ ဥပဇ္ဈာယ် ဘုရားရှိခိုးနေသည်ကိုဖြစ်စေ, တခုသောရွာ၌ ဆွမ်းခံကြွနေသည်ကိုဖြစ်စေမြင်အံ့၊ နိဿယည်း ငြိမ်း၏။ ဥပဇ္ဈာယ်ကသာ မြင်၍ တပည့်က မမြင်အံ့၊ မငြိမ်း။ ဝေးသောခရီး၌ ဖြစ်စေ၊ ကောင်းကင်၌ဖြစ်စေ မြင်၍ ရဟန်းဟုသာသိ၍ ဥပဇ္ဈာယ်ဟု မသိအံ့, မငြိမ်း၊ ဥပဇ္ဈာယ်ဟုသိမှ ငြိမ်းသည်၊ ပြာသာဒ်, ဆွမ်းစားကျောင်း၊ တရားနာရာ အရပ် စသည်တို့၌ တခြားစီနေ၍ မမြင်ဘဲ ဖဲသွားအံ့, မငြိမ်း၊ ဤသို့ မြင်ခြင်းဖြင့် ပေါင်းဆုံပုံကို သိလေ။ ကြားခြင်းဖြင့် ပေါင်းဆုံပုံကား ကျောင်းတွင်း၌ ဖြစ်စေ, အိမ်တွင်း၌ ဖြစ်စေ စကားပြော, တရားဟောနေသော ဥပဇ္ဈာယ်၏ အသံကို ကြား၍ ငါ၏ ဥပဇ္ဈာယ်အသံဟုမှတ်မိအံ့ ငြိမ်း၏။မမှတ်မိအံ့၊မငြိမ်း။ ဤကား ပေါင်းဆုံခြင်း၌ အဋ္ဌကထာ အဆုံး အဖြတ်တည်း။ ဥပဇ္ဈာယ် ငြိမ်းကြောင်း ၅-ပါးကား သိလောက်ပြီ၊ ဆုံပေါင်းနှုတ်ရုံသာ။

## ၈၈-ဥပသမ္ပဒကံ ပဏ္ဍကလ္လအင်္ဂါ ၅-ပါး

၁၉၅။ ဝတ္ထုပြည့်ခြင်း၊ စင်ကင်းအန္တရာယ်၊ သိမ်ဝယ်ပရိသတ်၊ ရှစ်ရပ်ပြုလုပ်၊ ပုဗ္ဗကိစ္စ၊ ဤငါးတန်၊ ရဟန်းခံ ပဏ္ဍကလ္လတည်း။

ဤလင်္ကာဖြင့် ဝိမတိဋီကာ၌ လာသော ဥပသမ္ပဒကံဒေါ်ပတ် ပဏ္ဍကလ္လအင်္ဂါငါးပါးကို ပြတော်မူသည်။

**ပတ္တကလ္လအင်္ဂါ ၅-ပါ**။ ။(၁) **ဝတ္ထုပြည့်ခြင်း**-ဝတ္ထုပြည့်စုံခြင်း။ (၂) **စင်ကင်းအန္တရာယ်**-အန္တရာယိကဓမ္မစင်ကြယ်ခြင်း။ (၃) **သိမ်ဝယ်**-သိမ်ပြည့်စုံခြင်း။ (၄) **ပရိသတ်**-ပရိတ်သတ်ပြည့်စုံခြင်း။ (၅) **ပုဗ္ဗကိစ္စ**-ပုဗ္ဗကိစ္စရှစ်ပါးပြုလုပ်ပြီးခြင်း၊ ဤငါးပါးဖြင့် ဥပသမ္ပဒ ပတ္တကလ္လအင်္ဂါကို ရေတွက်အပ်၏။

အဓိပ္ပါယ်။ ။ထိုငါးပါးတို့တွင် အဘဗ္ဗပုဂ္ဂိုလ်တကျိပ်တယောက်၊ အန္တိမဝတ္ထုရောက်သူ၊ အသက်နှစ်ဆယ် မပြည့်သူ ဤ ၁၃-ယောက်မှ တပါး အနုပသမ္ပန္နလူယောက်ျားဖြစ်လျှင် ဝတ္ထုပြည့်စုံ၍-ပတ္တကလ္လ ဖြစ်၏။ ၁၃-ယောက်ကား ဝတ္ထုမပြည့်စုံ၍ ရဟန်းမဖြစ်။

အနာငါးမျိုးရှိသူ၊ မိဘခွင့်မပြုသူ၊ လက်ပြတ်သူစသည့် သံဃာအား အာပတ်အန္တရာယ်ကို ဖြစ်စေ၏။ ထိုအပြစ်မှ ကင်းလွတ်လျှင် အန္တရာယိက ဓမ္မစင်ကြယ်၍ ပတ္တကလ္လဖြစ်၏၊ ထိုအပြစ်မကင်းလွတ်လျှင် ပတ္တကလ္လ မဖြစ်သော်လည်း ကံမပျက်။ အသက်မပြည့်သူကား ရဟန်းမဖြစ်။

ဝိပတ္တိသိမ် ၁၁-လုံးမှလွတ်သော ဗဒ္ဓသိမ်, အဗဒ္ဓသိမ် ဖြစ်လျှင် သိမ်ပြည့်စုံ၍ ပတ္တကလ္လဖြစ်၏၊ သိမ်မပြည့်စုံလျှင် ကံပျက်၏။

သမာနသံဝါသက ရဟန်း အနည်းဆုံး ဆယ်ပါး, ငါးပါး တသိမ်တည်း ဟတ္ထပါသ် မစွန့်ခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်ခြင်း၊ မျက်မှောက်ရဟန်းတို့ မတားမြစ်ခြင်း၊ ရဟန်း လောင်းမှ တပါးသော ဝဇ္ဇနီယ ၂၁-ယောက်တို့ သံဃာဟတ္ထပါသ်၌ မရှိခြင်း ဤအင်္ဂါလေးပါးရှိလျှင် ပတ္တကလ္လဖြစ်၏။ အင်္ဂါလေးပါး တို့တွင် ရှေ့သုံးပါး မပြည့်စုံလျှင် ကံပျက်၏။ ဝဇ္ဇနီယ မကြဉ်လျှင် ကံမပျက်။

ဥပဇ္ဈာယ်ယူစေခြင်း စသော ရှစ်ပါးကို ရှေးဦးစွာပြုပြီး ဖြစ်လျှင် ပုဗ္ဗကိစ္စပြီး၍ ပတ္တကလ္လဖြစ်၏။ ဤရှစ်ပါး မပြည့်စုံလျှင် ကံကား မပျက်၊ ယခင်လေးပါး ပြည့်စုံခြင်းဖြင့် ကံမြောက် အောင်မြင်၏။ တပါးသော ကံတို့၌လည်း ပတ္တကလ္လဖြစ်ကြောင်း အင်္ဂါကို ထိုက်သည် အားလျော်စွာ သိအပ်၏။

## ၈၉-ရဟန်းခံပုဗ္ဗကိစ္စ ၈-ပါး

**၁၉၆။ ဥပဇ္ဈာယ်အား၊ ယူပြီးပြေး[၁]၊ ပြောကြားသပိတ်သင်္ကန်း[၁]။**
**၁၉၇။ ပြင်ထုတ်အနု၊ သာကံပြု[၁]၊ ပြစ်မှုဆိုးမခန်း[၁]။**
**၁၉၈။ ခေါ်သွင်း, တောင်းပန်[၂]၊ မေးစစ်ရန်၊ တဖန် သမုတ်မန်း[၁]။**
**၁၉၉။ မေးစစ် တဝ[၁]၊ ရှစ်ခုမျှ၊ ပုဗ္ဗကိစ္စမှန်း။**

ဤလင်္ကာတို့ဖြင့် ဝိမတိဋ္ဌိကာလာ ရဟန်းခံ ပုဗ္ဗကိစ္စ ၈-ပါးကို ပြတော်မူ၏။

ရဟန်းခံပုဗ္ဗကိစ္စ ၈-ပါး။ ။(၁) ဥပဇ္ဈာယ်အား၊ယူပြီးပြေး– ရှေးဦးစွာ ဥပဇ္ဈာယ်ယူစေရခြင်း။ (၂) ပြောကြား သပိတ်သင်္ကန်း– သပိတ်သင်္ကန်း ပြောကြားရခြင်း။ (၃) ပြင်ထုတ်အနု၊ သာကံပြု– ရဟန်းလောင်းကို ဟတ္ထပါသ်မှ ပြင်ပသို့ထုတ်၍ အနုသာသက သမ္မုတိကံပြုရခြင်း။ (၄) ပြစ်မှုဆိုးမခန်း–သမ္မုတိရသူက ဆိုးမခြင်း။ (၅) ခေါ်သွင်း– အနုသာသက ရဟန်းသည် ရှေးဦးစွာ လာ၍ သံဃာကို ဉတ်ဖြင့်သိစေ၍ ရဟန်းလောင်းကို အာဂစ္ဆာဟိဟု ဟတ္ထပါသ်တွင်းသို့ခေါ်သွင်းရခြင်း။ (၆) တောင်းပန်–အနုသာသက ရဟန်းသည်ပင် ရဟန်းတို့၏ခြေကို ရှိခိုးစေ၍ ရဟန်းအဖြစ်ကို တောင်းပန်စေရခြင်း။ (၇) မေးစစ်ရန်၊ တဖန်သမုတ်မန်း–အန္တရာယိက ဓမ္မတို့ကိုမေးစစ်ရန် သမ္မုတိကံပြုရခြင်း။ (၈) မေးစစ်တဝ–သမ္မုတိ ရသော ရဟန်းက မေးစစ်ရခြင်း။ ဤသို့ပုဗ္ဗကိစ္စ ၈-ပါး ရှိ၏-ဟု ဝိမတိဋ္ဌိကာ၌ ဆို၏။

## ၉၀-ဝါပန်ခွင့်ရကြောင်းကံ ၃-ချက်

**၂၀၀။ ဒါတုံ,သောတုံ၊ ပဿိတုံ[၃]၊ ပင့်တုံဝါပန်ကောင်း။**

ဤလင်္ကာဖြင့် မဟာဝါ၊ ဝဿူပနာယိကက္ခန္ဓက၌ ဘိက္ခု, ဘိက္ခုနီ,သိက္ခမာန်,သာမဏေယောကျ်ား,သာမဏေမ, ဥပါသကာ, ဥပါသိကာ၊ ဤခုနစ်ယောက်တို့က ပင့်သော် သတ္တာဟကရဏီယ (သတ္တာဟကိစ္စ) ဖြင့် သွားခြင်းငှာ ခွင့်ပြုသော ကံ ၃-ချက်ကို ပြတော်မူသည်။

တုံ ၃-ချက်။ ။(၁) ဒါတုံ-အလှူပေးခြင်း၄ာ။ (၂) သောတုံ-တရားနာခြင်း၄ာ။ (၃) ပဿိတုံ-ဖူးမြော်ခြင်း၄ာ။ ဤတုံ ၃-ချက်ဖြင့် ခုနစ်ယောက်သောသူတို့က ပင့်ခဲ့သော် သတ္တာဟ ကိစ္စဖြင့်သွားခြင်း၄ာ ငါဘုရားခွင့်ပြုသည်၊ မပင့်ခဲ့သော် ခွင့်မပြု၊ ပင့်၍သွားသော သူသည် ခုနစ်ရက်အတွင်းပြန်လာအပ်၏-ဟု ဟောတော်မူ၏။

ရှင်းလင်းချက်။ ။ဝါဆိုသောနေ့၌ ဝါကပ်ပြီးလျှင် အကြောင်းရှိသော် သတ္တာဟကိစ္စဖြင့် သွားကောင်းသည်။ (အဋ္ဌကထာ)။ ။ ခုနစ်ရက်တကြိမ် ခုနစ်ရက်တကြိမ် သတ္တာဟကိစ္စဖြင့် သွားသောရဟန်းဖြစ်အံ့၊ ဥပစာရသိမ်ပ၌ ခြောက်ရက်ကိုလွန်စေ၍ ခုနစ်ရက်မြောက်၌ ပြန်လာ၍ အရုဏ်မတက်မီ ဥပစာရသိမ်တွင်းသို့ငင်၍ အရုဏ်ကိုတက်စေရမည်၊တဖန်သတ္တာဟကိစ္စဖြင့် သွားလိုပြန်သော် ဥပစာရသိမ်တွင်း၌ အရုဏ်ခံပြီးမှ သွားအပ်သည်။ (ဝိမတိ)။

သတ္တာဟကိစ္စဖြင့်သွား၍ ဥပစာရသိမ်ပ၌ အရုဏ်တက်စေရာတွင် အဋ္ဌမေ အရုဏော တတ္ထေဝ နုဋ္ဌာပေတဗ္ဗောတိ အတ္ထော-ဟု မဟာဝါ အဋ္ဌကထာ၌ဆိုသည်၊ ဤဝါကျမှာ ရှစ်ခုမြောက် အရုဏ်ကို ထိုဥပစာရသိမ်ပ၌ပင်လျှင် မတက်အပ်ဟု ဆိုသဖြင့် ခုနစ်ခုမြောက် အရုဏ်ကို တက်စေအပ်၏ ဟူသော အဓိပ္ပါယ်ကို ယူတော်မူကြ၏။ ခုနစ်ရက်မြောက် ဟူသည်ကိုလည်း ဝါပန်သောနေ့ အရုဏ်နှင့် ဥပစာရသိမ်ပ ခြောက်အရုဏ်ကိုရော၍ ရေတွက်ရသည်၊ ဥပစာရသိမ်၌မှာချည်း ခုနစ်ခုမြောက်မယူရ။

သတ္တာဟဝါရေန အရုဏော ဥဋ္ဌပေတဗ္ဗောတိ ဧတ္ထ သဒိဝသာနိ မဟိဋ္ဌါ ဝိတိနာမေတ္ဝာ သတ္တမေ ဒိဝသေ ပုရာရုဏာဝေ အန္တော ဥပစာရသီမာယ ပဝိသိတ္ဝာ အရုဏံ ဥဋ္ဌာပေတ္ဝာ ပုနဒိဝသေ သတ္တာဟံ အဓိဋ္ဌာယ ဂန္တဗ္ဗန္တိ အဓိပ္ပါယော။ (ဝိမတိ-၁၇၆-ဒုအုပ်-ဆဋ္ဌ)။

## ၉၁-မပင့်ဘဲ သွားနိုင်သူ ၇-ယောက်

၂၀၁။ သုံးဘော်[၅]မိဘာ[၂]၊ မပင့်ကြ၊ သွားရအကြောင်းကြောင်း။

ဤလင်္ကာဖြင့် ဘိက္ခု,ဘိက္ခုနီ,သိက္ခမာန်,သာမဏေ,သာမဏေမ, မိခင်, ဘခင်၊ ဤခုနစ်ယောက်တို့ထံ မပင့်ဘဲ သွားနိုင်သည်ကိုရင်း၊ သွားနိုင်သည်ဆိုသော်လည်း အကြောင်းမဲ့ မသွားရ၊သွားနိုင်သော အကြောင်း အမျိုးမျိုးရှိသည်ကိုရင်း ပါဠိတော်နှင့်အညီ ပြတော်မူသည်။

## ၉၂-သွားနိုင်သော အကြောင်းများ

၂၀၂။ နာ,ပျင်း,ကုက်,ယူ[၄]၊ မာ,မူ,ဝါသ်,ဗွာန်[၄]၊ လို,ပြီးကံ[၂]၊ ဆယ်တန်ဘိက္ခုကြောင်း။

၂၀၃။ နာ,ပျင်း,ကုက်,ယူ[၄]၊ မာ,မူ,အဗွာန်[၃]၊ လို,ပြီးကံ[၂]၊ ကိုးတန် နီအကြောင်း။

၂၀၄။ နာ, ပျင်း, ကုက်, ယူ[၄]၊ ပျက်မူ သိက္ခာ[၁]၊ သမ္ဘဒါမျှ[၁]၊ ခြောက်ခုရ၊ သိက္ခမာန်အကြောင်း။

၂၀၅။ နာ, ပျင်း, ကုက်, ယူ[၄]၊ မေးမူ ဝဿာ[၁]၊ သမ္ဘဒါမျှ[၁]၊ ခြောက်ခုရ၊ သာမ-ဏေအကြောင်း။

၂၀၆။ နာ, ပျင်း, ကုက်, ယူ[၄]၊ မေးမူ ဝဿာ[၁]၊ သိက္ခာယူမျှ[၁]၊ ခြောက်ခုရ၊ သာမ-ဏေရီအကြောင်း။

၂၀၇။ မကျန်းမာကြ[၁]၊ မိနှင့်ဘ၊ သွားရတစ် အကြောင်း။

၂၀၈။ က္ခုဆယ်,နီကိုး၊ သုံးခြောက်မျိုး၊ တမျိုးမိနှင့်ဘ။

ဤနာပျင်းကုက်ယူ စသောလင်္ကာ ၆-ပုဒ်ဖြင့် သုံးဘော် မိဘာ လင်္ကာ၌ဆိုခဲ့သော "အကြောင်းကြောင်းကို" ပုဂ္ဂိုလ် ၇-ယောက်နှင့် တွဲစပ်၍ အသီးအသီး ရှင်းပြတော်မူသည်။

**ဘိက္ခုထံသွားနိုင်သောအကြောင်း ၁၀-ပါး။** ။(၁) နာ-ရဟာန်း နာသည်ဟုကြားလျှင် ပြုစုရန်မပင့်သော်လည်း သွားအပ်၏၊ ပင့်လျှင်

ဆိုဘွယ်မရှိ။ (၂) ပျင်း–ပျင်းသည်ဟု ကြားလျှင်။ **(၃) ကုက်–** ကုက္ကုစ္စ ဖြစ်သည်ဟု ကြားလျှင်။ (၄) ယူ– အယူမှားသည်ဟု ကြားလျှင် တရားဟော၍ ဖြေဖျောက်ရန် သွားအပ်၏။ (၅) **မာ–** မာနတ် ထိုက်သည်ဟု ကြားလျှင်။ (၆) မူ–မူလာယပရိကဿန ထိုက်သည်ဟု ကြားလျှင်။ (၇) ဝါသ်– ပရိဝါသ် ထိုက်သည်ဟု ကြားလျှင်။ (၈) ဗ္ဘာန်–အဗ္ဘာန်ထိုက်သည်ဟုကြားလျှင် ကံဆောင် ပေးရန်, ကူညီရန် သွားအပ်၏။ (၉) လို–ကံကြီး ပြုလိုသည်ဟု ကြားလျှင် ကံကြီးမပြုပါနှင့် ကံငယ်ပြုပါဟု သံဃာကိုတောင်းပန်ရန် သွားအပ်၏။ (၁၀) ပြီးကံ-ကံကြီးပြုပြီးပြီဟု ကြားလျှင် ကံငြိမ်း အောင် ဝတ်ကိုဖြည့်ကျင့်ပါဟု ကံပြုခံရသူကို တိုက်တွန်းရန် မပင့် သော်လည်း သတ္တာဟကိစ္စဖြင့် သွားအပ်၏၊ ပင့်လျှင်ဆိုဘွယ်မရှိ၊ ခုနစ်ရက်အတွင်း ပြန်လာအပ်၏–ဟု ဟောတော်မူ၏။

**ဘိက္ခုနီထံသွားနိုင်သောအကြောင်း ၉-ပါး။** ။ဘိက္ခုထံသွားနိုင် သော အကြောင်းနှင့်တူ၏။ ပရိဝါသ်ထိုက် မပါသည်သာ ထူး၏။

**သိက္ခမာန်ထံ သွားနိုင်သောအကြောင်း ၆-ပါး။** ။နာ,ပျင်း,ကုက်, ယူ– ဤလေးခုတူပြီ။ (၅) ပျက်မှုသိက္ခာ-သိက္ခာပျက်၍ သိက္ခာယူလို သည်ဟု ကြားလျှင်။ (၆) သမ္ပဒါမျှ-ရဟန်းပြုလိုသည်ဟုကြားလျှင် ကူညီခြင်းငှာ သွားအပ်၏။

**သာမဏေထံ သွားနိုင်သောအကြောင်း ၆–ပါး။** ။နာ,ပျင်း,ကုက်, ယူ- သမ္ပဒါ ဤငါးခု တူပြီ၊ မေးမှုဝဿာ-အသက်မေးလိုသည်ဟု ကြားလျှင် ကူညီခြင်းငှာသွားအပ်၏။

**သာမဏေရီထံ သွားနိုင်သော အကြောင်း ၆–ပါး။** ။နာ,ပျင်း, ကုတ်,ယူ, မေးမှုဝဿာ ဤငါးခုတူပြီ၊သိက္ခာယူမျှ–သိက္ခမာန်မပြုရန် သိက္ခာယူလိုသည်ဟု ကြားလျှင် ကူညီရန်သွားအပ်၏။ (သာမဏေ မိန်းမဖြစ်ပြီးမှ သိက္ခမာန်ဖြစ်သည်၊သိက္ခမာန်သည် ဝိကာလဘောဇန တိုင်ရုံ သီလခြောက်ပါးကို မကျိုးမပျက်ရအောင် နှစ်နှစ်ပတ်လုံး ကျင့်ပြီးမှ ပဉ္စင်းခံရသည်)။

**မိဘထံသွားနိုင်သော အကြောင်း တပါး။** ။ရဟန်း၏ မိခင် ဘခင် မမာဟုကြားလျှင် ဂိလာနဘတ်, ဂိလာနုပဋ္ဌာကဘတ်ရှာရန် ဆေးရှာရန်, လူမမာမေးရန်, လုပ်ကျွေးရန် မပင့်သော်လည်း သတ္တာဟကိစ္စဖြင့်သွားအပ်၏။ ပင့်လျှင်ဆိုဘွယ်မရှိ၊ ခုနစ်ရက်အတွင်း ပြန်လာအပ်၏ဟု ဟောတော်မူသည်။ ဤသို့ မပင့်ဘဲ သတ္တာဟကိစ္စဖြင့် ဘိက္ခုထံသွားနိုင်သောအကြောင်း ၁၀-ပါး။ ဘိက္ခုနီထံ ၉-ပါး သိက္ခမာန်ထံ ၆-ပါး၊ သာမဏေထံ ၆-ပါး၊ သာမဏေရီထံ ၆-ပါး၊ မိဘထံ ၁-ပါးကို ကွဲ-ဆယ်၊ နီကိုး၊ သုံးခြောက်မျိုး၊ တမျိုးမိနှင့်ဘ-လက်ာဖြင့် မှတ်ပါ။

**ပင့်မှသတ္တာဟကိစ္စဖြင့် သွားရန်ခွင့်ပြုခြင်း။** ။ရဟန်း၏ ညီ,အစ်ကို, အမ,နှမ,ဆွေမျိုးရဟန်းတို့ကိုမှီခို၍ အတူနေသူ(ဘိက္ခုဂတိက) တို့က မကျန်းမာ၍ ကြွလာပါ၊ အရှင်ဘုရားကြွလာခြင်းကို အလိုရှိပါသည် ဟုပင့်လျှင် သတ္တာဟကိစ္စဖြင့် သွားအပ်၏။ မပင့်လျှင် မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာအပ်၏ဟု ဟောသည်။

## ၉၃-တနည်းဝါပန်သွားနိုင်ကြောင်း ၄-ပါး

### ၂၀၉။ သံဃကိစ္စ၊ ကတိကပြုရာ၊ ဆရာစေအပ်၊ ဖူးလိုလတ်၊ လေးရပ် သွားထိုက်ကြောင်း။

ဤလက်ာဖြင့် အနုဇာနာမိ ဘိက္ခဝေ သံဃကရဏီယေန ဂန္တုံ ဟုခွင့်ပြုတော်မူသော **သံဃကိစ္စ**၊ ပါဠိမုတ္တကဝိနိစ္ဆယ၌ သစေ ကေသိဉ္စိ မဟာဝါသေ ပဌမံယေဝ ကတိကာ ကတာ ဟောတိ၊ အသုက ဒိဝသံနာမ သန္နိပတိတဗ္ဗန္တိ၊ နိမန္တိတောယေဝ နာမ ဟောတိ၊ ဂန္တုံ ဝဋ္ဋတိ-ဟု လာသော **ကတိကပြုရာ**၊ သစေ ပန အာစရိယုပဇ္ဈာယာ ပဟိဏန္တိ ဝဋ္ဋတိ ဟု လာသော **ဆရာစေခိုင်းခြင်း**၊ အာစရိယံ ပဿိဿာမီတိ ပန ဂန္တုံ လဘတိ-ဟုလာသော **ဆရာကိုဖူးမြင်လိုခြင်း**၊ ဤလေးရပ်သော အကြောင်းကြောင့် မပင့်သော်လည်း ဝါပန်သွားနိုင်သည်ဟု ပြတော်မူသည်။

**အစိပ္ပါယ်။** ။ (၁) **သံဃကိစ္စ**-ဟူသည် ဥပုသ်အိမ် စသော ကျောင်းတို့၌ရင်း၊ စေတီ၏ ထီး,ပွတ်တိုင် စသည်တို့၌ရင်း ပြုအပ်

သော အမှုတည်း၊အယုတ်ဆုံး ရဟန်း၏ ပုဂ္ဂလိကသေနာသနသည်လည်း သံဃာပြုအပ်သောအမှု သံဃကိစ္စပင်တည်း၊ ထို့ကြောင့် ထိုသံဃာပြုအပ်သော အမှုကိစ္စပြီးခြင်းငှာ ဒြပ်၏ အဆောက်အဦ စသည့်တို့ကို ဆောင်ယူနိုင်ခြင်းငှာ လက်သမား စသည့်တို့အား ထမင်းရိက္ခာစသည့်တို့ကိုလည်း ပေးခြင်းငှာ အပ်၏။ (၂) ကတိက ပြုရာ-ဟူသည် တခုသော ကျောင်းတိုက်ကြီး၌ ရှေးဦးကပင်လျှင် "ဤမည်သောနေ့၌ စည်းဝေးရာ၏"ဟု ကတိကပြုထားခြင်းတည်း။ ဤသို့ပြုထားသည် ဖြစ်အံ့၊ ပင့်ဘိတ်သည်သာမည်၏၊ သတ္တာဟကိစ္စဖြင့် သွားခြင်းငှာ သင့်၏။ (၃) ဆရာစေခိုင်းခြင်း-ဟူသည် ဆရာ ဥပဇ္ဈာယ်တို့က သက်န်းဖွပ်လျှော်ခြင်းစသော အမှုဖြင့် စေခိုင်းခြင်းတည်း။ ဤသို့စေခိုင်းအံ့၊ သွားခြင်းငှာသင့်၏။ မိမိသင်္ကန်းစသော ဘဏ္ဍာကိုဖွပ်အံ့ဟု မိမိအလိုလိုသာ သွားခြင်းငှာ မသင့်၊ အလွန် မဝေးသော ကျောင်းဖြစ်၍ ယနေ့ပြန်လာအံ့ဟု သွား၍ မပြန်လာနိုင်အံ့ အပ်၏။ (ဝါလည်းမပြတ် အာပတ်လည်း မသင့်ဟူလို-ဝိမတိ)။ ပါဠိအဋ္ဌကထာသင်ရန် သွားခြင်းငှာ မအပ်။ (၄) ဖူးလိုလတ်-ဟူသည် ဆရာကို ဖူးမြင်အံ့ဟု သတ္တာဟကိစ္စဖြင့် သွားခြင်းငှာ အပ်၏။ (မနာသော ဥပသမ္ပဒါစရိယ,ဥပဇ္ဈာစရိယ,နိဿယာစရိယ, ဓမ္မာစရိယကိုယူ၊ဝိမတိ)။ ထိုရဟန်းကိုဆရာသည် ယနေ့မသွားနှင့်ဦး ဟုဆိုအံ့အပ်၏။ (ခုနစ်ရက်ကိုလွန်သော် အာပတ်သာမသင့်၊ဝါကား ပြတ်သည်သာဟူလို-ဝိမတိ)။ အလုပ်အကျွေး ဒါယကာ, ဆွေမျိုး ဒါယကာတို့ကို ကြည့်ရှုရန်သွားခြင်းငှာမရ။ (မဟာဝါအဋ္ဌကထာ)။

ဝါဖျက်သင့်ကြောင်း အန္တရာယ်များ။ ။ (၁) ဤသာသနာ၌ ဝါကပ်သော ရဟန်းတို့ကို သားရဲတို့ နှိပ်စက်ကုန်အံ့, ဖမ်း၍စားကုန်အံ့, လိုက်ကုန်အံ့၊ ဤနှိပ်စက်ခြင်း စသည်ပင် အန္တရာယ်ဟု ဖဲသွားအပ်၏၊ ဝါပြတ်ခြင်းကြောင့် ထိုရဟန်းအား အာပတ် မသင့်။ (၂) မြွေကိုက်အံ့၊ လိုက်အံ့။ (၃) ခိုးသူလုယက်အံ့၊ ရိုက်နှက်အံ့။ (၄) ဘီလူးပူးအံ့၊ညှဉ်းဆဲအံ့။ (၅) ရွာမီးလောင်၍ဆွမ်းပင်ပန်းအံ့။ (၆) ကျောင်းမီးလောင်၍ ကျောင်းပင်ပန်းအံ့။ (၇) ရွာရေမျော၍

ဆွမ်းပင်ပန်းအံ့။ (၈) ကျောင်းရေမျော၍ ကျောင်းပင်ပန်းအံ့ ဤသည်ပင် အန္တရာယ်ဟု ဖဲသွားအပ်၏၊ ဝါဖြတ်သူအား အနာပတ္တိ။ (ရှစ်ချက်)။

(၁) ခိုးသူဘေးကြောင့် ရွာပြောင်းရွှေ့သွားလျှင် ရွာပြောင်းရွှေ့ရာသို့ လိုက်သွားခြင်းငှာ ခွင့်ပြု၏။ (၂) ရွာနှစ်ခြမ်းကွဲလျှင် များရာသို့လိုက်သွားခြင်းငှာခွင့်ပြု၏။ (၃) များရာရွာသည် သဒ္ဓါသူ မရှိလျှင် သဒ္ဓါသူရှိရာသို့လိုက်သွားခြင်းငှာ ခွင့်ပြု၏။(သုံးချက်)။

(၁) ဆွမ်းပြည့်စုံစွာ မရလျှင် ဤသည်ပင်အန္တရာယ်ဟု ဖဲသွားအပ်၏။ ဝါဖြတ်သူအား အနာပတ္တိ။ (၂) ဆွမ်းပြည့်စုံစွာ ရသော်လည်း သပ္ပါယဘောဇဉ်ကိုမရလျှင်။ (၃) ဘောဇဉ်ကိုရသော်လည်း သပ္ပါယဆေးကို မရလျှင်။ (၄) ဆေးကိုရသော်လည်း လျောက်ပတ်သော အလုပ်အကျွေးကိုမရလျှင် ဤသည်ပင် အန္တရာယ်ဟု ဖဲသွားအပ်၏၊ ဝါဖြတ်သူအား အနာပတ္တိ။ (လေးချက်)။

ဝါကပ်သော ရဟန်းကို မိန်းမသည် အရှင်ဘုရား လာလော့၊ ငွေကို ပေးမည်၊ ရွှေကို ပေးမည်၊ လယ်ကို၊ယာကို၊ နွားလားကို၊ နွားမကို၊ ကျွန်ယောကျ်ားကို၊ ကျွန်မိန်းမကိုပေးမည်၊ သမီးကို မယား အလို့ငှာ ပေးမည်၊ ကျွန်ုပ်သည် အရှင်၏ မယားဖြစ်မည်၊ တပါးသော မယားကိုရှာပေးမည်ဟု ဖိတ်ကြားအံ့၊ စိတ်သည် ဖောက်ပြန်လွယ်သည်၊ သာသနာ၏ အန္တရာယ် ဖြစ်ရာ၏ဟု ဖဲသွားအပ်၏။ ဝါဖြတ်သောသူအား အနာပတ္တိ။ ပြည့်တန်ဆာမသည်၊ အပျိုကြီးသည်၊ ပဏ္ဍုက်သည်၊ ဆွေမျိုးသည်၊ မင်းသည်၊ ခိုးသူသည်၊ သေသောက်ကြူးသည် ငွေကိုပေးမည်စသည်ဖြင့် ဖိတ်ကြားအံ့၊ ဤသည်ပင် အန္တရာယ်ဟု ဖဲသွားအပ်၏၊ ဝါဖြတ်သူအား အနာပတ္တိ။ ဝါကပ်သောရဟန်းသည် အရှင်မရှိသောရွှေအိုးကိုမြင်အံ့၊စိတ်သည် ဖောက်ပြန်လွယ်သည်, သာသနာ၏ အန္တရာယ် ဖြစ်ရာ၏ဟု ဖဲသွားအပ်၏၊ ဝါဖြတ်သူအား အနာပတ္တိ။

**သံဃာကွဲခြင်းကြောင့်လည်း အာပတ်မသင့်။** ။(၁) ဝါကပ်သော ရဟန်းသည် သံဃာကွဲအောင် အားထုတ်သော ရဟန်းတို့ကိုမြင်အံ့

သံဃာကွဲခြင်းသည် ဝန်လေး၏၊ ငါမျက်မှောက်၌ ရှိစဉ် မကွဲပါစေလင့်ဟု ဖဲသွားအပ်၏။ ဝါဖြတ်သူအား အနာပတ္တိ။ (၂) ထိုအတူ ကြားအံ့ ဖဲသွားအပ်၏။ (နှစ်ချက်)။ (၁) ဤမည်သော ကျောင်း၌ သံဃာကွဲအောင် အားထုတ်ကြသည်ဟုကြားအံ့ ထိုရဟန်းတို့သည် ငါ၏မိတ်ဆွေတို့ ဖြစ်ကုန်၏၊ ငါ့စကားကို နားထောင်ကုန်လတ္တံ့ဟု သိအံ့ ဖဲသွားအပ်၏၊ အနာပတ္တိ။ (၂) ငါ၏မိတ်ဆွေကား မဟုတ်၊ ငါ၏မိတ်ဆွေ၏ မိတ်ဆွေတို့ ဖြစ်ကုန်၏၊ နားထောင်ကုန်လတ္တံ့ဟု သိအံ့ ဖဲသွားအပ်၏၊ အနာပတ္တိ။ (နှစ်ချက်)။ (၁) ဘိက္ခုနီတို့သည် သံဃာကွဲအောင် အားထုတ်ကြသည်ဟုကြားအံ့ ထိုဘိက္ခုနီတို့သည် ငါ၏မိတ်ဆွေတို့ ဖြစ်ကုန်၏။ (၂) ငါ၏မိတ်ဆွေ၏ မိတ်ဆွေတို့ ဖြစ်ကုန်၏၊ နားထောင်ကုန်လတ္တံ့ဟု သိအံ့ ဖဲသွားအပ်၏၊ အနာပတ္တိ။ (နှစ်ချက်)။ ကွဲပြီ (ဝါလုပြီ) ဟု ကြားအံ့။ (၁) မိတ်ဆွေ။ (၂) မိတ်ဆွေတို့ ဖြစ်ကုန်၏၊နားထောင်ကုန်လတ္တံ့ဟု သိအံ့ ဖဲသွား အပ်၏၊ အနာပတ္တိ။ (နှစ်ချက်)။ (မဟာဝါဝသူပနာယိကက္ခန္ဓက)။

**အဋ္ဌကထာရှင်းလင်းချက်။** ။ရွာပြောင်းသွားရာသို့ လိုက်သွားခြင်း၌ ခွင့်ပြု၏ စသည်တို့၌ မဝေးလွန်းလျှင် ထိုရွာ၌ ဆွမ်းခံ၍ ထိုကျောင်းသို့သာ ပြန်လာ၍နေအပ်၏။ ဝေးလျှင် ခုနစ်ရက် တကြိမ် အရုဏ်ကို တက်စေအပ်၏။ မတတ်နိုင်လျှင် ထိုရွာ၌ပင် သဘာဂ ရဟန်းတို့၏နေရာ၌ နေအပ်၏။

**လှူမြဲဆွမ်းဝတ်၌ ကျင့်သုံးပုံ။** ။လူတို့သည် လှူမြဲ တိုင်းသော သလာကဘတ် စသည်တို့ကို လှူကုန်အံ့–ထိုကျောင်း၌ ငါတို့မနေကြ ဆိုအပ်ကုန်၏။ ကျောင်းအားမလှူ အရှင်တို့အား လှူပါသည်၊ နေလိုရာနေ၍ ဘုန်းပေးကြပါဟု ဆိုလျှင် ချမ်းသာသလို ဘုဉ်းပေး အပ်၏။ ထိုရဟန်းတို့အားသာ ထိုဆွမ်း ရောက်၏။ "အရှင်တို့၏ နေရာ၌ ရောက်စေ၍ ဘုဉ်းပေးကြပါ" ဟု ဆိုလျှင်နေရာသို့ဆောင်၍ ဝါစဉ်ဖြင့်ရောက်စေ၍ ဘုဉ်းပေးအပ်၏။

**ဝါဆိုသင်္ကန်း၌ကျင့်သုံးပုံ။** ။ပဝါရဏာ ပြုပြီးသောအခါ ဝါဆို သင်္ကန်းကို လှူကုန်အံ့-ခုနစ်ရက်တကြိမ် အရုဏ်တက်စေသူတို့သည်

ခံယူအပ်၏။ ဝါပြတ်သူတို့ကား ထိုကျောင်း၌ ငါတို့မနေကြ၊ ငါတို့ ဝါပြတ်ကုန်၏ဟု ဆိုအပ်၏၊ အကျွန်ုပ်တို့၏ ကျောင်းသို့ ရောက်စေကုန်ပြီးသူတို့သည် ယူကြစေကုန်ဟု ဆိုကုန်အံ့၊ ယူအပ်၏။

**ကျောင်းဟောင်းက ယူခဲ့သော သင်္ကန်းစသည်။** ။ယခင်ကျောင်းဟောင်း၌ စုဆောင်းထားအပ်သည် ဖြစ်၍ မပျက်စီးအောင် ဤကျောင်းသို့ ယူခဲ့သော၊ ဝါ၊ ဝိဟာရမှ ပြင်ပ, ရောက်ရာသို့ ဆောင်ယူခဲ့သော သင်္ကန်းစသော ဝေဘန်အပ်သော ဘဏ္ဍာကို ပြင်ပ၌ မပန်ကြားအပ်၊ ထို ယခင်ကျောင်းသို့သာ သွား၍ ပန်ကြား၍ ဝေဘန်အပ်၏။

**လယ် ယာ စသည်မှဖြစ်သော တကြုပ္ပါဒ ပစ္စည်း။** ။ဤလယ် ယာ စသည်မှဖြစ်သော လေးပါးသောပစ္စည်းတို့ကို အရှင်တို့အား လှူကုန်လော့ဟု ဆို၍ ကပ္ပိယကာရကတို့၏ လက်၌ ထားအပ်သော လယ် ယာစသည်မှ ဖြစ်သော တကြုပ္ပါဒ ပစ္စည်း၌လည်း ဤနည်းသာ တည်း။

**သံဃိကပစ္စည်းကိုကျောင်းပ၌တည်သူတို့အား ပန်ကြား၍မဝေဘန်အပ်၊** မှန်၏၊ သံဃိကဖြစ်၍ ဝေဘန်အပ်သော ဘဏ္ဍာသည် ကျောင်းတွင်း၌ ဖြစ်ဖြစ်၊ ကျောင်းပ၌ ဖြစ်ဖြစ်၊ ကျောင်းပ၌တည်သော ရဟန်းတို့အား ပန်ကြား၍ ဝေဘန်ခြင်းငှာမအပ်။ ကျောင်းတွင်း, ကျောင်းပ နှစ်ဌာန၌ တည်သော်လည်း ကျောင်းတွင်း၌ တည်သူတို့အား ပန်ကြား၍ ဝေဘန်ခြင်းငှာ အပ်သည် သာတည်း။ ထို့ကြောင့် ယခင် ကျောင်းဟောင်းသို့သာ သွား၍ ဝေဘန်အပ်၏။ (မဟာဝါ အဋ္ဌကထာ)။

**ဝါမဆိုအပ် ခုနစ်ရပ်။** ။သစ်ခေါင်း၊ သစ်ခွ၊ လွင်တီးခေါင်၊ ကျောင်းမရှိ၊ သူကောင်ဖုတ်ရာတဲ၊ ဝါ၊ ခြေရှည်ညောင်စောင်း၊ ထီး၊ အိုးစရည်း ဤခုနစ်ဌာန၌ ဝါမကပ်အပ်၊ ဒုက္ကဋ်။

**နွားခြံ၊ လှည်း၊ လှေ၌ ဝါကပ်ခြင်း။** ။နွားခြံ၌ ဝါကပ်လို၍ လျှောက်သော ရဟန်းအား နွားခြံ၌ ဝါကပ်ရန် ခွင့်ပြုသည် နွားခြံရွေ့ရာသို့ လိုက်သွားရန်ခွင့်ပြုသည်။ ဝါဆိုခါနီး လှည်းကုန်သည်ဖြင့် သွားလို

၍ လျှောက်သော ရဟန်းအား လှည်းကုန်သည်၌ ဝါကပ်ရန် ခွင့်ပြုသည်။ ဝါဆိုခါနီး လှေဖြင့်သွားလို၍ လျှောက်သော ရဟန်းအား လှေ၌ ဝါကပ်ရန်ခွင့်ပြုသည်။ (ဝဿူပနာယိကက္ခန္ဓက)။

**အဋ္ဌကထာ ရှင်းလင်းချက်။** ။ရွှေ့ပြောင်းသော နွားခြံနှင့် အတူလိုက်သွားသော ရဟန်းအား ဝါဖြတ်ခြင်းကြောင့် အာပတ်မသင့်၊ လှည်းကုန်သည်၌ ဝါကပ်သော ရဟန်းသည် ဝါဆိုအံ့သော နေ့၌ "ဒါယကာတို့" ကျောင်းငယ်ကို ရခြင်းငှာ သင့်၏ဟု ဆိုအပ်၏။ ပြုပေးလျှင် ထိုကျောင်းငယ်၌ဝင်၍ ဣမဝဿံ ဥပေမိဟု သုံးကြိမ် ဆိုအပ်၏။ ပြုမပေးလျှင် ဇရပ်အသွင် တည်သော လှည်းအောက်၌ ဝါကပ်အပ်၏။ ထိုမျှမရလျှင် လှည်းကုန်သည်၌ ဝါမကပ်အပ်။ ဣမဝဿံ ဥပေမိ ဘသိဿာမိဟု စိတ်ဖြစ်ခြင်းမျှ အာလယပြုအပ်၏။ လှည်းကုန်သည်ခရီးသွားစဉ်ပင် ပဝါရဏာနေ့ ဖြစ်အံ့-လှည်းကုန်သည် ၌ပင် ပဝါရဏာပြုအပ်၏။လှည်းကုန်သည်သည် ဝါတွင်း၌ပင်ရဟန်းလိုရာ အရပ်ရောက်၍ လွန်သွားအံ့-နေလိုရာ အရပ်၌နေ၍ ထိုအရပ်၌ ရှိသော ရဟန်းတို့နှင့်အတူ ပဝါရဏာ ပြုအပ်၏။ လှည်းကုန်သည်သည်ဝါတွင်း၌ပင် အကြားရွာတခု၌တည်အံ့၊ လှည်းခေါင်းကွဲ၍ တခြားစီသော်လည်းဖြစ်အံ့—ထိုရွာ၌ပင် ရဟန်းတို့နှင့် အတူနေ၍ ပဝါရဏာ ပြုအပ်၏။ ပဝါရဏာမပြုဘဲ ထိုရွာမှ တပါးအရပ်သို့ မသွားအပ်။ ။လှေ၌ ဝါကပ်သောရဟန်းသည်လည်း ကျောင်းငယ်၌သာ ဝါကပ်အပ်၏၊ ရှာ၍မရလျှင် စိတ်ဖြစ်ခြင်းမျှ အာလယပြုအပ်၏။ ဝါတွင်း၌လှေသည် သမုဒ္ဒရာ၌သာဖြစ်အံ့၊ ထိုလှေ၌သာ ပဝါရဏာ ပြုအပ်၏။ လှေသည် ကမ်းသို့ဆိုက်ကပ်အံ့-ရဟန်းသည်ကား ထိုထက်အလွန်သွားလိုအံ့-မသွားအပ်။ လှေဆိုက်ရာရွာ၌သာနေ၍ ရဟန်းတို့နှင့် အတူ ပဝါရဏာ ပြုအပ်၏။ လှေသည် ကမ်းစဉ် လျှောက်၍ အရပ်တပါးသို့ သွားလိုအံ့ – ရဟန်းကား ရှေးဦးစွာ ရောက်သော ရွာ၌သာ နေလိုအံ့ – လှေသွားစေကာမူ ထိုရဟန်းသည် ထိုရွာ၌သာနေ၍ရဟန်းတို့နှင့်အတူ ပဝါရဏာ ပြုအပ်၏။

**မှတ်ချက်အထူး။** ။နွားခြံ၊ လှည်း၊ လှေ သုံးဌာနတို့၌ ဝါဖြတ်ခြင်းကြောင့် အာပတ်မရှိ၊ ပဝါရဏာပြုခြင်းငှာလည်း ရ၏။ ရှေး

ဆိုခဲ့ပြီး သားရေနှိပ်စက်ခြင်းအစ,သံဃာကွဲခြင်း အဆုံးရှိသော ဝတ္ထုတို့၌ အာပတ်သာမသင့်သည် ပဝါရဏာပြုခြင်းငှာမရ။

**မီးရထားစီးစဉ် ဝါဆိုနေ့ကြုံလျှင်။** ။ယခုခေတ်အခါ မီးရထား, မီးသင်္ဘောဖြင့် ခရီးသွားနေစဉ် ဝါကပ်ရန်နေ့ ကြုံအံ့-ထိုမီးရထား, မီးသင်္ဘော၌ပင် ဝါကပ်အပ်ကြောင်း ဤပါဠိ အဋ္ဌကထာကို ထောက်၍ ထင်ရှား၏။ သင့်အောင်ယူရန် ဆရာတော်ကြီးများ မိန့်သည်။

## ၉၄-ဥစ္စာသယန, မဟာသယန ၁၉-မျိုး

**၂၁၀။ ပလ္လင်, ခြေရှည်၊ လဲ,မွေးရှည်၊ နိနိ[၅] တခုချင်း။**

**၂၁၁။ ကုန်းနှိုးသုံးဖြာ[၃]၊ ရတနာနှစ်[၂]၊သားရေနှစ်[၂]၊ခုနစ်သားမွေး ခင်း[၇]။**

**၂၁၂။ နေရာမြင့်မြတ်၊ ဆွဲကိုးရပ်၊ မအပ်ပယ်လေခြင်း။**

**၂၁၃။ တဘက်, နှစ်ဘက်မှ၊ ဆဲခြောက်က၊ ဆန်းလှ, ရုပ်ဖြူ, နီ။ (သားမွေးခင်း-၇)။**

ဤလင်္ကာဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့ ဥစ္စာသယန, မဟာသယနခေါ်သော မြင့်သောနေရာ, မြတ်သောနေရာတို့ကို သုံးကြ၍ လူတို့ကဲ့ရဲ့ရာ ဘုရားရှင် သိတော်မူသဖြင့် သုံးလျှင် ဒုက္ကဋ်ဟု ပညတ်၍ ပယ်တော်မူအပ်သော မဟာဝါ စမ္မက္ခန္ဓကလာ ဥစ္စာသယန, မဟာသယန ၁၉-မျိုးကို ပြတော်မူသည်။

**ဥစ္စာသယန, မဟာသယန ၁၉-မျိုး။** ။(၁) ပလ္လင်- ပလ္လင်္က၊ အခြေ၌ သားရဲရုပ်ရှိသော ပလ္လင်။ (၂) ခြေရှည်- အာသန္ဒိ၊ ပကတိလူတို့တတောင့်ထွာထက် အခြေရှည်သော ညောင်စောင်း အင်းပျဉ်။ (၃) လဲ-တူလိကာ၊ လဲသွတ်သော ဘုံလျှိုမွေ့ရာအခင်း။ (၄) မွေးရှည်- ဂေါနက၊ အမွေးရှည် (ချည်) ကော်ဇောကြီး။ (၅) နိနိ-သဥတ္တရစ္ဆဒ ဥဘတော လောဟိတကူပဓာန၊ အထက်ပိတာန်နီနှင့်တကွသော နီသော ခြေအုံး,ခေါင်းအုံးရှိသော အခင်း။

**ကုန်းနှီးသုံးဖြာ-** (၆) ဟတ္ထတ္ထရ၊ ဆင်ကုန်းနှီး။ (၇) အဿတ္ထရ၊ မြင်းကုန်းနှီး၊ (၈) ရထတ္ထရ၊ ရထားခင်းနှီး။ **ရတနာနှစ်-** (၉) ကဋ္ဋိဿ၊ ရတနာချည်ဖြင့် ချုပ်သော ပိုးချည်အကြား ရွှေချည် သွင်းယက်သော အခင်း။ (၁၀) ကောသေယျ၊ ရတနာချည်ဖြင့် ချုပ်သော ပိုးချည်အခင်း။ **သားရေနှစ်-**(၁၁) အဇိနပ္ပဝေဏိ၊ နှစ်ထပ်သုံးထပ် ချုပ်သော သစ်နက်ရေ အခင်းနု။ (၁၂) ကဒလိ မိဂ ပဝရ ပစ္စတ္ထရဏ၊ ဝံပိုင်ရေဖြင့်ပြုသော အဘိုးတန်အခင်း။ **ခုနစ်သားမွေးခင်း-**(၁၃) ဥဒ္ဒလောမိ၊ တဘက်စွန်း အမွေးအဆာ ထွက်သော သားမွေးယက် အခင်း။ (၁၄) ဧကန္တလောမိ၊ နှစ်ဘက်စွန်း အမွေးအဆာထွက်သော သားမွေးယက်အခင်း။ (၁၅) ကုတ္တက၊ တကျိပ်ခြောက်ယောက် ရပ်၍ က,လောက်သော သားမွေးယက် အခင်း။ (၁၆) စိတ္တက၊ ဆန်းကြယ်သော သားမွေးယက် အခင်း။ (၁၇) ဝိကတိက၊ ခြသေ့်ရုပ်စသည်ဖြင့် ဆန်းကြယ်သော သားမွေးယက် အခင်း။ (၁၈) ပဋိက၊ ဖြူသော သားမွေးအခင်း။ (၁၉) ပဋလိကာ၊ တခဲနက် ပန်းပွင့်ဖြင့်နီသော သားမွေးယက်အခင်း။ ဤမြင့်မြတ်သော အခင်း ၁၉–ခုတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်း ဒုက္ကဋ်ဟု ဟောသည်၊ထိုကြောင့်"နေရာမြင့်မြတ်၊ ဆဲ့ကိုးရပ်၊ မအပ်ပယ်လေခြင်း"ဟု မိန့်သည်။ ၁၉–မျိုးတို့တွင် ဥဒ္ဒလောမိ, ဧကန္တလောမိ, ကုတ္တက, စိတ္တက, ဝိကတိက, ပဋိက, ပဋလိက ဤခုနစ်မျိုးတို့ကား သားမွေးအခင်းများ ဖြစ်ကြကြောင်းကို "တဘက်နှစ်ဘက်မှ၊ ဆဲ့ခြောက်က၊ ဆန်းလှ,ရုပ်,ဖြူ,နီ"လင်္ကာဖြင့် ပြသည်။

**အဓိပ္ပါယ်။** ။ပကတိလူတို့ တတောင့်ထွာပမာဏထက် အခြေရှည်သော (လေးထောင့်စပ်စပ် မဟုတ်သော, အုံးတား, လက်တင် မပါသော) ညောင်စောင်းသည် **ဥစ္စာသယန** (မြင့်သောနေရာ) မည်၏။ မအပ်သော အခင်းသည် **မဟာသယန** (မြတ်သောနေရာ) မည်၏။ (မဟာဝါအဋ္ဌကထာ)။

ဤနေရာ ၁၉-မျိုးတို့တွင် အာသန္ဒီ, တူလီ, ပလ္လင် သုံးမျိုးမှ ကြွင်းသော အခင်းနေရာများမှာ တရားဟောပလ္လင်, ဆွမ်းစားစရပ်, ရွာတွင်း၌ လူတို့ဥစ္စာဖြစ်သော် ထိုင်ကောင်း၏၊ မအိပ်ကောင်း၊

မြေ၌ခင်းမှုကား ထိုင်လည်းထိုင်ကောင်း၏၊အိပ်လည်း အိပ်ကောင်း၏။ လေးထောင့်စပ်စပ် အင်းပျဉ်၊ သတ္တက်,ပဋ္ဋက် ညောင်စောင်း, အင်းပျဉ်သည် အခြေပမာဏထက်လွန်သော်လည်း အပ်၏။ (အခြေလေးချောင်း, အုံးတား, လက်တင်နှစ်ဘက်ကို သတ္တက်၊ အခြေလေးချောင်း, အုံးတားကို ပဋ္ဋက်ခေါ်သည်)။ လဲမွေ့ရက်သော ညောင်စောင်း, အင်းပျဉ်ကို ရွာတွင်းမှာ ထိုင်ကောင်း၏၊ မအိပ်ကောင်း။

ဘုံလျှို၌ ပုဆိုးအစာ, ချော်အစာ, သားမွေးအစာ, သစ်ရွက်အစာ, မြက်အစာ သွတ်သော ဘုံလျှို ငါးမျိုးမှာ နေရာမရွေး အပ်၏။ ။ခေါင်းအုံး၌ သစ်ပင်လဲ, နွယ်လဲ, မြက်လဲ ဟူသော လဲသုံးမျိုး၊ ပုဆိုး, ချော်, သားမွေး, သစ်ရွက်, မြက်, ငှက်မွေး ဤအစာ ၉-မျိုးအပ်၏။သားရေဘုံလျှို၌ လဲသုံးပါးမအပ်၊ကျန်အစာ ၆-မျိုး အပ်၏။ ။သားမွေးဘုံလျှို၌ လူမွေး၊ သစ်ရွက် ဘုံလျှို၌ ပန်းညိုရွက်သက်သက်၊ ခရေးပွင့်စသော ပန်းသက်သက် မအပ်။လူတို့ ခင်းသော နေရာကို မဆင်ခြင် မကြည့်ရှုဘဲ မနေအပ်၊ ယုံမှား ကင်းလောက်လျှင် နေအပ်၏။ (ခုဒ္ဒသိက္ခာ)။

## ၉၅ အကပ္ပိယမံသ ၁၀-ပါး

၂၁၄။ လူမှာ ဇာတ်ချင်း[၁]၊ ထုလ္လစ္စည်းတည်း။ မြင်းနှင့်,ဆင်မှာ၊ မင်းအင်္ဂါဖြစ်[၂]၊ သစ်,ကျားရှင်း၊ ဝံ,အောင်း,ခြင်္သေ့၊ ဘေးရန်တွေ့တတ်[၃]၊ ရှိအပ် ခွေး,မြွေ[၂]၊ ဒုက္ကဋ်ပေ၊ဆယ်တွေ့ မအပ်အသားတည်း။

ဤလင်္ကာဖြင့် မဟာဝါဂါဘေသဇ္ဇက္ခန္ဓကာ၌ မစားအပ်ဟု ပညတ်တော်မူသော မအပ်သော အသား ၁၀-ပါးကို ပြတော်မူ၏။

အကပ္ပိယမံသ ၁၀-ပါး။ ။(၁) လူမှာဇာတ်ချင်း၊ထုလ္လစ္စည်းတည်း- လူသားကို ဇာတ်တူချင်း ဖြစ်၍ မစားအပ်၊ ထုလ္လစ္စဥ်း အာပတ်သင့်၏။ (၂-၃) မြင်းနှင့်ဆင်မှာ၊မင်းအင်္ဂါဖြစ်-မြင်းသား,ဆင်သားကို မင်း၏အင်္ဂါဖြစ်၍ မစားအပ်၊ ဒုက္ကဋ်။ (၄-၈) သစ်,ကျားရှင်း၊

စံ့၊အောင်း၊ခြင်္သေ့၊ ဘေးရန်တွေ့တတ်– သစ်သား၊ ကျားသား၊ ဝံသား၊ အောင်းသား၊ ခြင်္သေ့သား၊ ဤအသားငါးမျိုးကို အနံ့ခံလိုက်လာတတ်၍ ဘေးရန်မဖြစ်စေခြင်းငှာ မစားအပ်၊ ဒုက္ကဋ်။ (၉–၁၀) ရှုံ့အပ်ခွေး၊မြွေ၊ ဒုက္ကဋ်ပေ–ခွေးသား၊မြွေသားကို ရွံဘွယ်ဖြစ်၍ မစားအပ်၊ ဒုက္ကဋ်ဟု ပညပ်သည်။

အဓိပ္ပါယ်။ ။အကပ္ပိယမံသ ၁၀–မျိုးသာ မအပ်သည် မဟုတ်၊ အသားမအပ်သော သတ္တဝါတို့၏ အသား၊ အရိုး၊ သွေး၊ အရေ၊ အမွေး ဤအလုံးစုံလည်း မအပ်၊ မီးကျွမ်းအောင် ဖုတ်၍ ပြာချစားလျှင် အပ်၏။ ဤအလုံးစုံကို သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ စားသောရဟန်းအား အာပတ်သင့်သည်သာ၊ သိသောအခါ ဒေသနာကြားအပ်၏၊ မမေးမြန်းဘဲ စားမည်ဟု အကပ်ခံလျှင် ဒုက္ကဋ်၊ မေးမြန်းပြီးမှ ကပ္ပိယမံသမှန်းသိ၍ အကပ်ခံလျှင် အနာပတ္တိ။ ဝဇိရဗုဒ္ဓိ၌ ရေ၌ဖြစ်သော လူနှင့်တူသော သတ္တဝါတို့၏ အသားလည်း မအပ်ဟု ဆို၏။ ။ခွေးသား၌ အိမ်ခွေးသား မအပ်၊ တောခွေး (ခွေးအ)သား အပ်၏။ အိမ်ခွေးမနှင့် တောခွေး၊ တောခွေးမနှင့် အိမ်ခွေး စပ်ရုက်၍ မွေးသောခွေး (ခွေးဗန္ဓတ်)၏ အသားလည်း အိမ်ခွေး တောခွေး နှစ်မျိုးသို့ သက်ဝင်သောကြောင့် မအပ် ဟု အဋ္ဌကထာ၌ ဆို၏။

## ၉၆–ဥဒ္ဒိဿမံသ ၃–မျိုး

### ၂၁၅။ ရည်၍သတ်ငြား၊ထင်၊မြင်၊ကြား၊ သုံးပါးမံသ သစိတ္တက။

ဤလင်္ကာဖြင့် ရဟန်းတို့စားရန် ရည်ရွယ်၍ သတ်သည်ဟု ထင်ရသော အသား၊ ထိုအတူ မြင်ရသောအသား၊ ကြားရသော အသား၊ ဤ သုံးမျိုးကိုသိလျက် မစားအပ်၊ သိလျက်စားလျှင် သစိတ္တက သိက္ခာပုဒ် ဖြစ်၍ ဒုက္ကဋ်ဟု ပြတော်မူသည်။

အဓိပ္ပါယ်။ ။န ဘိက္ခဝေ ဇာနံ ဥဒ္ဒိဿကတံ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ၊ အနုဇာနာမိ ဘိက္ခဝေ တိကောဋိ ပရိသုဒ္ဓံ မစ္ဆမံသံ အဒိဋ္ဌံ အသုတံ အပရိ သင်္ကိတံ။

(မဟာဝါဘေသဇ္ဇခန္ဓက၊ သံဃာဘေဒသိက္ခာပုဒ် ပါဠိတော်)။ ။ လက်ာ၌ ထင်ဟူသည် ယုံမှားခြင်း ပရိသင်္ကိတတည်း၊ ထိုယုံမှားခြင်းသည် မြင်၍ယုံမှားခြင်း၊ ကြား၍ယုံမှားခြင်း, မြင်ခြင်းကြားခြင်းမှ အလွတ်ဖြစ်သော ယုံမှားခြင်းဟုသုံးမျိုးရှိ၏။ ထိုတွင်....

**မြင်၍ယုံမှားပုံ။** ။ရ ဟန်း တို့ သည် ကွန်ပိုက်စသည် လက်စွဲလျက် ရွာမှထွက်သော လူတို့ကိုငင်း၊ တော၌ လှည့်လည်သော လူတို့ကိုငင်း မြင်ကုန်၏။ ဒုတိယနေ့၌ ထိုရွာသို့ ဆွမ်းခံဝင်သော ရဟန်းတို့အား ငါးသားနှင့်တကွသောဆွမ်းကို ရှေးရှုဆောင်ကြ၏။ မြင်သောရဟန်းတို့သည် ရဟန်းတို့အလို့ငှာ ပြုအပ်လေသလောဟု ယုံမှားကြကုန်၏။ ဤရှေးရှုဆောင်သောငါးသည် ဒိဋ္ဌပရိသင်္ကိတ မစ္ဆမံသမည်၏။ ထိုငါးသားကို ခံခြင်းငှာ မအပ်၊ မယုံမှားလျှင် ခံယူအပ်၏။ လူတို့က မခံခြင်းအကြောင်းကိုသိ၍ ဤငါးသားကို ရဟန်းတို့အကျိုးငှာ ပြုသည်မဟုတ်ပါ၊ တပည့်တော်တို့အကျိုး, မင်း စသူတို့အကျိုးငှာ ပြုပါသည်ဟုဆိုလျှင် အပ်၏။

**ကြား၍ယုံမှားပုံ။** ။ရဟန်းတို့သည် မြင်ရုံသာ မဟုတ်၊ ကွန်ပိုက်စသည် လက်စွဲ၍ လူများရွာမှထွက်ကုန်သတဲ့၊ တော၌လှည့်လည်ကြသတဲ့ဟု ကြားကုန်၏။ ဒုတိယနေ့၌ ထိုရွာသို့ ဆွမ်းခံဝင်သောရဟန်းတို့အား ငါးသားနှင့်တကွသော ဆွမ်းကို ရှေးရှုဆောင်ကြကုန်၏။ ထိုကြားသော ရဟန်းတို့သည် ရဟန်းတို့အကျိုးငှာ ပြုအပ်လေသလောဟု ယုံမှားကြကုန်၏။ ဤငါးသည် ကြား၍ ယုံမှားသော သုတပရိသင်္ကိတမစ္ဆမံသ မည်၏။ ထိုငါးသားကိုခံခြင်းငှာ မအပ်။ မယုံမှားလျှင် ခံအပ်၏။ လူတို့က မခံခြင်းအကြောင်းကို သိ၍ ဤငါးသားကို ရဟန်းတို့အကျိုးငှာ ပြုသည်မဟုတ်ပါ၊ တပည့်တော်တို့အကျိုး, မင်းစသူတို့အကျိုးငှာ ပြုပါသည်ဟု ဆိုလျှင်အပ်၏။

**မြင်ကြားမှလွတ်သော ယုံမှားပုံ။** ။ရဟန်းတို့သည် မြင်လည်းမမြင်၊ ကြားလည်း မကြားကုန်။ စင်စစ်သော်ကား ဆွမ်းခံဝင်ကုန်သော ရဟန်းတို့၏သပိတ်ကိုယူ၍ ငါးသားနှင့်တကွသောဆွမ်းကို ပြုစီရင်၍ ရှေ့ရှုဆောင်ကုန်၏။ ထိုရဟန်းတို့သည် ရဟန်းတို့အလို့ငှာ ပြုအပ်

လေသလောဟု ယုံမှားကုန်၏။ ဤယုံမှားခြင်းသည် မြင်ကြားမှ လွတ်သော တဒုဘယဝိမုတ္တပရိသင်္ကိတမည်၏။ ဤငါးသားကိုလည်း ခံခြင်းငှာမအပ်၊ မယုံမှားမူ ခံယူအပ်၏။ လူတို့က မခံခြင်းအကြောင်းကိုသိ၍ ဤငါးသားကို ရဟန်းတို့အလို့ငှာ ပြုအပ်သည်မဟုတ်ပါ၊ တပည့်တော်တို့အကျိုး မင်းစသူတို့အကျိုးငှာ ပြုပါသည်၊ အပ်သည်သာ ဖြစ်သော ပဝတ္တမံသ (အိမ်ဈေးစသည်၌ ရောင်းသောအလိုလိုဖြစ်သောအသား)ကို ရ၍ ရဟန်းတို့အကျိုးငှာ ပြည့်စုံစေပါသည်ဟု ဆိုကုန်အံ့ အပ်၏၊ သေသောသူတို့၏အကျိုး, မင်္ဂလာအကျိုးငှာ ပြုအပ်သောငါးသား၌လည်း ဤနည်းသာတည်း။

ထင်ရှားစေအံ့။ ။ကျောင်းတကျောင်း၌ ဥဒ္ဒိဿမံသကို ပြုထား၏။ အချို့ရဟန်းတို့သည် မိမိအကျိုးငှာ ပြုထားသည် မသိကုန်၊ အချို့သော ရဟန်းတို့ကား သိကုန်၏။ သိသောရဟန်းတို့အားမအပ်၊ မသိသော ရဟန်း တို့အား အပ်၏၊ နှစ်ယောက် မသိကုန်အံ့–နှစ်ယောက်လုံးအပ်၏။ နှစ်ယောက်လုံး သိကုန်အံ့–နှစ်ယောက်လုံး မအပ်။ ဘာကြောင့်နည်း သီတင်းသုံးဘော် ငါးယောက် တို့တွင် တယောက်ယောက် အကျိုးငှာ ရည်ရွယ်၍ ပြုသော ဥဒ္ဒိဿမံသသည် အားလုံးသောသီတင်းသုံးဘော်တို့အား မအပ်သောကြောင့်တည်း။

တစုံ တယောက်က တယောက်သော ရဟန်းကို ရည်ရွယ်၍ သတ္တဝါကို သတ်ပြီးလျှင် ထိုရဟန်းအား လှူ၏။ ထိုရဟန်းသည်လည်း မိမိအတွက် သတ်သည်ကို သိလျက် ခံယူ၍ တပါးသော ရဟန်းအား ပေး၏၊ ရသော ရဟန်းသည် ပေးသော ရဟန်းအား ယုံကြည်၍စား၏၊ ဘယ်ရဟန်းအား အာပတ်သင့်သနည်း။ နှစ်ပါးလုံးမသင့်၊ ဘာကြောင့်နည်း– ပေးသော ရဟန်းမှာ မစားသောကြောင့်၊ စားသော ရဟန်းမှာ မသိသောကြောင့်တည်း။ မှန်၏ အကပ္ပိယမံသကို ခံခြင်းကြောင့် အာပတ်မရှိ၊ ဥဒ္ဒိဿမံသကိုလည်း မသိ၍စားသော ရဟန်းအား နောက်မှသိ၍ အာပတ်ကို ဒေသနာကြားဘွယ် ကိစ္စမည်သည် မရှိ။ လူသားစသော အကပ္ပိယမံသကို မသိ၍ စားမိသော ရဟန်းသည် နောက်မှသိသော်လည်း အာပတ်

ကိုဒေသနာကြားအပ်၏။ ။ဥဒ္ဒိဿမံသကို သိ၍ စားသော ရဟန်း အားသာ အာပတ်သင့်၏။ အကပ္ပိယမံသကို မသိ၍ စားမိသော ရဟန်း အားလည်း အာပတ် သင့်၏၊ ထို့ကြောင့် အာပတ်ကို ကြောက်တတ်သော ရဟန်းသည် အဆင်းကို မှတ်မိသော်လည်း မေး၍သာ အသားကို ခံအပ်၏။ (သံဃဘေဒ သိက္ခာပုဒ် အဋ္ဌကထာ)။

## ၉၇-ဩဒိဿ ၇-ပါး

**၂၁၆။ ဗျာဓိ, ပုဂ္ဂလာ၊ ကာလာ, သမယော၊ ဒေသော, ဝသ၊ ဘေသဇ္ဇ၊ သတ္တဩဒိဿာ။**

ဤလင်္ကာဖြင့် မဟာဝါ ဘေသဇ္ဇက္ခန္ဓက ဋ္ဌရင်း၊ ဘေသဇ္ဇသိက္ခာပုဒ် အဋ္ဌကထာ တို့ဋ္ဌရင်း လာသော ဩဒိဿ ၇-ပါးကို ပြဆော်မူသည်။

ဩဒိဿ ၇-ပါး

(၁) ဗျာဓိ-ဗျာဓိဩဒိဿ၊ အနုဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသံ အာမကလောဟိတံဟု အနာကို ရည်မှတ်၍ ခွင့်ပြုအပ်သော သားစိမ်း, သွေးစိမ်း သည် ဗျာဓိဩဒိဿမည်၏။ ထိုသားစိမ်း သွေးစိမ်းသည် ဘီလူးဘမ်းသော အနာရှိသော ရဟန်း အားသာ အပ်၏။ တပါးသော ရဟန်းအား မအပ်၊ ဘီလူးဘမ်းသော အနာရှိသောရဟန်းအား အပ်သော အသားကို၏ သွေးစိမ်း ဖြစ်စေ, မအပ်သော အသားတို့၏ သွေးစိမ်းဖြစ်စေ, နံနက်ဖြစ်စေ, ညနေဖြစ်စေ အပ်သည်သာတည်း။

(၂) ပုဂ္ဂလာ-ပုဂ္ဂလောဒိဿ၊ အနုဇာနာမိ ဘိက္ခဝေ ရောမန္ထကဿ ရောမန္ထံ၊ နစဘိက္ခဝေ ဗဟိမုခဒွါရာ နီဟရိတွာ အဇ္ဈောဟရိတဗ္ဗံ ဟု ပုဂ္ဂိုလ်ကို ရည်မှတ်၍ ခွင့်ပြုအပ်သော စားမြို့ပြန်ခြင်းသည် ပုဂ္ဂလောဒိဿမည်၏။ ထိုစားမြို့ပြန်ခြင်းသည် နွားဘဝနှင့် နီးသည်ဖြစ်၍ စားမြို့ပြန်တတ်သော ရဟန်း အားသာ အပ်၏။ တပါးသောရဟန်းအား မအပ်။

(၃) ကာလာ–ကာလောဒိဿ။ အနုဇာနာမိ ဘိက္ခဝေ စတ္တာရိ မဟာဝိကဋ္ဋာနိ ဂူထံ, မုတ္တံ, ဆာရိကံ, မတ္တိကံ ဟု မြွေကိုက်ရာ အချိန်ကာလကို ရည်မှတ်၍ ခွင့်ပြုအပ်သော ကျင်ကြီး, ကျင်ငယ်, သစ်စိမ်းပြာ, မြေကြီး, ဤမဟာဝိကဋ္ဋ ဆေးကြီး လေးပါးသည် ကာလောဒိဿမည်၏။ ထိုဆေးကြီးသည် မြွေကိုက်ရာ အခါ၌သာ အကပ်မခံဘဲ အပ်၏။ တပါးသော အခါ၌ မအပ်။

(၄) သမယော–သမယောဒိဿ၊ ဂဏဘောဇနေ အညတြ သမယာ စသည်ဖြင့် ခွင့်ပြုခြင်းသည် သမယောဒိဿ မည်၏။ ထိုခွင့်ပြုခြင်းသည် ဂိလာနစသော အခါ၌ အာပတ်မသင့်၊ တပါးသော အခါ၌သင့်၏။

(၅) ဒေသော–ဒေသောဒိဿ၊ အနုဇာနာမိ ဘိက္ခဝေ ဧဝ ရူပေသု ပစ္စန္တိမေသု ဇနပဒေသု ဝိနယဓရ ပဉ္စမေန ဂဏေန ဥပသမ္ပဒံ စသည်ဖြင့် ပစ္စန္တိမဒေသကို ရည်မှတ်၍ ပညပ်အပ်သော ပစ္စန္တရာဇ်၌ ဝိနည်းဓိုရ် ရဟန်း ငါးပါးဖြင့် ရဟန်း ခံနိုင်ခြင်း၊ အထပ်များသော ဘိနပ်ကို စီးနိုင်ခြင်း၊ မပြတ် ရေချိုးနိုင်ခြင်း၊ သားရေအခင်းကို ဆောင်နိုင်ခြင်း ဤလေးပါးသည် ဒေသောဒိဿမည်၏။ ထိုလေးပါးသည် ပစ္စန္တရာဇ် အရပ်၌သာ အပ်၏၊ မဇ္ဈိမဒေသ၌ မအပ်။ ။ဤပဒေသပညပ်လေးပါကို "ငါးပါးရဟန်းခံ၊ သုံးထပ်လွန် ဘိနပ်၊ မပြတ်ရေချိုး၊ သားရေမျိုးခင်း၊ ပယ်ရှင်း မဈွတ်၊ ပစ္စန်အပ်၊ လေးရပ်ပဒေသ ပညပ်တည်း" လင်္ကာဖြင့်မှတ်။

(၆) ဝသ–ဝသောဒိဿ၊ အနုဇာနာမိ ဘိက္ခဝေ ဝသာနိ ဘေသဇ္ဇာနိ ဟု ဝသာဟူသောအမည်ဖြင့် ခွင့်ပြုအပ်သော သားဆီသည် ဝသောဒိဿမည်၏။ လူဆီမှတပါး အလုံးစုံသော အသား အပ် မအပ် သတ္တဝါတို့၏ သားဆီခဲကို သတ္တာဟကာလိက ဆီ ဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်ကောင်း၏။

(၇) ဘေသဇ္ဇ – ဘေသဇ္ဇောဒိဿ၊ အနုဇာနာမိ ဘိက္ခဝေ ဘေသဇ္ဇာနိ ဟုဘေသဇ္ဇ အမည်ဖြင့် ခွင့်ပြုအပ်သော အာဟာရကိစ္စ ကို ပြီးစေနိုင်သော ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ တို့သည်

ဘေသဇ္ဇောဒိသ မည်၏။ ထိုထောပတ် စသော ဆေးတို့ကို အကပ်ခံသောနေ့ နံနက်၌ အလိုရှိတိုင်း သုံးဆောင်နိုင်၏။ နေလွဲပြီး နောက်၌ အကြောင်းရှိမှ ခုနစ်ရက် ပတ်လုံး သုံးဆောင်နိုင်၏။

ငါးချဉ်စသည်။ ။ငါး, အမဲ, ပုဇွန်စသည်တို့ကို နုပ်နုပ်စဉ်း၍ ထမင်းဖြင့်နယ်၍ တညဥ့် နှစ်ညဥ့်သိပ်၍ ငါးချဉ်, အမဲချဉ်, ပုဇွန်ချဉ် ဟု ဆို, ရေတ်, ကြက်သွန်တို့နှင့်မြိန်ရှက်စွာ လူအချို့ စားကုန်၏၊ ရဟန်းတို့အားလည်း လှူကုန်၏။ အချို့ သုံးဆောင်ကုန်၏၊ အချို့ကား "အာမကမံသ"ဟု မသုံးဆောင်ကြကုန်၊ ကိုယ်တိုင်ချက်လျှင် သာမံပက္က အပြစ်လည်း မလွတ်နိုင်ဟု ဆိုကုန်၏။ ဂရုက လဟုကေသု စသည်ဖြင့်လည်း ဉာဏ်အခွင့်ကို ပိတ်ဆို့လျက် ပြီးလွယ်အောင် ဆိုတတ်ကုန်၏၊ ဉာဏ်စီစစ်လျှင်ကား အသားစိမ်းခေါက်ခေါက်ဖြင့်စိမ်သော လောဏ သောဝီရကဆေးကို တနှစ်, နှစ်နှစ်, သုံးနှစ်ခန့် စိမ်သောအခါ ဂိလာနအား လေနာ ပျောက်ဆေး၊ အဂိလာနအား ရေရော၍ အဖျော်ဟု ခွင့်ပြုခြင်းဖြင့် နေ့ရက် အချိန် ကာလအတိုင်း အစိမ်းမှအကျက်သို့, အဖျော်သို့ပင် ကာလိက ရွေ့ပြောင်းပုံကိုရင်း၊ မြက်မီးရှူး လက်မှကျရာမြေ၌ ထင်းပုံ၍ မီးထည့်ကောင်းခြင်း, အပူငွေ့ ရောက်ရာမြေကို ဖျက်ဆီးကောင်းခြင်း ဟူ့ကို အဋ္ဌကထာဆိုခြင်းဖြင့် ဇာတပထဝီသည် အဇာတပထဝီမြေကျက် ဖြစ်လွယ်ပုံကိုရင်း သိအပ်၏။ ထို့ကြောင့် အစာသည် အစိမ်းခေါက်ခေါက် အာမကမံသ မဟုတ်၊ မနပ် တနပ် အသားဟင်း, မကျက်တကျက် ဘဲဥကျော် အလားသာ ဖြစ်၏။ သပိတ်၌ မနပ်သောဆွမ်းကို အငွေ့ဖြင့် နပ်အောင်ဖုံးလျှင် သာမံပက္ကအပြစ်မလွတ်၊ နို့, ယက်တက်တို့ကား တကြိမ်ဆူလျှင် မီးထိုးကောင်းပြီ ဟု အဋ္ဌကထာ ဆိုခြင်းကြောင့် ထိုအစာသည် သာမံပက္က အပြစ်မလွတ်၊ မနပ်တနပ် ဘဲဥကျော်လည်း သာမံပက္က အပြစ် မလွတ်၊ အာမကမံသ အပြစ်မှကား လွတ်သည်၊ ဘီလူးပူး၍ စားသော အသားစိမ်းခေါက်ခေါက် မဟုတ်ဟူ၍သာ ဆုံးဖြတ်အပ်၏။ သို့ရာတွင် သံသယမကင်းသူအား အပ်သည်၌ပင် ဒုက္ကဋ်

သင့်ခြင်းကိုလည်း သတိပြု အပ်ပေသည်၊ ဂရုကလဟုကေသုကို ဖြေးဖြေး စဥ်းစား၍ ဆိုသင့်၏။ (မဟာဝါအရသာ)။

## ၃၈–ဒါယကာ ၄–မျိုး

၂၁၇။ ဝတ်ကားမမူ၊ ဘိတ်ကြားသူ၊ တောင်းယူမပေးအပ်။
၂၁၈။ ဘိတ်ကြား မကြေ၊ ဝတ်ကားကြေ၊ ပေးလေ မတောင်း အပ်။
၂၁၉။ ဘိတ်ကြားသဖြင့်၊ ဝတ်လည်းကျင့်၊ တောင်းသင့် ပေး သင့်မှတ်။
၂၂၀။ ဘိတ်ကြား ကင်းဝေး၊ ဝတ်လည်းဝေး၊ မပေး မတောင်း အပ်။

ဤလက်ာတို့ဖြင့် ကုလဒူသန အနေသနမှ လွတ်ကင်းအောင် ဒါယကာတို့နှင့် ဆက်ဆံနည်း (သို့မဟုတ်) ဒါယကာ လေးမျိုးကို ခွဲပြတော်မူသည်။

ဒါယကာ၄–မျိုး

(၁) ဝေယျာဝစ္စမပြုဘဲ ပစ္စည်းဖြင့်သာ ဘိတ်သော ဒါယကာ တယောက်၊
ဤဒါယကာအား တောင်းသာ တောင်းကောင်းသည်၊ မပေးကောင်း၊

(၂) ပစ္စည်းဖြင့် မဘိတ်ဘဲ ဝေယျာဝစ္စသာပြုသော ဒါယကာ တယောက်၊
ဤဒါယကာအား ပေးသာ ပေးကောင်းသည်၊ မတောင်း ကောင်း၊

(၃) ပစ္စည်းဖြင့် လည်းဘိတ် ဝေယျာဝစ္စလည်း ပြုသော ဒါယကာ တယောက်၊
ဤဒါယကာအား တောင်းလည်းတောင်း ပေးလည်းပေး ကောင်းသည်၊

(၄) ပစ္စည်းဖြင့်လည်း မဘိတ် ဝေယျာဝစ္စလည်း မပြုသော ဒါယကာ တယောက်။
ဤဒါယကာအား တောင်းလည်းမတောင်း ပေးလည်း မပေးကောင်း။

## ၉၉-ဆိုးရည် ၆-မျိုး၌ မအပ် ၉-ခု

၂၂၁။ မြစ်, ပင်, ခေါက်, ရွက်[၄]၊ ပွင့်,သီးစွက်[၂]၊ ခြောက်ချက် ဆိုးရည်ဝယ်။

၂၂၂။ နနွင်းမြစ်နှင့်[၁]၊ ပင်စည်ဆင့်၊ ထန်းကျင့် ပိန္နဲနွယ်[၂]။

၂၂၃။ မဲ,ဒန်းရွက်လှော်[၂]၊ ကြပိုင်ခေါက်၊ အခေါက် ဒေါက် ရပ်ဆွယ်[၂]။

၂၂၄။ ဝတ်ပန်း,ပေါက်ပွင့်[၂]၊ဆိုးရည်နှင့်၊မသင့်ကိုးပါးဖယ်။

ဤလင်္ကာတို့ဖြင့် ရဟန်းများ နွားချေးမြေနီဖြင့်သင်္ကန်းဆိုးကြရာ အဆင်းမကောင်း၍ ဘုရားအားလျှောက်ထားကြသဖြင့်စိဝရက္ခန္ဓက၌ ခွင့်ပြုတော်မူသော ဆိုးရည် ၆-မျိုးကို အပ်,မအပ် ခွဲခြား၍ ပြတော်မူသည်။

ဆိုးရည် ၆-မျိုး။ ။(၁) မြစ်-အမြစ်ဆိုးရည်။ နနွင်းဥမှတပါး သော အမြစ်ဆိုးရည်အပ်သည်၊ နနွင်းဥဆိုးရည်မအပ်။ (၂) ပင်- အပင်ဆိုးရည်။ ထန်းကျင့်ပင်,ပိန္နဲနွယ်ပင်မှတပါးသောအပင်ဆိုးရည် အပ်သည်၊ ထန်ကျင့်နှင့် ပိန္နဲနွယ်ပင် ဆိုးရည်မအပ်။ (၃) ခေါက်- အခေါက်ဆိုးရည်။ ကြပိုင်ခေါက်, ဒေါက်ရပ်ခေါက်မှ တပါးသော အခေါက်ဆိုးရည် အပ်သည်၊ ကြပိုင်ခေါက်, ဒေါက်ရပ်ခေါက် ဆိုးရည်မအပ်။ (၄) ရွက်-အရွက်ဆိုးရည်။ မဲရွက်,ဒန်းရွက်မှ တပါး သော အရွက်ဆိုးရည် အပ်သည်။ မဲရွက်, ဒန်းရွက်ဆိုးရည် မအပ်။ (၅) ပွင့်-အပွင့်ဆိုးရည်။ ဝတ်ပန်းပွင့်, ပေါက်ပွင့်မှ တပါးသော အပွင့်ဆိုးရည် အပ်သည်၊ ဝတ်ပန်းပွင့်, ပေါက်ပွင့်ဆိုးရည် မအပ်။ (၆) သီး-အသီးဆိုးရည်။ အသီး၌မအပ်သော ဆိုးရည်မရှိ၊ ဤကား ဆိုးရည် ၆-ပါးတည်း၊ မအပ် ၉-ခု သိလောက်ပြီ။

## စူဠဝါမှတ်စု

### ၁၀၀-မအပ်သောစားခွက် ၁၁-လုံး

**၂၂၅။ ကြေးဖြူ, စဥ့်ဖန်[၁]၊ ကိုယ်ပိုင်မှန်၊ ကေန်မအပ်စပ်။**
**၂၂၆။ အိုးအုံ့, ဗူးအုံ[၂]၊ ရံခါကြုံ၊ မြဲတုံမအပ်စပ်။**
**၂၂၇။ သစ်သားခွက်ကား[၃]၊ အလျှင်းထား၊ ပယ်ရှားမအပ်စပ်။**
**၂၂၈။ မျက်ရွှဲ, မြ, ရွှေ[၁]၊ ဖလ်စစ်, ငွေ[၂]၊ ကိုင်ချေ မကိုင်အပ်။**

ဤလင်္ကာ ၄-ပုဒ်ဖြင့် ကိုယ်ပိုင် ပုဂ္ဂလိကမအပ်သောခွက် ၃-လုံး ကိုဂုဏ်း၊ အမြဲမအပ် တရံတခါသာ အပ်သောခွက် ၂-လုံးကိုဂုဏ်း၊ အလျှင်းမအပ်သော ခွက်တလုံးကိုဂုဏ်း၊ ကိုင်ရုံမျှ မကိုင်ကောင်းသော ခွက် ၅-လုံးကိုဂုဏ်း ပြတော်မူသည်။

**ကိုယ်ပိုင်မအပ်သောခွက် ၃-လုံး။** ။ကြေးဖြူခွက်၊ စဥ့်ခွက်၊ ဖလ်ခွက်၊ ဤသုံးလုံးကိုယ်ပိုင် ပုဂ္ဂလိကသုံး မအပ်။ သံဃိကသုံး သုံးခြင်းဖြင့်ဂုဏ်း၊ လူတို့ဥစ္စာဖြစ်မှုဂုဏ်း အပ်၏။ ကြေးနီသပိတ်သာ မအပ်၊ ကြေးနီခွက် အပ်၏။ ဖလိကမယ, ကာစမယ, ကံသမယာနိ ပန တဋ္ဋကာဒီနိ ဘာဇနာနိ ပုဂ္ဂလိက ပရိဘောဂေနေဝ န ဝဋ္ဋန္တိ၊ သံဃိကပရိဘောဂေနဝါ ဂိဟိဝိကဋ္ဋာနိဝါ ဝဋ္ဋန္တိ၊ တမ္ဗလောဟ မယောပိ ပတ္တော န ဝဋ္ဋတိ၊ ထာလကံ ပန ဝဋ္ဋတီတိ ဍာဒံ သဗ္ဗ ကုရုန္ဒိယံ ဝုတ္တံ။ (ခုဒ္ဒကဝတ္ထုက္ခန္ဓကအဋ္ဌကထာ)။

**အမြဲမအပ်၊ တရံတခါသာ အပ်သောခွက် ၂-လုံး။** ။အိုးအုံ့, ဗူးအုံ ဤခွက် ၂-လုံးကား အမြဲမအပ်၊ တရံတခါသာ အပ်သည်။ တုမ္ဗ ကဋ္ဋာဟန္တိ လာဗုကဋ္ဋာဟံ ဝုစ္စတိ၊တံ ပရိဟရိတုံ န ဝဋ္ဋတိ၊လဘိတွာ ပန တာဝကာလိကံ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ။ ကဋ္ဋိကဋ္ဋာဟေပိ ဧသေဝ နယော။ (ဂုဏ်းအဋ္ဌကထာ)။

**အလျှင်း မအပ်သောခွက် ၁-လုံး။** ။သစ်သားခွက် တလုံးကား မအပ်၊အလျှင်းပယ်အပ်၏။ အဋ္ဌကထာ၌ သစ်သားခွက်ပယ်သည်ဟု မပြ၊အဋ္ဌကထာ၌ မပယ်ပါဘဲလျက် ခုဒ္ဒသိက္ခာ၌ အဘယ့်ကြောင့် ပယ်သနည်းဟူမူ၊ အာသိတ္တကူပဓာန-အောက်ခံပအုပ်ကို ပယ်ရာ၌

သစ်သားဖြင့် ပြုသော်လည်း မအပ်ဟု အဋ္ဌကထာပယ်သောကြောင့် စားခွက်၌ ဆိုဘွယ်မရှိဟု ပယ်ခြင်းဖြစ်ရာ၏။

**ကိုင်ရုံမျှ မကိုင်ကောင်းသော ခွက် ၅-လုံး။** ။ကြောင်မျက်ရွဲခွက်, မြခွက်,ရွှေခွက်, ဖလ်စစ်ခွက်, ငွေခွက် ဤခွက် ၅-လုံးကား ကိုင်ရုံမျှ မကိုင်အပ်၊ မကိုင်ကောင်း။ လူတို့သည် ဆွမ်းကျွေးရာ၌ ရွှေခွက်, ငွေခွက်စသည်တို့၌ ဟင်းလျာထည့်၍ ကပ်ကုန်အံ့၊ကိုင်ရုံမျှ မကိုင်ကောင်း။ န ဘိက္ခဝေ သောဝဏ္ဏမယော ပတ္တောတိ အာဒိသု သစေပိ ဂိဟိ ဘတ္တဂ္ဂေ သုဝဏ္ဏတဋ္ဋိကာဒိသု ဗျဉ္ဇနံကတွာ ဥပနာမေန္တိ အာမသိတုမ္ပိ နဝဋ္ဋတိ။ (ဌင်း အဋ္ဌကထာ၊ ခုဒ္ဒသိက္ခာဋီကာသစ်)။

နစ ဘိက္ခဝေ ဒါရုပတ္တော ဓာရေတဗ္ဗော၊ ယော ဓာရေယျ၊ အာပတ္တိဒုက္ကဋဿာတိ။ န ဘိက္ခဝေ သောဝဏ္ဏမယော၊ နရူပိယမယော၊ န မဏိမယော၊ န ဝေဠုရိယမယော၊ န ဖလိကမယော၊ န ကံသမယော၊ န ကာစမယော၊ န တိပုမယော၊ န သီသမယော၊ န တမ္ဗလောဟမယော ဓာရေတဗ္ဗော၊ ယောဓာရေယျ၊ အာပတ္တိဒုက္ကဋဿာတိ။ (စူဠဝါခုဒ္ဒကဝတ္ထုက္ခန္ဓက ပါဠိတော်)။

## ၁၀၁-အပ်သောခွက် ၃-လုံး

**၂၂၉။ သံ,ကြေးနီ,မြေ၊ခွက်သုံးထွေ၊စား၊လေအပ်ပေသည်။**

## ၁၀၂-မအပ်သော ကနုတ် ၆-ချောင်း

**၂၃၀။ ကွဲ,ကြမ်း,ဆစ်ဖု၊ဆူးခေါင်းပု၊ကနုမအပ်ပြောက်။**

ကွဲသောကနုတ်၊ ကြမ်းသောကနုတ်၊ အဆစ်အဖုရှိသောကနုတ်၊ ဆူးရှိသောကနုတ်၊အခေါင်းရှိသောကနုတ်၊ ပု-ပုတိ=ပုပ်ဆွေးသော ကနုတ်၊ ဤကနုတ် ၆ -ချောင်း မသုံးကောင်း။

ဇူဆ္ဆာသယ ၄၇၈-၁၈

## ပရိဝါမှတ်စု

## ၁၀၃-ရှိမခိုးအပ်သူ ၂၅-ယောက်

## ၁၂-ယောက်၌ ဒုက္ကဋ်

၂၃၁။ မှောင်မိုက်ထဲဟု[၁]၊ ယာဂုနေရာ[၁]၊ ဆွမ်းနေရာတွင်[၁]၊ ရွာဝင်, လမ်းသွား[၂]၊ တခြားကြံ့တုန်း[၁]၊ အိပ်တုန်း,စား,ခဲ[၃]၊ ပြုဆဲ သီးသီး[၁]၊ ကျောင်းကြီးကိုစွန့်[၁]၊ ကျောင်ငယ်စွန့်မှု[၁]၊ ရန်သူ မုန်းလွယ်[၁]၊ ဆဲ့သုံးသွယ်၊ ရှိခိုးမဖွယ် ဟောသတည်း။

၂၃၂။ မူလာယထိုက်[၁]၊ မာနထိုက်နှင့်[၁]၊ ဗ္ဘာန်ထိုက်, ဝတ်ကျင့်[၂]၊ မာနတ်ကျင့်ရှိ[၁]၊ လဒ္ဓိနာနာ[၁]၊ ကံနာနာလျှင်[၁]၊ နဂ္ဂါ,နဝကာ[၂]၊ နုပသမ္ပန်[၁]၊ ထိ,ပဏ်,ညစ်ထပ်[၂]၊ ဆဲ့နှစ်ရပ်၊ ရှိခိုး ဒုက္ကဋ် ဟောသတည်း။

ဤလင်္ကာ နှစ်ပုဒ်ဖြင့် ပရိဝါပါဠိတော် ဥပါလိပဉ္စက, ကထိနတ္ထာရဝဂ်၌ အရှင်ဥပါလိအား ဟောသော (မသင့်တော်၍ ရှိမခိုးအပ်သူ ၁၃၊ အာပတ်သင့်မည်ဖြစ်၍ ရှိမခိုးအပ်သူ ၁၂) ရှိမခိုးအပ်သူ ၂၅-ယောက်ကို ပြတော်မူ၏။

**မသင့်တော်၍ ရှိမခိုးအပ်သူ ၁၃-ယောက်။** ။(၁) မှောင်မိုက်ထဲ၌ နေသူ။(၂) ယာဂုသောက်နေသူ။(၃)ဆွမ်းစားနေသူ။(၄) ရွာတွင်း ဝင်သူ။(၅) လမ်းမ၌သွားနေသူ။(၆) အာရုံတပါးကိုကြံစည်စိတ်ကူး နေသူ။ (၇)အိပ်နေသူ။ (၈)စားနေဆဲရဟန်း။ (၉)ခဲဘွယ်ခဲနေဆဲ ရဟန်း။(၁၀)အလုပ်ကိစ္စအားထုတ်ဆဲဖြစ်၍ရှိခိုးသည်ကိုနှလုံးမသွင်း နိုင်သူ။ (၁၁) ကျောင်းကြီး စွန့်နေသူ။ (၁၂) ကျောင်းငယ် စွန့်နေသူ။ (၁၃) ရန်သူဖြစ်သော ဝိသဘာဂပုဂ္ဂိုလ်။ ဤ ၁၃-ယောက်အား သာရုပ္ပမဖြစ်သောကြောင့် ရှိမခိုးအပ်ဟုဟောသည်။

**အာပတ်သင့်မည်ဖြစ်၍ရှိမခိုးအပ်သူ ၁၂ယောက်။** ။(၁) ပရိဝတ် နေစဉ်အာပတ်သင့်၍ အရင်းသို့ငင်ထိုက်သူ။ (၂) မာနတ်ထိုက်သူ။ (၃) အဗ္ဘာန် ထိုက်သူ။ (၄) ပရိဝတ် ကျင့်နေသူ။ (၅) မာနတ်

ကျင့်နေသူ။ (၆) ဥက္ခိတ္တက ရဟန်း၏ နောက်လိုက် လဒ္ဓိနာနာ သံဝါသကရဟန်းကြီး အမွေဝါဒီ။ (၇) ဥက္ခိတ္တကကံအပြုခံရသော ကမ္မနာနာသံဝါသက ရဟန်း။ (ဥက္ခေပနီယကံ သုံးခုအပြုခံရသူ ကိုသာ ရှိမခိုးအပ်၊ တဇ္ဇနီယ,နိယဿ,ပဋိသာရဏီယ, ပဗ္ဗာဇနီယကံ အပြုခံရသူ လေးယောက်ကိုကား ရှိခိုးအပ်၏၊ အဋ္ဌကထာ)။ (၈) အဝတ်မပါ၊ ဘလာကိုယ်တည်းနေသူ။ (၉) ရှေး၌ရဟန်း ဖြစ်သူသည် နောက်မှ ရဟန်းဖြစ်သူကို။ (၁၀) ရဟန်းမဟုတ်သူ။ (၁၁) မာတုဂါမ။ (၁၂) ပဏ္ဍုက်။ ဤတကျိပ်နှစ်ယောက်ကို ရှိခိုးသောရဟန်း ဒုက္ကဋ်ဟု ဟောတော်မူသည်။

## ၁၀၄–ရှိခိုးအပ်သူ ၅–ဦး

**၂၃၃။ ဘုရားမြတ်စွာ ၊ ဥပဇ္ဈာနှင့် ၊ ဆရာငါးခင်း ၊ သီတင်းကြီးဘိ ၊ လဒ္ဓိမညီ၊ ဝါဒီဓမ္မ၊ ဝုဍ္ဍတ၊ ရှိခိုးပဉ္စ ဟောသတည်း။**

ဤလက်ာဖြင့်ပရိဝါပါဠိတော် ဥပါလိပဉ္စက ကထိနတ္ထာရဝဂ်၌ အရှင်ဥပါလိ လျှောက်၍ဟောတော်မူသော ဝန္ဒိယ (ရှိခိုးအပ်သူ) ငါးဦးကို ပြတော်မူ၏။

ရှိခိုးအပ်သူ ၅–ဦး။ ။ (၁) ဘုရားမြတ်စွာ-မြတ်စွာ ဘုရား။ (၂) ဥပဇ္ဈာနှင့်-ဥပဇ္ဈာယ်။ (၃) ဆရာငါးခင်း-ပဗ္ဗဇ္ဇာစရိယ၊ ရှင်ပြု ပေးသောဆရာ။ ဥပသမ္ပဒါစရိယ၊ ရဟန်းပြုပေးသော ကမ္မဝါစာ ဆရာ။ နိဿယာစရိယ၊ မှီခို၍နေရာ နိဿယည်းဆရာ။ ဥဒ္ဒေသာ စရိယ၊ စာသင်ပေးသော ဓမ္မာစရိယ။ ဩဝါဒါစရိယ၊ ဆုံးမသော ဆရာ။(၄)သီတင်းကြီးဘိ-သီတင်းကြီးရဟန်း။ (၅) လဒ္ဓိမညီ၊ ဝါဒီဓမ္မ၊ ဝုဍ္ဍတ-ဓမ္မကို ဆိုလေ့ရှိသော သီတင်းကြီးသော နာနာသံဝါသက ရဟန်း။ (နာနာသံဝါသကော ဝုဍ္ဍတရော ဓမ္မဝါဒီ ဝန္ဒိယော ပါဠိတော်)။ ရှိခိုးပဉ္စဟောသတည်း–ချစ်သား ဥပါလိ ဤငါးဦးတို့ကို ရှိခိုးအပ်,ရှိခိုးထိုက်၏ဟု ဟောတော်မူသည်။

**အဓိပ္ပါယ်။** ။ရှိခိုးအပ်သူတို့တွင် ဥဒ္ဒေသာစရိယ၊ နိဿယာစရိယ ဤဆရာနှစ်ပါးသည် မိမိအောက်ငယ်သူတို့လည်းဖြစ်တတ်၏၊ ကြီးသူတို့လည်း ဖြစ်တတ်၏၊ ထို့ကြောင့် ထိုဆရာနှစ်ပါးတို့သည် သိတင်းကြီးတို့ဖြစ်ပါမှ ရှိခိုးအပ်ကုန်၏ဟု ဝိမတိ၌ဆို၏။ ဤအရာ၌ ဆရာအား ဝါငယ်သော်လည်း ရှိခိုးကောင်းသည်ဟု အယူရှိတတ်ကြ၏၊ ငယ်သောနိဿယည်း-ဆရာထံ၌ နိဿယည်း ယူသောအခါ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ဟု မဟာဝါအဋ္ဌကထာ၌ အဆိုရှိ၏၊ ဤစကားအရ လက်အုပ်ချီခြင်းသည် ရှိခိုးခြင်း မဟုတ်သေး၊ အစိတ် အင်္ဂါမျှသာဟု သိရ၏။ ထို့ကြောင့် ဥဘတော ပက္ခိက (နှစ်ဘာသာကြိုက်သူ) တို့သည် ဘုရားရှင်ကို လက်အုပ်ချီကြသည်၊ ရှိမခိုးကြ၊ ဘာသာဆိုင်ရာ ပုဂ္ဂိုလ်တို့ကမေးလျှင် လက်အုပ်ချီရုံဖြင့် ရှိခိုးခြင်း ဖြစ်သလော ဟူ၍၎င်း၊ ဦးခေါင်း မြေမထိသော်လည်း လက်အုပ်ချီခြင်းသည် ရှိခိုးခြင်း မဟုတ်လောဟူ၍၎င်း လူကဲကြည့်၍ ဖြေဆိုကြ၏။

## ၁၀၅-ပဥ္စပတိဋ္ဌိတ ၅-ပါး

**၂၃၄။ ကိုယ်ရုံစမွယ်၊ ချီရွယ်လက်အုပ်၊နယ်ဆုပ်ခြေစုံ၊ကြည်ယုံမြတ်နိုး၊ညွတ်ရိုကျိုး၊ ရှိခိုးငါးတည်ဟောသတည်း။**

ဤလက်ာဖြင့် ဥပါလိအား ဟောသောပဥ္စပတိဋ္ဌိတ ၅-ပါးကို ပြတော်မူ၏။

**ပဥ္စပတိဋ္ဌိတ ၅-ပါး။** ။ချစ်သား ဥပါလိ သိတင်းကြီးရဟန်း၏ ခြေတို့ကို ရှိခိုးသော သိတင်းငယ်ရဟန်းသည် လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ရုံကိုတင်၍- (ဤကား ကိုယ်ရုံစမွယ်) လက်အုပ်ချီ၍ (ဤကား ချီရွယ်လက်အုပ်) လက်ဝါးပြင်နှစ်ဘက်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်သဖြင့် (ဤကား ဆုပ်နယ်ခြေစုံ) ချစ်ခင်ကြည်ညို ခြင်း ပေမကို၎င်း (ဤကား ယုံကြည်မြတ်နိုး) ရိုသေ လေးမြတ်ခြင်း ဂါရဝကို၎င်း အဇ္ဈတ္တသန္တာန်၌ဖြစ်၍ (ဤကား ညွတ်ရိုကျိုး) ရှိခိုးအပ်၏ဟု ဟောတော်မူသည်။

**ဝိနယာလင်္ကာရ ဋီကာ**။ ။ဥပါလိအား ဟောသော အရာ၌ မြတ်စွာဘုရားသည် ဥပါလိအား ရှိခိုးနည်းကိုလည်း ဟော၏။ ပဉ္စပတိဋ္ဌိတေနဝန္ဒိတ္ဗာပါဠ်၌–ပဉ္စပတိဋ္ဌိတသရုပ်ကိုလည်း ဟော၏။ ရှိခိုးနည်း ဟောပုံ သီတင်းကြီး၏ခြေတို့ကို ရှိခိုးသော ရဟန်းသည် ပခုံးနှစ်ဘက်ဖွင့်၍လည်း ရှိမခိုးအပ်။ ပခုံးနှစ်ဘက်ခြုံ၍လည်း ရှိမခိုးအပ်။ ပခုံးတဘက်၌ ကိုယ်ရုံကိုတင်၍ရှိခိုးအပ်၏။ ဤစကားရပ်ဖြင့် နှစ်ထပ်သင်္ကန်းကို ပခုံးတဘက်၌ တင်ခြင်း မတင်ခြင်းသည် အပြစ်မရှိဟု ပြသည်။ ။လက်သီးဆယ်ခု, ပေါင်းမုအရောင်းတောက်ပြောင်သော လက်အုပ်ကိုချီလျက်သာ ရှိခိုးအပ်၏၊လက်ဝါ, ပြင်ကိုပြခြင်း, လက်သီးဆုပ်ကို ပြခြင်း စသည်ဖြင့် ရှိမခိုးအပ်။ ။ လက်တဘက်ဖြင့်ၚင်း, သင်္ကန်းစွန်းထိကာမျှ စသည်ဖြင့်ၚင်း ရှိမခိုးအပ်၊ နှစ်ဘက်သောလက်ဝါးပြင်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်၍ ရှိခိုးအပ်၏။ ။ဤသို့ရှိခိုးသော အခါလည်း ဖြစ်မှားသောစိတ်ကိုၚင်း, မရိုသေခြင်းကိုၚင်း, ဖြစ်စေ၍ ရှိခိုးရသည်မဟုတ်၊ ချစ်ခင်မြတ်နိုးခြင်းကိုၚင်း ရိုသေ လေးမြတ် ခြင်းကိုၚင်း ဖြစ်စေ၍ ရှိခိုးအပ်၏။ ဤသို့ရှိခိုးနည်းကို ဟောသည်။

**ပဉ္စပတိဋ္ဌိတသရုပ် ဟောပုံ**။ ။ပခုံးတဘက်၌ ကိုယ်ရုံကို တင်၍ တပါး။ လက်အုပ်ကိုချီ၍တပါး၊နှစ်ဘက်သော လက်ဝါးပြင် တို့ဖြင့် ခြေတို့ကိုဆုပ်နယ်၍တပါး၊ ချစ်ခင်မြတ်နိုးခြင်းကို ဖြစ်စေ၍ တပါး၊ ရိုသေလေးမြတ်ခြင်းကိုဖြစ်စေ၍ တပါး။ ဤသို့ ပဉ္စပတိဋ္ဌိတသရုပ်ကိုလည်းဟောသည်။ ထို့ကြောင့် ''အဗ္ဘုတ္တံ ပဉ္စမေဝ ဥပဋ္ဌာပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ''ဟု ဟောတော်မူသည် ဟု ဝိနယာလင်္ကာရဋီကာ၌ ဆိုသည်။

တနည်း။ ။ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌ ပဉ္စပတိဋ္ဌိတေနာတိ ဒွိဇာဏု ဒွိဟတ္ထ နလာဋေဟိ ပဉ္စပတိဋ္ဌိတံ ကတွာ ဟု ဆိုသောကြောင့် ဒူးနှစ်ဘက်, လက်နှစ်ဘက်, နဖူး၊ ဤငါးပါးကို ပဉ္စပတိဋ္ဌိတဝန္ဒနာဟု ခေါ်ကြ၏။(ဒူး, လက်လေးလီ၊ နဖူးညီ၊ ငါးတည်မြေ၌ ရှိခိုးတည်း)။

မှတ်ဘွယ်။ ။ဘိက္ခုနီပါစိတ် ဘိက္ခုနောဝါဒဝဂ်, တေရသကဏ် ဋီကာ၌ "အဋ္ဌောဂါမေဝါတိ အာဒိသု ယတ္ထ ပဉ္စအင်္ဂါနိ ဘူမိယံ ပတိဋ္ဌာပေတွာ ဝန္ဒိတုံ နသက္ကာဟောတိ၊ တတ္ထ ဌိတာယ ဧဝ ကာယံ ပုရတော နာမေတွာ ဝန္ဒာမိ အယျာတိ အဉ္ဇလိံ ပဂ္ဂယှ ဂန္တုံပိ ဝဋ္ဋတိ" ဟု ဆိုသည်ကို ထောက်၍ ဝိနယာလင်္ကာရဋီကာလာ အင်္ဂါငါးပါးကို အနီး၌ တည်လျက် ရှိခိုးသောအရာ၌သုံး၍ ပဋိသမ္ဘိဒါမဂ်လာ အင်္ဂါ ငါးပါးကို ရွာတွင်း၌ လမ်း၌ ရှိခိုးရာ၌ သုံးလျှင်သင့်တော်လိမ့်မည် ဟု ထင်ပေသည်။

## ဝိသုဒ္ဓိမဂ်မှတ်စု

### ၁၀၆-ချစ်ကျွမ်းဝင်၍ ဆွမ်းမခံအပ်သောအိမ် ၆-အိမ်

**၂၃၅။ သုရာသောက်ထုတ်၊ သေတင်းကုတ်[၁]၊ ပဏ္ဍုက်, ဘိက္ခုမ[၂]။**

**၂၃၆။ ပျိုကြီးဂေဟာ[၁]၊ ပြည့်တန်ဆာ[၁]၊ လင်ကွာမုဆိုးမ[၁]။**

**၂၃၇။ ဤခြောက်အိမ်တွင်၊ ကျွမ်းတဝင်း၊ ဆွမ်းလျှင်မခံရ။**

ဝိသုဒ္ဓိမဂ် ပါတိမောက္ခသံဝရသီလအဖွင့်- အာစာရ ဂေါစရ သမ္ပန္နော၌ ဂေါစရ အရကို ဂေါစရ အဂေါစရ နှစ်မျိုးခွဲသည်၊ ထိုတွင် အဂေါစရအရ ဆွမ်းမခံအပ်သောအိမ် ၆-အိမ်ကို ဤလင်္ကာဖြင့် ပြတော်မူသည်။

အိမ် ၆-အိမ်။ ။(၁) သေတင်းကုတ် အရက်ဆိုင်။ (၂) ပဏ္ဍုက် အိမ်။ (၃) ဘိက္ခုနီမ ကျောင်း။ (၄) အပျိုကြီး အိမ်။ (၅) ပြည့်တန်ဆာမ အိမ်။ (၆) မုဆိုးမအိမ် ဤခြောက်အိမ်၌ အကျွမ်းတဝင်ပြု၍ အမြဲဆွမ်းမခံအပ် ဟု အဋ္ဌကထာ၌ဆိုသည်။

### ၁၀၇-ပရိဘောဂ ၄-ပါး

**၂၃၈။ ထေယျ, ဣဏ[၂]၊ ဒါယဇ္ဇနှင့်[၁]၊ ပိုင်လှသာမိ[၁]၊ လေးခုရှိ၊ ပရိဘောဂတည်း။**

ဤလင်္ကာဖြင့်ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ပါရာဇိကကဏ်အဋ္ဌကထာရူပိယသိက္ခာပုဒ်အဖွင့်တို့၌လာသော ပရိဘောဂ လေးပါးကိုပြတော်မူ၏။

**ပရိဘောဂ ၄-ပါး။** ။(၁) ထေယျ-ထေယျပရိဘောဂ၊ သံဃာအလယ်၌နေ၍ ပစ္စည်းလေးပါးကို သုံးဆောင်သော ဒုဿီလပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် ထေယျပရိဘောဂ မည်၏။ (အဋ္ဌကထာ)။ ဘာကြောင့်နည်း။ ဘုရားရှင်သည် မိမိ၏သာသနာ၌ သီလရှိသူအားသာ ပစ္စည်းလေးပါးကိုခွင့်ပြုအပ်၏၊ သီလမရှိသော ဒုဿီလအား ခွင့်မပြု၊ ဒါယကာတို့ကလည်း အကျိုးများလို၍ သီလရှိသူအားသာစွန့်ကြဲလှူဒါန်း၏၊ ဒုဿီလအား မလှူ၊ ဤသို့ ဘုရားကလည်း ခွင့်မပြု၊ ဒါယကာ တို့ကလည်း မလှူသောကြောင့် ဒုဿီလ၏ သုံးဆောင်ခြင်းသည် ထေယျပရိဘောဂ မည်၏။ (တေရသကဏ္ဍဋီကာ)။

(၂) ဣဏ-ဣဏပရိဘောဂ၊သီလရှိသောရဟန်း၏ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ဣဏ ပရိဘောဂ မည်၏။ (အဋ္ဌကထာ)။ ဘာ့ကြောင့်နည်း အလှူခံဘက်မှ ဒက္ခိဏဝိသုဒ္ဓိ မဖြစ်သဖြင့် ကြွေးယူ၍ သုံးဆောင်သည်နှင့် တူသောကြောင့်တည်း။ (တေရသကဏ်)။ ဘုရား ခွင့်ပြုတော်မူသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းကြောင့် ဣဏပရိဘောဂ မည်၏။ (ဝိဓတိ)။ ထို့ကြောင့် သင်္ကန်းကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်ရသည်။ ဆွမ်းကို ဆွမ်းလုပ်တိုင်း ဆွမ်းလုပ် တိုင်း ဆင်ခြင်ရသည်၊ မတတ်နိုင်လျှင် မွန်းမတည့်မီ၊ မွန်းတည့်ပြီးနောက် ညဉ့်ဦးယာမ်၊ သန်းခေါင်ယာမ်၊ ပစ္ဆိမယာမ်တို့၌ တနေ့ လေးကြိမ်,သုံးကြိမ်,နှစ်ကြိမ်,တကြိမ်ဖြစ်စေဆင်ခြင်ရသည်၊ မဆင်ခြင်ဘဲ အရုဏ်တက်အံ့ဣဏပရိဘောဂအရာ၌တည်၏။ကျောင်းကိုလည်း သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်ရသည်။ ဆေးကိုခံသော အခါ သုံးဆောင်သောအခါ ဆင်ခြင်မှသာ အပ်၏။ ဤသို့နှစ်ပါးသောအခါ၌ ဆင်ခြင်သင့်သော်လည်း ခံသောအခါ သတိပြု၍၊ သုံးဆောင်သောအခါ သတိမပြုသောရဟန်းအားသာ အာပတ် သင့်၏။ ခံသောအခါ သတိမပြုဘဲ သုံးဆောင်သောအခါ သတိ ပြုသောရဟန်းအားမသင့်။ (ဝိသုဒ္ဓိမဂ်)။

(၃) ဒါယဇ္ဇနှင့်-ဒါယဇ္ဇပရိဘောဂ၊ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ပစ္စည်းလေးပါးကို အမွေခံအဖြစ်ဖြင့် သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏။ ဘုရားရှင်သည် အဘနှင့်တူ၏၊ ပစ္စည်းလေးပါးသည် ဘုရား၏ဥစ္စာနှင့်တူ၏။ သေက္ခ ၇-ယောက်သည် ဘုရား၏သားတော်နှင့်တူ၏။ ဘ,ဘုရား၏ ဥစ္စာဖြစ်သော ပစ္စည်းလေးပါးကို သားတော်သေက္ခ ၇-ယောက်တို့ သုံးစားကြ၏ဟု ဆိုလိုသည်။ သေက္ခ ၇-ယောက်တို့သည် ဘုရားပစ္စည်းကိုသုံးစားကြသလော၊ သို့မဟုတ် လူတို့လှူသောပစ္စည်းကို သုံးစားကြသလောဟု မေးလျှင် လူတို့လှူသောပစ္စည်းမှန်ပါ၏၊မှန်သော်လည်းဘုရားခွင့်ပြု၍ လှူသောပစ္စည်း ဖြစ်သောကြောင့် ဘုရား၏ပစ္စည်းကို သုံးစားသည် မည်ပါသည်ဟု ဖြေအပ်၏။ (ရူပိယသိက္ခာပုဒ်အဋ္ဌကထာ)။

(၄) ပိုင်လှသာမိ- သာမိပရိဘောဂ၊ ရဟန္တာတို့၏ ပစ္စည်းလေးပါးကို အရှင်သခင်အဖြစ်ဖြင့် သုံးဆောင်ခြင်းသည် သာမိပရိဘောဂ မည်၏။ ရာဂမကင်းသူကို တဏှာအုပ်ချုပ်၏။ ရာဂမကင်းသူကား ကျွန်နှင့်တူ၏။ တဏှာကား သခင်နှင့်တူ၏။ ရာဂကင်းသူကို တဏှာ မအုပ်ချုပ်နိုင်၊ ကိုယ်ပိုင်အုပ်ချုပ်သောအရှင်ဖြစ်၏။ ထို့ကြောင့် ရဟန္တာအရှင်မြတ်တို့သည် စက်ဆုပ်ရွံရှာဘွယ်ကို ရွံရှာဘွယ် မဟုတ်သောအားဖြင့်၎င်း၊ စက်ဆုတ် ရွံရှာဘွယ်မရှိသည်ကိုလည်း စက်ဆုပ်ရွံရှာဘွယ်အားဖြင့်၎င်း၊ ရွံရှာဘွယ် ရှိ-မရှိ နှစ်မျိုးလုံးကိုလည်း ရှောင်လွဲ၍ လျစ်လျူရှုသော အားဖြင့်၎င်း သုံးဆောင်နိုင်ကုန်၏၊ ဒါယကာတို့၏ စိတ်နှလုံးအလိုကိုလည်း ပြည့်စေနိုင်ကုန်၏။ (အဋ္ဌကထာ)။

**၁၀၈-သုဒ္ဓိ ၄-ပါး**

၂၃၉။ သီလလေးဖြာ၊ ပါ,ဋ္ဌ,အာ၊ စွယာသန္တိ။
၂၄၀။ အပြစ်ကားလေး၊ ပတ်,ကိလေး၊ သက်မွေး ကြေးတင်ဘိ။
၂၄၁၊ သုဒ္ဓိလေးဝ၊ ဒေ,သံ,ပ၊ ပစ္စဝေက္ခဏာ။
၂၄၂။ ပြခန်းလေးရှိ၊ ဒွါ,သတိ၊ ဝီရိ ပညာသာ။

ဤလက်ာလေးပုဒ်တို့တွင် ပဌမလက်ာဖြင့် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဟူသော သီလလေးပါးကိုရင်း၊ ဒုတိယဖြင့် အာပတ်သင့်ခြင်းအပြစ်၊ ကိလေသာ နှိပ်စက်ခံရခြင်းအပြစ်၊ အသက်မွေး မစင်ကြယ်ခြင်းအပြစ်၊ ကြွေးတင်ခြင်းအပြစ် ဟူသော အပြစ်လေးပါးကိုရင်း တတိယဖြင့် ဒေသနာသုဒ္ဓိ၊ သံဝရသုဒ္ဓိ၊ ပါရိယေဋ္ဌိသုဒ္ဓိ၊ပစ္စဝေက္ခဏာသုဒ္ဓိဟူသော သုဒ္ဓိလေးပါး ကိုရင်း။ စတုတ္ထ ဖြင့် သဒ္ဓါပြခါန်း၊ သတိပြခါန်း၊ ဝီရိယပြခါန်း၊ ပညာပြခါန်းဟူသော ပြခါန်းခြင်းလေးပါးကိုရင်း ပြတော်မူ၏။

အစဉ်အတိုင်းတွဲစပ်လျှင် အောက်ဇယားပုံအတိုင်းဖြစ်၏။

ဇယားပုံ

| သီလ ၄-ပါး | အပြစ် ၄-ပါး | သုဒ္ဓိ၄-ပါး | ပြခါန်း ၄-ပါး |
|---|---|---|---|
| ပါတိမောက္ခ သံဝရသီလ | အာပတ်သင့်ခြင်း အပြစ် | ဒေသနာသုဒ္ဓိ | သဒ္ဓါပြခါန်း |
| ဣန္ဒြိယသံဝရ သီလ | ကိလေသာ နှိပ်စက်ပြစ် | သံဝရသုဒ္ဓိ | သတိပြခါန်း |
| အာဇီဝ ပါရိ သုဒ္ဓိ သီလ | အသက်မွေး မစင်ကြယ်ပြစ် | ပါရိယေဋ္ဌိ သုဒ္ဓိ | ဝီရိယပြခါန်း |
| ပစ္စယသန္နိဿိ တ သီလ | ကြွေးတင်ပြစ် | ပစ္စဝေက္ခဏာ သုဒ္ဓိ | ပညာပြခါန်း |

အဓိပ္ပါယ်—

၁။ ပါတိမောက္ခသံဝရသီလကို မလွန်ကျူးရ၊ လွန်ကျူးလျှင် အာပတ်သင့်သည်၊ ဒေသနာကြားခြင်းဖြင့် စင်ကြယ်သည်၊ သဒ္ဓါပြခါန်း၍ ယုံကြည်သူမှ စင်ကြယ်အောင် တတ်နိုင်သည်။

၂။ ဣန္ဒြိယသံဝရသီလကို လုံခြုံစေရမည်၊မလုံလျှင် ကိလေသာ နှိပ်စက်သည်၊ စောင့်စည်းခြင်း သံဝရသုဒ္ဓိဖြင့် စင်ကြယ်သည်၊သတိ ပြဓာန်း၍ သတိထားသူမှ စင်ကြယ်အောင် တတ်နိုင်သည်။

၃။ အာဇီဝပါရိသုဒ္ဓိသီလကို စင်ကြယ်စေရသည်၊ မစင်ကြယ် လျှင် အသက်မွေးယုတ်ညံ့သည်၊ပစ္စည်းရှာခြင်း ပါရိယေဋ္ဌိသုဒ္ဓိဖြင့် စင်ကြယ်သည်။ ဝိရိယပြဓာန်း၍ ဆွမ်းခံခြင်းစသည်၌ ဝိရိယရှိသူမှ စင်ကြယ်အောင် တတ်နိုင်သည်။

၄။ ပစ္စယသန္နိဿိတ သီလကို ပစ္စဝေက္ခဏာ ဆင်ခြင်ရသည်၊ မဆင်ခြင်လျှင် ဣဏပရိဘောဂ ကြွေးတင်မှုဖြစ်သည်၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာသုဒ္ဓိဖြင့် စင်ကြယ်သည်၊ ပညာပြဓာန်း၍ ပညာဖြင့် ဆင်ခြင်သူမှစင်ကြယ်အောင် တတ်နိုင်သည်။

## ၁၀၉–သီလကျိုး,ပေါက်,ကျား,ပြောက်

၂၄၃။ စဆုံးနှစ်ရပ်၊ ပျက်စီးလတ်၊ ကျိုးပြတ်ခေါ်ခဏ္ဍ။

၂၄၄။ အလယ်အတွင်း၊ ပျက်စီးခြင်း၊ ပေါက်ထွင်း မည်ဆိဒ္ဒ။

၂၄၅။ ခဉ်တိုင်းအများ၊ ပျက်စီးငြား၊ ကြောင်ကျား သဗလ။

၂၄၆။ အကြား ကြားကွက်၊ ပျက်စီးလျက်၊ ပြောက်ကွက် ကမ္မာသ။

ဝိသုဒ္ဓိမဂ်,သီလနိဒ္ဒေသ၌ ကောစသ သံကိလေသော ဟူသော ပုစ္ဆာကို ကျိုးပြတ်ခြင်း စသည်သည် သီလ ညစ်ညူးကြောင်း သံကိလေသမည်၏ဟု ဖြေ၍ ။တဖန် ထိုကျိုးပြတ်ခြင်း စသည်ကို လာဘ,ယသ,ဉာတိအင်္ဂ,ဇီဝိတစသည်အကြောင်းရှိသော ပျက်ခြင်း ဖြင့်၎င်း၊မေထုန်ငယ် ခုနစ်ပါးဖြင့်၎င်း ရေတွက်ရမည်ဟု ချဲ့ပြန်၏။ ထိုနှစ်ပါးတို့တွင် လာဘ,ယသစသည်ကြောင့် ပျက်သောသီလ၏ ကျိုး,ပေါက်,ကျား,ပြောက်ခြင်းကို ဤလင်္ကာဖြင့် ပြတော်မူသည်။ (မေထုန်ငယ်ခုနစ်ပါးကို နောက်လင်္ကာဖြင့် ပြလတ္တံ့)။

အဓိပ္ပါယ်။ ။(၁) ခုနစ်ပါးသော အာပတ် အစုတို့၌ အစ သိက္ခာပုဒ်,အဆုံးသိက္ခာပုဒ် ပျက်လျှင် ခဏ္ဍ (ကျိုးပြတ်သည်)မည်၏။

စုတ်သော ပုဆိုးနှင့်တူ၏။ (၂) အလယ်သိက္ခာပုဒ်ပျက်လျှင် ဆိဒ္ဒ (ပေါက်ထွင်းသည်) မည်၏။ပေါက်သော ပုဆိုးနှင့်တူ၏။(၃)အစဉ်အတိုင်း နှစ်ခု,သုံးခုပျက်လျှင် သဗလ (ကြောင်ကျားသည်) မည်၏။ ကျောက်ကုန်း, ဝမ်းဗိုက် ကြောင်ကျားသော နွားနှင့် တူ၏။ (၄) အကြားအကြား သိက္ခာပုဒ်ပျက်လျှင် ကမ္မာသ (ပြောက်ကွက်သည်)မည်၏။ အဆင်းမျိုးစုံ အပြောက်အကွက်တို့ဖြင့် ဆန်းကြယ်သော နွားနှင့်တူ၏။

## ၁၁၀-မေထုန်ငယ် ၇-ပါး

၂၄၇။ ရှဉ်းစုံမကပ်၊ ပွတ်သပ်မကျူး၊ ရယ်မြူးမရှိ၊ မျက်စိမဆုံ၊
သံမျိုးစုံပစ်၊ ရှေးဖြစ်မကြံ၊ မောင်နှံငုံ့ရှောင်၊ နတ်ဘောင်
မရွယ်၊ဤရှစ်သွယ်၊လွတ်ဘွယ် မေထုန်တည်း။

ဤလင်္ကာဖြင့် သီလညစ်ညူးကြောင်း မေထုန်ငယ် ခုနစ်ပါးကို ပြတော်မူ၏။အဓိပ္ပါယ်ကို သတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်, မဟာယည၀ဂ်, သတ္တမ မေထုနသညာသုတ်ဖြင့် ယှဉ်တွဲပြပေအံ့။

မေထုနသညာသုတ်။ ။(၁) ဇာဏုသောဏိပုဏ္ဏား-ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် အကျင့်မြတ်ကို ကျင့်၏ဟုဝန်ခံသည် ဖြစ်ပါလျက် မာတုဂါမနှင့် အတူတကွ နှစ်ယောက်အစုံ, တင်ခြင်း ဆုံသော မေထုန်အကျင့်သို့ကား မရောက်၊ ထိုသို့ မရောက်သော်လည်း မာတုဂါမ၏ နှံ့သာစသည် လိမ်းပေးခြင်း, ပွတ်သပ်ခြင်း, ဆုပ်နယ်ခြင်း, ရေချိုးခြင်း, သုံးသပ်ခြင်းကို သာယာ၏၊ နှစ်သက်၏၊ အလိုရှိ၏၊ အိုပုဏ္ဏား-ဤသို့ သာယာခြင်းသည် အကျင့် မြတ်၏ ကျိုးခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်းဖြစ်၏။ အိုပုဏ္ဏား ဤသာယာခြင်း စသည်ကို မစင်ကြယ်သော အကျင့် မေထုန်နှင့် ယှဉ်သောအကျင့်ရှိသူဟု ဆိုအပ်သောကြောင့် ဇာတိ,ဇရာ,မရဏမှ မလွတ်ဟု ငါဘုရား ဟောတော်မူ၏။ (ဤကား ရှဉ်းစုံကပ်၊ ပွတ်သတ်ကျူးတည်း)။

ရန္တာသယ ၄၇၈-၁၉

(၂) မာတုဂါမနှင့် အတူတကွ ကိလေသာ ကလိ၍ တခိခိ ရယ်၏၊ကိုယ်လက်ထိပါး ကစား၏၊မာတုဂါမကို ပြောင်လှောင် မြူးတူးလျက်နေ၏။ (ဤကား ရယ်မြူးရှိတည်း)။

(၃) မာတုဂါမ၏မျက်စိကို မိမိမျက်စိဖြင့်တစိမ့်စိမ့်စိုက်ကြည့်၏။ ချောင်းမြောင်းကြည့်၏။ ကြည့်ရှုရခြင်းကို သာယာ၏။ (ဤကား မျက်စိဆုံတည်း)။

(၄) နံရံတဘက်, တံတိုင်းတဘက်၌ မာတုဂါမ၏ ရယ်သံ, စကားပြောသံ, သီချင်းဆိုသံ, ငိုသံကိုသာယာ၏။ (ဤကား သံမျိုးစုံ မပစ်တည်း)။

(၅) ရှေးက မာတုဂါမနှင့်အတူတကွ ရယ်ရွှင်ဘူး,ပြောဆိုဘူး ကစားမြူးတူးဘူးသည်ကို သာယာ၏။ (ဤကား ရှေးဖြစ်ကြံတည်း)။

(၆) ကာမဂုဏ် ငါးပါးတို့ဖြင့် မွေ့လျော် စမွယ်သောသူကြွယ် ကိုငင်း, သူကြွယ်သားကိုငင်း မြင်၍ ထိုသူတို့ ကာမဂုဏ်ခံစားသည် ကို သာယာ၏။ (ဤကား မောင်နှံငုံ့မရှောင်တည်း)။

(၇) တပါးပါးသောနတ်မျိုး၌ဖြစ်ခြင်းကိုသာယာ၏၊သာယာပုံ ငါသည် ဤသီလ,ဤအကျင့်,ဤ ခြိုးခြံခြင်း,ဤမြတ်သော အကျင့်ဖြင့် နတ်တို့တွင် တမျိုးမျိုးဖြစ်ရလို၏ဟု တောင့်တ၏၊ သာယာ၏။ (ဤကား နတ်ဘောင်ရွယ်တည်း)။ ဇာဏုသောဏိပုဏ္ဏား-ဤသို့ သာယာခြင်းသည် အကျင့်မြတ်၏ ကျိုးခြင်း,ပေါက်ခြင်း,ကျားခြင်း, ပြောက်ခြင်း မည်၏-ဟု ဟောတော်မူ၏။ (မေထုန်ငယ် မလွတ်ခြင်း ၌ ၇-ပါး၊ လွတ်ခြင်း၌ ၈-ပါးဟောသည်။ လွတ်ခြင်း၌ ရှင်းစုံမကာပ် တပါး၊ ပွတ်သပ်မကျူးတပါးခွဲ၍ ၈-ပါးဖြစ်၏)။

## ၁၁၁-ဓုတင် ၁၃-ပါး

**၂၄၈။ ပံ,တေ, ပိဏ်,သပ်၊ ဧ,ပတ်,ခ,အာ၊ ရုက်,အဗ်,သာ၊ ယထာ,နေ ဆွဲသုံး။**

ဓုတင် ၁၃-ပါး။ ။(၁) ပံ-ပံသုကူလိကင်္ဂဓုတင်။ (၂) တေ-တေစီဝရိကင်္ဂဓုတင်။ (၃) ပိဏ်-ပိဏ္ဍပါတိကင်္ဂဓုတင်။ (၄) သပ်-

သပ္ပဒါနစာရိကင်္ဂဓုတင်။ (၅) ဧ-ဧကာသနိကင်္ဂဓုတင်။ (၆) ပတ်-ပတ္တပိဏ္ဍိကင်္ဂဓုတင်။ (၇) ခ-ခလုပစ္ဆာဘတ္တိကင်္ဂဓုတင်။ (၈) အာ-အာရညိကင်္ဂဓုတင်။ (၉) ရုက်-ရုက္ခမူလိကင်္ဂဓုတင်။ (၁၀) အဗ်-အဗ္ဘောကာသိကင်္ဂဓုတင်။ (၁၁) သာ-သောသာနိကင်္ဂဓုတင်။ (၁၂) ယထာ-ယထာသန္ထတိကင်္ဂဓုတင်။ (၁၃) နေ-နေသဇ္ဇိကင်္ဂဓုတင်။

ဘုရားရှင်သည် "လာဘ်များခြင်း စသော လောကာမိသဟူသမျှကို စွန့်လွှတ်၍ ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ နိဗ္ဗာန်နှင့်လျော်သော အကျင့်ကိုသာ အလိုရှိသော အမျိုးကောင်းသားတို့အား" ၁၃-ပါးသောဓုတင်ကို ခွင့်ပြုတော်မူသည်။

## ၁၁၂-ပံသုကူကောက်ရာဌာန ၂၃-ပါး

၂၄၉။ သုသာန်,ဈေးတန်း၊ လှည်းကြီးလမ်း၊ လူလမ်းမှိုက်ပုံပါ[၅]။
၂၅၀။ ကိုယ်ဝန်ညစ်ပေ၊ ဘုတ်ချီးရေ၊ စွန့်လေချီးဆိပ်မှာ[၃]။
၂၅၁။ မီးလောင်,နွားဝါး၊ ကြွက်ကိုက်ထား၊ ခြစား,ပြတ်,စွန်းသာ[၆]။
၂၅၂။ တောင်ပို့,လေယူ၊ ရဟန်းလူ၊နတ်လူ,တံခွန်လွှာ[၅]။
၂၅၃။ သုသာန်ပြန်ထုတ်၊ ဘိသိက်အုပ်၊သမုဒ်,တန်ခိုးသာ[၄]။
၂၅၄။ နှစ်ဆဲ့သုံးဟူ၊ ပံသုကူ၊ ကောက်ယူသုံးဆောင်ရာ။

ဌာန ၂၃-ပါး။ ။(၁) သုသာန်-သုသာန် သင်းချိုင်း၌ကျသော အဝတ်။ (၂) ဈေးတန်း-အိမ်ဈေးတံခါး၌ကျသောအဝတ်။ (၃) လှည်းကြီးလမ်း-လှည်းလမ်းခရီး၌ကျသောအဝတ်။ (၄) လူလမ်း-လူသွားလမ်း၌ ကျသောအဝတ်။ (၅) မှိုက်ပုံ-အမှိုက်ပုံ၌ စွန့်ပစ်ထားသော အဝတ်။ (၆) ကိုယ်ဝန်ညစ်ပေ-ကိုယ်ဝန်အညစ်အကြေးသုတ်၍ စွန့်ပစ်ထားသော အဝတ်။ (၇) ဘုတ်ချီးရေ-ဘုတ်ဆရာတို့ လူနာရေချိုး၍ စွန့်ပစ်ထားသောအဝတ်။ (၈) စွန့်လေချီးဆိပ်မှာ-ရေချိုးဆိပ်၌စွန့်ပစ်ထားသောအဝတ်။ (၉) မီးလောင်- မီးလောင်သောအဝတ်။ (၁၀) နွားဝါး- နွားဝါးသော အဝတ်။ (၁၁)

**ကြွက်ကိုက်ထား**– ကြွက်ကိုက်သောအဝတ်။ (၁၂) **ခြစား**-ခြကိုက်သော အဝတ်။ (၁၃) **ဖြတ်စွန်း**– အနားစွန်းပြတ်သော အဝတ်။ (၁၄) **ပြတ်ဆာ**-အမြိတ်အဆာပြတ်သောအဝတ်။ (၁၅) **တောင်ပို့**-တောင်ပို့ကိုပတ်၍ နတ်ပသသောအဝတ်။ (၁၆) **လေယူ**–လေလွင့်လာသောအဝတ်။ (၁၇) **ရဟန်းလှူ**–ရဟန်းတို့ စွန့်ပစ်ထားသော အဝတ်။ (၁၈) **နတ်လှူ**-နတ်လှူသောအဝတ်။ (၁၉) **တံခွန်လှာ**-အလံတံခွန်ထူသော အဝတ်။ (၂၀) **သုသာန်ပြန်ထုတ်**- သုသာန်မှ ပြန်လာ၍ ရေချိုးပြီးစွန့်ပစ်သောအဝတ်။ (၂၁) **ဘိသိက်အုပ်**–အဘိသိက်သွန်းရာ၌ စွန့်ပစ်သောအဝတ်။ (၂၂) **သမုဒ်**–သမုဒ္ဒရာလှိုင်း ပုတ်တင်သောအဝတ်။ (၂၃) **တန်ခိုးသာ**–ဧဟိဘိက္ခုတန်ခိုးဖြင့်ဖြစ်သောသင်္ကန်း။

အဓိပ္ပါယ်။ ။ပံသုကူဓုတင် ဆောက်တည်သော ရဟန်းသည် ဤ ၂၃-ထည်သော အဝတ်တို့တွင် တမျိုးမျိုးသော အဝတ်ကို ကောက်ယူ၍ ဆွေးမြေ့သောအရာတို့ကို ပယ်ပြီးလျှင် ကောင်းသော အရာတို့ကို သင်္ကန်းချုပ်၍ ဒါယကာ လှူထားသော ရှေးသင်္ကန်းဟောင်းကို ပယ်၍ ဝတ်ရုံသုံးဆောင်ရသည်။ လှေစီးသွားသူတို့ စိုက်ထားသော တံခွန်ကို ထိုသူတို့ မမြင်ရာရောက်မှ ကောက်ယူရသည်။ စစ်ပွဲ၌ စိုက်ထူထားသော တံခွန်ကို နှစ်ဘက်သောစစ်သားများ သွားကြမှ ကောက်ယူရသည်။လမ်း၌ကျသောအဝတ်,လေလွင့်သော အဝတ်တို့ကို ဥစ္စာရှင်တို့ မေ့ကျန်ရစ်တတ်သောကြောင့် နှစ်ရက် သုံးရက် စောင့်ဆိုင်း၍ ဥစ္စာရှင်မမြင်မှ ကောက်ယူရသည်၊ သံဃာဒေမဟု လှူသော သင်္ကန်း, ပုဆိုး, ဆွမ်းခံ လှည့်လည်၍ ရသော သင်္ကန်း, ဝါဆိုစဉ်အားဖြင့် ယူစေအပ်သော ရဟန်းပေးသော သင်္ကန်း, ကျောင်း၌နေသူတို့ သုံးရန်ထားသော သင်္ကန်းတို့ကား ၂၃–ဌာနတွင် မပါဝင်သောကြောင့် ပံသုကူမဟုတ်။ ပံသုကူဆောင် မထေရ်ကိုမယူစေဘဲ အခြားရဟန်းက မိမိဝါစဉ်ဖြင့် ယူပေးအပ်သော သင်္ကန်းသည်သာ ပံသုကူသင်္ကန်းဖြစ်၏။

**ပံသုကူသင်္ကန်း ၃–မျိုး**။ ။ပံသုကူ ဆောင်သူကို မယူစေဘဲ အခြားရဟန်းက မိမိဝါစဉ်ဖြင့် ယူပေးအပ်သော သင်္ကန်းသည်

ကေတောသုဒ္ဓိက, ဥဘတောသုဒ္ဓိက,အနုတ္တဋ္ဌဟု သုံးမျိုးရှိ၏။ထိုတွင် ဒါယကာ တယောက်သည် ရဟန်းတပါး၏ ခြေရင်း၌ သင်္ကန်း ချထားအံ့၊ ထိုရဟန်းသည် ပံသုကူမှတင်ဆောင် ရဟန်း၏ လက်၌ ပေးအံ့၊ သိုသင်္ကန်းသည်ရင်း, ဒါယကာသည် ရဟန်း၏ လက်၌ ရဟန်းသည် ပံသုကူမှတင်ဆောင် ရဟန်း၏ခြေရင်း၌ ချထားသော သင်္ကန်းသည်ရင်း တဖိုစင်ကြယ်သော ကေတောသုဒ္ဓိက ပံသုကူ ဖြစ်၏။ ဒါယကာသည် ရဟန်း၏ခြေရင်း၌ ရဟန်းသည် ပံသုကူ မှတင်ဆောင်ရဟန်း၏ခြေရင်း၌, ချထားသော သင်္ကန်းသည် နှစ်ဖို စင်ကြယ်သော ဥဘတောသုဒ္ဓိက ပံသုကူဖြစ်၏။ ဒါယကာသည် ရဟန်းလက်၌ ရဟန်းသည် ပံသုကူမှတင်ဆောင် ရဟန်း၏လက်၌ ပေးသောသင်္ကန်းသည် ဥက္ကဋ္ဌမဟုတ်သော အနုတ္တဋ္ဌ သင်္ကန်းဖြစ်၏။ အညံ့စား ပံသုကူဖြစ်၏၊ ဤသို့ ပံသုကူသင်္ကန်း ၃-မျိုးရှိ၏။

## ၁၁၃-မနေအပ်သောသစ်ပင် ၇-ပင်

၂၂၅။ တိုင်းကြား, နတ်ကြီး[၂]၊ အသီး, စေးထွက်[၂]၊ ခေါင်းသက်,
ကျောင်းလယ်[၂]၊ လင်းနို့တွယ်[၃]၊ ရှောင်ဘွယ်ခုနစ်ပင်။

ဤလင်္ကာဖြင့် ရုက္ခမူမှတင်ဆောက်တည်သောရဟန်းရှောင်ကြဉ်ရမည့် သစ်ပင်ခုနစ်ပင်ကို ပြတော်မူသည်။

သစ်ပင်၇-ပင်။ ။(၁) တိုင်းကြား-ပြည်ထောင်မင်းနှစ်ပါးတို့၏ နယ်ခြား၌ ရှိသော သစ်ပင်။ (၂) နတ်ကြီး- လူတို့ ပူဇော်သော တောစိုး သစ်ပင်။ (၃)အသီး-သရက်,ပိန္နဲစသော အသီးစားကောင်း သော သစ်ပင်။ (၄) စေးထွက်- လူတို့သုံးသော အစေးရှိသော သစ်ပင်။ (၅) ခေါင်းသက်-ကင်းမြွေ အောင်းစရာ အခေါင်းရှိသော သစ်ပင်။ (၆) ကျောင်းလယ်- လူအများသွားလာရာ ကျောင်း၏ အလယ်၌ ရှိသောသစ်ပင်။ (၇) လင်းနို့တွယ်- လင်းနို့ကြိုက်သော သစ်ပင်။

အဓိပ္ပါယ်။ ။ရုက္ခမူမှတင် ဆောက်တည်သော ရဟန်းသည် ဤသစ် ခုနစ်ပင်တို့ကို ရှောင်ကြဉ်၍ ကျောင်း၏ အစွန်၌တည်သော

သစ်ပင်ကိုယူ၍ နေရသည်။ ဤသစ်ပင်တို့ကို ဘေးရန်မကင်းခြင်း သမာဓိပျက်လွယ်ခြင်း, မဆိတ်ငြိမ်ခြင်းကြောင့် ပယ်သည်။ ဓုတင်ကား မပျက်။

## ၁၁၄-ရုက္ခမူ အဗ္ဘောကာသိကဓုတင်၌ ပယ်သော အမိုး ၅-ပါး

**၂၅၆။ အုတ်,ကျောက်,သစ်ရွက်[၁]၊ဂ်တေ,မြက်[၂]၊ငါးချက်အမိုးလာ။**

ဤလင်္ကာဖြင့် ရုက္ခမူဓုတင် အဗ္ဘောကာသိကဓုတင်ဆောက်တည်သောသူ မနေကောင်းသောအမိုး ငါးပါးကို ပြတော်မူသည်။

အမိုး ၅-ပါး။ ။(၁) အုတ်-အုတ်အမိုး။ (၂) ကျောက်-ကျောက်အမိုး။ (၃) သစ်ရွက်-သစ်ရွက်အမိုး။ (၄) ဂ်တေ-အင်္ဂတေ အမိုး။ (၅) မြက်-မြက်အမိုး။ ဤအမိုးငါးပါးရှိရာ၌ နေလိုသော ဆန္ဒဖြင့် ဝင်သောခဏ၌ ဓုတင်ပျက်၏။ အဝတ်မိုး၌ မပျက်။

ဝိနည်းမှတ်စု လင်္ကာအဖြေ ပြီးပြီ။

# ဆုတောင်းပတ္ထနာနှင့် နိဂုံးအမျှဝေ

ဓမ္မဒါန မိဒံ ပုညံ၊ ပဏ္ဍိတေန မယာ ကတံ။
ပညာပါရမိယာ ဟောတု၊ နိဗ္ဗာနဿ စ ပစ္စယော။

ဇမ္ဗူဒိပါ၊ ကျွန်းလက်ျာ၌၊ ဘာသာဗုဒ္ဓ၊ ရွှန်းရွှန်းပသား၊ သူရနေဝန်း၊ ရောင်ခြည်ထွန်းသို၊ ကျွန်းထိပ်မင်္ဂလာ၊ ပြည်မြန်မာဝယ်၊ ဩဘာရောင်ဖိတ်၊ မြတ်ပဏ္ဍိတ်တဲ့၊ တံဆိပ်မွမ်းတင်၊ ညောင်လေးပင်ဟု၊ မည်တွင်တောရ၊ မြတ်ထေရသည်၊ ဗုဒ္ဓသာသနာ၊ ဝင်များစွာတို၊ သိက္ခာကျင့်မြတ်၊ အကျင့်တတ်ဘို၊ ရည်မှတ်ရေးပြု၊ လက်ာစုကား၊ သိမှုမလွယ်၊ အသွယ်သွယ်မို့၊ မိပ္ပါယ်ခဲခက်၊ ဤအတွက်ကြောင့်၊ ချလျက်စာဝါ၊ ကြိုးကြားခါတွင်၊ ဆိုင်ရာကျမ်းစု၊ သေချာရှု၍၊ ပြုစုဖြေစာ၊ ရေးသောငါကား၊ လှူဒါပုည၊ ကုသလတွင်၊ ဓမ္မအလှူ၊ ရသောဟူ၏၊ မြွက်ကြူသံဝါ၊ ပတ္ထနာကား၊ ပညာပါရမီ၊ ဖြိုးဖြိုးစီ၍၊ ရွှေပြည်နိဗ္ဗာန်၊ရကြောင်းမှန်သည်။ ။ကေန်စင်စစ် ဖြစ်စေသော်။

(၁) အဖြေပြိုးနှစ်၊ သက္ကရာဇ်မှာ၊ ထောင့်သုံးရာပေါ်၊ သုံးဆယ်ကျော်ကြွ၊ ဝါခေါင်လ၊ ဆန်းစ–သုံးရက်မြွေ။

(၂) ဤသို့ဖြေရ၊ မြတ်ပုညကြောင့်၊ သတ္တဝါအပေါင်း၊ ကိုယ်ကျင့်ကောင်းစေ၊ စိတ်အနေလည်း၊ လေးထွေဗြဟ္မစိုရ်၊ လူတိုင်းစို၍၊ ဘုန်းမိုသာသနာ၊ ရောင်အဝါလည်း၊ သာ၍လင်းစေ၊ များမိုလ်ခြေလည်း၊ စားနေဝတ်ရေး၊ သောကအေး၊ စစ်ဘေးရှောင်ကွင်းစေ။

(၃) ငါ့တွက်မှာကား၊ မြတ်ဘုရား၏၊ တရားကိုချစ်၊ သားတော်စစ်၊ ဖြစ်၍–ငြိမ်းရစေ။

(၄) ပါရမီချိတ်ဲ့၊ မငြိမ်းခဲ့မူ၊ ဆုပူဆိုးညစ်၊ ဆုတ်ကပ်
ခေတ်၌၊ အသစ်လူပင်၊ မဖြစ်ချင်၍၊ ရှင်ပင်မိတေယုံ၊
ပျော်စံရိပ်မြို၊ တုသိဘုံ၊ ခိုလှုံ-စံရစေ။

(၅) အရိမေတ္တေယျာ၊ ပွင့်သောခါဝယ်၊ လူ့ရွာ ဆင်းလစ်၊
ရဟန်းဖြစ်၍၊ ရှင်ချစ်ဟောရာ၊ လေးသစ္စာကို၊ လွယ်စွာ
သိမြင်၊ ကိလေစင်၊ ဉာဏ်တွင်-ငြိမ်းရစေ။

(၆) မဃာကတ၊ မြတ်ပုညကို၊ လောကလူသား၊ အစထား၍၊
အများဝေနေ၊ ရစေအမျှ၊ ပေးဝေပြု၊ သာဓု-ခေါ်နိုင်စေ။